# အထူးမေတ္တာ ပါဠိနှင့်ဝိချုပ်ဂိစာဝင် ဋ္ဌ

၁၄၁၆၈
၂၉၄.၃၉ ၃၂-၆၀

# BURMA RESEARCH SOCIETY

**PUBLICATION SERIES No. 11.**

**General Editor**—PE MAUNG TIN, M.A., B. LITT, I.E.S.

၅၅၀-ဇာတ်တော်များမှ-ဆရာပွါး-ရွေးချယ်
ရေးသားသော

# အထူးကောက်နုတ်ချက် ဇာတ်ဝတ္ထု။

( ပဌမတွဲ )

SELECTIONS from JATAKA STORIES

BY

SAYA PWA

RANGOON:

Printed at the Hanthawaddy Printing Works.

Rs. 2-4

7

## အထူးကောက်နုတ်ချက်ဇာတ်ဝတ္ထုကြမ်းနှင့်ပါရှိသော ဇာတ်စဉ်မာတိကာ။


| နံပါတ် | ဇာတ်ဝတ္ထုအမည် | အစမျက်နှာနံပါတ် |
|---|---|---|
| ၁ | (မဟာသုတသောမဇာတ်။) မှားယွင်းသော သူကိုဆုံးမသည့်အကြောင်း ... ... ... | ၁ |
| ၂ | (သရဒ္ဒဝါဏိဇာတ်။) ရောက်လတ့်သော ဘေးကိုကြည့်သင့်ကြောင်း ... ... ... | ၁၀၃ |
| ၃ | (ကာမဇာတ်။) စိုးရိမ်ပူပန်းခြင်းကိုပယ် အပ်ကြောင်း ... ... ... ... ... | ၁၁၇ |
| ၄ | (ဇနသန္ဓဇာတ်။) နေ့ခင်တကြိမ်း၁၀ပါးကို နေ့မှရတတ်ကြောင်း ... ... ... ... | ၁၂၈ |
| ၅ | (မဟာကဏှဇာတ်။) အများအကျိုးကို ရွက်ဆောင်ပုံ ... ... ... ... ... | ၁၃၄ |
| ၆ | (ရုဋ္ဌဟံသဇာတ်၊) ဘေးရန်တွေ့ကအဖေါ်ကို မစွန့်အပ်ကြောင်း ... ... ... ... ... | ၁၄၆ |
| ၇ | (မာတုပေါသကဇာတ်၊) အမိကိုလုပ်ကျွေး ခြင်းအကြောင်း ... ... ... ... ... | ၁၈၁ |
| ၈ | (ဃဋ္ဌုပဏ္ဍိတဇာတ်။) ပညာရှိစကားကိုနာယူ ခြင်းအကြောင်း ... ... ... ... ... | ၁၈၉ |
| ၉ | (ပဒကုသလဇာတ်။) ခြေရာကိုသိသော [illegible]သ္ဘာအကြောင်း ... ... ... ... ... | ၂၀၈ |

# ပုံနှိပ်လုပ်ဆောင်သည့်နိဒါန်း။

၁။ အထူး ကောက်နုတ်ချက် ဇာတ်ဝတ္ထုကျမ်း ပေါ်ပေါက်လာရခြင်း အကြောင်းကား။ ယခုခေတ် သမယအားလျောက်။ အလယ်တန်းကျောင်းဟိုက်စကူးကျောင်း။ ကောလိပ်ကျောင်းများ၌သင်ကြားရသောပညာအရပ်ရပ်တို့တွင်။ မြန်မာဘာသာဘက်၌၊ စကား ပြေရေးသားနည်းများကို တပည့် သူငယ်တို့ တတ်မြောက် စေခြင်းငှာ။ ငါးရာငါးဆယ် ဇာတ်ဝတ္ထုများကိုလည်း ပညာပိုင်း အစိုးရတို့က ပြဋ္ဌာန်းထားရှိ၍။ သင်ကြားလျက်ရှိကြလေသည်။

၂။ ထိုသို့ထားရှိချက်အတိုင်း သင့်မည်ထင်သောဇာတ်ဝတ္ထု စာအုပ်များကိုပြဋ္ဌာန်းထားရှိရာအချို့သောကျောင်းဆရာမကြီးများက မိန်းမတို့၏။ အပြစ်ကိုထုတ်ဖေါ်ဟောကြားတော်မူသောဇာတ်တော်များနှင့်ကာမသံသဂ္ဂနှင့် စပ်သောစကားများပါရှိသော ဇာတ်တော်များကို မိန်းမ ကလေးများ ဘတ်ရွတ်သိမှတ်ရန်ခဲယဉ်းသည်ဟုဆို၍ ကန့်ကွက်သည်ကို တွေ့မြင်ကြားသိရပါကြောင်း။

၃။ ၎င်းတို့ကန့်ကွက်ချက်အတိုင်းအချို့သောဇာတ်တော်များ၌ ပါရှိသောစကားရပ်တို့သည် လောကုတ္တရာဘက် ဒေသနာဟာရနည်းအားဖြင့်ကောင်းမြတ်သည် ပင်အမှန်ဖြစ်ပါသော်လည်းလောကီဘက်အမြင်အထင်ကနေ၍ ကြည့်မူကန့်ကွက်ချက်မှာသင့်လျော်ပေလိမ့်မည်။ အကြောင်းသော်ကား။ စာသင်ကျောင်းဟူသည် မိန်းမယောက်ျားမကွဲမပြားတတန်းတည်း၌အတူသော်၎င်း။သီးခြားသော်၎င်း။သင်ကြားရသဖြင့် ၂ အချက်ပါအကြောင်းများပါရှိသောစကားရပ်တို့ကိုဆရာပြုလုပ်သူမှာရှင်းလင်းစွာ ပြန်လှန်ပြောဆိုရန်ခဲယဉ်းသည့်ပြင် မိန်းမကလေးများမှာလည်း၊ နားရှက်ဘွယ်စကားများပါရှိ၍ မျက်နှာထားခက်ကြပေးလိမ့်မည်ဖြစ်ကြောင်း။

၄။ ယင်းသို့သောအကြောင်းများပေါ်ပေါက်ရှိလာ၍ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုကျမ်းများမှ၊၍အဆိုပါအကြောင်းအ

ချက်များလွတ်ကင်း၍ ပညာသင်ကြားသူ ကလေးသူငယ် ကျောင်းသားကျောင်းသမီးတို့ လိုက်နာနည်းယူရန် ကောင်းသောစာတ်တော်များကိုသာထုတ်နုတ်၍၊ စာအုပ်ငယ်တချုပ်လုပ်ရလျှင် စာအုပ်ကိုဝယ်ရာ၌အဘိုးသက်သာခြင်း၊ နာရှက်ဘွယ်စကားများမပါမရှိခြင်း တုပနည်းယူရန်ထုံးနည်းနိသျကောင်းကိုရရှိခြင်းဟူသောအကျိုးများကိုလက်ငင်းတွေ့ကြုံရလိမ့်မည်ဟုကျွန်ုပ်တို့မြော်လင့်လျက်အထူးကောက်နုတ်ချက်စာတ်ဝတ္ထုကျမ်းကိုရေးသားပါကြောင်း၊

၅။ ထိုကျမ်း၌အထူးကောက်နုတ် ထားသော စာတ်ဝတ္ထုတို့ကား၊အဿိတိနိပါတ် ငါးချမြောက်မဟာသုတသောမ်စာတ်၊ ဒွါဒသနိပါတ် ၃ချ မြောက် သမုဒ္ဒဝါဏိဇစာတ်။ ၎င်းမပါတ်လေးချမြော်ကာမစာတ်။ ၎င်းနိပါတ် ငါးချမြောက်ဇနသန္ဓစာတ်။ ၎င်းနိပါတ်ခြောက်ချမြောက်မဟာကဏှစာတ်အဿိနိပါတ် တချမြောက် ရုရုဟံသစာတ် ဧကဒသနိပါတ်တချမြောက်မာတုပေါသကစာတ် ဒသနိပါတ် ၆ ချမြောက် ဃဋပဏ္ဍိတစာတ်။နဝနိပါတ် ၆ချမြော်ပဒကုသလစာတ်ဟူသောစာတ်တော် ကိုးဝတ္ထုတို့ကို တစု တအုပ်ထည်း ပေါင်းစပ်လျက် နဝရတ်လက်စွပ်ပမာ ကောင်း စွာရေးသား။သန့်ခြားတည့်ထွင်ရသည့်ဖြစ်ပါကြောင်း၊

၆။ ထိုဝတ္ထုများကိုရေသားရာ၌လည်းမင်္ဂလာဘုံကျော်ကျောင်းတော်နေ ညောင်ကန် ဆရာတော် ရေးသောစာတ်ဝတ္ထုကိုမှုတည်၍။ ဆိုင်ရာနိပါတ်၎င်း အဋ္ဌကထာများနှင့်ညှိနှိုင်းပြီးလျှင် ပါဠိအနက်များလွန်းသော နေရာ၌စကားပြေသို့ရောက်အောင်။ဆရာပွါး ကိုယ်တိုင် ပြန်ဆိုရေးသားလျက်ပါဠိအဋ္ဌကထာနှင့် မကွဲမပြားညောင်ကန်ဆရာတော်အာဘော်နှင့်လည်း တသားတည်းဖြစ်လေအောင် အချိန်ကုန်ခံလျက်တိုက်ဆိုင်ရေးသားပြုစုထားရှိသော စာတ်ဝတ္ထု ကျမ်းဖြစ်ကြောင်း။

## ပုံနှိပ်လုပ်ဆောင်သည့်နိဒါန်း။

၇။ ဤသို့ဖေါ်ပြခဲ့သော။ အကြောင်းအချက်များနှင့်အညီတပါးသောသူတို့ ကန့်ကွက်ဘွယ် မရှိသော ဇာတ်ဝတ္ထု ကျမ်းတခု ဖြစ်ပေါ်လာရန်မြန်မာပြည် သုတေသနအသင်းလူကြီးမင်းတို့က အားပေးတိုက်တွန်းချက်အရ ကျွန်ုပ်တို့ရေးသာရာတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ဆရာလင်းကလည်း အထူးကူပံ့သည့်ဖြစ်ပါ၍သုတေသနအသင်းလူကြီး မင်းများနှင့်ဆရာလင်းတို့ကို။အထူးကျေးဇူးတင်ရှိပါကြောင်း။

၈။ အထူးကောက်နှုတ်ချက် ဇာတ်ဝတ္ထု ကျမ်း၌ ပါရှိသောဝတ္ထုများသည် စာပိုဒ်နံပါတ် ၅ တွင်ပါရှိသောဇာတ်ဝတ္ထုများဖြစ်၍အခြားဝတ္ထုများနှင့်နှိုင်းယှဉ်၍ကြည့်ပါလျှင်ထိုရင်းအဓိပ္ပါယ် မကွဲမပြားရှိသည့်ကိုရင်း ဘတ်ရွတ်သင်ကြားရန်စကားပြေဖြစ်သည့်ကိုရင်း လက်ငင်း တွေ့ကြုံ ရပေလိမ့်မည့်အဆိုပါအကြောင်း အချက်များနှင့်အညီ။ မိမိကိုယ်တိုင်ပညာပါရမီအထိုဋ္ဌါ ကြိုးပမ်းရေးသားပြီးမှ။ ကျောင်းသုံးစာအုပ် နိုင်ငံသုံးစာအုပ်များကို။ စာလုံးမင်ကျ လှပသေသပ်စွာရိုက်နှိပ်ရောင်းချလေ့ရှိသော ဟံသာဝတီစာပုံနှိပ်တိုက်ရှင်သို့ဆရာပွါးကမေတ္တာအားဖြင့်အကျိုးအခမယူမူပိုင်ပေးအပ်ရာ၊ ရရှိသောကြောင့်ပညာဗဟုသုတတိုးပွါးစေခြင်းငှာ၊ ကျွန်ုပ်တို့ဟံသာဝတီစာပုံနှိပ်တိုက်က ရှေးဦးစွာ ပုံနှိပ်ထုတ်ဝေပါ၊ သတည်း။

# နိဒါန်း။

ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော အမရပုရ ရွှေမြို့ တော်တည် ဆင်ဖြူများ ရှင် တရား မင်းမြတ်၏ သား တော်အကြီး မဟာဥပရာဇာသည်။ ကျော်ထားတောင်းပန် အပ်သည်ဖြစ်၍။ မဟာရနိဘုရားရှင်၏အရှေ့မျက်နှာအရပ်၌။ မဟာဥပရာဇာ မယ်တော်အရှင် မိဘုရားမြတ်သည် ဆောက် လုပ်အပ်သော။ မင်္ဂလာဘုံကျော် ကျောင်းတော်နေ။ ညောင် ကန်ဆရာတော်သည်မြန်မာပြန်ဆိုအပ်သော။ ဧကနိပါတ်မှ အသီတိနိပါတ်တိုင် ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုတို့ကို ပြန်ဆို ရေးသားထားရှိတော်မူလေသည်။

ထိုဇာတ်တော်တို့တွင်၊ အချို့သောဇာတ်ဝတ္ထုများ၌။ ယခု ကာလ ပညာသင်ရေးနှင့်၊ တိုက်ရိုက်မသက်ဆိုင်သောအရာ များပါရှိသည့်ပြင်၊ မိန်းမကလေးများနှင့်မသင့်မလျော်သော စကားအများ ပါရှိသည် ဖြစ်ပါ၍။ စာပေပညာ သင်ကြား သော ကျောင်းများ၌။ တပည့် ယောက်ျား- မိန်းမ တို့ရှေ့ ကောင်းစွာသင်ကြား ဘတ်ရွတ်ပြသနိုင်သော။ ဇာတ်တော် များနှင့်-ပါဠိအနက်များစွာပါရှိသည်များကို။ မြန်မာစကား ပြေသို့ရောက်အောင်။ ဘုရားဟောဇာတ်တော်အတိုင်း ကျွန မှန်ကန်စွာပြန်ဆိုရေးသားထားပါသည်။

ဤအထူး ကောက်နုတ်ချက် ဇာတ် ဝတ္ထု ကျမ်းသည်။ ကျောင်းသားသူငယ်တို့နှင့်သင့်လျော်သော ဇာတ်ဝတ္ထုများ ဖြစ်သည့်ပြင်။ ပါဠိအနက်နှင့်၊ အချို့အချို့နေရာတို့၌။ အများပါ ရှိသည့်ဟိုကိုလည်း။ သောတုဇန အများယောက်ျား မိန်းမ မရွေး။ မနွေးလွယ်ကူ။ သင်ယူဘတ်ရွတ် လွယ်စေခြင်းငှါ။ မြန်မာဘာသာ စကားပြေသို့ပြန်ပြီးလျှင်။ ရန်ကုန်ယူနီဘာစီ

# နိဒါန်း။

တီ ကောလိပ်ကျောင်း မြန်မာဆရာ—ဆရာပွါး ထပ်မံရေးသား၍ ပုံနှိပ်ရန် ပေးအပ်သည့် အတိုင်း ရိုက်နှိပ်အပ်သော၊ အထူးကောက်နုတ်ချက် ဇာတ်ဝတ္ထုကို၊ ကျွန်ုပ်တို့ ဟံသာဝတီစာပုံနှိပ်တိုက်ကပုံနှိပ်ထုတ်ဝေပါသတည်း။

# အထူးကောံနှုတ်ချက်ဇာတ်ဝတ္ထုကြမ်း။
( ပဌမတွဲ။ )

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

## ၁။ မဟာသုတသောမဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ "ကသ္မာတုဝံ"၊ အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော ဤမဟာသုတသောမဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ အင်္ဂုလိမာလ မထေရ်အား ဆုံးမတော် မူခြင်းကို အကြောင်းပြု၍ဟောတော်မူ၏။

ထိုအင်္ဂုလိမာလ မထေရ်၏ အဋ္ဌုပ္ပတ္တိကိုရင်း။ ရဟန်းပြုခြင်းကိုရင်း၊ အင်္ဂုလိမာလသုတ်အဋ္ဌကထာ၌ ဆိုအပ်ပြီးသော နည်းဖြင့်လျှင်အကျယ်အားဖြင့်သိအပ်၏။

အထူးကားထိုအင်္ဂုလိမာလမထေရ်သည် သစ္စာ ပြုသဖြင့် သားမဘွားနိုင်သောမိန်းမအားချမ်းသာခြင်းကိုပြုသဖြင့်၊ ထိုအခါမှစ၍ရလွယ်သောဆွမ်း ရှိသည်ဖြစ်၍၊ ကမ္မဋ္ဌာန်းကိုပွါးစေလျက်နောက်အဘို့၌ ရဟန္တာအဖြစ်သို့ ရောက်သဖြင့်ထင်ရှားသည်ဖြစ်၍၊ ရှစ်ကျိပ်သော မဟာထေရ်တို့၏အတွင်း၌ဖြစ်၏။ ထိုအခါ တရားသဘင်တော်၌ရဟန်းတို့သည်ဤစကားကို ဖြစ်စေကုန်၏။

ငါ့ရှင်တို့၊ ကြောင်အံ့ဘွယ်ရှိစွ။ သဗ္ဗညု ဘုရားသခင်သည်

ထိုသို့သဘောရှိသော ရုန့်ရင်း ကြမ်းကြုတ်စွာသော လက်၌ သွေးရှိသော ခိုးသူကြီးဖြစ်သော အင်္ဂုလိမာလ ကိုစင်လျက်။ တုတ်လှံ့တံသက်နက်ကိုင်စွဲးတော်မမူဘဲးဆုံးမတော်မူ၍။ အဆိပ်မရှိခြင်းသို့ရောက်စေတော်မူသဖြင့်ပြုနိုင်ခဲးသောအမှုကို ပြုတော်မူပေ၏။ သဗ္ဗညုဘုရားရှင်တို့မည်သည့်ကားအံ့ဘွယ် ရှိစွ၊ ပြုနိုင်ခဲးသောအမှုကိုပြုတော်မူပေစွတကားဟုစကားကို ဖြစ်စေကုန်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်တော်၌ တည် တော်မူလျက်လျှင် ဒိဗ္ဗသော တဖြင့် ထိုရဟန်းတို့ စကားကို ကြားတော်မူ၍။ ယနေ့ တရားသဘင်သို့ ငါကြွတော် မူခြင်း သည် သတ္တဝါတို့အား များစွာသော ကျေးဇူးရှိသည် ဖြစ် လတ့ံ။ ကြီးစွာသော တရားဓမ္မဒေသနာသည်ဖြစ်လတ့ံဟုသိ တော်မူ၍။ နှိုင်းရှည့်စရာဥပမာမရှိသောဘုရား၏ တင့်တယ်စံ ပယ်ခြင်းဖြင့် တရားသဘင်သို့ကြွတော်မူ၍။ခင်းအပ်သောဘု ရားနေရာတော်၌ နေတော်မူလျက်။ ရဟန်းတို့၊ ယခုအခါအ ဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေး တော်မူ၍။ ဤမည်သောစကားဖြင့်စည်းဝေးပါကုန်၏ ဟုနား တော်လျှောက်လတ်သော်။ ရဟန်းတို့၊ ယခုဇာ ခါ၌ ကား အ လွန်မြတ်သော သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီဖြစ် ၍။ ဤအင်္ဂုလိမာလ မထေရ်ကို ဆုံးမတော် မူခြင်းသည်အံ့ ဘွယ်မရှိသေး။ ငါဘုရားသည်ရှေး၌ ဘုရားအကျင့်ကို ကျင့် တော်မူသည့်ရှိသော်။ တစိတ်တဒေသ ဖြစ်သော ဉာဏ်၌ တည်လျက်လည်း ထိုအင်္ဂုလိမာလကို ဆုံးမတော် မူဘူးပြီဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော်မူလျှင်။ ထိုရဟန်းတို့သည့် တောင်းပန်အပ်သည့်ဖြစ်၍။အတိတ်ကိုဆောင်တော်မူ၏။

ရဟန်းတို့၊ လွန်လေပြီးသောအခါ၊ ကုရုတိုင်း၊ ဣန္ဒပတ္တန ဂိုရ်မြို့၌ကောရဗျအမည်ရှိသောမင်းသည်၊ရာဇဝံဆယ်ပါးနှင့် အညီမင်းပြု၏။ထိုအခါဘုရားလောင်းသည် ထိုကောရဗျမင်း

၏မိဘုရားကြီး ဝမ်း၌ ဖြစ်၏။ ထိုမိဘုရားသည် ဆယ်လလွန်သည့်ရှိသော်ရွှေအဆင်းနှင့်တူသော အဆင်းရှိသော သားကိုဘွား၏။ အကြား အမြင်တည်းဟူသော နှစ်သက်ဘွယ်သော ဥစ္စာရှိသည့်၏ အဖြစ်ကြောင့်ကား ထိုသတို့သားကို "သုတသောမ" ဟူ၍မှည့်ကုန်၏။ ခမည်းတော် ကောရဗျမင်းကြီးသည် သားတော် သုတသောမမင်းသား အရွယ်သို့ရောက်လျှင်။ ရွှေစင်နိက္ခ တထောင်ပေး၍၊ ဒိသာပါမောက္ခ ဆရာ့အထံ၌အတတ်သင်စိမ့်သောငှါ။ တက္ကသိုလ်ပြည်သို့စေလိုက်၏။ ထိုသုတသောမမင်းသားသည် ဆရာစားဖြစ်သောရွှေစင်နိက္ခ တထောင်ကိုယူ၍ မြို့မှထွက်ခဲ့သဖြင့်ခရီးသို့သွား၏။ ။ထိုအခါဗာရာဏသီပြည်၌ ကာသိကမင်း၏ သားဖြစ်သောဗြဟ္မဒတ်မင်းသားသည်လည်း သုတသောမမင်းသား အတူလျှင်။ ခမည်းတော် ကာသိကရာဇ်မည်သော မင်းသည် စေအပ်သည်ဖြစ်၍မြို့မှထွက်ခဲ့သဖြင့် ခရီးသို့သွား၏။ ထိုအခါသုတသောမ မင်းသားသည် ခရီးသို့သွား၍ တက္ကသိုလ်မြို့တံခါးစရပ်၌ အပင်အပန်းဖြေအံ့သောငှါ နားနေ၏။ ဗြဟ္မဒတ် မင်းသားသည်လည်းသွား၍။ ထိုသုတသောမမင်းသားနှင့် အတူ-စရပ်၌ ပျဉ်တပြားတည်း၌နေ၏။

ထိုအခါဗြဟ္မဒတ်မင်းသားကိုသုတသောမမင်းသားသည် စကားပြောပေါခြင်းကိုပြုလိုသည်ဖြစ်၍ဤသို့ဆို၏။ အဆွေ ခရီးသွားရသဖြင့် ပင်ပန်းသလော။အဘယ်အရပ်မှ လာခဲ့သနည်းဟုမေး၍။ ဗာရာဏသီပြည် မှလာခဲ့၏ ဟုပြောဆိုလတ်သော်။ အဘယ်သူ၏ သားနည်းဟုမေး၏။ ကာသိကမင်း၏ သားတော်တည်းဟု ပြောဆိုလျှင်။ အဘယ်အမည်ရှိသနည်းဟုမေး၍၊ ငါကား ဗြဟ္မဒတ်မင်းသား အမည်ရှိ၏ ဟုပြောဆို၏။ အဘယ်အကြောင်းကြောင့် ဤအရပ်သို့ လာသနည်းဟုမေး၏။ ထိုဗြဟ္မဒတ်မင်းသားသည် အတတ်သင်အံ့သောငှါလာ၏ ဟုဆိုပြီးမှ။ သင်လည်း ခရီး ပင်ပန်းသလော၊ အ

ဘယ်အရပ်မှ လာခဲ့သနည်းဟု ထိုနည်းဖြင့်လျှင်သုတသောမ မင်းသားကိုမေး၏။ သုတသောမမင်းသားသည်လည်းအလုံးစုံ သော အကြောင်းကို ပြောဆို၏။ ထိုသူနှစ်ယောက်တို့သည် လည်းငါတို့သည်မင်းမျိုးချည်တည်း။ တဆရာတည်းအထံ၌ အတတ်သင်အံ့သောငှါသွားကြကုန်အံ့ဟု။ အချင်းချင်းမိတ်ဖွဲ့ ခြင်းကိုပြုပြီးလျှင်မြို့သို့ဝင်၍။ ဆရာ့အိမ်သို့ သွားသဖြင့် ဆရာ ကိုရှိခိုးကုန်၍။ မိမိတို့၏ အမျိုးအနွယ်ကိုထင်စွာပြု၍ အတတ် သင်အံ့သောငှါ လာသောအဖြစ်ကိုပြောဆိုကုန်၏။ ထိုဆရာ သည်လည်း ကောင်းပြီဟုဝန်ခံ၏။ ထိုမင်းသားနှစ်ယောက်တို့ သည်ဆရာစားကိုပေး၍ အတတ်သင်ကြကုန်၏။ သက်သက် သော်ကားထိုမင်းသားတို့သည်သာမဟုတ်ကုန်။ ထိုအခါ၌ထို မင်းသားနှစ်ပါးတို့မှ တပါးကုန်သော၊ ဇမ္ဗူဒိပါကျွန်း၌ တရာ့ တပါးသောမင်းသားတို့သည်လည်း။ ထိုဆရာ၏အထံ၌ သာ လျှင်အတတ်သင်ကြကုန်၏။

သုတသောမမင်းသားသည် ထိုမင်းသားတို့ထက် တပည့် ကြီးဖြစ်၍ အတတ်သင်သည်ရှိသော်။ မကြာမြင့်မီလျှင်အပြီး သို့ရောက်၏။ သုတသောမမင်းသားသည်တပါးသောသူ၏အ ထံသို့မသွားမူ၍။ ဗြဟ္မဒတ်မင်းသားသည်ကားငါ၏ အဆွေ ခင်ပွန်းတည်းဟုဗြဟ္မဒတ်မင်းသား၏အထံသို့သာလျှင် သွား ၍ထိုဗြဟ္မဒတ်မင်းသား၏ဆရာစောင် (၁)ဖြစ်၍အတတ်သင် စေ၏။ သုတသောမမင်းသားမှတပါးကုန်သော မင်းသားတို့ အားလည်းအစဉ်သဖြင့် အတတ်သည် အပြီးသို့ရောက်စေ၏၊ ထိုမင်းသားတို့သည်ခက်ဆစ်ခက်ရပ်တို့ကိုသုတ်သင်ပြီးလျှင် ဆရာကိုရှိခိုး၍သုတသောမမင်းသားကိုခြံရံကုန်လျက်။ တက္က သိုလ်ပြည်မှထွက်ခဲ့ကြကုန်၏။ ထိုအခါထိုမင်းသားတို့ကို သု

---

(၁) ဆရာစောင်။ဟူသည်ကား၊ ဆရာကြီး၏အောက်။ လက်ထောက် ဆရာဟူလို၊ ၎င်းကိုလက်စောင်ဟူ၍လည်းခေါ်သေး၏။

တသောမ မင်းသားသည် ခရီးအလယ်၌ ရပ်၍ လမ်းလွှဲထိုသည့်ရှိသော်။ သင်တို့သည် မိမိတို့၏ မိဘတို့အားပညာကိုပြ၍မင်းအဖြစ်၌ တည်ကြကုန်လတံ့။ တည်ကုန်ပြီးသော်ကားငါ၏ဩဝါဒကိုလိုက်၍ ပြုကြကုန်လော့ဟုဆို၏၊ဆရာ၊ အသို့နည်းဟုမေးကုန်လတ်သော်။ လဆန်းပက္ခ၊ လဆုတ်ပက္ခ(၂) ဥပုသ်နေ့တို့၌ ဥပုသ် ဆောက်တည်ကုန်လျက် အသက်သတ်ခြင်းကို မပြုကုန်လင့်ဟု စည်လည်ခြင်းကို ပြုလေကုန်လော့ဟုဆုံးမ၏။ ထိုမင်းသားတို့သည် ကောင်းပြီဟု ဝန်ခံကုန်၏။ ဘုရားလောင်း သုတသောမမင်းသားသည်ကား အင်္ဂဝိဇ္ဇာအတတ်၌ ထင်ရှားတတ်မြောက်သောကြောင့် နောင်သောအခါဗာရာဏသီပြည်၌ ဤဗြဟ္မဒတ်မင်းသားကိုမှီ၍ ကြီးစွာသောဘေးသည် ဖြစ်လတံ့ဟုသိသဖြင့်။ ထိုမင်းသားတို့အားဤသို့သောအဆုံးအမကိုပေး၍လွှတ်လိုက်၏။

ထိုအလုံးစုံကုန် သော မင်းသားတို့ သည်လည်း မိမိတို့၏ပြည်ရွာသို့သွားကုန်၍ မိဘတို့အား အတတ်ပညာကို ပြ၍မင်းအဖြစ်၌ တည်သော အဖြစ်ကို၎င်း၊ အဆုံး အမ ကိုနားထောင်သော အဖြစ်ကို၎င်း၊ သိစိမ့် သောငှါ ပဏ္ဏာ လက်ဆောင်နှင့်တကွမှာစာတို့ကို စေလိုက်ကုန်၏။ ဘုရားလောင်းကလည်း ထိုအကြောင်းကိုကြား၍မမေ့မလျော့သာလျှင် ဖြစ်ကြလေကုန်လော့ဟုမှာစာတို့ကိုပြန်၍စေလိုက်၏။ ။

ထိုမင်းသားတို့တွင် ဗာရာဏသီမင်းသည်အမဲနှင့်ကင်း၍ထမင်းမစား၊ ထိုဗာရာဏသီမင်းအား ဥပုသ်နေ့အလို့ငှါအမဲကိုဝယ်၍ထားရ၏။ထိုအခါတနေ့သ၌။ဤသို့ထားအပ်သောအ

---

(၂) လဆန်းပက္ခ။ လဆုတ်ပက္ခ။ ဟူသည်ကား၊ လဆန်း-တရက်နေ့က လဆန်း-၁၅-ရက်ထိကို။လဆန်း-ပက္ခခေါ်သည်။ ။လဆုတ်တရက်နေ့က၊ လဆုတ်-၁၄-ရက်။သို့မဟုတ်-၁၅-ရက်ထိကို။လဆုတ်ပက္ခခေါ်သည်၊ ။လဆန်း-၈-ရက်တဥပုသ်၊ လပြည့်တဥပုသ်။လဆုတ်-၈-ရက်တဥပုသ်၊ လကွယ်တဥပုသ်။ဟူ၍-တလလျှင်-၄-ဥပုသ်ယူလေ၊

မဲးကို စားတော် ချက်သည့် မေ့လျော့သဖြင့်။မင်းအိမ်၌ မွေးသောခွေးတို့သည့်စားကုန်၏။ စားတော်ချက်လည်း။ထိုအမဲးကိုမမြင်၍အသပြာထုပ်ကိုယူလျက်။ လှည့်လည်ရှာဘွေသော်လည်းအမဲးကိုရစိမ့်သောငှါ မတတ်နိုင်သည့်ဖြစ်၍၊ အမဲးမရှိသောစားတော်ပွဲးကို အကယ်၍ဆက်ချေအံ့၊ ငါ၏ အသက်သည်မရှိပြီ။ အသို့ပြုပါရအံ့နည်းဟု ကြံပြီးသျှင်။ ဤအကြောင်းထရကားရှိ၏ဟု ညဉ့်အခါ သုသာန်သို့သွား၍။ ထိုခဏ၌သေသော ယောကျ်ား၏ပေါင်းသားကို ယူပြီးလျှင် ကောင်းစွာချက်၍စားတော်ပွဲးကိုဆက်၏။မင်းလည်း အသားတုံးကိုလျှာဖျား၌ထားကာမျှသာလျှင် အရသာကိုဆောင်သောအကြောခုနစ်ထောင်တို့ကိုနှံ့၏။ ကိုယ်အလုံးသည့်ချောက်ချား၏။အဘယ်ကြောင့်နည်းဟုမူကား။ ထိုဗြဟ္မဒတ်မင်းအားရှေးဘဝ၌လူသားကို စားဘူးသောကြောင့် ကိုယ်အလုံးသည့် ချောက်ချား၏။ ထိုဗြဟ္မဒတ်မင်းသည်အခြားမရှိသော ကိုယ်အဖြစ်၌ဘီလူးဖြစ်၍လူသားကိုများစွာစားဘူးသတတ်။ ထိုကြောင့်ထိုမင်းသည်လူသားကိုချစ်မြတ်နိုး၏။

ထိုဗြဟ္မဒတ်မင်းသည်ဤသို့ကြံ၏။ငါသည်ဆိတ်ဆိတ်သာလျှင်အကယ်၍စားအံ့။ ဤစားတော်ချက်သည်ငါ့အားဤအမဲးကိုမပြောဆိုလတ္တံ့ဟုကြံ၍၊ တံတွေးနှင့် တကွလျှင် မြေ၌ထွေး၏။ အရှင်မင်းမြတ်၊အမဲးသည်အပြစ်မရှိပါ၊ စားတော်မူလောဟုတင်လျှောက်လတ်သော်လူတို့ကိုဖဲးစေ၍။ ငါသည်လည်းထိုအမဲးအပြစ်မရှိသော အဖြစ်ကိုသိ၏။ ဤအသားသည် အဘယ်အသားနည်းဟုမေး၏။ အရှင်မင်းမြတ်။ ရှေးနေ့တို့၌သုံးဆောင်အပ်သော အမဲးပင်တည်းဟု တင်လျှောက်၍ တပါးသောကာလ၌ ဤအမဲးသည်အရသာမရှိတကားဟု ဆိုလတ်သော်။ အရှင်မင်းမြတ်၊ ယနေ့ အချက်ကောင်းပါ၏ဟု ထင်လျှောက်၏။ရှေးနေ့တို့၌လည်းဤအတူချက်သည်မဟုတ်လောဟုမေး၏။ထိုအခါစားတော်ချက် ဆိတ်ဆိတ်နေသည်ကိုသိ၍၊

ဟုတ်မှန်တိုင်း ပြောဆိုလော့၊ အကယ်၍ဟုတ်မှန်တိုင်းမပြောနေအံ့၊ သင့်အသက်သည်မရှိပြီဟုဆို၏။ စားတော်ချက်သည်ဘေးမဲ့ကို တောင်းပန်၍ (၁) ဟုတ်မှန်သောအတိုင်း တင်လျှောက်၏။ ဖြဲဟွဒတ်မင်းသည် အသံမပြု ဆိတ်ဆိတ်နေ၍၊ ပကတိဇာအားဖြင့် ချက်သောအမဲးကိုသင်စား၍။ ငါ့ဘို့မှုကားလူသားကိုသာလျှင်ချက်လော့ဟုဆို၏။

အရှင်မင်းမြတ်၊ လူသားကိုရခဲပါ၏ဟုတင်လျှောက်လတ်သော်သင်မကြောက်လင့်၊ရလွယ်၏ဟုဆို၏။ အရှင်မင်းမြတ်၊ မပြတ်လျှင်အဘယ်မှာရပါလတ့်နည်းဟု တင်လျှောက်လတ်သော်။ နှောင်အိမ်၌လူတို့သည်များစွာရှိကုန်သည်မဟုတ်လောဟုဆို၏။ စားတော်ချက်သည်ထိုအခါမှစ၍မင်းဆိုတိုင်းပြု၏။ နောက်အဘို့၌နှောင်အိမ်၌ လူတို့သည်ကုန်လတ်သော်။ အရှင်မင်းမြတ်၊ ယခုအခါ၌ အသို့ ပြုပါရအံ့နည်းဟု တင်လျှောက်၏။ ခရီးအကြား၌ အသပြာထောင်ထုပ်ကိုပစ်ချ၍၊ အကြင်သူသည် ထိုအသပြာထောင်ထုပ်ကို ယူအံ့။ ထိုသူကို ခိုးသူဟုဘမ်း၍သတ်ပြီးလျှင်ချက်လောဟုဆို၏။ စားတော်ချက်သည်မင်းဆိုတိုင်းပြု၏။ နောက်အဘို့၌ မင်းဘေးမှ ကြောက်ကုန်သောကြောင့်အသပြာထောင်ထုပ်ကို ကြည့်ဝံ့သော သူကိုမျှလည်းမမြင်၍၊အရှင်မင်းမြတ်၊ ယခုအခါအသို့ပြုပါရအံ့နည်းဟု မေးလျှောက်ပြန်၏။ သန်ခေါင်ယံ အခါ၌ မြို့အလုံးသည်ခိုးသူတို့ဖြင့်နှောင့်ရှက်၏။ ထိုအခါသင်သည် တခုသောအိမ်ခြံစပ်၌၎င်း၊ ခရီးလမ်းမ၌၎င်း ခရီးလမ်းဆုံ၌၎င်း ရပ်၍လူကိုသတ်ပြီးလျှင် အသားကို ယူခဲ့လော့ဟုဆို၏။ စားတော် ချက်သည့်ထိုနေ့မှစ၍ မင်းဆိုတိုင်းပြုလျက်ဆူဖြိုးသောအသားကိုယူ၍သွားလေ၏။

ထိုထိုအရပ်တို့၌လူသေကောင်တို့ကိုမြင်ကုန်၍။ ငါ၏အမိ

(၁) ဘေးမဲ့ကိုတောင်းပန်၍။ဟူသည်ကား။ မှန်သည့်အတိုင်းလျှောက်ပါမည်၊အသက်ကိုချမ်းသာပေးတော်မူပါဟု-တောင်းပန်၍လျှောက်သည်ဟူလို၊

သည့်မထင်။ငါ၏ အဘသည်မထင်။ငါ၏ ညီအစ်ကိုယ်သည် ရင်းနှမသည်ရင်းမထင်ဟုလူတို့၏ ငိုကြွေးသံကိုကြားကုန်၏။ ဤသူတို့သည်ကြောက်လန့်ကုန်သည်ဖြစ်၍ ဤလူတို့ကိုခြသော့ သည်စားလေသလော။ ကျားသည် စားလေသလော။ ဘီလူး သည်စားလေသလောဟုကြည့်ကုန်လတ်သော်ထိုးချတ်ရာကို မြင်ကုန်၍။ တယောက်သောလူသားစားခိုးသူသည် ဤသူတို့ ကိုစား၏ဟုသိကြကုန်၍။ လူများတို့သည် မင်းရင်ပြင်၌စည်း ဝေး၍ကြွေးကြော်ကြကုန်၏။ဗြဟ္မဒတ်မင်းသည်။အမောင်တို့ အသို့နည်းဟုမေး၏။အရှင်မင်းမြတ်၊ ဤမြို့တော်၌ လူသားစား သော ခိုးသူသည်ရှိပါ၏။ ထိုလူသားစား ခိုးသူကို ဘမ်းစေ တော်မူပါလော့ဟုတင်လျှောက်ကြကုန်၏။ ငါသည်အသို့မူ၍ ထိုခိုးသူကိုသိနိုင်မည်နည်း။ အသို့လျှင်၊ ငါသည်မြို့ကိုစောင့် ရှောက်လျက်လှည့်လည်ရမည်လောဟုဆို၏ လူများတို့သည် ဤမင်းကားတိုင်းရေး ပြည်ရေးဖြင့် အလိုမရှိ၊ ကာဠှဟတ်အ မည်ရှိသော စစ်သူကြီးအား ကြားလျှောက်ကုန်အံ့ဟု ဆို၍။ စစ်သူကြီးအား ထိုအကြောင်းကိုကြားလျှောက်ကုန်၍။ ခိုးသူကို ရှာအံ့သောငှါ သင့်၏ဟု ဆိုကြကုန်၏။ ထိုစစ်သူကြီးသည် ကောင်းပြီ၊ ခုနစ်ရက်မျှ ငံ့ကြကုန်လော့၊ ခိုးသူကိုရှာ၍ပေးအံ့ ဟုဆို၍လူများကိုလွှတ်ထိုက်ပြီးလျှင်။ မင်းချင်းတို့ကိုခေါ်၍။အ မောင်တို့၊ မြို့၌လူသားစားသောခိုးသူရှိသတတ်။ အမောင်တို့ သည်ထိုထိုအရပ်တို့၌ ပုန်းကွယ်၍ ထိုခိုးသူကိုဘမ်းကြကုန် လော့ဟုစေထိုက်၏။မင်းချင်းတို့သည်ကောင်းပြီဟု ဝန်ခံကုန် ပြီးလျှင်ထိုနေ့မှစ၍မြို့ကိုစုံစမ်းကြကုန်၏။

စားတော်ချက်သည်လည်းတခုသောအိမ်ခြံစပ်၌ပုန်းကွယ် လျက် မိန်းမတယောက်ကို သတ်ပြီးလျှင် တခဲနက်သောအ သားကိုယူ၍အမဲတောင်းကိုပြည့်စိမ့်သောငှါ အားထုတ်၏။ ထိုအခါ ထိုစားတော်ချက်ကို မင်းချင်းတို့သည် ဘမ်းယူ၍ ပုတ်ခတ်သဖြင့်လက်ပြန်နှောင်ဘွဲ့၍။လူသားစားခိုးသူကိုဘမ်း

မိဖြိုဟုသည်းစွာသောအသံကိုပြုကုန်၏။ လူများသည်ထိုစားတော်ချက်ကိုဝန်းရံသော၏။ထိုအခါစားတော်ချက်ကိုမြဲမြံစွာနှောင်ဖွဲ့ပြီးလျှင်အမဲးတောင်းကိုလည်၌ ဆွဲလျက်ဆောင်ယူ၍စစ်သူကြီးအားပြကုန်၏။စစ်သူကြီးသည်ထိုစားတော်ချက်ကိုမြင်လျှင်။အသို့နည်း၊ဤသူသည် ဤလူသားကို စားလေသလော၊ထိုသို့မဟုတ်မူတပါးသောအမဲနှင့်ရော၍ရောင်လေသလော၊ ထိုသို့မဟုတ်မူ တပါးသောသူ၏အလိုဖြင့် သတ်လေသလောဟုကြံ၍ထိုအကြောင်းကိုမေးလိုရကား။ ။

သုဝ္ဏတုဝံ ရသကဇိဒိသာနိ၊ ကရောတိကမ္မာနိ သုဒါရုဏာနိ။ဟာနုာတိဏ္ဍုထ္ထိပုရိသေစမုဋ္ဌော။မံသဿဟေတု အဒုဝနသကာရဏာ။ ။ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ ။ထိုဂါထာ၏အဓိပ္ပါယ်ကား။

ရသက မည်သော (၁) အချင်း စားတော်ချက်။ သင်သည်၊ ဤသို့သဘောရှိကုန်သော၊ အလွန်ကြမ်း ကြုတ်ကုန်သော၊ အမှုတို့ကို၊ အဘယ့်ကြောင့် ပြုဘိသနည်း။ တွေဝေသည်ဖြစ်၍၊ မိန်းမတို့ကိုရင်း။ ယောကျ်ားတို့ကိုရင်း၊သတ်၏။ ယင်းသို့ သတ်ခြင်းကား အသား၏ အကြောင်းကြောင့်ပင်သတ်သလော ထိုသို့မဟုတ်။ ဥစ္စာ၏အကြောင်းကြောင့်ပင်သတ်သလောဟုမေး၏။

ထိုနောင်မှစားတော်ချက်သည်စစ်သူကြီးအားအကြောင်းကိုပြန်လျှောက်လိုရကား။ ။''နအတ္တဟေတူနဓနဿကာရဏာ''၊အစရှိသော နှစ်ချမြောက်သောဤဂါထာကိုဆို၏။ ။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

ဘုန်းကြီးသော၊အရှင်စစ်သူကြီး။ အရှင်စစ်သူကြီးအား။ကောင်းမြတ်သည်ဖြစ်စေသတည်း။အကျွန်ုပ်သည်။ အကျွန်ုပ်

---

(၁) သရက။ ဟူချက္က။သရ x ကရ–ဟူလို။ အရသာကိုပြုလုပ်သောသူ စားတော်ချက်သူ၊ဟူ၍အဓိပ္ပါယ်ရ၏။ (ရသံကရောတီတိ-ရသကော။) ဟု ဝိဂြိုဟ်ဆိုသင့်၏။

၏အကြောင်းကြောင့်လည်းမသတ်ပါ။ ဥစ္စာ၏။ အကြောင်းကြောင့်လည်းမသတ်ပါ။ သားမယား၏။ အကြောင်းကြောင့်လည်းမသတ်ပါ။ အဆွေခင်ပွန်း အဆွေ အမျိုးတို့၏။ အကြောင်းကြောင့်လည်းမသတ်ပါ။ အကျွန်ုပ်၏။ ထမင်းအရှင်လည်းဖြစ်သော။ရေမြေကိုအစိုးရသော။အကြင်ပြည့်ရှင်မင်းမြတ်သည်။ရှိ၏။ ထိုပြည့်ရှင်မင်းမြတ်သည်။ ဤသို့သဘောရှိသော။ လူသားကို။စားပါ၏။ ထိုကြောင့်သတ်ရပါသည်ဟုလျှောက်၏။ ။

ထိုစကားကိုကြား၍ ကာဠဟတ်စစ်သူကြီးသည်။ ထိုအကြောင်းကိုမင်းရှေ့တော်သို့ရောက်ကာလ။ ရသကကိုပြောဆိုစေထိုရကား။ ။"သစေတုဝံဘဏ္ဍရဇ္ဇေပယုဇ္ဇော"၊အစရှိသောဂါထာကိုဆို၏။ ။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

အချင်း ရသကသင်သည်။ အရှင့် အစီးပွါးတော်၌ယှဉ်သည်ဖြစ်၍။ အလွန် ကြမ်းကြုတ်ကုန်သောအမှုတို့ကို။ အကယ်၍ပြုအံ့။ ဤသို့ ပြုသည်ရှိသော်။ နံနက် စောစောလျှင်နန်းတော်တွင်းသို့ရောက်၍။အရှင်မင်းမြတ်၏ရှေ့တော်၌။ ဤစကားကိုငါ့အားပြောဆိုလော့ဟုဆို၏။ ။

ထိုအခါရသကသည် ထိုသို့ ပြောဆိုပါအံ့ဟု ဝန်ခံလိုရကား။ ။"တထာကရိဿာမိအဟံဘဒန္တေ"။ အစရှိသောဂါထာကိုဆို၏။ ။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

ကောင်းသော မျက်နှာရှိသော အရှင်ကာဠဟတ်။ အရှင်ကာဠဟတ်သည်။အကြင်အခြင်းဖြင့်ဆို၏။ထိုအခြင်းဖြင့်။ အကျွန်ုပ်သည် ပြောဆိုပါအံ့။ နံနက် စောစောလျှင်။ နန်းတော်တွင်းသို့ရောက်၍၊ အရှင်မင်းမြတ်၏ရှေ့တော်၌၊ဤစကားကိုအရှင်ကာဠဟတ်အား။ အကျွန်ုပ်သည်။ ဆိုပါအံ့ဟု ဝန်ခံလေ၏။

ဤသို့စိစစ်ပြောဆိုပြီးသော် စစ်သူကြီး ကာဠဟတ်သည် ရသကကိုမြဲမြံစွာ နှောင်ဖွဲ့တိုင်း သာလျှင် အိပ်စေ၍။ မိုး

သောက်သည်ရှိသော် မှူးမတ်စသောပြည်သူအပေါင်းတို့နှင့် တကွတိုင်ပင်၍။ အလုံးစုံသောသူတို့သည်။ တူသောဆန္ဒရှိ ကုန်လတ်သော်။အလုံးစုံသောအရပ်တို့၌ အစောင့်အရှောက် ထား၍။ မြို့ကိုမိမိလက်သို့ရောက်သည့်ကိုပြုပြီးလျှင်။ ရသက လည်း၌ အမဲတောင်းကိုဆွဲလျက်ခေါ်ယူ၍။ မင်း၏နန်းတော် သို့သွားလေ၏။ မြို့အလုံးသည်မြူးတူး၏။ ဗြဟ္မဒတ်မင်းသည် လည်းယမန်နေ့ကနံနက်စာစားပြီးသော်။ညအခါအမဲကိုမရ ၍။ရသကာသည်ယခုပင်လာလတ့်။ ရသကသည်ယခုပင်လာ လတ့်ဟုဆိုလျက်သာလျှင်ညဉ့်ကိုလွန်စေ၍။ ယနေ့လည်း ရ သကာသည်မလာ။ပြည်သူတို့၏ များစွာသောအသံကိုလည်း ကြားရ၏။ဤအကြောင်းကားအသို့နည်းဟုနန်းတော်လေသွန် တံခါးဖြင့်ကြည့်လတ်သော်။ ထိုသို့သော အခြင်းအရာ အား ဖြင့် ဆောင်ယူလာသော ရသကကိုမြင်၍။ ဤအခါ၌ငါလူ သားစားသော အကြောင်းသည် ထင်ရှား ဖြစ်ချေခဲ့ပြီဟု ကြံ ၍။ သတိကိုဖြစ်စေလျက် ရာဇပလ္လင်၌လျှင်နေလင့်၏။ စစ်သူ ကြီးကာဠဟတ်သည်လည်း။ မင်းသို့ကပ်၍ထိုအကြောင်းကို စိစစ်လိုရကား။ ။

အရှင်မင်းမြတ်သည်။ ရသကအားလူတို့ကို သတ်ရန်စေ တော်မူသည်။မှန်ပေသလော။ ဤရသကသည်။ မိန်းမတို့ကို ရင်း။ယောက်ျားတို့ကိုရင်းသတ်၏။ အရှင်မင်းမြတ်သည် လူ သားတို့ကို။စားတော်မူသတတ်ဟူသည်။ မှန်ပေသလောဟု မေးလျှောက်လေ၏။

ထိုစကားကိုကြား၍ဗြဟ္မဒတ်မင်းသည်မိမိအမှုကို ဝန်ခံ ၍။ စစ်သူကြီးကာဠဟတ်ကိုအပြစ်တင်လိုရကား။ ။"ဧဝ မေဝတထာကာဠဟ"။အစရှိသောဂါထာကိုဆို၏။ ။ထိုဂါ ထာ၏ အဓိပ္ပါယ်ကား။ ။

ကာဠဟတ်။ဤသို့ဆိုတိုင်းဟုတ်သည်သာလျှင်တည်း။ထို အခြင်းအရာဖြင့်။ရသကကို။ငါသည်စေအပ်၏။ ငါ၏အကျိုး

စီးပွါးကိုပြုစဉ်။ ဤရသကကို အဘယ့်ကြောင့် ဆဲးရေး သနည်းဟုမေးတော်မူ၏။ ။

ထိုစကားကိုကြား၍စစ်သူကြီးကာဠဟတ်သည်။ ဤမင်းကားမိမိနှုတ်ဖြင့်သာဝန်ခံဘိ၏။ ငါ၏အဆွေခင်ပွန်းဖြစ်သောဤမင်းသည်အံ့ဘွယ်ရှိစွ။ ဤမျှလောက်သော ကာလပတ်လုံးဤလူတို့ကိုဤမင်းသည် စားအပ်ကုန်၏။ ထိုမင်းကိုငါမြစ်အံ့ဟုကြံ၍အရှင်မင်းမြတ်။ ဤသို့ပြုတော်မမူသင့်။ လူသားတို့ကိုစားတော်မမူပါလင့်ဟုတားမြစ်၏။ ကာဠဟတ်၊ သင်သည်အသို့ဆိုသနည်း။ ငါသည်ဤလူသားကို ကြဉ်ရှောင်ခြင်းငှါ မတတ်နိုင်ဟုဆို၏။ အရှင်မင်းမြတ်၊ အကယ်၍ ဤလူသားကိုကြဉ်ရှောင်တော်မမူအံ့၊ ဤသို့ မကြဉ် ရှောင်သည်ရှိသော်ကိုယ်တော်ကိုရင်း၊ တိုင်းပြည် အလုံးကိုရင်း ဖျက်ဆီးသည်မည်လတံ့ဟုဆို၏။ ကာဠဟတ်၊ ဤသို့ပျက်စီးသော်သည်းငါသည် ထိုလူသားမှ ကြဉ်ရှောင်ခြင်းငှါမတတ်နိုင်ဟုဆို၏။ ထိုနောင်မှစစ်သူကြီးကာဠဟတ်သည် မင်းအားသိစိမ့်သောငှါဤဝတ္ထုကိုထုတ်ဆောင်၍ပြ၏။ ။

---

## ကာဠဟတ်စစ်သူကြီးထုတ်ဆောင်အပ်သော၊ ဇာတ်တူသားကိုစား၍ပျက်စီးသော အာနန္ဒာငါးကြီးအကြောင်း။

မြတ်သောမင်းကြီး။ လွန်လေပြီးသောအခါ မဟာသမုဒြာ၌ငါးကြီးခြောက်ခုတို့သည်ရှိကုန်၏။ ထိုငါးကြီးခြောက်ခုတို့တွင်။ အာနန္ဒာမည်သောငါး၊ တိမိနန္ဒာမည်သောငါး၊ အဇ္ဈာရောဟမည်သောငါး။ ဤငါးကြီးသုံးခုတို့သည် ယူဇနာငါးရာစီရှိကုန်၏။ တိမိင်္ဂလမည်သောငါး၊ တိမိရပိင်္ဂလမည်သောငါး၊ မဟာတိမိရပိင်္ဂလမည်သောငါး။ ဤငါးကြီးသုံးခုတို့သည်ယူဇနာ တထောင်စီရှိကုန်၏။ ထိုအလုံးစုံသော ငါးကြီးတို့

သည်လည်းကျောက်စစ်မှော်ရေညှိကိုသာလျှင် စားကုန်၏။
ထိုငါးကြီးခြောက်ခုတို့တွင်၊အာနန္ဒာငါးကြီးသည် မဟာသ
မုဒြာ နံပါးတဘက်၌နေ၏။ ထိုအာနန္ဒာငါးကြီးကို ဖူးမြင်အံ့
သောငှါများစွာကုန်သောငါးတို့သည်ကပ်လာကုန်၏။ တနေ့
သ၌။ထိုအလုံးစုံသောငါးတို့ ဤသို့သောအကြံသည်ဖြစ်၏။အ
ခြေနှစ်ချောင်း ရှိသောလူ၊ အခြေလေးချောင်း ရှိသောသား
တို့အားမင်းသည် ထင်ရှား၏။ ငါတို့အားမင်းသည်မရှိ၊ ငါ
တို့သည်လည်းထိုအာနန္ဒာငါးကြီးကို မင်းမြှောက်ကြကုန်အံ့
ဟုအကြံသည်ဖြစ်၏။ကြံပြီး၍အလုံးစုံသော ငါးတို့သည် တူ
သောဆန္ဒရှိကုန်သည်ဖြစ်၍ အာနန္ဒာငါးကြီးကို မင်းမြှောက်
ကြကုန်၏။ထိုငါးတို့သည်ထိုအခါမှစ၍ ညနံနက်ထိုအာနန္ဒာ
ငါးကြီးအားခစားခြင်းငှါသွားကုန်၏။ထိုအခါတနေ့သ၌အာ
နန္ဒာငါးကြီးသည်၊တခုသောတောင်၌ကျောက်စစ် မှော်ရေ
ညှိတို့ကိုစားသည်ရှိသော်။မသိ၍မှော်ရေညှိဟူသောအမှတ်
ဖြင့်ငါးတခုကိုစားမိ၏။ထိုအသားကိုစားမိသောအာနန္ဒာငါး
ကြီး၏ကိုယ်အလုံးသည်ချောက်ချား၏။ ထိုအခါအာနန္ဒာငါး
ကြီးသည်အဘဲ့ကြောင့်လျှင်ဤအစာသည်အလွန်အရသာရှိ
လေသနည်းဟု၊အန်ထုတ်၍ကြည့်လတ်သော်။ ငါးတုံးကိုမြင်
၍။ ငါသည် ဤမျှလောက်သော ကာလ ပတ်လုံး မသိသော
ကြောင့်လျှင်မစားမိဟုကြံ၍။ ညနံနက်ငါ့သို့ခစားအံ့သောငှါ
လာ၍ပြန်သွားသောအခါ၌၊တခုသောငါးကိုရင်း၊ နှစ်ခုသော
ငါးကိုရင်းစားအံ့။ ထင်ရှားစွာ ပြု၍ စားသည်ရှိသော်၊ တခု
သောငါးသည်မျှလည်း ငါ့သို့မချဉ်းကင်ကုန်လတံ့။ အလုံးစုံ
သောငါးတို့သည်ပြေးကုန်လတံ့။ ဖုံးလွှမ်းသည့်ကိုပြု၍ငါးတို့
ပြန်သောအခါနောက်ဆုံးငါးကိုသတ်၍ စားအံ့ဟု ကြံလျက်၊
ထိုသို့ကြံတိုင်းပြု၍စား၏။ ငါးတို့လျော့ပါးကုန်သည်ကိုသိ၍
ကြံကြကုန်၏။ အဘယ်အရပ်မှလျှင် ငါတို့ ဆွေမျိုးတို့အား
ဘေးဖြစ်သနည်းဟုကြံကြ ကုန်သော်။ထိုအခါတခုသောငါး

ပညာရှိသည်၊ ငါသည်အာနန္ဒာငါးကြီး၏ အမူအရာကိုမနှစ်သက်။ ထိုအာနန္ဒာငါးကြီးကိုစုံစမ်းအံ့ဟုကြံ၍။ ငါးတို့သည်ခစားအံ့သောငှါ သွားကြကုန်လတ်သော်။ အာနန္ဒာငါးကြီး၏နားရွက်ဖြင့်ဖုံးလွှမ်းလျက်တည်၏။ အာနန္ဒာငါးကြီးသည်ငါးတို့ကိုလွှတ်လိုက်၍အလုံးစုံနောက်မှသွားသောငါးကိုစား၏။ ထိုငါးပညာရှိသည်။ ထိုအမူအရာကို မြင်လျှင် တပါးသောငါးတို့အား ထိုအကြောင်းကို ပြောဆို၏။ အလုံးစုံသော ငါးတို့သည်လည်းကြောက်လန့်တကြားပြေးလေကုန်၏၊

အာနန္ဒာ ငါးကြီးသည်ထိုအခါမှစ၍ ငါးအသား၌ တပ်မက်မောသောကြောင့်။တပါးသောအစာကိုမယူ။ထိုအာနန္ဒာငါးကြီးသည်မွတ်သိပ်ဆာလောင်ခြင်းဖြင့်နှိပ်စက်ရကားပင်ပန်းသည်ဖြစ်၍။ ဤငါးတို့သည် အဘယ်အရပ်သို့ ပြေးသွားကြလေ ကုန်သနည်းဟု။ ထိုငါးတို့ကို စုံစမ်းရှာဘွေသည်ရှိသော်။ တခုသော တောင်ကို မြင်၍။ ငါ့ကို ကြောက်ကုန်သောကြောင့် ဤတောင်ကို မှီ၍နေကုန်သည် ထင်၏။ ထိုတောင်ကိုရစ်ပတ်၍ စုံစမ်း ရှာဘွေအံ့ဟု အမြီးဖြင့်ရင်း၊ ဦးခေါင်းဖြင့်ရင်း၊နံပါးနှစ်ဘက်တို့၌ရစ်ပတ်၍ရှာ၏။ ထိုနောင်မှ အကယ်၍ဤတောင်၌ နေကုန်အံ့။ ပြေးကုန်လတ့်ဟု တောင်ကိုရစ်ပတ်သည်ရှိသော်။မိမိအမြီးကိုမြင်၍။ဤငါးသည်ငါ့ကိုလှည့်ပတ်သဖြင့် တောင်ကိုမှီ၍နေ၏ဟု အမျက်ထွက်သည်ဖြစ်၍။ယူဇနာငါးဆယ်ရှိသောမိမိအမြီးပိုင်းကို။တပါးသောငါးမှတ်သဖြင့်မြဲစွာဘမ်းယူ၍ အပိုင်းအပိုင်း ပြတ်စေလျက်စား၏။ သည်းစွာသောဆင်းရဲဝေဒနာသည်ဖြစ်၏။သွေးအနံ့ကြောင့် ငါးအပေါင်းတို့သည် ရုံးစုပြီးလျှင် စားကုန်သော်။ ဦးခေါင်းတိုင်အောင်ရောက်ကုန်၏၊ ကြီးသောကိုယ်ရှိသည်၏ အဖြစ်ကြောင့်ပြန်အံ့သောငှါမတတ်နိုင်သည်ဖြစ်၍ ထိုအရပ်၌လျှင်အသက်ကုန်ခြင်းသို့ရောက်၏။အရိုးစုသည်တောင်ကဲ့သို့ဖြစ်၏။ကောင်းကင်ဖြင့်ဖျံသွားကုန်သော ရသေ့ရဟန်း

ပရိဗိုဇ်တို့သည် ထိုအမျိုးရကိုမြင်ကုန်၍လူတို့အား ကြားကုန်၏။ အလုံးစုံသောဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သောသူတို့သည်သိကုန်၏။

ထိုဝတ္ထုကိုထုတ်ဆောင်၍ ပြပြီးလျှင် စစ်သူကြီး ကာဠဟတ်သည်။ ။"အာနန္ဒောသဗ္ဗမန္တာနံ"၊ အစရှိသောသုံးဂါထာတို့ကိုဆို၏။ ။ထိုဂါထာတို့၏အဓိပ္ပါယ်ကား။ ။

ရှင်မင်းမြတ်။ အရသာ၌တပ်မက်မောခြင်းရှိသော။ အာနန္ဒာငါးကြီးသည်။ အလုံးစုံသော ငါးတို့ကိုစား၍။ ပရိသတ်သည်ကုန်သည်ရှိသော်။မိမိကိုယ်ကိုစား၍။သေရလေ၏။ ။ဤအတူရင်းလျှင်မေ့လျော့သော လူသား အရသာသဘော၌။ တပ်မက်မောသော။ မထိမ်မာသော အရှင်မင်းမြတ် သည်။ နောင်ဖြစ်လတ္တံ့သော ဆင်းရဲကို။ အကယ်၍ သိတော်မမူအံ့။ ဤသို့ သိတော်မမူသည်ရှိသော်။ သားသမီး တို့ကိုလည်း။ ဖျက်ဆီး၍၊အဆွေအမျိုးတို့ကိုလည်းစွန့်၍။ မြို့အလုံးကိုလှည့်လည်လျက်၊ လူသားကို မရသည်ရှိသော်။ မိမိကိုယ်ကိုသာလျှင်၊စားရလတ္တံ့။ ။အရှင်မင်းမြတ်၊ဤအကြောင်းကိုကြားရသောကြောင့်။အရှင်မင်းမြတ်လူသား၌ချစ်ခြင်းကို ဖျောက်စေချင်ပါ၏၊မင်းမြတ်။လူသားကိုစားတော်မမူလင့်၊ လူတို့အရှင်ဖြစ်တော်မူသော အရှင်မင်းမြတ်သည်၊ စင်စစ်လျှင် ငါးမင်း အာနန္ဒာကဲ့သို့၊ ဤကာသိက တိုင်းကို ဆိတ်အောင်ပြုတော်မမူပါလင့်ဟုလျှောက်၏။ ။

ထိုစကားကိုကြား၍ ပြဟ္မဒတ်မင်းသည်။ အချင်း ကာဠဟတ်၊ သင်သည်သာလျှင် ဥပမာကိုသိသလော၊ ငါသည်လည်းသိ၏ဟုလူသားကိုတပ်မက်မောသောကြောင့်၊ရှေးအကြောင်းဖြစ်သောဝတ္ထုကို ထုတ်ဆောင်၍ပြလိုရကား။ ။"သုဇာတောနာမနာမေန"။ အစရှိသော နှစ်ဂါထာတို့ကိုဆို၏၊ ။ထိုဂါထာတို့၏အဓိပ္ပါယ်ကား။ ။

ကာဠဟတ်။ အမည်အားဖြင့် သုဇာတာ အမည်ရှိသော။

အကြောင် သူကြွယ်သည်ရှိ၏။ ထိုသူကြွယ်၌ မိမိမှ ဖြစ်သောသားဦးသည်ရှိ၏။ ထိုသားသည်။ ဇမ္ဗူသပြေသီးကို မရ၍။ ထိုဇမ္ဗူသပြေသီးကုန်ခြင်းကြောင့်သေလေ၏။ ။ကာဠ္ဌဟတ်။ ဤအတူရှင်းလျှင်။ ငါသည် အရသာ တကာ တို့ထက် မြတ်သော အစာကိုစားဦး၍။လူသားကိုမရခြင်းကြောင့်။ ငါ၏အသက်ကိုစွန့်ရအံ့ယောင်တကား။ ။

(ဤဂါထာ၌အကျဉ်းအားဖြင့် ပြဆောင်အပ်သော သုဇာတာ သူကြွယ် သား၏ အကြောင်းကို။ အဠကထာ၌ဤသို့အကျယ်ပြဆောင်အပ်၏။)

---

ပြဟ္မဒတ်မင်းထုတ်ဆောင်အပ်သော၊
ဇမ္ဗူသပြေသီးကိုမစားရ၍အသက်ကိုစွန့်သော
သူကြွယ်သားအကြောင်း။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သုဇာတာအမည်ရှိသောသူကြွယ်သည်ချဉ်ဆားမှိုဝဲအံ့သောငါးပါးမဝန္တာဖှလာကုန်သောရသေ့ငါးရာတို့ကိုမိမိဥယျာဉ်၌နေ့စေ၍အမြဲလုပ်ကျွေး၏။ အိမ်၌အမြဲငါးရာအတိုင်းအရှည်ရှိသော ဆွမ်းသည်ဖြစ်၏။ထိုရသေ့တို့သည်ကား။ရံခါဇနပုဒ်တို့သို့ဆွမ်းခံသွားကုန်၏။ ရံခါကြီးစွာသောဇမ္ဗူသပြေသီးကိုဆောင်ယူ၍စားကုန်၏။ ထိုရသေ့တို့ဇမ္ဗူသပြေသီးကို ဆောင်ယူ၍ စားသောအခါ၌သုဇာတာသူကြွယ်သည်ကြံ၏။ ယခုအခါ အရှင်ကောင်းတို့သည်သုံး ရက်လေးရက်တိုင်မလာကုန်။ အဘယ်အရပ်သို့သွားကြလေကုန်သနည်းဟုကြံ၍။ထိုသူကြွယ်သည် မိမိ သားငယ်ကို လက်၌ ဆွဲ၍ ရသေ့တို့ ဆွမ်းဘုန်း ပေးသောအခါ ကျောင်းသို့လာ၏။ ထိုသူကြွယ်လာသောအခါ၌ လျှင်ရသေ့ကြီးကိုခံတွင်းဆေးသောကာလ၌ရေကိုပေး၍ အ

ငယ်ဆုံးဖြစ်သောရသေ့သည်ဇမ္ဗုသပြေသီးကိုစား၏။သုဇာတာသူကြွယ်သည် ရသေ့တို့ကိုရှိခိုး၍ ထိုင်လျက်။ အရှင်ဘုရားတို့။အဘယ်အသီးကိုဘုဥ်းပေးတော်မူကြကုန်သနည်းဟုမေးလျှောက်၏။ ဒါယကာ၊ဇမ္ဗုသပြေသီးကို စားကုန်၏ဟုပြောဆိုကုန်လတ်သော်။ ထိုစကားကိုကြား၍။ သားသူငယ်သည်ချင်ခြင်းကိုဖြစ်လေ၏။ ထိုအခါ သူငယ်အား ရသေ့အပေါင်း၏ ဂိုဏ်းဆရာဖြစ်သောရသေ့ကြီးသည် အတန်ငယ်သောဇမ္ဗုသပြေသီးကိုပေး၏။ သူငယ်သည် ထိုဇမ္ဗုသပြေသီးကိုစားရလျှင် အရသာ၌အလွန်တပ်စွန်း၍။ ငါ့အား ဇမ္ဗုသပြေသီးကို ပေးကုန်လော့။ ငါ့အားဇမ္ဗုသပြေသီးကို ပေးကုန်လော့ဟု အဘန်တလဲလဲတောင်း၏။ သူကြွယ်သည်တရားနာပြီး၍။ချစ်သားမငိုလင့်။အိမ်သို့ရောက်လျှင် စားရလတ့်ဟုထိုသားငယ်ကို လှည့်စားလျက် ဤသူငယ်ကိုမှီ၍ အရှင်ကောင်းတို့သည် ငြီးငွေ့ကြကုန် လတ့ံဟု၊ သားငယ်ကိုနှစ်သိမ့်စေလျက်။ရသေ့အပေါင်းကို မပန်ကြားမူ၍လျှင် အိမ်သို့ပြန်သွားလေ၏။

အိမ်သို့ရောက်သောအခါမှစ၍ သူကြွယ်၏သားသည်ငါ့အားဇမ္ဗုသပြေသီးကိုပေးကုန်လော့။ငါ့အားဇမ္ဗုသပြေသီးကိုပေးကုန်လော့ဟုငိုမြည်တမ်း၏။ သုဇာတာသူကြွယ်သည် ရသေ့တို့ကို ပြောကြားအံ့ဟု ဥယျာဉ်သို့ သွား၏၊ ရသေ့အပေါင်းတို့သည်လည်း။ဤအရပ်၌ငါတို့နေခြင်းသည်။ကြာမြင့်ကုန်ပြီဟုဟိမဝန္တာသို့လျှင်သွားကြကုန်သဖြင့်။ကျောင်း၌ ရသေ့တို့ကိုမမြင်သည်ဖြစ်၍။ သူငယ်အားသပြေသီး၊ သရက်သီး။ပိန္နဲသီး။ ငှက်ပျောသီးအစရှိသည့်တို့ကို ပျားသကာနှင့်နယ်၍ပေး၏။ ထိုအရသာတို့သည်သူငယ်၏လျှာဖျား၌ထားကာမျှဖြင့်လျှင် လတ်တလော သေစေတတ်သော အဆိပ်နှင့်တူသည့်ထင်ကုန်၏၊ထိုသူငယ်သည်ခုနစ်ရက်ပတ်လုံးအစာကင်းသည်ဖြစ်၍အသက်ကုန်ခြင်းသို့ရောက်၏။ ။ပြဟ္မဒတ်

မင်းသည်ဤအကြောင်းကိုထုတ်ဆောင်ပေါ် ပြလိုသည်ဖြစ်၍။''သုဇာတောနာမနာမေန''၊ အစရှိသော နှစ်ဂါထာတို့ကိုဆို၏။ ။(ဤသို့အဋ္ဌကထာ၌ အကျယ်အားဖြင့် ပြဆောင်အပ်၏)။

## ကာဠဟတ်စစ်သူကြီးထုတ်ဆောင်သော။ သုရာသောက်ခြင်းမှမကြဉ်သဖြင့်အိမ်မှနှင်ထုတ်၍ကြီးစွာ ပျက်စီးခြင်းသို့ရောက်ရသော၊ သောတ္ထိယ အမျိုးသားအကြောင်း။

ထိုနောင်မှ စစ်သူကြီးကာဠဟတ်သည်။ ဤမင်းကာ အလွန်လျှင် အရသာ၌ တပ်မက်မော၏။ ထိုမင်းအား တပါးသည်းဖြစ်ကုန်သော ပုံသက်သေတို့ကို ပြဆောင်ဦးအံ့ဟုကြံ၍။ အရှင်မင်းမြတ်၊ လူသားကိုစားခြင်းမှ ကြဉ်ရှောင်သော့ဟုဆို၏။ ဗြဟ္မဒတ်မင်းသည်ငါလူသားကိုစားခြင်းမှ ကြဉ်ရှောင်ခြင်းငှါမတတ်နိုင်ဟုဆိုလတ်သော်။ အရှင်မင်းမြတ်။ အကယ်၍ကြဉ်ရှောင်တော်မမူနိုင်သည်ဖြစ်အံ့။ အရှင်မင်းမြတ်သည် ဆွေတော်မျိုးတော်အပေါင်းမှရင်း။ ပြည်စည်းစိမ်အသရေမှရင်း။ ယုတ်လတ္တံ့။ ထိုစကားကိုကြားသည်မှန်၏။ အရှင်မင်းမြတ်၊ လွန်လေပြီးသောအခါ။ ဤဗာရာဏသီပြည်၌ ပင်လျှင် ပဉ္စသီကိုစောင့်သောသောတ္ထိယအမျိုးသည်ရှိ၏။ ထိုသောတ္ထိယအမျိုးအား။ တယောက်သောသားငယ်သည်ရှိ၏။ ထိုသားငယ်သည်မိဘတို့အားချစ်မြတ်နိုး၏။ ပညာရှိ၏။ သိမွေ့၏။ ဗေဒင်သုံးပုံတို့၏ကမ်းတဘက်သို့ရောက်၏။ ထိုသားငယ်သည် အရွယ်တူဖြစ်ကုန်သော လုလင်ပျိုတို့နှင့်တကွ အပေါင်းအဖေါ်ပြု၍သွား၏။ ထိုလုလင်မှ ကြွင်းကုန်သော အပေါင်းအဖေါ်တို့သည် ငါးအမဲတို့ကိုစားကုန်လျက်သုရာကိုသောက်ကြကုန်၏။ ထိုလုလင်သည်ငါးအမဲအစရှိသည်တို့ကိုလည်း

မစား။သုရာကိုလည်းမသောက်။ ထိုအခါ အပေါင်းအဘော်တို့သည် တိုင်ပင်ကြကုန်၏။ ဤလုလင်သည် သုရာကို မသောက်သောကြောင့်ငါတို့အားအတိုးကိုမပေးချေ။ ဥပါယ်တံမည်ဖြင့် ထိုလုလင်ကို သုရာ သောက်စေကုန်အံ့ဟု ဆို၍။ ထိုလုလင်နှင့်တကွစည်းဝေး၍။အဆွေနှင့် သဘင်ကစားကုန်အံ့ဟုဆိုကုန်၏။

အဆွေတို့၊ သင်တို့သည်သာလျှင် သုရာကိုသောက်ကုန်လော့။ ငါသည်မသောက်ပဲနေပါအံ့။ သင်တို့သည်သာလျှင်သွားကြကုန်လော့ဟုဆိုသတ်သော်၊အဆွေ၊သင်သောက်ရန်အထို့ဌါနို့ရည်ကို ယူစေကုန်အံ့ဟုဆိုကုန်၏။ ထိုသောတ္တိယလုလင်သည်ကောင်းပြီဟုဝန်ခံ၏၊သေသောက်ကြူးတို့သည်ဥယျာဉ်သို့ သွားကုန်၍။ကြာပဒုမာရွက်တို့၌ ထက်စွာသောသုရာကိုထုပ်၍ထားကုန်၏။ထိုအခါထိုသူတို့၏သုရာသောက်သောကာလသ၌လုလင်အားနို့ရည်ကိုပေးကုန်၏။ထိုနောက်တယောက်သောသေသောက်ကြူးသည်။အချင်းတို့၊ ကြာမှဖြစ်သောပျားကို ဆောင်ယူခဲ့ကြ ကုန်လော့ဟု ဆောင်ယူစေ၍။ပဒုမာကြာရွက်ထုပ်ကိုအောက်မှ အပေါက်ဘောက်ပြီးလျှင်လက်တို့ဖြင့်ခံတွင်း၌ထား၍ရတ်၏။ဤအတူတပါးသောသေသောက်ကြူးလုလင်တို့သည်လည်းယူဆောင်၍ သောက်ကြကုန်၏။ သောတ္တိယလုလင်သည် ဤသည်ကားအသို့နည်းဟုမေး၍။ ကြာပျားမည်၏ဟု ဆိုသည်ရှိသော်၊ အချင်းတို့၊ ငါ့အားလည်း အတန်ငယ်ရလိုပါ၏၊ ပေးပါကုန်လော့ဟုဆိုသဖြင့်ထိုလုလင်အားလည်းပေးစေကုန်၏။

ထိုလုလင်သည်ကြာမှဖြစ်သောပျားဟူသောအမှတ်ဖြင့်သုရာကိုသောက်၏။ ထိုအခါ ထိုလုလင်အားမီးကျီး၌ ကင်သောအမဲကိုလည်းပေးကုန်၏။ ထိုအမဲကိုလည်းစား၏။ဤသို့လျှင်အဘန်တလဲလဲသောက်သောထိုလုလင်အား ယစ်သောအခါ၌။ ဤ သည်ကားကြာမှဖြစ်သောပျား မဟုတ်။ဤ

၁၄၁၆၈

သည့်ကားသုရာတည်းဟုဆိုကုန်၏။ထိုလုလင်သည်လည်းဤ မျှလောက်သော ကာလပတ်လုံးငါသည် ဤသို့ကောင်းမြတ် သောအရသာကိုမသိ။ အချင်းတို့၊သုရာကို ဆောင်ခဲ့ပါကုန် လော့ ဟုဆို၏။ ထိုသေသောက်ကြူးတို့သည် တဘန်သည်း ဆောင်ယူ၍ပေးကုန်၏၊ ချင်မွတ်ခြင်းသည်များစွာဖြစ်၏၊ထို အခါတဘန်လည်းတောင်းပြန်သောထိုလုလင်အားကုန်ပြီဟု ဆိုကုန်၏။ထိုလုလင်သည်။အချင်းတို့၊ယခုထိုသုရာကိုဆောင် ချေကုန်လော့ဟုဆို၍ လက်စွပ်ကိုပေး၏၊ ထိုလုလင်သည်တ နေ့ပတ်လုံးထိုသူတို့နှင့်အတူတကွသောက်စားမူးယစ်သော ကြောင့်။ နိသော မျက်စိရှိသည်ဖြစ်၍ တုန်လှုပ် မည်ဘမ်း လျက်အိမ်သို့သွား၍အိပ်လေ၏။

ထိုအခါထိုလုလင်၏ အဘသည် သုရာသောက်သော အ ဖြစ်ကိုသိ၍ အယစ်ပြေသည်ရှိသော်။ ချစ်သား၊သင်ချစ်သား သည် မသင့်လျော်သည်ကိုပြုကျင့်၏။ သောတ္ထိယ အမျိုး၌ ဖြစ်ပါလျက် သုရာကို သောက်သဖြင့် မသင့်၊ တဘန်ဤသို့မ ပြုလင့်ဟုဆို၏။ဘခင်၊ သုရာသောက်သဖြင့် အကျွန်ုပ်အားအ ဘယ်အပြစ် ရှိသနည်းဟုဆို၍၊ သုရာသောက် သောအဖြစ် သည်ငါတို့အမျိုးနှင့်မသင့်ဟုဆိုသည်ရှိသော်၊ဘခင်အသို့ဆို သနည်း။ အကျွန်ုပ်သည် ဤမျှလောက်သော ကာလပတ်လုံး ဤသို့သဘောရှိသောကောင်းမြတ်သော အရသာကိုမရဘူး ပါဟုဆို၏။အဘပုဏ္ဏားသည်လည်းအဘန်တလဲလဲတောင်း ပန်၏၊ ထိုလုလင်သည်လည်း ကြဉ်ရှောင်အံ့သောငှါ မတတ် နိုင်ဟုဆို၏။ ထိုအခါ အဘပုဏ္ဏားသည် ငါ့သား ဤသို့ဖြစ် သည်ရှိသော် ငါတို့ အမျိုးအနွယ် သည်လည်း ပြတ်လတံ့။ ဥစ္စာသည်လည်း ပျက်စီးလတံ့ဟု ကြံ၍၊ သားကိုဆုံးမလိုရ ကား။ ။"မာတာဝအဘိရူပေါသိ"။ အစရှိသော ဂါထာကို ဆို၏။ ။ထိုဂါထာ၏အဓိပ္ပါယ်ကား၊ ။

ချစ်သားလုလင် သင်ချစ်သားသည် အလွန် အဆင်းလှ၏၊

သောတ္တိယဖြစ်သောမြတ်သောအမျိုး၌ဖြစ်၏။ ချစ်သား။သင်ချစ်သားသည်။ မစားသောက်အပ်သော သားငါးသုရာကို။ စားသောက်ခြင်း၌မထိုက်။ သေသောက်ခြင်းကိုရှောင်ကြဉ်ပါသောဟုဆုံးမ၏။ ။

ဤသို့သောစကားကို ပြောဆို ပြီး၍ကား ချစ်သားကြဉ်ရှောင်လော့။ အကယ်၍ချစ်သား။ မကြဉ်ရှောင်အံ့။ ငါသော်လည်း ဤအိမ်မှထွက်အံ့။ သင်ချစ်သား ကိုသော်လည်းအိမ်မှနှင်ထုတ်သောအမှုကို ပြုအံ့ဟုဆို၏။ လုလင်သည်။ဘခင်။ဤသို့နှင်ထုတ်သော်လည်း။ အကျွန်ုပ်သည် သုရာသောက်ခြင်းကိုစွန့်အံ့သော၌ မတတ်နိုင်ဟုဆို၍ ထိုအကြောင်းကို အဘပုဏ္ဏားအားကြားလိုရကား။ ။"ရသာနုညတရံဇော"အစရှိသော နှစ်ဂါထာတို့ကိုဆို၏။ ။ထိုဂါထာတို့၏ အဓိပ္ပါယ်ကား။ ။

ဘခင်ပုဏ္ဏား။ ဤသုရာသည်။ အရသာ သကာတို့တွင်။ မြတ်သောအပါးသောအရသာဖြစ်၏၊ အဘယ့်ကြောင့်။အကျွန်ုပ်ကိုသင်ဘခင်သည်တားမြစ်ဘိသနည်း။ ဘခင်ပုဏ္ဏား ငါသည်။အကြင်အရပ်၌။ ဤသို့သဘောရှိသော အရသာကိုရ၏၊ ထိုအရပ်သို့။ သွားပါအံ့။ ဘခင်ပုဏ္ဏား။ သင်ဘခင်သည်။ငါ့အားမြင်ရသဖြင့်။ မနှစ်သက်သည်ဖြစ်အံ့။ ငါသည် သင်ဘခင် အထံ၌ မနေပြီ။ ထွက်သွား ပါတော့အံ့။ ဟုပြန်ပြော၏။ ။

ဤသို့သောစကားကိုဆို၍ ငါသည်သုရာသောက်ခြင်းကို မကြဉ်ရှောင်နိုင်ပါ။ အကြင်အမှုကို ပြုခြင်း၌ သင်ဘခင်သည်နှစ်သက်၏။ ထိုအမှုကိုသာပြုလော့ဟုဆို၏၊ ထိုအခါအဘပုဏ္ဏားလည်း။ သင်ကားငါ့ကို စွန့်ချေပြီ။ သင်ငါတို့ကိုစွန့်သည်ရှိသော်။ ငါတို့သည်လည်း သင့်ကိုစွန့်ကုန်အံ့ဟု ဆို၍။ ထိုအကြောင်းကိုသားအားကြားလိုရကား။ ။"အဒ္ဓါအညေ

ဝိဒါယာဒေ”။ အစရှိသောဂါထာကိုဆို၏။ ။ထိုဂါထာ၏အဓိပ္ပါယ်ကား။

လုလင်။ အမွေခံထိုက်ကုန်သော။ သင်မှတပါးလည်းဖြစ်ကုန်သော။ သားသမီးတို့ကို။ စင်စစ်ရပါကုန်လတ့ံ။ ဟာယ်သူယုတ်အကြင်အရပ်သို့။ သင်ရောက်လေသော်ငါတို့မကြားမမြင်ရထိုမကြားမမြင်ရာအရပ်သို့။ သင်သည်လျှင်။ ယခုသွားလေလော့။ဟုဆို၍နှင်ထုတ်လိုက်၏။

ထိုအခါအဘပုဏ္ဏားသည် ထိုသားယုတ်ကို တရားဆုံးဖြတ်ရာအရပ်သို့ဆောင်၍။ သားမဟုတ်သောအဖြစ်ကိုဆို၍နှင်ထုတ်စေ၏။ထိုလုလင်သည်နောက်အဘို့၌ အထောက်အပံ့မရှိသောကြောင့် အထီးကျန်သည်ဖြစ်၍။ပုဆိုးနွမ်းကိုဝတ်ရသဖြင့်။ ခွက်သက်စွဲကာ။အစာအာဟာရအလို့ငှါတောင်းစားလျက်တခုသောနံရံကိုမှီ၍သေရလေ၏။

ဤအကြောင်းကိုဆောင်၍ စစ်သူကြီး ကာဠဟတ်သည် ဗြဟ္မဒတ်မင်းအားပြလျက်၊ မြတ်သောမင်းကြီး၊ အရှင်မင်းကြီးသည်အကျွန်ုပ်တို့စကားကိုအကယ်၍လိုက်နာတော်မမူအံ့။သင်မင်းကြီးအား ပြည်မှနှင်ထုတ်သောအမှုကိုပြုကုန်အံ့ဟုဆို၍။ထိုအကြောင်းကိုမင်းကြီးအားကြားလိုရကား၊ ။ “ဝေမဝေတဋ်ဝံရာဇ”၊အစရှိသောဂါထာကိုဆို၏၊ ။ထိုဂါထာ၏အဓိပ္ပါယ်ကား။

အခြေနှစ်ချောင်းရှိသော လူတို့ကို အစိုးရတော်မူသော။ မင်းမြတ်။ အရှင်မင်းမြတ်သည်။ အကျွန်ုပ် လျှောက်သောစကားကို။နာတော်မူလော့။သေသောက်ကြူးသော။ လုလင်ပျိုကို။ အိမ်မှနှင်ထုတ်ကုန်သကဲ့သို့။ ဤအတူရင်းလျှင်၊အရှင်မင်းကြီးကို။ တိုင်းနိုင်ငံမှ။ နှင်ထုတ်ကုန်လတ့ံ။ ဟုလျှောက်၏။

ဤသို့စစ်သူကြီးကာဠဟတ်သည်ဥပမာပုံသက်သေကိုပြဆောင်သော်လည်း။ ဗြဟ္မဒတ်မင်းသည် ထိုလုသားမှ ကြဉ်

ခြင်းငှါမတတ်နိုင်သည့်ဖြစ်၍။ တပါးသော ပုံသက်သေကို စစ်သူကြီးကာဋ္ဌဟတ်အားပြပြန်လိုရကား။ ။"သုဇာတော နာမနာမေန"၊ အစရှိသောသုံးဂါထာတို့ကိုဆို၏။ ။ထိုဂါထာတို့၏အဓိပ္ပါယ်ကား။

ကာဋ္ဌဟတ်။ပွါးစေအပ်သော ဝိတ်ရှိကုန်သော။ ရသေ့ငါးရာတို့၏။တပည့်ဒါယကာဖြစ်သော။ အမည်အားဖြင့်။သုဇာတာအမည်ရှိသော။ အကြင် သူကြွယ်သည်ရှိ၏။ ထိုသူကြွယ်သည်။နတ်သွီးကို။အလိုရှိသည်ဖြစ်၍လျှင်။ထိုသူကြွယ်သည်။အစားကိုသည်းမစား။ရေကိုလည်းမသောက်။ နေဘိ၏။ ။ကာဋ္ဌဟတ်။သမန်းမြက်များဖြင့်။ရေကို။ယူ၍သမုဒြာ၌ရှိသောရေကို။နှိုင်းရှည့်သကဲ့သို့ဤအတူ။ လူ၌ဖြစ်ကုန်သော။ ကာမဂုဏ်တို့သည်။ နတ်၌ဖြစ်ကုန်သောကာမဂုဏ်တို့၏။အထံ၌သာဖြစ်ကုန်၏။ ။ကာဋ္ဌဟတ်။ဤအတူရှင်းလျှင်ငါသည်။ အရသာတကာတို့ထက် မြတ်သော အရသာဖြစ်သော။ လူသားကိုစားဦး၍။ထိုလူသားကို။ မရခဲ့သော်။ ငါ၏။အသက်ကို။ စွန့်ရအံ့ယောင်တကားဟူ၍ပြန်ပြော၏။

(ဤဂါထာတို့၌ အကျဉ်းအားဖြင့် ပြဆောင်အပ်သောသုဇာတာသူကြွယ်၏ ဝတ္ထုကိုအဋ္ဌကထာ၌ အကျယ် ဤသို့ပြဆောင်အပ်၏)၊ ။

---

## ဗြဟ္မဒတ်မင်းထုတ်ဆောင်သော။နတ်သွီးကိုမရ၍အသက်ကိုစွန့်သောသုဇာတာသူကြွယ် အကြောင်း။

အောင်း၌ဆိုအပ်ခဲ့ပြီးသောသုဇာတာမည်သောသူကြွယ်သည်ရသေ့ငါးရာတို့ကို ဇမ္ဗူသပြေသီးကို စားသောအခါ၌ မလာသည်ကိုသိ၍။ အရှင်ကောင်းတို့သည် အဘယ့်ကြောင့် မကြွလာကုန်သနည်း။ အကယ်၍ တစုံတခုသော အရပ်သို့

ကြွတော်မူကြသော်။ အကြောင်းကိုသိရအံ့။ အကယ်၍ တစုံတခုသောအရပ်သို့ ကြွတော်မမူကုန်အံ့။ ထိုသို့တပါးသောအရပ်သို့ ကြွတော်မမူကုန်သည်ရှိသော် ထိုအရှင်မြတ်တို့၏ အထံ၌ တရားတော်ကိုနာအံ့ဟု ဥယျာဉ်သို့သွား၍။ ရသေ့အပေါင်းကိုရှိခိုး၍၊ ဂိုဏ်းဆရာဖြစ်သောရသေ့ကြီးအထံ၌ တရားနာလျက် နေစဉ်လျှင် နေသည့်ဝင်၏၊ ထိုရသေ့တို့ကပြန်ခွင့် ပြုကုန်သော်လည်း ယနေ့ ဤကျောင်း၌ သာလျှင် နေအံ့ဟုဆို၍၊ ရသေ့အပေါင်းကိုရှိခိုးလျက်။ ကျောင်းတွင်းသို့ဝင်၍အိပ်၏။ညဉ့်အဘို့၌သိကြားနတ်မင်းသည်နတ်သို့းအပေါင်းခြံရံလျက်မိမိအလုပ်အကျွေးတို့နှင့်တကွ။ ရသေ့အပေါင်းကိုရှိခိုးအံ့သောငှါလာလတ်၏။ အလုံးစုံသောကျောင်းအရံသည် တပြိုင်နက်သာလျှင်လင်း၏။ သုဇာတာ သူကြွယ်သည် ဤအလင်းကားအဘယ်နည်းဟုထ၍ကျောင်းအပေါက်ဖြင့်ကြည့်လတ်သော် ရသေ့အပေါင်းကို ရှိခိုးအံ့သောငှါ လာလတ်သော။နတ်သို့းအပေါင်းခြံရံအပ်သောသိကြားနတ်မင်းကိုမြင်၍။ နတ်သို့းတို့ကို မြင်သည်နှင့်တကွလျှင်။ ရာဂဖြင့်တင်စွန်းသောစိတ်ရှိသည်ဖြစ်၏။ သိကြား နတ်မင်းသည်သည်း ထိုကျောင်း၌နေ၍။သာယာစွာသော တရားတော်ကိုနာပြီးလျှင် မိမိနေရာတာဝတိံသာနတ်ရွာသို့လျှင်သွားလေ၏။

သုဇာတာသူကြွယ်သည်လည်း မိုးသောက်သောနေ့၌ရသေ့အပေါင်းကိုရှိခိုး၍၊ အရှင်ဘုရားတို့၊ညဉ့်အဘို့၌ အရှင်ဘုရားတို့ကို ရှိခိုးအံ့သောငှါ လာသောထိုသူသည်၊ အဘယ် မည်သောသူနည်းဟု မေးလျှောက်၏။ ဒါယကာ၊ သိကြားမင်းတည်းဟုပြောဆို၍။ထိုသိကြားနတ်မင်းကို ခြံရံလျက်နေကုန်သောထိုမိန်းမတို့ကား။အဘယ်မည်သောသူတို့နည်းဟုမေးသည်ရှိသော်။ဒါယကာ၊ဤမိန်းမတို့ကားနတ်သို့းတို့တည်းဟုပြောဆိုသဖြင့်။ ထိုသူကြွယ်သည်ရသေ့အပေါင်းတို့ကိုရှိခိုး၍အိမ်သို့သွားပြီးလျှင်။အိမ်သို့ရောက်သောအခါမှစ၍ငါ့အား

နတ်သွီးကိုပေးကုန်လော့၊ ငါ့အားနတ်သွီးကို ပေးကုန်လော့ဟုမြည်တမ်း၏။ ခွေးမျိုးတို့သည်ခြံရံကုန်၍ ဘုတ်ဝင်လေသလောဟုလက်ဖျစ်တီးကုန်၏၊ ထိုသူကြွယ်သည်ငါ့ကိုဘုတ်မဝင်။ငါသည်ဤနတ်သွီးကိုမပြောဆို။ တာဝတိံသာ နတ်သွီးကိုသာလျှင် ငါပြောဆို၏ဟု ဆိုသော်၊ ဤသူကား နတ်သွီးတည်းဟု နတ်သွီးကဲ့သို့ တန်ဆာဆင်၍၊ ဆောင်ယူခဲ့အပ်သော မိမိမယားကိုရင်း၊ပြည့်တန်ဆာမကိုရင်း၊ကြည့်၍၊ ဤသူကားနတ်သွီးမဟုတ်။ ဤသူသည်ဘီလူးမတည်း။ ငါ့အားနတ်သွီးကိုပေးကုန်လော့ဟု ဆိုမြည်တမ်းလျက် အစားကောင်းသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ရောက်၏။

အချင်းကာဠုဟာတ်၊ အကြင်သူသည် သမန်းမြက်ဖျားဖြင့် ရေကိုယူ၍၊ မဟာ သမုဒြာ၌ ရေသည် ဤမျှဖြစ်ရာ၏ဟု မဟာ သမုဒြာ ရေနှင့် နှိုင်းရှည့်ရာ၏။ ထိုသူသည် သက်သက်သာ နှိုင်ရှည့်သည် ဖြစ်ခဲ့ရာ။ သမန်းမြက်ဖျားဖြင့် ယူအပ်သောရေသည်ကား။အလွန်နည်းသည်သာလျှင် ဖြစ်သကဲ့သို့၊ ထိုအတူရင်းလျှင်၊လူ၌ဖြစ်သော ကာမဂုဏ်တို့သည် နတ်၌ဖြစ်သော ကာမဂုဏ်တို့၏အထံ၌။ သမန်းမြက်ဖျားဖြင့် ယူအပ်သော ရေကဲ့သို့လျှင်ဖြစ်ကုန်၏။ ထို့ကြောင့်ထိုသုဇာတာသူကြွယ်သည်တပါးသောမိန်းမကိုမကြည့်မူ၍၊ နတ်သွီးကိုသာလျှင် တောင့်တလျက်သေလေ၏။ ထိုသူကြွယ်သည် နတ်၌ဖြစ်သောကာမဂုဏ်ကိုမရ၍။ မိမိအသက်ကိုစွန့်သကဲ့သို့။ ထိုအတူငါသည်လည်းမြတ်သော အရသာဖြစ်သောလူသားကို မရသည်ရှိသော် ငါ၏အသက်ကို စွန့်ရအံ့ဟု ဆို၏။ ။(ဤသို့အဓ္ဓကာထာ၌ပြဆောင်အပ်၏)။ ။

ဤသို့ပြဟ္မဒတ်မင်း ပြဆောင် အပ်သော ပုံသက်သေ စကားကိုကြားရ၍စစ်သူကြီး ကာဠုဟာတ်သည်။ ဤမင်းကားအလွန်လျှင် အရသာ၌မက်မော၏။ ထိုမင်းကိုသိစေအံ့ဟုကြံ၍။

ဒိမိနှင့်ဇာတ်တူဖြစ်သောသူ၏အသားကိုစား၍ ကောင်းကင်သို့ ပျံသွားတတ် ကုန်သော ငှက်ဟင်္သာတို့ စင်လျက်လည်း ပျက်စီးကုန်သေး၏ဟုထိုအကြောင်းကို မိမိအရှင်ပြဟ္မဒတ်မင်းအားပြလိုရကား။ ။"ယထာပိတေဝတရဋ္ဌာ"၊အစရှိသောနှစ်ဂါထာတို့ကိုဆို၏။ ။အခြေနှစ်ချောင်းရှိသောလူတို့ကိုအစိုးရတော်မူသော၊ အရှင်မင်းမြတ်။ အရှင်မင်းမြတ်သည်၊အကျွန်ုပ်၏၊ စကားကို နာတော်မူလော့၊ ဓတရဋ္ဌမျိုးဖြစ်ကုန်သော။ ကောင်းကင်သို့ ပျံသွားလေ့ ရှိကုန်သော။ ငှက်ဟင်္သာတို့သည် ရှိကြကုန်၏။ အလုံးစုံ ကုန်သော။ ငှက်ဟင်္သာတို့သည်။ မစားအပ်သောဇာတ်တူသားကိုစားသောကြောင့်။ ပျက်စီးခြင်းသို့။ ရောက်ကုန်သကဲ့သို့ ဤအတူရင်းလျှင်။အရှင်မင်းမြတ်သည်။ အကြင်ကြောင့်။ မစားအပ်သောဇာတ်တူသားကို။ စားတော်မူဘိ၏။ ထိုကြောင့်။ အရှင်မင်းမြတ်ကို။တိုင်းနိုင်ငံမှ။နှင်ထုတ်ကုန်လတ္တံ့ဟုလျှောက်၏။

(ဤဥပမာပုံသက်သေ၌ အကျဉ်းမျှ ပြဆောင်အပ်သော။ ဇာတ်တူဖြစ်သောအသားကို စားသောကြောင့်ပျက်စီးခြင်းသို့ရောက်ကုန်သောငှက်ဟင်္သာတို့၏ဝတ္ထုကိုအဋ္ဌကထာ၌ဤသို့အကျယ်ပြဆောင်အပ်၏။)

---

ကာဠဟာတ်စစ်သူကြီးထုတ်ဆောင်
အပ်သော၊ဇာတ်တူသားကိုစား၍ပျက်စီးသော
ဟင်္သာကိုးသောင်းအကြောင်း။

လွန်လေပြီးသောအခါ စိတ္တကုန္တတောင်ဝယ်ရတနာငှက်ဂူ၌ကိုးသောင်းကုန်သော ငှက်ဟင်္သာတို့သည် နေကုန်၏။ထိုငှက်ဟင်္သာတို့သည်မိုးလေးလပတ်လုံးအပသို့မထွက်ကုန်၊ အကယ်၍ ထွက်ကုန်ငြားအံ့၊ ရေပြည့်သော အတောင်တို့ဖြင့်ပျံသွားခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ မဟာသမုဒ္ဒရာ

၌သာလျှင်ကျကုန်၏။ ထို့ကြောင့် အပသို့မထွက်ကုန်။ မိုဃ်း ကာလနီးလတ်သော်။ဇာတဿရအိုင်မှအလိုလိုသာလျှင်ဖြစ် သောသလေးတို့ကိုဆောင်ယူ၍ရွှေဂူကိုပြည့်စေပြီးလျှင် သ လေးကိုစားလျက်နေကုန်၏။ထိုရွှေဟင်္သာတို့၏။ရွှေဂူတံခါး ၌ တခုသော ရထားလှည်းဘီး ပမာဏရှိသော ဥဏ္ဏနာဘိ အ မည်ရှိသော ပင့်ကူသည်။ တလတလ၌တထပ်-တထပ်သော အမြှေးကို ဘွဲ့၏။ ထိုပင့်ကူ၏ တခုတခုသော အမြှေးချည် သည် နွားချည်ကြိုးပမာဏရှိ၏။ ဟင်္သာတို့သည် ထိုပင့်ကူ မြှေးကွန်ရက်ကို ဘောက်အံ့ဟု တခုသော ဟင်္သာပျိုအား။ နှစ်ရသော အစာတို့ကိုပေးကုန်၏။ ထိုဟင်္သာပျိုသည်မိုဃ်း စဲလတ်သော်။ အလုံးစုံသောဟင်္သာတို့ရှေ့ကသွား၍ ထိုပင့် ကူမြှေးကွန်ရက်ကို ဘောက်၏။ ကြွင်းကုန်သောဟင်္သာတို့ သည်ထိုခရီးဖြင့်သွားကြကုန်၏။

အခါ။ တပါးသောကာလ၌ကား။ ငါးလပတ်လုံးမိုဃ်းရွာ၏။ဟင်္သာတို့သည် အစာကုန်လတ်သော် အသို့လျှင်ပြုပါရအံ့နည်းဟုတိုင်ပင်၍။ ငါတို့သည် အသက်ရှင်ကုန်သည် ရှိသော်အဥတို့ကိုရကုန်လတ့်ဟု ရှေးဦးစွာအဥတို့ကိုစားကုန်၏။ထိုနောင်မှ ဟင်္သာငယ်တို့ကိုစားကုန်၏။ ထိုနောင်မှ အိုသောဟင်္သာတို့ကိုစားကုန်၍။ ငါးလလွန်သဖြင့်မိုဃ်းစဲလတ်သော်။ပင့်ကူသည်ငါးခုသောအမြှေးကွန်ရက်တို့ကိုဘွဲ့မိ၏။ ဟင်္သာတို့သည်မိမိနှင့် ဇာတ်တူတို့၏ အသားကို စားကုန်သောကြောင့်နည်းသောအားရှိသည်ဖြစ်ကုန်၏။နှစ်ဆတက်သောအရအစာကိုရသော ဟင်္သာပျိုသည်။ပင့်ကူမြှေးကွန်ရက်တို့ကိုဖြတ်သဖြင့်လေးထပ်သောကွန်ရက်တို့ကိုဘောက်၏။ ငါးခုမြောက်သောကွန်ရက်ကို ဘောက်ခြင်းငှါမတတ်နိုင်၊ထိုငါးခုမြောက်သော ကွန်ရက်၌သာလျှင်ငြိလေ၏။ ထိုအခါပင့်ကူသည် ထိုဟင်္သာပျို၏ဦးခေါင်းကိုဖြတ်၍သွေးကိုသောက်၏၊ တပါးကုန်သောဟင်္သာတို့သည်လည်းလာလတ်

ကုန်၍ကွန်ရက်ကိုဘောက်ကုန်၏။ ထိုဟသ်ာတို့သည်လည်း ထိုကွန်ရက်၌သာလျှင်ငြိကုန်၏။ ဤသို့လျှင် ထိုပင့်ကူသည်အလုံးစုံကုန်သောဟသ်ာတို့၏သွေးကိုသောက်၏။ ထိုအခါဓတရဋ္ဌဟသ်ာမျိုးသည်ဖြတ်၏။

ထိုဟသ်ာတို့သည်မစားအပ်သောမိမိတို့နှင့်ဇာတ်တူ၏အသားကို စားကုန်သကဲ့သို့။ ထို့အတူ အရှင်မင်းကြီးသည်လည်းမစားအပ်သောလူသားကိုစားတော်မူဘိ၏။ တိုင်းပြည်အလုံးသည် ဘေးသို့ ရောက်၏။ အရှင်မင်းမြတ်၊ အရှင်မင်းမြတ်သည်၊ လူသားစားခြင်းမှ ကြဉ်ရှောင်တော်မူလော့။ အကြင်ကြောင့် မစားအပ်သော မိမိနှင့်ဇာတ်တူဖြစ်သော လူသားကိုစားတော်မူဘိ၏။ ထိုကြောင့်ဤပြည်သူတို့သည် အရှင်မင်းမြတ်ကိုတိုင်းနိုင်ငံမှ နှင်ထုတ်ကုန်လတံ့ဟုဆို၏။ ။ (ဤသို့ပြဆောင်အပ်၏။)။ ။

ဖြဟ္မဒတ်မင်းသည်တပါးသော ပုံဥပမာကိုလည်းဆိုလိုသည်ဖြစ်၏။ပြည်သူတို့သည်ကားထလတ်ကုန်၍၊ အရှင်စစ်သူကြီးအသို့ပြုကုန်သနည်း။ လူသားစားခိုးသူကို ယူ၍အသို့ကျင့်လတံ့နည်း။ အကယ်၍ လူသား စားခြင်းကို မကြဉ်ရှောင်အံ့၊ ထိုမင်းကိုတိုင်းပြည်မှနှင်ထုတ်တော်မူလော့ဟုဆိုကုန်၍၊ထိုမင်းအား စကားဆိုစိမ့်သော ငါ့မပေးကုန်။ ဖြဟ္မဒတ်မင်းသည်များစွာကုန်သော လူတို့၏ စကားကို ကြား၍ကြောက်ရကား။တဘန်ဆိုခြင်းငါ့မတတ်နိုင်၊ တဘန်လည်းထိုဖြဟ္မဒတ်မင်းကို စစ်သူကြီးကာဠဟတ်သည်။ အရှင်မင်းမြတ်။ အသို့နည်း၊ လူသားကိုကြဉ်ရှောင်အံ့သော ငါ့တတ်နိုင်လတံ့လော၊ ထိုသို့မဟုတ်၊ မတတ်နိုင်လတံ့လောဟု မေးပြန်၍။မတတ်နိုင်ဟုဆိုလတ်သော်။

အလုံးစုံကုန်သော ကိုယ်လုပ် မောင်းမတို့ကိုဧင်း၊ သားတော် သမီးတော် တို့ကိုဧင်း၊ ခပ်သိမ်းသော တန်းဆာတို့ဖြင့်တန်းဆာဆင်စေ၍၊ မင်းစည်းစိမ်အသရေတို့ကိုလည်း ခင်း

ကျင်းစေ၍ ပြုပြီးလျှင်။ အရှင်မင်းမြတ်၊ ဤသို့ သဘောရှိကုန်သော ဆွေမျိုး အပေါင်းတို့ကို၎င်း။ မှူးတော် မတ်တော် အပေါင်းတို့ကို၎င်း၊ မင်း၏စည်းစိမ် အသရေကို၎င်း ရှုတော်မူလော့။မပျက်ပါစေလင့်။ လုသားစားခြင်းမှကြဉ်ရှောင်တော်မူပါဟု တင်လျှောက်၏။ဗြဟ္မဒတ်မင်းသည်ငါသည်ဤစည်းစိမ်တို့ကို လုသားထက် မချစ်အပ်ကုန်ဟု ဆို၏။ အရှင်မင်းမြတ်၊ထိုသို့တပြီးကား၊ ဤမြို့မှ၎င်း၊ဤတိုင်းပြည်မှ၎င်း ထွက်တော်မူကုန်လော့ဟု တင်လျှောက်လတ်သော်။ အချင်းကာဠှတ်၊ ငါသည်မင်းအဖြစ်ကိုအလိုမရှိပြီ။မြို့မှထွက်သွားတော့အံ့။ စင်စစ်သော်ကား၊ တခုသောသန်လျက်ကို၎င်း၊ ရသကကို၎င်း၊ လုသားချက်ရန်အိုးကို၎င်းငါ့အားပေးပါလော့ဟုဆို၏။ထိုအခါဗြဟ္မဒတ်မင်းအားသန်လျက်ကို၎င်း၊ လုသားချက်သောအိုးကို၎င်း၊လုသားထည့်သော တောင်းကို၎င်း၊ရသကကို၎င်း ပေးပြီးလျှင် တိုင်းပြည်မှ နှင်ထုတ်သော အမှုကို ပြုကုန်၏။ ။

ထိုဗြဟ္မဒတ်မင်းသည် သန်လျက်ကို၎င်း၊ ရသကကို၎င်း၊ ယူ၍ မြို့နန်းမှ ထွက်သွားပြီးလျှင် တောသို့ဝင်၍၊ တခုသော ပညောင်ပင်ရင်း၌ နေရာအရပ်ကိုပြုသာဖြင့် ထိုပညောင်ပင်ရင်း၌နေလျက်၊ တောအုပ်ခရီး၌ရပ်၍။လူတို့ကိုသတ်ပြီးလျှင်ဆောင်ယူ၍စားတော်ချက်ရသကအားပေး၏။ရသကသည်လည်း။လုသားကိုချက်၍ဗြဟ္မဒတ်မင်းအားဆက်ရ၏။ ဤသို့လျှင်နှစ်ယောက်သောသူတို့သည်အသက်မွေးခြင်းကိုပြုကုန်၏။လူကိုဘမ်းသောအခါ၌ကား ငါသည်လူကိုခိုးစားသတ်ဖြတ်တတ်သော ပေါရိသာဒ ( ၁ ) တည်းဟုမိမိအမည်ကိုကြား၍ ထိုပေါရိသာဒသည် ထွက်လတ်သော်။ တရံတ

---

(၁) ပေါရိသာဒ။ ဟူရာ၌-ပေါရိသ-အာဒပေါရိသ-ကား လူကိုဟော၏။ အဒကား၊စားချင်းကို ဟော၏။ ထို့ကြောင့်၊ ဟူလို-လူကိုသတ်၍ စားတတ်သောသူဟု-အဓိပ္ပါယ်ယူပါ။

ယောက်သောသူသည်မှူ။မိမိကိုယ် အဖြစ်ဖြင့်တည်ခြင်းငါမတတ်နိုင်သည်ဖြစ်၍။ အလုံးစုံသော လူတို့သည် မြေ၌လည်ကုန်၏၊ ထိုသူတို့တွင် အကြင်သူကိုအထိုက်ရှိ၏။ ထိုသူကိုခြေမိုးမြှော်၊ဦးခေါင်းစောက်ထိုးထား၍ ပုတ်ခတ်၍သတ်ပြီးလျှင် ရသကအားပေး၏။

ထိုပေါရိသာဒသည် တနေ့သောအခါတော၌ တစုံတခုသောလူသားကိုမရ၍ လာလတ်သည်ရှိသော်။ အချင်းရသက၊ ဤသို့လာလှည့်ဟုခေါ်၏၊အရှင်မင်းမြတ်၊အသို့နည်းဟုဆိုလတ်သော်၊ခုံလောက်၌အိုးကိုတည်လော့ဟုဆို၏၊အရှင်မင်းမြတ်၊ အမဲးသည်အဘယ်မှာနည်းဟုဆိုလတ်သော်။ငါသည်အမဲးကိုရသတ်ဟုဆို၏။ရသကသည်ယခုအခါငါ၏အသက်သည်မရှိပြီဟုဘုန်လှုပ်လျက်၊ ခုံလောက်၌ မီးညှို၍ အိုးကိုတည်၏၊ ထိုအခါပေါရိသာဒသည်ရသကကိုသန်လျက်ဖြင့်ခုတ်ဖြတ်ပြီးလျှင် အသားကိုချက်၍စား၏၊ ထိုအခါမှစ၍တယောက်တည်းသာလျှင်ဖြစ်၏။ (*) မိမိကိုယ်တိုင်သာလျှင်ချက်၍စားရ၏။ ပေါရိသာဒသည်ခရီးသွားကုန်သောသူတို့ကိုသတ်၍စား၏ဟုဇမ္ဗူဒိပ်ကျွန်းအလုံး၌ထင်ရှား၏။

ထိုအခါတယောက်သော ပြည့်စုံသော ဥစ္စာစည်းစိမ်ရှိသောပုဏ္ဏားသည် မှည်းငါးရာတို့နှင့် ကုန်သွယ်ခြင်းကိုပြုလျက်။အရှေ့အစွန်းမှသည်အနောက် အစွန်းသို့သွား၏၊ ထိုပုဏ္ဏားသည်ကြံ၏၊ပေါရိသာဒအမည်ရှိသောခိုးသူသည်ခရီး၌လူတို့ကိုသတ်သတတ်။ဥစ္စာကိုပေး၍ ထိုတောအုပ်ကိုလွန်အံ့ဟုကြံ၏။ ကြံပြီး၍ ထိုပုဏ္ဏားသည်တောအုပ်ဝ၌ နေကုန်သောလူတို့ကိုဆို၏။သင်တို့သည်ငါ့ကိုတောအုပ်ကိုလွန်စေကုန်လော့ဟုဆို၍။ အသပြာတထောင်ပေးပြီးလျှင် ထိုသူတို့နှင့် တကွခရီးသို့သွား၏။ သွားသောအခါလည်း ထိုပုဏ္ဏား

* ဤဇာတ်တော်လာ ဤအချက်ကိုထောက်၍။ "သူများအခ-ရသက" ဟူ၍ရှေးသူတို့ပုံဆိုကြ၏။

သည့်အလုံးစုံသောလှည်းကိုရှေ့ကသွားစေသဖြင့်။ ရေချိုး၍ နံ့သာသိမ်းပြီးသော်။ ခပ်သိမ်းသောတန်းဆာတို့ဖြင့်တန်းဆာ ဆင်လျက်။ ဖြူသောနွားကသော ညင်သာသော လှည်း၌ စီး လျက် ထိုတောအုပ်ကိုစောင့်သောသူတို့ဖြင့် ခြံရံလျက်။ မိမိ သည်အလုံးစုံသောလူတို့၏။ နောက်မှသွား၏။

ထိုခဏ၌ပေါရိသာဒသည်သစ်ပင်သို့တက်၍လူကိုစုံစမ်း ကြည့်ရှုသည့်ရှိသော် လာလတ်သော ထိုပုဏ္ဏားကို မြင်၍၊ ဤပုဏ္ဏားမှကြွင်းသောသူတို့၌စားဘွယ်သည့် အဘယ်မှာရှိ အံ့နည်းဟု။ အလုံးစုံသောသူတို့၌ကင်းသောဆန္ဒရှိသည့်ဖြစ်၍။ ပုဏ္ဏားကိုမြင်သောအခါမှစ၍ စားလိုသည့်၏အဖြစ်ကြောင့် ယိုစီးသော တံတွေးရှိသည့်ဖြစ်၏။ ပေါရိသာဒသည့်မိမိအ ထံသို့ ထိုပုဏ္ဏားရောက်လတ်သော် သစ်ပင်မှဆင်းသက်၍၊ ဟယ်အချင်းတို့၊ ငါသည် ပေါရိသာဒတည်းဟုမိမိအမည်ကို သုံးကြိမ်ကြား၍သန်လျက်ကိုပတ်ပတ်လှည့်လျက်သဲဖြင့်ထို သူတို့၏မျက်စိကိုပြည့်စေသကဲ့သို့ပြေးလာ၏၊ တယောက် သောသူသည်မျှလည်း တည့်တံ့ခြင်းငှါ စွမ်းနိုင်သောမည် သည်မရှိ။ အလုံးစုံသောသူတို့သည်ရင်ဖြင့်မြေ၌ ဝပ်ကုန်၏။ ပေါရိသာဒသည်။ ညင်သာသော လှည်း၌ စီးသော ပုဏ္ဏား အားခြေကို ကိုင်၍ကျောက်ကုန်း၌ ဦးခေါင်းစောက်ထိုးတွဲ လျားဆွဲလျက် ဦးခေါင်းကိုဖမျက်တို့ဖြင့် ပုတ်ခတ်လျက်ချီ ယူ၍သွားလေ၏။

ထိုအခါလူတို့သည်ထ၍အိုအချင်းတို့၊ ငါတို့သည်ပုဏ္ဏား လက်မှ အသပြာ တထောင်ကို ယူကုန်၏။ ငါတို့အား ယောကျ်ားကောင်းတို့သည်ပြုအပ်သောကိစ္စသည် အဘယ် မှာနည်း။ ရှိတော့အံ့နည်းတတ်နိုင်သည်ဖြစ်စေ၊ မတတ်နိုင် သည်ဖြစ်စေ၊ အတန်ငယ်လိုက်ကုန်အံ့ဟု တိုင်ပင်၍၊ လူတို့ သည် ထိုပေါရိသာဒကို လိုက်ကုန်၏။ ပေါရိသာဒ သည် လည်း ပြန်ကြည့်လတ်သော် တစုံတယောက်သော သူကိုမျှ

မမြင်၍ဖြည်းဖြည်းသွား၏။ ထိုခဏ၌ခွန်အားနှင့်ပြည့်စုံသော တယောက်သောရဲရင့်သောသူသည် လျင်မြန်စွာထိုက်၍ပေါ ရိသာဒကိုမှီလေ၏။ ပေါရိသာဒသည် ထိုရဲရင့်သော သူကို မြင်၍တချသောစောင်ရန်း (၁)ကိုချန်လတ်သော် ရှားငုတ်ကို နင်းမိ၏။ ရှားငုတ်သည် ဘဝါးမှထိုး၍ ခြေဘမိုးသို့ထွက်၏။ သွေးယိုစီးလျက် ချန်၍သွားရ၏။ ထိုအခါ ထိုရဲရင့်သော သူ သည်ပေါရိသာဒကိုမြင်၍။ အိုအချင်းတို့၊ ငါသည် ဤပေါရိ သာဒကိုထိုးပစ်အပ်ပြီ။ သက်သက်သော်ကား သင်တို့သည် နောက်မှလာဖွည့်ကုန်၊ ထိုပေါရိသာဒကိုဘမ်းအံ့ဟုဆို၏၊ ထို လုသင်တို့သည်ပေါရိသာဒ အားနည်းသောအဖြစ်ကိုသိကုန် ၍၊ ပေါရိသာဒသို့ ထိုက်ကုန်၏။ ပေါရိသာဒသည် ထိုလူတို့ ထိုက်သော အဖြစ်ကိုသိလျှင် ပုဏ္ဏားကိုလွှတ်၍ မိမိကိုယ်ကို ချမ်းသာရန်ပြေးထွက်ခဲ့ရလေ၏။

အစားသောလူတို့သည်ပုဏ္ဏားကိုရသောအခါမှစ၍ငါ တို့အားနိုးသူဖြင့်အဘယ်မှုနှံနည်းဟုထိုအရပ်မှလျှင် ပြန်၏။ ပေါရိသာဒသည်လည်း မိမိနေရာပညောင်ပင် ရင်းသို့သွား ပြီးလျှင်ပညောင်မြစ်ပါးပျဉ်းကြားသို့ဝင်၍ အိပ်လျက်။အရှင် ပညောင်စောင့်နတ်။အကယ်၍ ခုနစ်ရက်အတွင်း၌သျှင်ငါ၏ အနာကိုချမ်းသာအောင် ပြုခြင်းငှါ တတ်နိုင်သည်ဖြစ်အံ့။အ လုံးစုံသောဇမ္ဗူဒိပ်ကျွန်း၌တရာ့တယောက်သော မင်းတို့၏ လည်ချောင်းသွေးဖြင့် အရှင်နတ်မင်း၏ ပင်စည်ကိုဆေးအံ့။ အအူတို့ဖြင့်ရစ်ပတ်၍ငါးပါးသောအရသာရှိသောအမဲသား ဖြင့်ပူဇော်သောအမှုကို ငါပြုအံ့ဟု တောင်းပန်ခြင်းကိုပြု၏။ ထိုပေါရိသာဒအားကား ထမင်းအဖျော်အမဲသားကို မရသ ဖြင့်ကိုယ်သည်ခြောက်တပ်၍ ခုနစ်ရက်အတွင်း၌ သာလျှင် အနာသည်အလိုအလျောက်ချမ်းသာ၏။

---

(၁) စောင်ရန်း။ ဟူရာ၌-အကာအရံ အလို့ငှါ-ပြုလုပ်ထားသော ဆူး စည်းဟူလို။ဝင်းခြံဟူ၍လည်းယူရ၏။

ထိုပေါရိသာဒသည် ပညောင်ပင်စောင့် နတ်၏။ အာနုဘော်ကြောင့်ထိုအနာချမ်းသာရသည်ဟုမှတ်၏။ ပေါရိသာဒသည်နှစ်ရက်သုံးရက်လူသားကိုစား၍ အားကိုယူပြီးလျှင်။ ဤသို့ကြံ၏။ ငါ့အားဤနတ်သည်များစွာကျေးဇူးပြုပေ၏။ ထိုနတ်အား တောင်းပန်ထားသောဂတိမှ လွတ်စေအံ့ဟုကြံ၍၊ ပေါရိသာဒသည် သန်လျက်ကိုယူ၍ ပညောင်ပင် ရင်းမှထွက်ပြီးလျှင်၊ တရေ့တယောက်သောမင်းတို့ကို ဆောင်ယူအံ့ဟုသွား၏။ ။ထိုအခါ ပေါရိသာဒရှေးဘဝ၌တီးလူးဖြစ်သောအခါအတူတကွ လူသားစားဘက် အဆွေခင်ပွန်းဖြစ်သော ဘီလူးသည် ပေါရိသာဒ သွားသည်ကို မြင်၍။ ဤသူသည်ရှေးဘဝ၌ငါ၏ အဆွေခင်ပွန်းတည်းဟုသိ၍။ အဆွေ၊ ငါ့ကိုသိ၏လောဟုမေး၏။ ငါမသိပါဟုဆိုလတ်သော်၊ ထိုအခါပေါရိသာဒအား။ သင်နှင့်အတူရှေးဘဝ၌ဖြစ်ဘူးသောအကြောင်းကိုပြောဆို၏။ ထိုအခါပေါရိသာဒသိ၍ စကားပြောဟောပြီးလျှင်။ သင်ဘယ်အရပ်၌ ဖြစ်သနည်းဟု မေးလတ်သော်။ ဖြစ်ရာအရပ်ကိုရင်း၊ တိုင်းပြည်မှ နှင်ထုတ်သောအကြောင်းကိုရင်း၊ယခုအခါ၌နေသောအရပ်ကိုရင်း၊ ရှားဇုတ်ရှုံးမိသော အကြောင်းကိုရင်း၊ နတ်အား တောင်းပန်ခြင်းမှ လွတ်စိမ့်သောငှါ သွားမည်အကြောင်းကိုရင်း အလုံးစုံကို ပြောဆို၍။ အဆွေ၊ သင်သည်လည်း ငါ၏ ဤအမှုကိုထုတ်ဆောင်သင့်ပါ၏။ အဆွေ၊ငါတို့နှစ်ယောက်သည်လည်းသွားကြကုန်အံ့ဟုဆို၏။

အဆွေ၊ငါသည်မလိုက်နိုင်ပါ၊ စင်စစ်သော်ကား၊ငါ့၌ တခုသောကိစ္စသည်ရှိ၏။ငါသည်လျှင်အဘိုးများစွာထိုက်သော ''ပဒသကွဏ''မည်သော တခုသောမန္တရားကိုတတ်၏။ထိုမန္တရားသည်ခွန်အားကိုရင်း၊ လျှင်မြန်ခြင်းကိုရင်း၊ဘုန်းတန်ခိုးကိုရင်း၊အသံကိုရင်းပြုနိုင်၏။ ထိုမန္တရားကိုယူလော့ဟုဆို၏။ပေါရိသာဒသည်ကောင်းပြီဟုဝန်ခံ၏၊ဘီလူးသည်လည်း

ပေါရိသာဒအား''ပဒလက္ခဏာ'' မန္တရားကိုပေးသွားလေ၏။ ပေါရိဒသည်မန္တရားကိုသင်းသင်ပြီးသောအခါမှစ၍လေကဲ့သို့လျင်မြန်၏။ အလွန်ရဲရင့်၏။ ပေါရိသာဒသည် ခုနစ်ရက်အတွင်း၌သာလျှင် တရော့တပါးသောမင်းတို့ကို ဥယျာဉ်အစရှိသည်တို့သို့ သွားသည့်တို့ကိုမြင်လျှင် လေကဲ့သို့သောလျင်မြန်ခြင်းအဟုန်ဖြင့်ပြေးသွားလျက်၊ ဟယ်အချင်းတို့၊ ငါကား ပေါရိသာဒတည်းဟုအမည်ကိုကြား၍ ဟစ်ကြွေးကြော်ပြောလျက်၊ကြောက်မက်ဘွယ်သို့ရောက်သည့်ကိုပြု၍၊ ခြေတို့ကိုကိုင်လျက်၊ဦးခေါင်းစောက်ထိုးထား၍ဖနှောင့်ဖြင့် ဦးခေါင်းကိုပုတ်ခတ်လျက်၊လေကဲ့သို့သောလျင်ခြင်းဖြင့် ဆောင်ယူ၍လက်ဝါးပြင်တို့၌အပေါက်ဘောက်ပြီးလျှင်ကြိုးဖြင့်သိ၍ခြေဖျားတို့ဖြင့် မြေကိုထိစေကုန်လျက်ပညောင်ပင်၌ဆွဲး၏။ ထိုအလုံးစုံသော မင်းတို့သည်လေခတ်သည့်ရှိသော်ညှိုး သောထိပ်ဆူးရွှေပန်းကုံးကဲ့သို့ တပြောင်း ပြန်ပြန်လည်ကုန်လျက်တွဲးရ ရွဲဆွဲ ကုန်၏။

သုတသောမမင်းသည်ကား ငါ၏ ဆရာစောင်ပေတည်း။ အကယ်၍ ထိုသုတသောမမင်းကိုဘမ်းယူသည်ဖြစ်အံ့၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းသည် အချည်းနှီးဖြစ်လတ့ံဟု ၍လုံးသွင်း၍ထိုသုတသောမမင်းကိုမဆောင်ယူ။ ပေါရိသာဒသည် နတ်အားပူဇော်သောအမှုကိုပြုအံ့ဟု မီးညှိ၍ ထံမှိုတို့ကိုချွန်လျက်နေ၏၊

ပညောင်စောင့်နတ်သည်ထိုအမှုအရာကိုမြင်၍၊ ဤပေါရိသာဒသည်ငါ့အား ပူဇော်သောမှုကို ပြုလတ့ံ။ ငါသည်ထိုပေါရိသာဒ၏အနားကို တစုံတခုမှုချမ်းသာအောင် ပြုသည်မရှိ။ ယခုအခါ၌မင်းတို့အာ ကြီးစွာသော ပျက်စီးခြင်းကိုပြုလတ့ံ၊အသို့လျှင် ပြုရအံ့နည်းဟုကြံ၍။ ငါသည်ပေါရိသာဒကိုမြင် ခြ းငှါမတတ်နိုင်လတ့ံဟု စာတုမဟာရာဇ်နတ်မ ်းကြီးလေးယောက်တို့အထံသို့သွား၍၊ ထိုအကြောင်းကို ပြောဆို

ပြီးလျှင်။ ထိုပေါရိသာဒကို မြစ်ပါကုန်လော့ဟု ဆို၏။ စာတုမဟာရာဇ်နတ်မင်းကြီး လေးယောက်တို့သည်လည်း ငါတို့သည် ပေါရိသာဒအမှုကို မြစ်ခြင်းငှါ မတတ်နိုင်ကုန်ဟု ဆိုကြကုန်သော်၊ အဘယ်သူသည် တတ်နိုင်ပါအံ့နည်းဟု မေး၍၊ သိကြားနတ်မင်းသည် တတ်နိုင်လတ္တံ့ဟု ဆိုကုန်၏။ ထိုစကားကိုကြား၍ သိကြား နတ်မင်းအထံသို့ကပ်၍ ထိုအကြောင်းကိုပြောဆိုသဖြင့် ပေါရိသာဒကိုမြစ်တော်မူပါကုန်လော့ဟုဆို၏။ သိကြားနတ်မင်းသည်လည်း။ ငါသည်ပေါရိသာဒကိုမြစ်ခြင်းငှါမတတ်နိုင်။ တတ်နိုင်သော သူကိုမူကား ငါကြားအံ့ဟု ဆိုလျှင်။ တတ်နိုင်သောသူ အဘယ်သူနည်းဟု မေးလျှောက်သော်။နတ်နှင့်တကွသော လောက၌တပါးသောတူသောသူမရှိသော၊ကုရုတိုင်း၊ဣန္ဒပတ္တနဂိုရ်မြို့၌ကောရဗျမင်း၏သားတော်ဖြစ်သော သုတသောမအမည်ရှိသော မင်းမြတ်သည်။ ထိုပေါရိသာဒအားအဆိပ်မရှိသည်ကို ပြု၍ ဆုံးမလတ္တံ့။မင်းတို့၏အသက်ကိုလည်းပေးလတ္တံ့။ ပေါရိသာဒကိုလည်းလူသားစားခြင်းမှ ကြဉ်ရှောင်စေလတ္တံ့။ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ အမြိုက်ကဲ့သို့တရားရေဖြင့် သွန်းလတ္တံ့။ အကယ်၍မင်းတို့၏အသက်ကိုပေးလိုသည်ဖြစ်အံ့။ သုတသောမမင်းကိုဆောင်၍ ငါ့အားပူဇော်သောအမှုကို ပြုခြင်းငှါသင့်၏ဟုသင်ပြောဆိုလေလော့ဟုမိန့်တော်မူလိုက်၏။

ထိုပဉ္စောင်စောင့်နတ်သည် ကောင်းပြီဟုဝန်ခံ၍။ လျှင်မြန်စွာလာလတ်ပြီးလျှင်ရဟန်းအသွင်ဖြင့်ပေါရိသာဒ၏ မနီးမဝေးသို့သွား၏။ပေါရိသာဒသည်ခြေသံကိုကြားလျှင်တစုံတယောက်သောမင်း ထွက်ပြေးသည်ဖြစ်လတ္တံ့ဟု ကြည့်လတ်သော်။ပဉ္စောင်ပင်စောင့်နတ်ကိုမြင်၍ ရဟန်းတို့မည်သည်ကားမင်းလျှင်ပင်တည်း။ဤရဟန်းကိုဘမ်း၍မင်းတရာ့တပါးပြည့်စေပြီးလျှင်နတ်အားပူဇော်သောအမှုကိုပြုအံ့ဟုထ၍သန်လျက်လက်စွဲးလျက်ထိုက်၏။သုံးယူဇနာတိုင်တိုင်ထိုက်သော်

လည်းထိုရဟန်းကိုမှီခြင်းငှါမတတ်နိုင်။ကိုယ်မှချွေးတို့သည်ထွက်ကုန်၏။ ထိုအခါ ပေါရိသာဒသည်ကြွ၍။ ငါသည်ရှေးကာလ၌ကားပြေးသွားသောဆင်ကိုရင်း၊မြင်းကိုရင်း၊ရထားကိုရင်းလိုက်၍ဘမ်းနိုင်၏။ ယခုမူကားမိမိ၏ပကတိအားဖြင့်သွားသော၍ရဟန်းကိုအားကုန်ထုတ်၍လိုက်ဘမ်းပါသော်လည်း ငါသည် ဘမ်းယူခြင်းငှါ မတတ်နိုင်။၍အကြောင်းကားအသို့နည်းဟုကြံ၍၊ ကြံပြီး၍ရဟန်းတို့မည်သည်ကားစကားကိုလိုက်နာတတ်ကုန်၏။ ရပ်လော့ဟုဆို၍ ရပ်သော်ထိုရဟန်းကိုဘမ်းယူအံ့ဟုကြံ၍။ ရှင်ရဟန်း၊ ရပ်လော့ဟုဆို၏။ငါသည်ကားရပ်၏။ သင်မူကား ပြေးသွားအံ့သောငှါလုံ့လပြု၏ဟုဆို၏။အထိုခါရဟန်းကို၊အို့ရဟန် ။ရဟန်းတို့မည်သည်ကား အသက်ဟူသော အကြောင်းကြောင့်လည်း မဟုတ်မမှန်သော စကားကို မပြောမဆိုကုန်။ သင်သည်ကားမုသားဆိုခြင်းကို ပြုဘိ၏ဟုဆို၍ ထိုရဟန်းကို သိစေလိုရကား။ ။"တိဋ္ဌာဟိတိမယာဝုတ္တော"၊အစရှိသောဂါထာကိုဆို၏၊ထိုဂါထာ၏အဓိပ္ပါယ်ကား။

ရှင်ရဟန်း။ ရပ်လော့။ဟူ၍ငါသည်။ဆိုပေ၏။ ထိုဆိုပါလျှက်။သင်သည်။အရပ်တပါးသို့ရှုး၍။ ပြေးသွားဘိ၏ မြတ်သောအကျင့်ကိုကျင့်ထွေ့ရှိသော။သင်ရဟန်းသည်။မရပ်ပါဘဲလျှက်။ငါရပ်၏ဟူ၍။ချွတ်ယွင်းသောစကားကိုပြောဆိုဘိ၏။ရဟန်း။သင့်အား။ ၍ချွတ်ယွင်းသောစကားကို ပြောဆိုခြင်းသည်။ မသင့်ပါတကား။ သင်ရဟန်းသည်။ ငါ၏၊ သန်လျက်ကို သိမ်းတောင်ကဲ့သို့။ အောက်မေ့သလော။ ဟုမြွက်ခြွက်၏။

ထို့နောက်မှပစ္စေဘင်ပင်စောင့်နတ်သည် ပေါရိသာဒအားအကြောင်းကိုကြားလိုရကား။ ။"ဌိတောဟမသ္မိသဓ္ဓမ္မေသုရာဇ"၊ အစရှိသော ဂါထာနှစ်ချက်ကိုဆို၏။ ထိုဂါထာတို့၏။ အဓိပ္ပါယ်ကား။ ။

မင်းမြတ် ငါသည်။ သူတော်ကောင်း တရားတို့၌။ တည်သည်။ဖြစ်၍။အမည်အမျိုးကိုမပြန် (၁) မင်းမြတ်။လောက၌ဤလူ့ပြည်မှ။ ရတော့သော်။ချမ်းသာကင်းသော၊ ငရဲ၌ဖြစ်လတံ့သော။ခိုးသူကိုသာလျှင်။မရပ်သောသူဟူ၍။ဆိုကုန်၏။ ။ ရေမြေကိုအစိုးရသော။မင်းမြတ်။ သင်မင်းမြတ်သည်။ငါ၏။စကားကို။အကယ်၍ယုံကြည်အံ့၊ သုတသောမမင်းကို၊ ဖမ်းယူလော့။ ထိုသုတသောမမင်းဖြင့်။ ယဇ်ကို။ ပူဇော်လေလော။ ဤသို့ပူဇော်သောအားဖြင့် သင်သည် နတ်ပြည်သို့။ရောက်ရလတံ့။ ။

ဤသို့သောစကားကိုပြောဆိုပြီး၍လျှင်ပဉ္ဇောင်ပင်စောင့်နတ်သည်ရဟန်း အသွင်ကိုကွယ်စေ၍ မိမိအသွင်ဖြင့်ထွက်သစ်သော နေလုလင်ကဲ့သို့ ထွန်းတောက်ပလျက် ကောင်းကင်၌တည်၏။

ပေါရိသာဒသည် ထိုနတ်၏စကားကိုကြား၍ အသွင်ကိုကြည့်လျက်သင်သည်ကား အဘယ်သူနည်းဟုမေး၏။ ငါကား၊ဤပဉ္ဇောင်ပင်၌ဖြစ်သော နတ်တည်းဟုပြောဆိုလတ်သော်။ပေါရိသာဒသည်အရှင်နတ်မင်းကိုငါသည်မြင်ရပြီဟုအလွန်နှစ်သက်သည်ဖြစ်၍။အရှင်နတ်မင်း၊ သုတသောမမင်းကြောင့်စိုးရိမ်တော်မမူလင့်၊ အရှင်နတ်မင်း၏ ပဉ္ဇောင်ပင်သို့သာလျှင်ဝင်တော်မူလော့ဟုဆို၏။ ပဉ္ဇောင်ပင်စောင့်နတ်သည်ပေါရိသာဒမြင်စဉ်လျှင်ပဉ္ဇောင်ပင်သို့ဝင်လေ၏။ ထိုခဏ၌နေသည်ဝင်၏။လသည်ထွက်၏။ ပေါရိသာဒသည် ဗေဒင်၌သိမ္မာ၏၊ နက္ခတ် သွားခြင်းကိုသိ၏။ ထိုပေါရိသာဒသည်ကောင်းကင်သို့ကြည့်လတ်၍၊ နက်ဖြန် လသည် ဖုသျှနက္ခတ်နှင့်ရဉ်လတံ့။ သုတသောမမင်းသည် ရေချိုးအံ့သော

(၁) အမည်အမျိုးကိုမပြန်၊ဟူသည်ကား။အမည်ကိုရင်း။အမျိုးကိုရင်းမဖျက်၊ စောင့်ရှောက်လျက်ရှ၏ဟူလို။ပါဠိတော်၌။ "နပရိဝတ္တယာမိ"ဟု၍ရှိ၏။မပြန်ဟူရာ၌ရှေးနိဿယနက်ပင်တည်း။ ။

၌ ဥယျာဉ်သို့ထွက်လတုံ့။ ထိုဥယျာဉ်၌လျှင် သုတသောမ မင်းကိုဘမ်းယူအံ့၊ ထိုသုတသောမ မင်းအား အစောင့်အရှောက်ကားများသည်ဖြစ်လတ့ံ။ ထက်ဝန်းကျင်သုံးယူဇနာ တိုင်တိုင်အလုံးစုံသောမြို့နေလူတို့သည် စောင့်ရှောက်ကုန် လျက်သွားလတ့ံ.အစောင့်အရှောက်ကိုမစိုးရင်မိ။ ငြှမပေါ်က သာလျှင်မိဂါဇိန်ဥယျာဉ်သို့သွား၍ မင်္ဂလာရေကန်သို့ ဆင်း သက်၍ နေလင့်အံ့ဟုကြံလျက်။ ထိုမိဂါဇိန်ဥယျာဉ်သို့သွား၍ မင်္ဂလာရေကန်သို့ဆင်းသက်ပြီးလျှင်ပဒုမာကြာရွက်ဖြင့် ဦး ခေါင်းကိုဖုံးလျက်နေ၏။ ထိုပေါရိသာဒ၏ တန်းခိုးကြောင့် ငါးလိပ်အစရှိသည်တို့သည်ရွှေလျောကုန်လျက် ရေအဆုံး ၌သာလျှင်အစုအစုဖြစ်၍သွားကုန်၏။

၍တန်းခိုးကို ပေါရိ သာဒသည် အဘယ် အကြောင်း ကြောင့်ရသနည်းဟူမူကား။ ရှေးကောင်းမှု၏အစွမ်းကြောင့် ရသတတ်။ ထိုစကားသည် မှန်၏။ ထိုပေါရိ သာဒသည် ကဿပမြတ်စွာဘုရားပွင့်တော်မူသတ်သောအခါ၌ နိဗ္ဗာန ဖြင့်ပြီးသော စာရေးတံဆွမ်းကို လှူဘူး၏။ ထိုကြောင့်ခွန် အားကြီးသည်ဖြစ်၏။ မီးတင်းကုပ် ဆောက်လုပ်၍ ရဟန်း သဃ်ာအားအချမ်းပျောက်စိမ့်သော၌ မီးကိုရင်း။ ထင်းကို ရင်း။ထင်းဖြတ်ရန်ပဲခွပ်ကိုရင်း။ ပုဆိန်ကိုရင်း လှူဘူး၏။ ထို ကြောင့်တန်းခိုးကြီးသည်ဖြစ်၏။

၍သို့လျှင်ပေါရိသာဒသည် မိဂါဇိန်ဥယျာဉ်အတွင်းသို့ ရောက်ပြီးသော် မိုးသောက်အားကြီးသောအခါ၌ ဥယျာဉ် ထက်ဝန်းကျင်မှ။ သုံးယူဇနာတိုင်တိုင် အစောင့်အရှော်ကို ထားကုန်၏။သုတသောမမင်းသည်လည်းနံနက်စောစောက လျှင်နံနက်စာစားပြီးသော်တန်ဆာဆင်အပ်သောမြတ်သော ဆင်ကျောက်ကုန်းတက်၌ စီး၍။ အင်္ဂါလေးပါးရှိသော စစ် သည်ရဲမက်အပေါင်းခြံရံလျက်မြို့မှထွက်၏။ ။ထိုအခါတဏ္ဍ

သိုလ်ပြည်မှ နန္ဒအမည်ရှိသောပုဏ္ဏားသည် လေးပါးကုန်သောသတ္တာရဟာ (၁) ဂါထာတို့ကိုယူ၍။ ယူဇနာတရာ့နှစ်ဆယ်ရှိသောခရီးကိုလွန်၍။ ဇာနန္ဒပတ္တနံ့ ဂိုရ်မြို့သို့ ရောက်လျှင် တံခါးရှာ၌နေ၍။ နေထွက်လတ်သော်မြို့တွင်းသို့ဝင်၍၊ သုတသောမမင်းအရှေ့တံခါးဖြင့်ထွက်သည်ကိုမြင်လျှင်။ လက်ကိုဆန့်၍အောင်ဆုပေး၏။ သုတသောမမင်းသည် အရပ်တပါးသို့ရှေးရှုသောမျက်နှာရှိသည်ဖြစ်၍ သွားလတ်သော် မြင်ရာအရပ်၌ တည်ရှိသောပုဏ္ဏား၏ ဆန့်သောလက်ကိုမြင်လျှင်။ ဆင်တော်ဖြင့်ပုဏ္ဏားသို့ချဉ်းကပ်၍မေးတော်မူလိုရကား။ ။ "ကိံသွိံနုရဗ္ဗေတဝဇာတိဘူမိ"။ အစရှိသော ဂါထာကိုဆို၏။ ။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

အိုပုဏ္ဏားသင်၏ဘွားရာအရပ်သည်။ အဘယ်မည်သောတိုင်း၌ဘွားသနည်း။ အဘယ်မည်သောအကြောင်းကြောင့်။ ဤအရပ်သို့ သင့်သည်ရောက်လာ သနည်း။ ပုဏ္ဏားထိုအကြောင်းကို ငါ့အားကြားလျှောက်လော့။ အဘယ်ကို အလိုရှိသနည်း၊ ပုဏ္ဏားသင်သည် တောင့်တအပ်သောဝတ္ထုကို။ သင့်အားယခုငါပေးအံ့ဟုဆိုတော်မူ၏။

ထိုသို့မေးသောအခါနန္ဒပုဏ္ဏားသည် သုတသောမမင်းအား မိမိလာရောက်သော အကြောင်းကိုတင်လျှောက်လိုရကား။ ။"ဂါထာစတသောဂမ္ဘီရမဟိဿရ"။ အစရှိသော ဂါထာကိုဆို၏။ ။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

အလုံးစုံသော မြေအပြင်ကိုအစိုးရတော်မူသော ရေမြေ့ရှင်မင်းကြီး။ အလွန်နက်နဲ့သောအနက်အဓိပ္ပါယ်ရှိကုန်သော။ မြတ်သော သမုဒ္ဒြာလျှင် ဥပမာရှိကုန်သော။ လေးပါးကုန်သောဂါထာတို့သည်ရှိကုန်၏။ အရှင်မင်းမြတ်၏ အကျိုး၌ါ

(၁) သတ္တာရဟာ။ဟူရာ၌-သတ-အရဟာ-ပုဒ်ဖြတ်၍။ သတသဒ္ဒါ-ထရားကိုဟော၏အရဟာသဒ္ဒါ-ထိုက်တန်ခြင်းဟော၏။ သို့ဖြစ်၍။ တပုဒ်လျှင်တရာထိုက်တန်သောဂါထာဟူလို။

သသျှင် ဤအရင်သို့ရောက်လာပါ၏။ မြတ်သော အကျိုးစီးပွားနှင့် စပ်ကုန်သောဂါထာတို့ကို နာတော်မူလော့ဟုလျှော်ထား၏။

ဤသို့တင်လျှောက်ပြီး၍ကား၊ အရှင်မင်းမြတ်၊ ဤဂါထာတို့ကိုကားဆပမြတ်စွာဘုရားသည်ဟောတော်မူအင်ကုန်၏။ အရှင်မင်းမြတ်တို့သည်အကြားအမြင်၌နှစ်သက်တော်မူကုန်၏ဟုကြား၍။ ဤသတာရဟာ လေးဂါထာတို့ကို အရှင်မင်းမြတ်တို့အားဟောအံ့သောငှါလာရောက်ပါ၏ ဟုတင်လျှော်၏။ သုဘသောမင်းသည်။ အလွန် နှစ်သက်တော်မူသည်ဖြစ်၍။ ဆရာ၊ဆရာလာ ရောက်ခြင်းသည်ကားကောင်းသောလာရောက် ခြင်းတည်း။ ငါသည် ယခုပြန်လည်အံ့သောငှါမတတ်ကောင်း။ ယနေ့ဗုဒ္ဓနက္ခတ်နှင့် ရှင်သဖြင့် ဦးခေါင်းဆေးလျှော်အံ့သောငှါလာသည်ဖြစ်၏။ ငါသည်နက်ဖြန်နေ့၌လာလတ်၍နာပါအံ့။ဆရာသည်မကြီးငှေပါလင့်ဟုဆို၍။သွားချေကုန်။

ဤဆရာပုဏ္ဏားအားဤမည်သောအိမ်၌ အိပ်ရာနေရာကိုခင်း၍ အဝတ် အစားတို့ကို စီရင်လေကုန်ဟု မှူးတော်မတ်တော်တို့ကို စေလိုက်ပြီးလျှင် ဥယျာဉ်သို့ ဝင်တော်မူ၏။ ထိုဥယျာဉ်သည်ကား တဆဲ့ရှစ်တောင် အစောင့်မြင့်သောတံတိုင်းဖြင့်ခြံရံအပ်၏။ ထိုဥယျာဉ်ကို အချင်းချင်း ဦးကင်း၊ထိကုန်သော ဆင်တို့သည် ခြံရံအင်ကုန်၏။ ထိုနောင်မှမြင်းတို့သည် ခြံရံအပ်ကုန်၏။ ထိုနောင်မှ ရထားတို့သည် ခြံရံအပ်ကုန်၏။ ထိုနောင်မှလေးသမားတို့သည်ခြံရံအင်ကုန်၏။ ထိုနောင်မှခြေသည်သူရဲတို့သည်ခြံရံအပ်ကုန်၏၊ လေ၏အဟုန်ဖြင့် ချောက်ချားသော သမုဒ္ဒါသံကဲ့သို့ ရဲးမကျော်ဗိုလ်ပါ အပေါင်းသည်ပွဲတင်ထပ်စေ၏။

ထိုအခါမဟာသုတသောမင်းသည်လေးကုန်သောတန်ဆာတို့ကိုချွတ်၍ ဆံရိတ်ဆိတ်ပြုပြင်ခြင်းအမှုကို ပြုစေပြီး

လျှင်၊ ပေါ့သောကိုယ်ရှိသည်ဖြစ်၍။ မဂ်သာရေကန်တော်အတွင်း၌မင်း၏ဘင့်တယ်စံပါယ်ခြင်းဖြင့်ရေချိုး၍ ရေမှတက်ပြီးလျှင် ဝတ်လဲတော်ပုဆိုးကိုဝတ်၍တည်၏၊ ထိုအခါမဟာသုတသောမမင်းအား အဝတ်တန်ဆာပန်းနံ့သားဖြင့် ဆက်ကုန်၏။ပေါရိသာဒသည်ကြံ၏။ သုတသောမမင်းသည် တန်းဆာဆင်ယင် ပြီးသော အခါ၌ လေးသည်ဖြစ်လတ့ံ၊ ပေါ့သောအခါ၌သာလျှင် ထိုသုတသောမမင်းကိုဘမ်းယူအံ့ဟုကြံ၍။ပေါရိသာဒသည် ဟစ်ကြွေးကြော်ပြောလျက်၊ ရေ၌ငါးတို့ကိုတုန်လှုပ် ချောက်ချားစေလျက် လျှပ်စစ်နွယ်ကဲ့သို့ သန်လျက်ကို ဦးခေါင်းအထက်၌ ပတ်ပတ်လှည့်၍။ ဟယ်အချင်းတို့၊ ငါမဟာပေါရိသာဒတည်းဟု မိမိအမည်ကို ကြားစေ၍ လက်ချောင်းကိုနဖူးပြင်၌ထားလျက် ရေထဲမှတက်လတ်၏။ ထိုပေါရိသာဒအသံကိုကြား၍လျှင်ဆင်စီးသူရဲတို့သည်ဆင်ထက်မှ လျှောကျကုန်၏။ မြင်းစီးသူရဲတို့သည် မြင်းထက်မှ လျှောကျကုန်၏၊ ရထားစီးသူရဲတို့သည်လည်းရထားထက်မှလျှောကျကုန်၏။ ရဲမက်ဗိုလ်ပါအပေါင်းတို့လည်း စွဲးကိုင်တိုင်းသောလက်နက်တို့ကိုစွန့်ပစ်၍ရင်ဖြင့်မြေ၌ဝပ်ကုန်၏။

ပေါရိသာဒသည် သုဘသောမမင်းကိုပိုက်ချီ၍ယူ၏။ သုတသောမမင်းမှ ကြွင်းကုန်သော မင်းတို့ကိုကားခြေ၌ကိုင်၍ ဦးခေါင်းစောက်ထိုးထား၍ဖနှောင့်ဖြင့်ဦးခေါင်းကို ပုတ်ခတ်လျက်သွား၏။ သုရားလေင်းသုတသော မမင်းကိုကားကပ်၍ ညွှတ်စေလျက်အသာအယာပိုက်ချီ၍ပခုံး၌နေစေ၏။ထိုပေါရိသာဒသည်ဥယျာဉ်တံခါးဖြင့်ထွက်သွားသည်ရှိသော်ကြာမြင့်သည် ဖြစ်လတ့ံဟု ရှေးရှုရာ အရပ်ဖြင့်သာလျှင် တဆဲ့ရှစ်တောင်အစောက်မြင့်သောဥယျာဉ်တံတိုင်းကိုခုန်သွား၍၊ ရှေ့မှအမြန်ယစ်သော ဆင်ဦးကင်းတို့ကိုနင်း၍၊ တောင်ထွတ်တို့ကိုဖြတ်၍ ချဘိသကဲ့သို့။ လျင်မြန်ခြင်းအဟုန်ဖြင့် မြင်းတို့၏ကျောက်ကုန်း၌ နင်းလျက်လည်းစေ၍။ ရထားဦး ရထားနား

ပန်းတို့၌နှင်း၍ ပဘ်ပတ်ဖွည့်ခြင်းကို ဖွည့်လည့်ဘိသကဲ့သို့ လည့်စေလျက်၊ ပညောင်ရွက်တို့ကဲ့ နှင်းနယ် ဘိသကဲ့သို့၊ များစွာသောလက်နက်ကိုင်တို့ကဲ့နှိပ်နင်းလျက်တဟုန်တည်း ခြင်းဖြင့်သုံယူဇနာရှိသောခရီကိုသွား၏။သုတသောမမင်းအ ကျိုးဌါနောင်မှလိုက်လာသောတစုံဘယောက်သောသူသည် ရှိသလောဟုနှုံးသွင်း၍ ကြည့်သဖြင့် တစုံတယောက်သော သူကိုမမြင်၍။ ဖြည်းဖြည်းသာသာသွားသည့်ရှိသော်၊ သုတ သောမမင်းကြီးဆံတော်တို့မှရေပေါက်ဘို့သည်။မိမိရင်ပေါ် ၌ကျသည့် ကိုမြင်၍။ သေဘေးမှ မကြောက်သောသူ မည့် သည့်မရှိ။ သုတသောမ မင်းစင်လျက်လည်း သေရအံ့သော ဘေးမှကြောက်သောကြောင့်ငိုယောင်တကားဟုကြံ၍ထိုအ ကြောင်းကိုမေးလိုရကား၊

"နဝေရုဒန္တိမတိမန္တော့သပ္ပညာ"၊ အစရှိသောနှစ်ဂါထာ ကိုဆို၏။ထိုဂါထာတို့၏အဓိပ္ပါယ်ကား။ ။

မင်းမြတ်သုတသောမ။အကြင်ပညာရှိတို့သည်။ အကျိုးရှိ သည့်မရှိသည့်၊ အကြောင်းဟုတ်သည့်မဟုတ်သည့်ကိုသိနိုင် သောပညာနှင့် ပြည့်စုံကုန်၏။ ဆင်ခြင်တိုင်းထွာဘတ်သော ဉာဏ်ပညာရှိကုန်၏။ များသောအကြားအမြင်ကိုဆောင်ကုန် ၏။ များစွာသောအကြောင်း အရာအထူးကိုကြံစည့်နိုင်ကုန် ၏။ထိုပညာရှိတို့သည်။ စင်စစ်မငိုကုန်။ မင်းမြတ်သုတသော မ။အကြင်ပညာရှိတို့၌။ အကြင်မစိုးရိမ်ခြင်းသည့်ရှိ၏။ထိုမစိုး ရိမ်ခြင်းသည်။ လူတို့၏၊ မြတ်သော မှီခိုရာကြီးပင်လျှင် ဖြစ် ၏။ ထိုပညာရှိတို့သည်။ စိုးရိမ်ခြင်းကင်းသည်။ ဖြစ်ကုန်၏။ ကောရဗျအနွယ်ဖြစ်သော။ အထူးသဖြင့်မြတ်သော။မင်းမြတ် သုတသောမ။သင်သည့်။မိမိကိုယ်ကိုတည်း။စိုးရိမ်သလော၊ ထိုသို့မဟုတ်မူ။အဆွေအမျိုးကိုတည်း။ စိုးရိမ်းသလော။သား မယားကိုတည်း။ စိုးရိမ်သလော။ စပါးကိုတည်း။ စိုးရိမ်သ လော။ဥစ္စာကိုတည်း။စိုးရိမ်သလော။ငွေကိုတည်း။ စိုးရိမ်သ

သော။ရွှေကိုတည်း။စိုးရိမ်သလော။မင်းမြတ်သုတသောမ၊အာ ကာယ်ကဲ့လျှင်။စိုးရိမ်းသနည်း။ သင်၏စကားကို။ကြားနာလိုပါ၏။ဟုမေးလေ၏။

သုတသောမ မင်းသည့် ပေါရိသာဒအား ထိုအကြောင်းကိုကြားလိုရကား။ ။"နေဝါဟမတ္တာနမနုတ္တနာမိ"၊အစရှိသောနှစ်ဂါထာကိုဆို၏၊ ။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

အဆွေပေါရိသာဒ။ငါသည်။မိမိကိုယ်ကို။မစိုးရိမ်။သာမသားကိုသည်း။မစိုးရိမ်။ ဥစ္စာကိုလည်း။ မစိုးရိမ်။ တိုင်းပြည်ကိုလည်း။မစိုးရိမ်။ သူတော်ကောင်းတို့လေ့ကျက်အပ်သော။ ရှေး၌ဖြစ်သော။ အကြင်တရားသည့်ရှိ၏။ နန္ဒပုဏ္ဏားနှင့်။ အကြင်အချိန်းအချက်ကို၊ပြုမိ၏၊ ထိုအချိန်းအချက်ကိုလျှင်။ စိုးရိမ်၏အဆွေပေါရိသာဒ။ မိမိတိုင်းနိုင်ငံဖြစ်သော။ မင်းစည်းစိမ်၌တည်သော ငါသည်။ နန္ဒပုဏ္ဏားနှင့်။ အကြင်အချိန်း အချက်ကို၊ပြုအပ်၏။ ထိုအချိန်းအချက် အတိုင်း နန္ဒပုဏ္ဏားကို။ ပြည့်စုံစေဦး၍၊ စောင့်သောသစ္စာရှိသောငါသည်။ တဖန်သင့်ထံသို့ပြန်လာပါအံ့ဟုဆို၏။

ထိုအခါပေါရိသာဒသည် သုတသောမမင်းစကားကို မယုံကြည်သဖြင့်စကားတုံ့ပြန်လိုရကား။ ။"နေဝါဟမေတံအဘိသဒ္ဒဟာမိ"၊ အစရှိသောနှစ်ဂါထာကိုဆို၏။ ထိုဂါထာ၏အဓိပ္ပါယ်ကား။

ကောရဗျအနွယ်ဖြစ်သော။ အထူးသဖြင့်မြတ်သော။ မင်းမြတ်။သေမင်းခံတွင်းမှ။လွတ်ပြီးသောသူသည်။ချမ်းသာခြင်းရှိပြီးလျှင်။ရန်သူ့လက်သို့။အကြင်တဖန်လာပြန်ရာ၏။ဤသို့တဖန်သာပြန်ခြင်းကို။ ငါသည်။အလွန်မယုံဟွယ်ရာအချက်သာလျှင်တည်း။သင်သည်။ငါ့အထံသို့တဖန်မလာပေရာ။ ။ မင်းမြတ်။ ငါပေါရိသာဒ လူသားစား၏။ လက်မှ လွတ်ပြီးသော။ ထိုချင်တောင့်တသော ကာမဂုဏ်ရှိသောသင်သည်။ မိမိနန်းတော်သို့သွားဦး၍၊ ကောင်းမြတ်စွာ ချစ်အပ်သော။

အသက်ကိုချမ်းသာရပြီးလျှက်၊အတိမှာ။သင်သည်၊ ငါ၏အထံသို့။လာပေလတံ့နည်း။ဟုဆို၏။

ထိုစကားကိုကြား၍ဘုရားလောင်းသုတသောမမင်းသည် ခြင်္သေ့မင်းကဲ့သို့ မကြောက်မရွံ့သည်ဖြစ်၍ ထိုပေါရိသာဒအားအကြောင်းကိုပြောဆိုပြန်ထိုရကား။ ။"မတံဝရေယျပရိသုဒ္ဓသီလော"၊ အစရှိသောဂါထာကိုဆို၏။ ထိုဂါထာ၏အဓိပ္ပါယ်ကား။

အဆွေပေါရိသာဒသန့်ရှင်းစင်ကြယ်သော သီလရှိသော။ အကြင်သူသည်။အသက်ဟူသော အကြောင်းကြောင့်လည်း။ မဟုတ်မမှန်သောစကားကို။ ဆိုငြားအံ့။ထိုသူသေခြင်းသည် မြတ်ရာ၏၊ အသက်ရှည်ခြင်းသည်မမြတ်ရာ။ ကဲ့ရဲ့အပ်သော၊ ယုတ်မာသောသဘောရှိသောအကြင်သူသည်။ သူတပါး၏။ အကြောင်းကြောင့်။ မဟုတ်မမှန်သော စကားကိုပြောဆို၏။ ထိုသူကို။ တပါးသူတို့သည်။ ဒုဂ္ဂတိတို့မှ။ မကယ်နိုင်ပေရာ။ ဟုပြန်ပြော၏။ ။ဤသို့ပြောဆိုပြီးမှ ရသာဝါဒမှမိမိကြွင်ရောင်ကြောင်းကို၊ပေါရိသာဒအားကြားပြန်ထိုရကား။

သစေပိဝါတော ဂိရိမာဝဟေယျ၊ စန္ဒောစ သူရိယောစ ဆမာ ပတေယျုံ။ သဗ္ဗာစ နဒ္ဒါပတိ သောတံ ဝဇေယျုံ။ နတွေဝဟံရာဇမုသာဘဏေယျံ။ ။နဘံဖလေယျံ ဥဒဓိပိ သုသေ၊ သံဝတ္တယေဘူတဓရာဝသုန္ဓရာ။ သိလုစ္စယောမေရုသမူလမုဗ္ဗဟေယျ။နတွေဝဟံရာဇမုသာဘဏေယျံ။ ။ဟူသောနှစ်ဂါထာကိုဆို၏။

သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ ဝါတော၊အရပ်ရှစ်မျက်နှာမှလာသောလေသည်။ ဂိရိံ၊ကြီးစွာသောတောင်ကို။ သာစေပိအကယ်၍သည်း။အာဝဟေယျ၊လွှင့်နိုင်ရာ၏။စန္ဒောစ၊လသည်ငှင်း။ သူရိယောစ၊နေသည်ငှင်း။ ဆမာ၊မြေသို့သစေပိ၊အကယ်၍လည်း။ပတေယျုံ၊ ကျကုန်ရာ၏။သဗ္ဗာ။ အလုံးစုံကုန်သော။ နဒ္ဒါစ၊ မြစ်တို့သည်လည်း။ ပတိသောတံ၊

အညာသို့၊ သစေပိ၊ အကယ်၍လည်း။ ဝဓေယျုံ၊ စီးကုန်ရာ၏။ ရာဇ၊ မင်းမြတ်။ အဟံ၊ ငါသည်၊ ရသာ၊ မဟုတ်မမှန်သောစကားကို။ နတွေဝဘဏေယျံ၊ မပြောဆိုရာ။ ။သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ နဘိ၊ ကောင်းကင်သည်။ ဖလေယျံ၊ ကွဲရာ၏။ ဥဒဓိပိ၊ မဟာသမုဒ္ဒရာသည်လည်း။ သုဿေ၊ ခြောက်တပ်ရာ၏၊ ဘူတဓရာ၊ သတ္တဝါတို့၏။ တည်ရာဖြစ်သော။ ဝသုန္ဓရာ၊ မြေမျက်နှာသည်။ သံဝဋ္ဋယေ၊ အောက်အထက်ပြန်ရာ၏။ သိလုစ္စယော၊ ကျောက်အတိမြင့်သော။ မေရုမြင်းမိုရ်တောင်မင်းသည်။ သမူလံ၊ အမြစ်နှင့်တကွ။ ဥဗ္ဗဟေယျ၊ နှုတ်ရာ၏။ ရာဇ၊ မင်းမြတ်။ အဟံ ငါသည်။ ရသာ၊ မဟုတ်မမှန်သောစကားကို။ နတွေဝဘဏေယျံ၊ မဆိုရာ။ ။

၍သို့ မဟာသုတသောမမင်းမြတ် ပြောဆိုငြားသော်လည်း ပေါရိသာဒသည် မယုံကြည်သည် သာလျှင်တည်း။ ထိုအခါ ဘုရားလောင်းမဟာ သုတသောမမင်းလည်း၍ပေါရိသာဒသည်ငါ့ကိုမယုံ။ ကျိန်ဆိုခြင်းဖြင့်လည်းထိုပေါရိသာဒကိုယုံကြည်စေအံ့ဟုကြံ၍။ အဆွေပေါရိသာဒငါ့ကို ပခုံးမှချဦးလော့ ကျိန်ဆိုခြင်းကိုပြု၍ သင့်ကိုယုံစေအံ့ဟုဆိုသဖြင့်။ ပေါရိသာဒသည်။ သုတသောမမင်းကိုမြေ၌ ချသည်ရှိသော် ဘုရားလောင်းသည်ကျိန်ဆိုခြင်းကိုပြုလိုရကား။

အသိဥ္စသတ္တိဥ္စပရာမသာမိ၊ သပထံပိ တေသမ္မအဟံကရောမိ။ တယာပမုတ္တောအနဏောဘဝိတွာသစ္စာနုရက္ခီပုနရာဝဇိဿံဟူသောဂါထာကိုဆို၏။ ။အနက်ကား။ ။

သမ္မ၊ အဆွေပေါရိသာဒ။ ယောအဟံ၊ အကြင်ငါသည်။ အသိဥ္စ၊ သန်လျက်ကိုရင်း။ သတ္တိဥ္စ၊ လှံကိုရင်း။ ပရာမသာမိ သုံးသပ်ပါအံ့။ သပထံပိ၊ ကျိန်ခြင်းကိုလည်း။ တေ၊ သင်အား။ ကရောမိ၊ ပြုပါအံ့။ တယာ၊ သင်သည်။ ပမုတ္တော၊ လွှတ်အပ်သော။ သောအဟံ၊ ထိုငါသည်။ အဏဏော၊ မြီမရှိသည်။ ဘ

ဝိတ္ထာ၊ဖြစ်ဦး၍။ ( ၁ ) သစ္စာနှုရက္ခိ၊ သစ္စာစောင့်သည်ဖြစ်၍။ ပုနရာဝဇ္ဇိဿံ၊ တဘန်ပြန်လာပါအံ့၊ ။

ထိုနေ့ခင်းမှပေါရိသာဒသည်။ ဤသုတသောမမင်းကား။ မင်းမျိုးတကာတို့သည်မပြုအပ်သော ကျိန်ဆိုခြင်းကိုပြု၏။ဤ သုတသောမမင်းဖြင့်အဘယ်အကျိုးရှိအံ့နည်း။ဤသုတသော မမင်းသည် လာသည် မှုလည်းဖြစ်စေ၊ မလာသည်မှုလည်း ဖြစ်စေ၊ ငါသည်လည်းရေမြေကို အစိုးရသောမင်းတည်း၊ ငါ၏လက်ရုံးသွေးကိုလျှင်ယူ၍ နတ်အားပူဇော်သောအမှုကို ပြုအံ့။ဤသုတသောမမင်းသည် အလွန်လျှင်ပင်ပန်း၏ဟုကြံ၍ သုတသောမမင်းကိုလွှတ်ထိုရကား။ ။“ယောတေကဲတော သက်ရောပြဟ္မာတော”၊ အစရှိသောဂါထာကိုဆို၏။ ထိုဂါ ထာ၏အဓိပ္ပါယ်ကား။ ။

အသွေသုတသောမ။သင်သည်၊မိမိတိုင်းနိုင်ငံတွင်မင်းအ ဖြစ်၌၊တည်သဖြင့်၊ပုဏ္ဏားနှင့်။ အကြွင်းအချိန်းအချက်ကို။ ပြု အပ်၏၊ ထိုအချိန်းအချက်အတိုင်းနန္ဒပုဏ္ဏားကို။ ပြည့်စုံစေဦး ၍။သစ္စာစောင့်သည်ဖြစ်၍။တဘန်ပြန်ခဲ့လော့ဟုဆို၏။

ထိုအခါ ပေါရိသာဒကို ဘုရားလောင်းသုတသောမမင်း သည်အသွေပေါရိသာဒ။သင်မစိုးရိမ်လင့်၊ သတာရဟာလေ ဂါထာကိုနာ၍တရားဟောပေသော ပုဂ္ဂိုလ်အားပူဇော်ခြင်း ကိုပြုပြီးကာလ၊ နံနက်စောစောကလျှင် သင့်ထံသို့လာပါအံ့ ဟူသောအကြောင်းကိုကြားထိုရကား။ ။“ယောမေကတော သက်ရောပြဟ္မာတော”။ အစရှိသောဂါထာကိုဆို၏၊ ထိုဂါ ထာ၏အဓိပ္ပါယ်ကား။

အသွေပေါရိသာဒ။မိမိ၏ဥစ္စာဖြစ်သော။တိုင်းနိုင်ငံ၌။မင်း အဖြစ်၌တည်သော ငါသည်။နန္ဒပုဏ္ဏားနှင့်။အကြွင်းအချိန်းအ

---

(၁) ပြီးမရှိသည်ဖြစ်ဦး၍။ ဆိုရာ၌၊ ဥယာဉ်တော်သို့ ထွက်လာရာ နန္ဒ ပုဏ္ဏားနှင့်ထားခဲ့သော ဂါထာကို “ကြွေးမြီတင်သကဲ့သို့ပြု၍ ဆိုသောစကား တည်း၊”စကားကြွေးဟူလို။

ချက်အတိုင်းပြုအပ်၏။ ထိုအချိန်းအချက်အတိုင်း။ နန္ဒပုဏ္ဏားကို။ပြည့်စုံစေပြီး၍။ သစ္စာကိုစောင့်သောငါသည်။သင့်ထံသို့တဖန်ပြန်လာအံ့ဟုဆိုတော်မူ၏။

ထိုအခါသုတသောမမင်းကိုပေါရိသာဒသည်။မြတ်သောမင်းကြီး၊ သင်မင်းကြီးတို့သည် မင်းမျိုးတကာတို့သည်မပြုအပ်သော ကျိန်ဆိုခြင်းကို ပြုအပ်၏။ ထို ကျိန်ဆို ခြင်းကို အောက်မေ့တော်မူလော့ဟုဆို၍။ အဆွေပေါရိသာဒ၊ သင်သည် ငါ့ကိုငယ်သောအခါကစ၍ သိ၏။ ရယ်မြူးလိုသဖြင့်လည်း ရသာဝါဒကိုငါမဆိုစဖူး။ ငါသည် ယခုအခါမင်းအဖြစ်၌တည်လျက်၊ အကြောင်းဟုတ်သည် မဟုတ်သည်ကိုသိသောအရွယ်သို့လည်းရောက်ပြီးလျက်၊ အဘယ့်ကြောင့် မဟုတ်မမှန်သောစကားကိုဆိုအံ့နည်း။ ငါ့ကို ယုံကြည်လော့။ ငါသည် နက်ဖြန် သင်၏ နတ်ပူဇော်ခြင်းကိစ္စကို မှီအောင်ရောက်ပါစေအံ့ဟုဆိုရာ။ ယုံစေအပ်ကုန်သည် ဖြစ်၍၊ မြတ်သောမင်းကြီး ထိုသို့တပြီးကားသွားလေလော့။ သင်မင်းကြီးတို့သည်မရောက်ကုန်သည်ရှိသော်၊ နတ်အားပူဇော်သောအမှုသည်ပျက်လတ့်။ နတ်မင်းကသည်သည်းရှင်မင်းကြီးတို့နှင့်ကင်း၍ ပူဇော်မခံ၊ ငါနတ်ပူဇော်သောအမှု၏အတွဲရာယ်ကိုမပြုပါလင့်ဟုဆို၍၊ ဘုရားလောင်း သုတသောမမင်းကို လွှတ်လိုက်၏

ထိုသုတသောမမင်းသည်ရာဟုခံတွင်းမှလွှတ်သောလကဲ့သို့၊ဆင်ပြောင်အားနှင့်တူသောအားအစွမ်းနှင့်ပြည့်စုံသည်ဖြစ်၍လျှင်။မြို့နှစ္စာလျှင်မြို့သို့ရောက်၏။ ထိုသုတသောမမင်း၏စစ်သည်တို့သည်လည်း ငါတို့အရှင်သုတသောမမင်းမြတ်သည် ပညာရှိတော်မူ၏။ သာယာစွာ သောတရား စကားကိုပြောဟောတော်မူတတ်၏။တဂါထာနှစ်ဂါထာကိုဟောခြင်းငှါအခွင့်ရသည် ရှိသော်ပေါရိသာဒကိုဆုံးမ၍။ ခြသေ့် ခံတွင်းမှလွှတ်သောအရုန်ယစ်သောဆင်ပြောင်ကြီးကဲ့သို့လာတော်မူ

လတံ့။ဤစစ်သည်တို့သည်အရှင်မင်းမြတ်ကိုပေါရိသာဒအား
ပေး၍လာကုန်၏ဟု လူအပေါင်းတို့သည်ကဲ့ရဲ့ကုန်လတံ့ဟုကြံ
၍မြို့ပ၌သာလျှင် သစ်တပ်ကိုတည်၍နေလင့်၏။ ထိုစစ်သည်
တို့သည်ဘုရားလောင်း သုတသောမမင်းအဝေးမှ လာလတ်
သည်ကို မြင်ကုန်၍။ ခရီးဦးကြိုဆို၍၊ ရှိခိုးလျက်။ အရှင်မင်း
မြတ်၊အသို့နည်း၊ပေါရိသာဒသည် အရှင်မင်းမြတ်တို့ကို ပင်
ပန်းစေအပ်သလောဟု မေးမြန်းတင်လျှောက်ခြင်းကိုပြုသည်
ရှိသော်၊ပေါရိသာဒသည်ငါ့အား။ အမိအဘတို့သည်လည်း
ပြုနိုင်ခဲသော အမှုကိုပြုပေ၏။ ထိုသို့သဘောရှိသော ကြမ်း
ကြုတ်ရက်ရောစွာ နိုင်ထက်ကလူမှုတတ်သော။ ပေါရိသာဒ
စင်လျှက်လည်း။ ငါ၏တရားစကားကို ကြားရသဖြင့် ငါ့ကို
လွှတ်ပေ၏ဟုမိန့်ဆိုတော်မူလတ်သော်။ သုတသောမမင်းကို
တန်ဆာဆင်ယင်ပြီးလျှင်ဆင်ကျောက်ကုန်းထက်သို့တင်၍ခြံ
ရံကုန်လျက်မြို့တွင်းသို့ဝင်လေ၏။ ထိုသုတသောမမင်းကိုမြင်
ရကုန်၍အလုံးစုံသော ပြည်သူအပေါင်းတို့သည် အလွန်နှစ်
သက်ကြကုန်၏၊ သုတသောမမင်းသည်လည်း၊ တရားကိုအ
လေးအမြတ် ပြုတော်မူသဖြင့်။ တရားနှာ ကြူးတော်မူသော
ကြောင့်၊ မယ်တော် ခမည်းတော်တို့ကို မဖူးမြင်ဘဲလျှင်
နောက်မှလည်း ထိုမယ်တော်ခမည်းတော်တို့ကိုဖူးမြင်အံ့ဟု
နန်းတော်သို့ဝင်ပြီး၍။ မင်း၏နေရာ၌နေလျက်။ နန္ဒပုဏ္ဏားကို
ခေါ်စေ၍၊ထိုနန္ဒပုဏ္ဏားအား ဆံရုတ်ဆိတ်ပြုပြင်ခြင်းစသည်
တို့ကိုပြုပြင်စေ၍၊ ဆံရုတ်ဆိတ်ပြုပြင်ခြင်း၏ ကိစ္စသည် ပြီး
လတ်သော်ရေချိုး၍နံ့သာလိမ်းသဖြင့် အဝတ်တန်ဆာဆင်
ပြီးလျှင်ဆောင်ယူခဲ့၍ ပြသောအခါ၌။ မိမိသည်နောက်မှရေ
ချိုး၍နံ့သာလိမ်ပြီးသော်။ ထိုနန္ဒပုဏ္ဏားအားမိမိစားတော်ထ
မင်းကိုပေးစေ၍၊ ထိုပုဏ္ဏားစားပြီးသော်မိမိစား၍၊ ပုဏ္ဏား
ကိုမြတ်သောသူတို့အားသာလျှင် ထိုက်သောပလ္လင်၌နေစေ၍
တရားကို အလေးအမြတ်ပြုတော်မူသောကြောင့် ပန်းနံ့သာ

အစရှိသည့်ဖြင့် ပူဇော်ခြင်းကိုပြု၍။ မိမိသည့် နိမ့်သောနေ ရာ၌နေလျက်၊ ဆရာ၊ဆရာတို့သည့် အကျွန်ုပ်အလိုငှါ။ဆောင် အပ်ကုန်သော "သတာရဟ" ဂါထာတို့ကို နာပါအံ့ဟု တောင်းပန်၏။

ထိုအခါနန္ဒပုဏ္ဏားသည်ဘုရားလောင်း သုတသောမမင်း သည်တောင်းပန်သော အခါ၌။နံ့သာတို့ဖြင့်လက်တို့ကိုပွတ် သပ်ပြီးလျှင်။ လွယ်အိတ်မှနှုတ်လုံးမွှေလျော်ဘွယ်ရှိသောရွှေပေ ကိုထုတ်၍ လက်နှစ်ဘက်တို့ဖြင့် ကိုင်လျက်၊ မြတ်သောမင်း ကြီး၊အကျွန်ုပ်သည့်တိုက်တွန်းပါ၏၊ ကဿပမြတ်စွာဘုရား သည်ဟောတော်မူအပ်ကုန်သော၊ ရာဂဖြင့်ယစ်ခြင်း အစရှိ သည့်တို့ကို နှိပ်စက်တတ်ကုန်သော၊ သေခြင်းကင်းရာ ဖြစ် သောအမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်သော၊ လေးပါး ကုန်သော"သတာရဟ"ဂါထာတို့ကိုနာတော်မူလော့ဟုဆို ၍ရွှေပေကိုကြည့်လျက်ဟောလိုရကား။

သတာရဟလေးဂါထာ။

(၁)။ သကိံဒေဝ သုတသောမ၊ သဗ္ဘိဟောတိ သ မာဂမော။ သာနံသင်္ဂတိပါလေတိ၊ နာသဗ္ဘိ ဗဟုသင်္ဂမော။ (၂)။ သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိကုဗ္ဗေထ သန္ထဝံ။ သတံသဒ္ဓမ္မ မညာယ၊ သေယျော ဟောတိ နပါပိယော။ (၃)။ ဇိရန္တိဝေရာဇရထာသုစိတ္တာ၊ အထောသရီယံပိ ဇရံဥ ပေတိ။သတဉ္စဓမ္မောနဇရံဥပေတိ၊ သန္တောဟဝေသဗ္ဘိပဝေ ဒယန္တိ။ (၄)။ နဘဉ္စဒူရေပထဝိစဒူရေ၊ ပါရံသမုဒ္ဒဿတ ဒါဟုဒူရေ။တတောဟဝေဒူရတရံဝဒန္တိ၊သတဉ္စဓမ္မောအသ တဉ္စရာဇ။ ။ဟူသော ဤလေးဂါထာတို့ကိုဆို၏။ ။အ နက်ကား။ ။

(၁)။ သုတသောမ၊ သုတသောမအမည်တော်ရှိသော။ ရာဇ၊မင်းမြတ်။ သဗ္ဘိ၊သူတော်ကောင်းတို့နှင့်။ သကိံဒေဝ၊

တကြိမ်သာလျှင်။ ယောသမာဂမော၊ အကြွင်ပေါင်းဘက်ခြင်းသည်။ဟောတိ၊ဖြစ်၏။သာသင်္ကတိ၊ ထိုပေါင်းဘက်ခြင်းသည်။ နံ၊ထိုသူကို။ ပါလေတိ၊ စောင့်ရှောက်ပေတတ်၏၊အသန္တိ၊သူတော်မဟုတ်သူယုတ်တို့နှင့်။ ဗဟု၊အကြိမ်များစွာ။ ယောသင်္ကမော၊အကြွင်ပေါင်းဘက်ခြင်းသည်။ဟောတိ၊ ဖြစ်၏။ သာသင်္ကတိ၊ ထိုပေါင်းဘက်ခြင်းသည်။ နံ၊ ထိုသူ့ကို။ နပါလေတိ၊ မစောင့်ရှောက်တတ်။ (၂)။ သန္တိရေဝ၊ သူတော်ကောင်းတို့နှင့် သာလျှင်။ သမာသေထ၊ ပေါင်းဘက်ကုန်ရာ၏။သန္တိ၊သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ ပေါင်းဘက်ခြင်းကို။ ကုဗ္ဗေထ၊ ပြုကုန်ရာ၏။ သတံ၊ ဘုရားအစရှိသောပညာရှိတို့၏။ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့တရားကို။ အညာယ၊သိ၍။ သေယျော၊အထူးသဖြင့်မြတ်သည်။ ဟောတိ၊ဖြစ်၏။ပါပိယော၊ယုတ်မာသည်။နဟောတိ၊မဖြစ်။ (၃)။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သုစိတ္တာ၊ ဆန်းကြယ်ကုန်သော။ ရာဇရထာ၊မင်းစီးရထားတို့သည်။ ဝေ၊ စင်စစ်။ ဇီရန္တိ၊ဆွေးမြည့်ပျက်စီးတတ်ကုန်၏။ အထော၊ ထို့မြို့။ သရီရံပိ၊ ခန္ဓာကိုယ်သည်လည်း။ ဇရံ၊အိုခြင်းသို့။ ဥပေတိ၊ရောက်တတ်၏။ သတဉ္စ၊ဘုရားအစရှိသောသူတော်ကောင်းတို့သည်၊သန္တိ၊ နိဗ္ဗာန်တရားကို။ ဟဝေ၊စင်စစ်။ပဝေဒယန္တိ၊ ချီးမွမ်းကုန်၏။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မော၊ နိဗ္ဗာန်တရားသည်ကား။ ဇရံ၊အိုခြင်းသို့။နဥပေတိ၊မရောက်။ (၄)။ ရာဇ၊မင်းမြတ်။ နဘဉ္စ၊ ကောင်းကင်သည်လည်း။ ဒူရေ၊မြေနှင့်ဝေး၏။ ပထဝီစ၊ မြေသည်လည်း။ ဒူရေ၊ ကောင်းကင်နှင့်ဝေး၏။ သမုဒ္ဒသာ၊ သမုဒ္ဒရာ၏။ ယံပါရံ၊အကြွင်ထိုမှာဘက်ကမ်းသည်။ အတ္ထိ၊ရှိ၏။ တံပါရံ၊ထိုထိုမှာဘက်ကမ်းသည်။ ဒူရေ၊ဤမှာဘက်ကမ်းနှင့်ဝေး၏ဟူ၍။ အာဟု၊ဆိုကုန်၏။ တတော၊ ထိုကောင်းကင်နှင့်မြေ၊ သမုဒ္ဒရာဘက်ကမ်းဝေးသောထက်။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မော၊ တရားသည်ဝေး၏။

အသတံ၊ သူတောင်မဟုတ်သူယုတ်မာတို့၏။ ဝေဿာစ၊ ထရား သည့်ဂုဏ်း။ဟာဝေ၊စင်စစ်။ နူရတရံ၊ အလွန်ဝေး၏။ ဣတိ၊ဤ သို့။ ပဏ္ဍိတာ၊ ဘုရားအစရှိသော ပညာရှိတို့သည်။ ဝဒန္တိ၊ ဆို ကုန်၏။ ။

နန္ဒပုဏ္ဏားသည်ဤသတာရဟာလေးဂါထာတို့ကိုကဿပ မြတ်စွာဘုရားဟောတော်မူသောနည်းဖြင့်လျှင်ဟော၍ဆိတ် ဆိတ်နေ၏။ ထိုသတာရဟာလေးဂါထာတို့ကိုနာပြီး၍။ဘုရား လောင်းသုတသောမမင်းသည်၊ ဂါ၏သာခြင်းသည် အကျိုးရှိ ၏ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။ ဤဂါထာတို့ကိုသာ ဝကတို့သည်မဟောအပ်ကုန်။ ရသေ့တို့သည်လည်းမဟော အပ်ကုန်။ တစုံတယောက်သော သူသည် မဟောအပ်ကုန်။ သဗ္ဗညုမြတ်စွာဘုရားသည် သာလျှင် ဟောတော်မူအပ်၏။ အဘာယ်မျှ အဘိုးထိုက်သနည်းဟုကြံသည်ရှိသော်။ဤဂါထာ တို့အား အလုံးစုံသော စကြာဝဠာတိုက်ကို။ပြဟ္မာ့ပြည်တိုင် အောင်ရတနာ ခုနစ်ပါးဖြင့်ပြည့်စေ၍။ ပေးငြားသော်လည်း လျောက်ပတ်သည်ဟု ဆိုခြင်းငှါ မတတ်ကောင်း။ စင်စစ် သော်ကားထိုပုဏ္ဏားအားငါသည် ယူဇနာသုံးရာရှိသောရာဇ တိုင်းနှင့်ခုနစ်ယူဇနာရှိသော ဒန္တပုရနဂိုရ်ပြည်၌ မင်းအဖြစ်ကို ပေးခြင်းငှါစွမ်းနိုင်၏။

ထိုပုဏ္ဏားအား မင်းပြုထိုက်သော ဘုန်းကံသည် ရှိပါ၏ လောဟု။အင်္ဂဝိဇ္ဇာ အာနုဘော်အစွမ်းဖြင့် ကြည့်လတ်သော် မင်းဖြစ်ထိုက်သော ဘုန်းကံကိုမမြင်။ ထိုနောင်မှ စစ်သူကြီး အရာအစရှိသည်တို့ကိုကြည့်၍။ တရွာစားထိုက်သော ဘုန်း ကံကိုမျှလည်းမမြင်၍၊ ထိုနန္ဒပုဏ္ဏားအား ဥစ္စာရခြင်းကိုကြည့် ပြန်သည်ရှိသော်။ ဥစ္စာတကုဋေမှစ၍ကြည့်လျှင်၊ အသပြာ လေးထောင် ထိုက်သော ဘုန်းကံကိုမြင်၍။ ဤအသပြာလေး ထောင်ဖြင့် ပုဏ္ဏားကို ပူဇော်အံ့ဟု အသပြာ လေးထောင် ထုပ်ကိုပေးစေ၍။ဆရာ၊ဆရာတို့သည်တပါးကုန်သော မင်း

တို့အား ဤဂါထာကို ဟောကုန်သည် ရှိသော် အဘယ်မျှ သော ဥစ္စာကိုရပါကုန်သနည်းဟုမေး၏။ မြတ်သောမင်းကြီး၊ တဂါထာ တဂါထာသည် ဥစ္စာတရာ တရာစီရပါ၏။ ထို ကြောင့်လျှင်“သတာရဟာ”ဂါထာမည်ပါ၏ဟု တင်လျှောက် ၏။ ထိုအခါနန္ဒပုဏ္ဏားကို သုတသောမမင်းသည်။ ဆရာ၊ ဆရာ သည်။ မိမိဥစ္စာကိုယူ၍ရောင်းကားရောင်း၏။ ရောင်းအပ်သော ဘဏ္ဍာ၏အတိုးကိုလည်းမသိ။ ဤနေ့မှစ၍တဂါထာတဂါထာ လျှင်။ တထောင်စီထိုက်စေသတည်းဟုဆို၍ ထိုအကြောင်း ကိုနန္ဒပုဏ္ဏားအားကြားလိုရကား။

သာဟဿိယော ဓမ္မာဂါထာ၊ နယိမာ ဂါထာသတာ ရဟာ။ စတ္တာရိတွံသဟဿာနိ၊ ခိပ္ပံဂဏှာဟိဗြဟ္မဏ။ ။ဟူ သောဤဂါထာကိုဆို၏။ ။အနက်ကား။ ။

ဗြဟ္မဏ၊ ဆရာပုဏ္ဏား။ ဓမ္မာဂါထာ၊ ဤဂါထာတို့သည်။ သာဟဿိယော၊ အသပြာ တထောင်စီထိုက်ကုန်၏။ ဓမ္မာ ဂါထာ၊ ဤဂါထာတို့သည်။ နသတာရဟာ၊ အသပြာတရာစီမ ထိုက်ကုန်။ တွံ၊ သင်သည်။ စတ္တာရိ သဟဿာနိ၊ အသပြာ လေးထောင်တို့ကို။ ခိပ္ပံ၊ လျင်စွာ။ ဂဏှာဟိ၊ ယူလေလော့ဟုဆို ၍အသပြာလေးထောင်ပူဇော်၏။ ။

ထိုအခါ၊ ပုဏ္ဏားအားတခုသော ညဉ်သာသောယာဉ်ကို ပေး၍။ ဆရာပုဏ္ဏားကိုချမ်းသာစွာအိမ်သို့ ပို့ကြလေကုန်ဟု မင်းချင်းတို့ကို စေ၍။ နန္ဒပုဏ္ဏားကိုလွှတ်လိုက်၏။ ထိုခဏ၌၊ သုတသောမမင်းသည် သတာရဟာဂါထာတို့ကို“သဟဿာ ရဟာ”ဂါထာပြု၍ ပူဇော်ပေ၏။ ကောင်းစွကောင်းစွဟု များ စွာကောင်းချီးပေးသောအသံသည်ဖြစ်၏။

သုတသောမမင်း၏ မယ်တော် ခမည်းတော် တို့သည် ထိုကောင်းချီးပေးသံကိုကြားလျှင်။ ဤအသံသည် အဘယ်အ သံနည်းဟုမေး၍။ ဟုတ်မှန်သောအတိုင်းကြားရလျှင်။ မိမိတို့ ၏ဥစ္စာ၌ တပ်မက်မောသောကြောင့်။ သားတော်မဟာသုတ

သောမမင်းအားအမျက်ထွက်ကုန်၏။ သားတော်မဟာသုတသောမမင်းသည်လည်း ပုဏ္ဏားကို လွှတ်လိုက်ပြီးလျှင်။ မယ်တော်ခမည်းတော်တို့အထံသို့သွား၍ ရှိခိုးလျက်တည်၏၊ ထိုသို့တည်သောအခါ ခမည်းတော်သည်။ ချစ်သား၊ အသို့မှု၍ ဤသို့သဘောရှိသော နိုင်ထက်ကလူမှုတတ်သောခိုးသူလက်မှလွတ်သနည်းဟု မေးမြန်း ပြောဆိုခြင်း ပဋိသန္ထာရမျှကိုလည်း မပြုမူ၍၊ မိမိ ဥစ္စာ၌ တပ်မက် မောသည်၏ အဖြစ်ကြောင့်။ ချစ်သား၊ သင်သည်လေးဂါထာတို့ကိုကြားနာရ၍အသပြာလေးထောင်တို့ကို ပေးသတတ်ဟုငါကြားရသည် မှန်သလောဟုမေး၍။ မှန်၏ဟု ပြောဆိုလတ်သော်။ သားတော်မဟာသုတသောမမင်းကို ကဲ့ရဲ့လိုရကား။ ။"အာသီတိယာနာဝုတိယာစဂါထာ"၊ အစရှိသော ဂါထာကိုဆို၏။ ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

ချစ်သားသုတသောမ။ ရှစ်ဆယ် ထိုက်သော။ ဂါထာရှိသည့်ဖြစ်ရာ၏၊ ကိုးဆယ် ထိုက်သော ဂါထာသည်လည်းရှိသည်ဖြစ်ရာ၏။တရာထိုက်သောဂါထာသည်လည်း ရှိသည်ဖြစ်ရာ၏။ချစ်သားသုတသောမ။ထိုက်သောဥစ္စာကိုသာလျှင်။ပေးဘိသော်။ တထောင်ထိုက်သော ဂါထာမည်သည်။အတိမှာရှိဘူးသနည်းဟုဆို၏။ ။

ထိုအခါ၊ ခမည်းတော်ကို။ဘုရားလောင်းမဟာသုတသောမမင်းသည်။ဘခင်၊ အကျွန်ုပ်သည်ဥစ္စာဖြင့်စီးပွါးခြင်းကို အလိုမရှိ။အကြားအမြင်ပညာဖြင့်စီးပွါးခြင်းကိုသာလျှင် အလိုရှိ၏ဟုဆို၍ထိုခမည်းတော်ကိုသိစေလိုရကား၊ ဣစ္ဆာမိဝေါဟံသုတဝုဒ္ဓိမတ္တနော၊ အစရှိသောသုံးဂါထာကိုဆို၏။ ထိုသုံးဂါထာတို့၏အဓိပ္ပါယ်ကား၊ ။

မင်းတကာတို့ထက်မြတ်တော်မူသော။ ခမည်းတော်မင်းမြတ်။အကျွန်ုပ်သည်၊ မိမိ၏အကြားအမြင် ပညာဖြင့်စီးပွါးခြင်းကိုအလိုရှိ၏။ ငြိမ်သက်တည်ကြည်ကုန်သော။ သူတော်

ကောင်းတို့သည်လည်း။ အကြင်အကျွန်ုပ်ထံသို့ ဆည်းကပ်ကုန်ရာ၏၊ ထိုအကျွန်ုပ်ကား။မဟာသမုဒြာသည်။ စီးဝင်လာကုန်သောမြစ်ငယ်တို့ဖြင့်။မရောင့်ရဲသကဲ့သို့။ ကောင်းစွာဆိုအပ်သောစကားဖြင့်။မရောင့်ရဲပါ။မင်းတကာတို့ထက်မြတ်တော်မူသောခမည်းတော်မင်းမြတ်။ မီးသည်။ မြက်ထင်းကိုလောင်သည်ရှိသော်၊ မရောင့်ရဲသကဲ့သို့ရင်း၊ မဟာသမုဒြာသည်။ မြစ်ငယ်တို့ဖြင့်မရောင့်ရဲသကဲ့သို့ရင်း။ ဤအတူလျှင်။ ပင်စစ်ပညာရှိတို့သည်ကြားနာရ၍။ကောင်းစွာဆိုအပ်သောစကားဖြင့် မရောင့်ရဲကုန်။ လူတို့ကို အစိုးရတော်မူသော၊ ခမည်းတော်မင်းမြတ်။ မိမိကျွန်၏အထံ၌အစီးအပွါးရှိသော။ စကားကို။ အကြင်အခါကြားနာရအံ့။ ထိုဂါထာကိုသာလျှင် အကျွန်ုပ်သည် ရိုသေစွာနာလျက်နေပါအံ့။ ကုသိုလ်တရားတို့၌။အကျွန်ုပ်၏ ရောင့်ရဲခြင်းသည် မရှိသလျှင် ကတည်းဟု လျှောက်၏။ ။

ဤသို့သောစကားကိုဆိုပြီး၍။ ဘခင်၊ အကျွန်ုပ်ကိုဥစ္စာဟူသောအကြောင်းကြောင့် မရေးရွတ်ပါလင့်။ အကျွန်ုပ်သည် တရားနာပြီးလျှင် လာပါအံ့ဟု ပေါရိသာဒထံ၌ ကျိန်စာရွက်၍လာခဲ့ရ၏။ ယခုအခါအကျွန်ုပ်သည် ပေါရိသာဒ အထံသို့ သွားရပါအံ့ဘခင်မင်းမြတ်သည်။ ဤတိုင်းပြည်ကိုယူတော်မူရစ်ကုန်လော့ဟုဆို၍တိုင်းပြည်ကိုခမည်းတော်အားအပ်နှင်းလိုရကား။ ။ဣဒံတေရဇ္ဇံသဇနံသယောဂ္ဂံ၊ သကာယုရံသဗ္ဗကာမူပပန္နံ။ကိံကာမဟေတုပရိဘာသသိမံ၊ ဂစ္ဆာမဟံပေါရိသာဒဿန္တေ။ ။ဟူသောဤဂါထာကိုဆို၏။ ။

တာတ၊ခမည်းတော်မင်းမြတ်၊ သဇနံ၊ရတနာဥစ္စာနှင့်တကွသော။သယောဂ္ဂံ၊ဆင်ယာဉ်မြင်းယာဉ်နှင့်တကွသော။ သကာယုရံ၊ မင်းမြောက်တန်းဆာနှင့်တကွသော။ သဗ္ဗကာမူပပန္နံ၊ အလုံးစုံသော ကာမဂုဏ်နှင့်ပြည့်စုံသော။ တေ၊ သင်ခမည်းတော်မင်းမြတ်၏။ ဣဒံရဇ္ဇံ၊ဤတိုင်းပြည်ကို။ အနုသာ

သ၊ဆုံးမတော်မူရစ်လော့။ တာတ၊ခမည်းတော် မင်းမြတ်။ ကာမဟေတု၊ဝတ္ထုကာမဟူသောအကြောင်းကြောင့်။ မံ၊အကျွန်ုပ်ကို။ကိံ၊အဘယ်ကြောင့်။ပရိဘာသသိ၊ရေးရွတ်တော်မူဘိသနည်း။ အဟံ၊အကျွန်ုပ်သည်။ ပေါရိသာဒဿ၊လူသားစား၏။ဥပန္တံ၊အထံသို့။ဂန္တာမိ၊သွားရပါအံ့။ ။

ထိုသို့သားတော်သုတသောမမင်းတိုင်းပြည်ကို အပ်နှင်းသောအခါ၌၊ခမည်းတော်မင်းကြီး၏နှလုံးသည် အလွန်ပူပြင်း၏။ထိုခမည်းတော်မင်းကြီးသည်။ချစ်သားသုတသောမ၊ အဘယ်ကြောင့် ဤစကားကိုပြောဆိုဘိသနည်း။ ငါတို့သည် အင်္ဂါလေးပါးရှိသောစစ်သည်ဖြင့်လူသားစားခိုးသူကို ဘမ်းယူကုန်အံ့ဟုဆို၍၊ ထိုအကြောင်းကို သားတော်အားကြားလိုရကား။ ။"အတ္တာနုရက္ခဿယ ဘဝန္တံဟေကေ"၊ အစရှိသောဂါထာကိုဆို၏၊ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

ချစ်သားသုတသောမ။ အချို့ကုန်သောပညာရှိတို့သည်။ မိမိကိုယ်ကိုစောင့်ရှောက်ခြင်း၌ ဖြစ်ကုန်သလျှင်ကတည်း။ အကြွင် ဆင်စီးသူရဲတို့သည်၎င်း။ အကြွင်ရထားစီးသူရဲတို့သည်၎င်း။အကြွင်ခြေသည်သူရဲတို့သည်၎င်း၊အကြွင်မြင်းစီးသူရဲတို့သည်၎င်း။ အကြွင်လေးစွဲသူရဲတို့သည်၎င်း။ ရှိကုန်၏။ဤစစ်သည်အပေါင်းကိုတိုက်စေကုန်အံ့၊ရန်သူပေါရိသာဒကိုသတ်ကုန်အံ့ဟုဆို၏။ ။

ထိုအခါသားတော်မဟာသုတသောမမင်းကို မယ်တော်ခမည်းတော်တို့သည်။ မျက်ရည်ဖြင့် ပြည့်သောမျက်နှာရှိကုန်သည်ဖြစ်၍ငိုမြည်တမ်းကုန်လျက်။ချစ်သားသုတသောမ၊ မသွားပါလင့်၊သွားခြင်း၌ခွင့်မရလတ္တံ့ဟုတောင်းပန်ကုန်၏။ တသောင်းခြောက်ထောင်ကုန်သော မောင်းမတို့သည်၎င်း။ ကြွင်းသောအလုပ်အကျွေးတို့သည်၎င်း။ အရှင်မင်းကြီး၊ အကျွန်ုပ်တို့ကိုကိုးကွယ်ရာမရှိသည်တို့ကိုပြု၍။ အဘယ်အရပ်

သို့ကြွတော်မူမည်နည်းဟုငိုကြွေးကုန်၏။ အလုံးစုံသောမြို့၌ တစုံတယောက်သောသူသည်မျှ မိမိကိုယ်အဖြစ်ဖြင့် တည်ခြင်းငှါမတတ်နိုင်သည်ဖြစ်၍၊ အချင်းတို့၊ သုတသောမမင်းမြတ်သည်။ ပေါရိသာဒအား ဝန်ခံခြင်းကို ပေး၍ လာရသတတ်၊ယခုအခါလေးပါးကုန်သော''သတာရဟ'' ဂါထာတို့ကိုနာပြီး၍၊ တရားဟောပုဂ္ဂိုလ်အားပူဇော်သဏ္ဍာရကိုပြု၍၊ မယ်တော်ခမည်းတော်တို့ကို ရှိခိုး၍။ တဘန်လည်း လူသားစားခိုးသူ၏အထံသို့ သွားလိမ့်သတတ်ဟု။ မြို့အလုံးသည်တပြိုင်နက်အုတ်အုတ်ကျက်ကျက်ဖြစ်၏။

မဟာ သုတသောမမင်းသည်လည်း မယ်တော် ခမည်းတော်တို့စကားကိုကြား၍။ ထိုမယ်တော် ခမည်းတော်တို့အားအကြောင်းကိုကြားလိုရကား။ ။သုဒ္ဒက္ကရံ ပေါရိသာဒေါအကာသိ၊ ဇိဝံဂဟေတွာနအဝဿဇိမံ၊တံတာဒိသံ ပုဗ္ဗကိစ္စံသရန္တော၊ ဒုဗ္ဘေအဟံ တဿကထံဇနိန္ဒ။ ။ဟူသောဤဂါထာကိုဆို၏။ ။အနက်ကား။ ။

ဇနိန္ဒ၊ လူတို့ကိုအစိုးရတော်မူသော။တာတ၊ခမည်းတော်မင်းမြတ်။ပေါရိသာဒေါ၊ပေါရိသာဒသည်။သုဒ္ဒက္ကရံ၊ အလွန်ပြုနိုင်ခဲစွာသောအမှုကို။ အကာသိ၊ ပြုပေ၏။ မံ၊အကျွန်ုပ်ကို။ ဇိဝံဂဟေတွာန၊အရှင်ဘမ်းဦး၍။အဝဿဇိ၊လွှတ်ပေ၏။ တာဒိသံ၊ထိုသို့သဘောရှိသော။ တံပုဗ္ဗကိစ္စံ၊ ထိုရှေးကျေးဇူးကို။ သရန္တော၊အောက်မေ့သော။အဟံ၊အကျွန်ုပ်သည်။ တဿ၊ ထိုပေါရိသာဒအား။ကထံဒုဗ္ဘေ၊အသို့ပြစ်မှားရအံ့နည်း။ ။
ထိုသုတသောမမင်းသည် မယ်တော် ခမည်းတော်တို့ကိုနှစ်သိမ့်စေ၍။ အိုမိခင်ဘခင်တို့၊သင်မိခင်ဘခင်တို့သည် အကျွန်ုပ်ကို စိုးရိမ်တော်မမူကြပါကုန်လင့်။ အကျွန်ုပ်သည် ပြုအပ်ပြီးသောကောင်းမှုရှိ၏။ အကျွန်ုပ်အား ကာမာဝစရနတ်ပြည်ခြောက်ထပ်နတ်တို့၌ဖြစ်သော စည်းစိမ်ချမ်းသာကိုရခဲ

သည့်မဟုတ်ဟုဆို၍။ (၁) မယ်တော် ခမည်းတော်တို့ကိုရှိ ခိုး၍။ ကြွင်းသော ပရိသတ်ကိုလည်းနှုတ်ဆိပ်စေပြီး၍ ပေါရိ သာဒအထံသို့သွားမည်ဟုပြောလေ၏။ ။

မဟာသုတသောမမင်းသည်ထိုညဉ့်ပတ်လုံး နန်းတော်၌ သာလျှင်နေပြီး၍။မိုးသောက်သောနေ့၌ အာရုဏ်တက်သော အခါ။မယ်တော်ခမည်းတော်တို့ကိုရှိခိုး၍။ မယ်တော် ခမည်း တော်တို့မှ ကြွင်းသောလူအပေါင်းတို့ကို သက်သာရာရစေ ၍။မျက်ရည်စွတ်စိုငိုသော မျက်နှာရှိသောအထူးထူးအပြား ပြားဖြင့် ငိုကြွေးသော မင်းမောင်းမ အစရှိသော လူများအ ပေါင်းသည် ပို့လိုက်အပ်သည်ဖြစ်၍ မြို့နန်းမှထွက်၏။ ထိုလူ အပေါင်းကိုပြန်စိမ့်သောငှါမတတ်နိုင်သည်ဖြစ်၍။ခရီးမဲ၌လှံ တံဖြင့်ဘိလာအရေးကိုင်၍၊ငါ၌ချစ်ခြင်းသည် အကယ်၍ရှိ ငြားအံ့၊ ဤအရေးကိုမလွန်စေကုန်သတည်းဟုဆို၏။ လူများ သည်သီလရှိသော၊ ဘုန်းတန်းခိုးနှင့်ပြည့်စုံသောမင်း၏ အာ ဏာကိုလွန်ခြင်းငှါမဝံ့ကုန်သည်ဖြစ်၍။သည်းစွာသော အသံ ဖြင့်ငိုကြွေးလျက်။ခြသေ့်မင်းကဲ့သို့တင့်တယ်စံပယ်လျက်ကြွ သွားတော်မူသော ထိုမဟာသုတ သောမမင်းမြတ်ကိုကြည့် ၍။ မဟာသုတသောမမင်းသည်မြင်ကောင်းရာအရပ်ကိုလွန် သည့်ရှိသော်။ တပြိုင်နက်ငိုကြွေးခြင်းကို ငိုကြွေးလျက် မြို့ တွင်းသို့ဝင်ကြလေ၏။

မဟာသုတသောမမင်းသည်လည်း။ လာခဲ့သော ခရီးဖြင့် သျှင်ပေါရိသာဒအထံသို့သွားလေ၏၊ ။ထိုအခါပေါရိသာဒ သည်ဤသို့ကြံလင့်၏။အကယ်၍သျှင် ငါ၏အဆွေခင်ပွန်းဖြစ် သော၊ မဟာသုတသောမမင်းမြတ်သည်လာလိုသည်ဖြစ်အံ့။ လာပစေ၊ မလာလိုသည်ဖြစ်အံ့၊နေပစေ။ပညောင်ပင်စောင့် နတ်မင်းသည် ငါ့အားအကြင်အမှုကိုပြုလို၏။ ထိုအမှုကိုပြု

---

(၁) ရခဲသည့်မဟုတ်။ဟူရာ၌-နတ်ပြည်ခြောက်ထပ်နတ်တို့စည်းစိမ် ကိုရလွယ်ပါ၏။ဟုဆိုလို၏။ (သေမည်ကိုစိုးရိမ်ပါဘူလို)။

ပစေ။ ဤမင်းတို့ကိုသတ်၍ငါးပါးသောမွန်မြတ်သောအသား ဖြင့်နတ်အားပူဇော်သောအမှုကိုပြုအံ့ဟု၊ ထင်းတို့ကို ရပုံပြီး လျှင်မီးညှိ၍။ မီးကျီးရသည်ဖြစ်စေဦးဟု။ ထိုပေါရိသာဒသည် တံပိုးတို့ကိုချွန်၍ နေသောအခါ၌။ သုတသောမ မင်းသည် ရောက်လာ၏။ ထိုအခါပေါရိသာဒသည် သုတသောမမင်းကို မြင်လျှင် နှစ်သက်သောစိတ်ရှိသည်ဖြစ်၍၊ အဆွေသုတသော မ၊ မြို့နန်းသို့သွား၍သင်သည် ပြုအပ်သောကိစ္စကိုပြုခဲ့ပြီလော ဟုမေး၏၊ မဟာသုတသောမမင်းသည်၊ မင်းကြီး၊ ပြုခဲ့ပြီ၊ ငါ သည်။ ကဿပအမည် တော်ရှိသော သဗ္ဗညုမြတ်စွာ ဘုရား သည်ဟောတော်မူအပ်ကုန်သော ဂါထာတို့ကိုနာ၍ တရား ဟော ပုဏ္ဏားလည်း ပူဇော်သက္ကာရကို ပြုအပ်ပြီ။ ထို့ ကြောင့်မြို့နန်းသို့သွား၍ ပြုအပ်သောကိစ္စကို ပြုအပ်ပြီးသည် မည်၏ဟုပြောဆို၍ထိုအကြောင်းကိုပေါရိသာဒအားပြလိုရ ကား။ ။

ကတောမယာသက်ရောဗြဟ္မဏေန။ ရမ္မေသကေဇ္ဇာသရိ ယေဌိတော။ တံသက်ရံဗြဟ္မဏာသမ္ဗဒါယ၊ သစ္စာနုရက္ခီပုန ရာဂတောသ္မိ။ ယဇဿုယည်ံအဒမံပေါရိသာဒ။ ။ဟူသော ဤဂါထာကိုဆို၏။ ။အနက်ကား။ ။

သမ္ဘပေါရိသာဒ၊ အဆွေပေါရိသာဒ။ သကေ၊ ငါ၏ဥစ္စာ ဖြစ်သော။ ရမ္မေ၊ တိုင်းနိုင်ငံ၌။ ဇ္ဇာသရိယေ၊ မင်းအဖြစ်၌။ ဌိတော နာ၊ တည်သော၊ မယာ၊ ငါသည်။ ဗြဟ္မဏော၊ နန္ဒပုဏ္ဏားနှင့်။ သဟ၊ တကွ၊ ယောသက်ရော၊ အကြင် အချိန်းအချက်ကို ကတော၊ ပြုအပ်၏။ တံသက်ရံ၊ ထိုအချိန်းအချက်ကို၊ ဗြဟ္မဏံ၊ ပုဏ္ဏားကို။ သမ္ဗဒါယ၊ ပြည့်စုံစေဦး၍။ သစ္စာနုရက္ခီ၊ သစ္စာကို စောင့်လေ့ရှိသောငါသည်။ ပုနရာဂတော၊ တဖန်သင့်အထံ သို့လာပြန်သည်။ အသ္မိ၊ ဖြစ်၏။ သမ္ဘပေါရိသာဒ၊ အဆွေပေါရိ သာဒ။ မံ၊ ငါ့ကို။ ဟတွာ၊ သတ်၍။ ယည်ံ၊ ယဇ်ကို။ ယဇဿုဝါ၊

ပူဇော်လိုလျှင်လည်းပူဇော်သေ၀္။ မံ၊ငါ့ကို။အဒဝါ၊ စားလိုမူလည်းစားလော့။ ။

ထိုစကားကိုကြား၍ ပေါရိသာဒသည်။ ဤမင်းကား မကြောက်။သေဘေးမှကြောက်ခြင်းကင်းသည်ဖြစ်၍ဆိုဘိ၏။ ဤသို့မကြောက်ခြင်းသည်အဘယ်ဘုန်းတန်းခိုး၏အာနုဘော်နည်းဟုကြံ၍။တပါးသောဘုန်းတန်းခိုး၏ အာနုဘော်သည်မရှိရာ။ဤသုတသောမမင်းသည်။ ကဿပမြတ်စွာဘုရားသည်ဟောတော် မူအပ်ကုန်သော ဂါထာတို့ကို ငါသည်နာအပ်ကုန်ပြီဟုဆို၏၊ထိုဂါထာတို့၏အာနုဘော်ဖြစ်ရာ၏။ ငါသည်လည်း ထိုဂါထာကိုနာ၍ကြောက်ခြင်းမရှိသည်ဖြစ်အံ့ဟုဆုံးဖြတ်ခြင်းကိုပြု၍ထိုဂါထာကိုနာလိုရကား။ ။နဟာယယေခါဒိတံမယှာပဏ္ဍာ၊ စိတကာယံဘာဝအရူမိကာစ။ နိဒ္ဓုမကေပစိတံ သာဒုပက္ကံ၊ သုဏောမ ဂါထာယော သတာ ရဟာယော။ ။ဟူသောဤဂါထာကိုဆို၏။ ။အနက်ကား။ ။

သမ္မသုတသောမ၊ အဆွေသုတသောမ။ မယှံ၊ငါ့အား။ ပဏ္ဍာ၊နောက်၌။ခါဒိတံ၊စားခြင်းသည်။နဟာယယေ၊မယုတ်။ တာဝ၊ရှေးဦးစွာ။အယံစိတကာ၊ဤထင်းပုံသည်။ အရူမိကာစ၊ အခိုးအလျှံမရှိသည်လည်း။ဘဝါဟိ၊ဖြစ်စေဦး။နိဒ္ဓုမကေ၊အခိုးအလျှံမရှိသောမီးကျီးရှဲ၌။ ပစိတံ၊ကင်အပ်သော အမဲးသည်။သာဒုပက္ကံ၊ကောင်းစွာကျက်၏၊ သမ္မသုတသောမ၊ အဆွေသုတသောမ။ သတာရဟာယော၊ သတာရဟာဖြစ်ကုန်သော။ ဂါထာယော၊ ဂါထာတို့ကို။ သုဏောမ၊ နာပါကုန်ဦးအံ့။ ။

ထိုစကားကိုကြား၍ ဘုရားလောင်း သုတ သောမ မင်းသည်။ ဤပေါရိသာဒသည် ယုတ်မာသော အကျင့်ရှိ၏။ ဤပေါရိသာဒကို အတန်ငယ်နှိပ်သဖြင့် ရှက်စေလျက်ဟောအံ့ဟုကြံ၍နှိပ်လိုရကား။ ။အခမ္မိကောတွံ ပုရိသာဒမကာသိ၊ ရဋ္ဌာစဘဋ္ဌောဥဒရဿဟေတု၊ဓမ္မဉ္စိမာအာဘိဝဒန္တိဂါထာ၊

ဓမ္မောအဓမ္မောစကုဟိံသမေတိ။ ။အဓမ္မိကဿလုဒ္ဒဿ၊ နိစ္စံလောဟိတပါဏိနော။ နတ္ထိသစ္စံ ကုတောဓမ္မော၊ ကိံသုတေနကရိဿတိ။ ။ဟူသောနှစ်ဂါထာကိုဆို၏။ ။

သမ္ဘပေါရိသာဒ၊ အဆွေပေါရိသာဒ။တွံ၊သင်သည်။ အဓမ္မိကော၊တရားမစောင့်သည်ဖြစ်၍။ ပုရိသာဒံ၊ လူသားစားခြင်းကို။ အကာသိ၊ပြုဘိ၏။ ဥဒရဿ၊ ဝမ်း၏။ ဟေတု၊ အကြောင်းကြောင့်၊ရဋ္ဌာစ၊တိုင်းနိုင်ငံမှလည်း။ ဘဋ္ဌော၊ လျှောကျ၏။သမ္ဘပေါရိသာဒ၊အဆွေပေါရိသာဒ။ ဣမာဂါထာ၊ ဤဂါထာတို့သည်။ဓမ္မူပ၊ ကုံးပါးသော လောကုတ္တရာတရားရှင်သာလျှင်။ အာဘိဝဒန္တိ၊ အလွန် ဟောကုန်၏၊ ဓမ္မောစ၊ သူတော်ကောင်းတို့၏အကျင့်သည်ရင်း။အဓမ္မောစ၊သူယုတ်မာတို့၏အကျင့်သည်ရင်း။ကုဟိံ၊အဘယ်အရပ်၌။သမေတိ၊ညီကြသနည်း။ ။သမ္ဘပေါရိသာဒ၊အဆွေပေါရိသာဒ။ အဓမ္မိကဿ၊တရားမစောင့်သော။လုဒ္ဒဿ၊ ကြမ်းကြုတ်စွာသော။ နိစ္စံ၊အမြဲ။လောဟိတပါဏိနော၊ လက်၌သွေးရှိသော။ ယဿ တေ၊အကြင်သင့်အား။ သစ္စံ၊သစ္စာသည်မှုလည်း။နတ္ထိ၊ မရှိ။ ဓမ္မော၊တရားသည်သော်ကား။ကုတော၊အဘယ်မှာရှိအံ့နည်း။သောတွံ၊ထိုသင်သည်။ သုတေန၊အကြားအမြင်ဖြင့်။ ကိံကရိဿတိ၊အသို့ပြုအံ့နည်း။ ။

ထိုပေါရိသာဒသည်။ ဤသို့ သုတသောမမင်း ဆိုသော်လည်းအမျက်မထွက်။အဘယ့်ကြောင့်အမျက်မထွက်သနည်းဟူမူကား။ ဘုရားလောင်းမဟာသုတသောမမင်း၏မေတ္တာကိုပွါးစေခြင်းများသည်၏ အဖြစ်ကြောင့် အမျက် မထွက်သလျှင်ကတည်း။ ထိုအခါ သုတသောမမင်းကို ပေါရိ သာဒသည်။ အဆွေသုတသောမ၊ အသို့နည်း။ ငါသည်သာလျှင်တရားမစောင့်သလောဟုဆို၍။ထိုအကြောင်းကို သုတသောမမင်းအားကြားလိုရကား။ ။ယောမံသဟေတုမိဂဝံစရေ

ယျ။ အစရှိသော ဂါထာကိုဆို၏။ ထိုဂါထာ၏ အဓိပ္ပါယ်ကား။ ။

အဆွေသုတသောမ။ အကြင်မင်းသည်။ အမဲကို အလိုရှိသောကြောင့်။သမင်တောသို့။သွားရာ၏။ အကြင် မင်းသည်လည်း။ မိမိအမှုကြောင့် လူဖြစ်သောသတ္တဝါကို။သတ်ရာ၏။ နှစ်ယောက်လည်းဖြစ်ကုန်သော။ ထိုမင်းတို့သည်။ တမလွန်ဘဝ၌။တူမျှကုန်သည်။ဖြစ်ကုန်၏၊အဘယ့်ကြောင့်၊ ငါ့ကိုသာ တရားမစောင့်ဟူ၍သင်ဆိုဘိသနည်းဟုဆို၏။ ။

ထိုစကားကိုကြား၍ဘုရားလောင်းမဟာသုတသောမမင်းသည်ထိုပေါရိသာဒအယူကိုဖျက်ဆီးလိုရကား။ ။ပဥ္စပဉ္စ နခါဘက္ခာ၊( ၁ )ခတ္တိယေနပဇာနတာ။အဘက္ခံရာဇဘက္ခေသိ၊ တသ္မာအဓမ္မိကောတုဝံ။ ။ဟူသော၍ဂါထာကိုဆို၏။

ရာဇ၊ မင်းကြီး။ပဇာနတာ၊မင်းကျင့်တရားကိုသိသော။ခတ္တိယေန၊ ပြည့်ရှင်မင်းသည်။ပဉ္စပဉ္စ၊ ငါးပါး ငါးပါးကုန်သော။သတ္တာ၊သတ္တဝါတို့သည်။ ခါဒိတဗ္ဗယုတ္တကာ၊ စားအပ်သည်နှင့်ယှဉ်ကုန်သော၊ ဘက္ခာ၊အစာတို့သည်။ နဟောန္တိ၊မဖြစ်ကုန်။အထ၊ ထိုသို့လျက်။တုဝံ၊သင်သည်၊ အဘက္ခံ၊မစားအပ်သောလူသားကို။ ဘက္ခေဟိ၊စားဘိ၏။ တသ္မာ၊ ထိုကြောင့်။တုဝံ၊သင်သည်။အဓမ္မိကော၊ တရားမစောင့်သည်။ ဇာတော၊ ဖြစ်၏၊

ဤသို့ထိုပေါရိသာဒသည်နှိပ်နင်းခြင်းသို့ရောက်လျှင်။ တ

(၁) ပဥ္စပဥ္စ" ဟူရာ၌၊ ပဥ္စပဥ္စ ံတိ၊ ဟတ္ထိ အာဒယော။ ဒသေဝ သတ္တာမံသဝသေနဘက္ခာ။ နခါဒိတဗ္ဗာယုတ္တကာ။ ။ဟုအဌကထာဘွင့်သောကြောင့်။ဆင်မြင်းလူမြွေ၊ခွေးသိဟော၊ ဗျဲ့ကြံ့ဝံခအောင်သစ်၊ ဟူ၍-မင်းရဟန်းတို့မစားချသော အသားကြီး ၁၀ ပါးကို–မစား ကောင်းဟု ဝှင်းအဌကထာဖွင့်၏။ ။ရာဇဘိသေကကျမ်းနှင့်ကား၊ ခြေသည်းလက်သည်း ငါးခုစီရှိသော။ယုန်။ဖြူ။ဖွတ်။ လိတ်။သာဝိ၊ဤသတ္တဝါတို့၏အသားကို၊မင်းတို့မစားကောင်းဟုဆိုသည်။ ။ပါဠိတော်လာ၊ ပဥ္စပဥ္စနခါဘက္ခာကို။ ပဥ္စပဥ္စနခါအဘက္ခာဟုပုဒ်ဖြတ်၍ပြလျှင်လည်းဝှင်းပေတိုင်းရ၏။

ပါးသောကိုးကွယ်ရာကိုမမြင်၍မိမိမကောင်းမှုကိုဖုံးလွှမ်းလို ရကား။ ။ဓုတ္တောဘတုဝံဗေါရိသာဒသဿဟတ္ထာ၊ အစရှိသော ဂါထာကိုဆို၏။ထိုဂါထာ၏အဓိပ္ပါယ်ကား။

မင်းမြတ်။ လူသားစား၏လက်မှလွတ်သော။ လိုချင်တောင့် တသောကာမရှိသော။ သင်သည်။ မိမိနန်းတော်သို့။သွား၍။ တဘန်လာပြန်သည်။ဖြစ်ဘိ၏။ မင်းမြတ်။သင်မင်းမြတ်သည်၊ မင်းကျင့်တရားဟု ဆိုအပ်သော။ရာဇဓမာယာ၌။ ထိမ္မာသည်မ မည်ပါ၊ ၊ကားဟုဆို၏။

ထိုဒ[illegible]ါပေါရိသာဒကို မဟာသုတသောမမင်းသည်။ အဆွေပေါရိသာဒ။ရာဇဓမာယာ၌လိမ္မာသော သူမည်သည်ကား ငါနှင့်တူသည်ဖြစ်ရာ၏ ထိုစကားသည်မှန်၏။ ငါသည်ထိုရာ ဇဓမာယာကိုသိ၏။ ထိုသို့သိသော်လည်း ထိုရာဇဓမာယာအလို ၌ါမကျင့်ဟုဆို၍၊ ထိုအကြောင်းကိုပေါရိသာဒအားကြားလို ရကား။ ။ယေခတ္တဓမ္မကုသလာဘဝန္တိ၊ ပါဒယန တေ နေရယိကာဘဝန္တိ။ တသ္မာအဟံခတ္တဓမ္မံ ပဟာယ၊ သစ္စာနု ရက္ခိပုနရာဂတောသ္မိ။ယဇဿုယညံအဒမံပေါရိသာဒ။ ။ ဟူသော၍ဂါထာကိုဆို၏။ ။အနက်ကား။ ။

သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ ယေရာဇာနော၊ အကြင်မင်းတို့သည်။ ခတ္တဓမ္မ၊ ရာဇဓမာယာ၌၊ ကုသလာ၊ လိမ္မာ ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေရာဇာနော၊ ထိုမင်းတို့ သည်၊ ပါယေန၊ များသောအားဖြင့်။ နေရယိကာ၊ ငရဲ၌ဖြစ်ကုန် သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ အဟံ၊ ငါသည်။ ခတ္တဓမ္မံ၊ ရာဇဓမာယာကို။ ပဟာယ၊ စွန့်၍၊ သစ္စာနုရက္ခီ၊ သစ္စာ ကိုစောင့်လေ့ရှိသည်ဖြစ်၍။ ပုနရာဂတော၊ တဘန်လာပြန် သည်။ အသ္မိ၊ ဖြစ်၏၊ သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ မံ၊ ငါ့ ကို။ ဟတွာ၊ သတ်၍။ ယညံ၊ ယဇ်ကို။ ယဇဿုဝါ၊ ပူဇော်ထိုမူ လည်းပူဇော်လော့။ အဒဝါ၊ စားထိုမူသည်းစားလော့။ ။

ထိုစကားကိုကြား၍ ပေါရိသာဒသည် သစ္စာစောင့်ခြင်း

နှ်အကျိုးကို သုတသောမမင်းအား မေးပြန်လိုရကား။ ။
"ပါသာဒဝါသာပထဝီဂဝါသာ"၊အစရှိသောဂါထာကိုဆို၏။ ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

အဆွေသုတသောမ။ အကြင်နေရာ ရွှေနန်းပြာသာဒ်တို့သည်၎င်း။ အကြင်မြေအပြင်၌ နွားမြင်းတို့သည်၎င်း။ အကြင်ကာမဂုဏ်၏အကြောင်းဖြစ်သောမိန်းမတို့သည်၎င်း။အကြင်ကာသိကတိုင်း၌ ဖြစ်သော ပုဆိုးစန္ဒကူးနံ့သည်၎င်း၊ များစွာကုန်၏၊ထိုအလုံးစုံကို။ဆုန္ဒပဗ္ဗနဂိုရ်မြို့၌။အစိုးရသည့်၏အဖြစ်ကြောင့်၊ သုံးဆောင်ခြင်း၌။ အလိုရှိတိုင်းရ၏။ ထိုသို့လျက်။ သင်၏သစ္စာဖြင့်။အဘယ်အကျိုးကို။သင်မြင်သနည်း။

မဟာသုတ သောမမင်းသည် သစ္စာအကျိုးကိုပေါရိသာဒအားဟောလိုရကား။

ယေကေစိမေအတ္ထိရသာပထဗျာ၊သစ္စံတေသံသာဒုတရံရသာနံ၊သစ္စေဋ္ဌိတာသာမဏာဗြာဟ္မဏာစ၊တရန္တိဇာတိံမရဏဿပါရံ၊ ။ဟူသော၍ဂါထာကိုဆို၏။ ။အနက်ကား။ ။

သမ္မပေါရိသာဒ၊အဆွေပေါရိသာဒ၊ပထဗျာ၊မြေအပြင်၌။ ယေကေစိ၊ အလုံးစုံကုန်သော။ ဣမေ၊ ဤသို့သဘော ရှိကုန်သော။ရသာ၊အရသာတို့သည်။အတ္ထိသန္တိ၊ရှိကုန်၏။တေသံရသာနံ၊ ထိုအရသာတို့ထက်။ သစ္စံ၊ သစ္စာဟူသောအရသာသည်။သာဓုတရံ၊ကောင်းမြတ်သောအရသာမည်၏။ သစ္စေ၊ သစ္စာတရား၌။ ဋ္ဌိတာ၊တည်ကုန်သော။သာမဏာဗြာဟ္မဏာ၊ ရဟန်းပုဏ္ဏားတို့သည်။ဇာတိံမရဏဿ၊ ပဋိသန္ဓေနေခြင်း၊ သေခြင်း၏။ပါရံ၊ ကမ်းတဘက်သို့။ တရန္တိ၊ ကူးမြောက်နိုင်ကုန်၏။ ။

ဤသို့ ထိုပေါရိသာဒအား မဟာသုတသောမ မင်းသည် သစ္စာအကျိုးအာနိသင်ကိုဟော၏။ ထိုနောင်မှ ပေါရိသာဒသည် ပွင့်သစ်သောကြာပဒုမ္မာ၊ လပြည့်ဝန်းအသရေနှင့်တူသည်သာ၍ချင်ဖြစ်သောမဟာသုတသောမမင်းမြတ်၏ မျက်

နှာတော်ကိုကြည့်၍။ ဤသုတသောမမင်းသည်။ မီးကျီးပုံကို လည်းမြင်၏။ အမဲတံပိုချွန်သည်ကိုလည်း မြင်၏။ ထိုသုတသောမမင်းအား၊စိတ်ထိတ်လန့်ခြင်းမျှလည်းမရှိ။အသို့နည်း၊ဤသို့မကြောက်မလန့်ခြင်းသည်“သဘာရဟာ”ဂါထာ၏ အာနုဘော်လော၊ ထိုသို့မဟုတ်မှုသတ္တာ၏အာနုဘော်လော။ တပါးလည်းဖြစ်သောတဖုံတခု၏အာနုဘော်လောဟုကြံ၍။ ရှေးဦးစွာထိုသုတသောမမင်းကို ငါမေးအံ့ဟု မေးလိုရကား၊ ။“ရတ္တော တုဝံပေါရိသာဒသာဟတ္ထာ”၊ အစရှိသောဂါထာကိုဆို၏။ ။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

လူ့ပြည်ကိုအစိုးရတော်မူသော၊ မင်းမြတ်။ လူသားစား၏။ လက်မှ၊လွတ်ပြီးသော။ လိုချင်တောင့်တသော ကာမဂုဏ်ရှိသော။သင်မင်းမြတ်သည်။ မိမိနန်းတော်သို့။ သွားပြီး၍ရန်သူလက်သို့၊တဖန်လာပြန်၏။မှန်သောစကားကိုဆိုလေ့ရှိသောမင်းမြတ်၊ သင်မင်းမြတ်ကား။ သေဘေးမှ ကြောက်ခြင်းမရှိသလေယောင်တကား။ မတွန့်မဆုတ်သော စိတ်ရှိသည်ပင်ဖြစ်ယောင်တကား။ဟုဆို၏။ ။

ထိုစကားကိုကြား၍ ဘုရားလောင်း မဟာသုတသောမမင်းသည်။ ထိုပေါရိသာဒအား မိမိ မကြောက် သော အကြောင်းကိုကြားလို၍ကား၊ ။“ကတာမေ ကလျာဏာ အနေကရူပါ”၊ အစရှိသော ရှစ်ဂါထာတို့ကိုဆို၏။ ။ထိုဂါထာတို့၏အဓိပ္ပါယ်ကား။ ။

အဆွေပေါရိသာဒ။ငါသည်။ များသော သဘောရှိကုန်သောကောင်းမှုတို့ကို ပြုအပ်ကုန်ပြီ။ ပြန့်ပြောစွာကုန်သော။ ပညာရှိသူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန်သော။ အကြင်ယဇ်တို့ကို။ပူဇော်အပ်ကုန်ပြီ။တမလွန်လောက၏၊ ခရီးကို ငါသုတ်သင်အပ်ပြီ။ကုသိုလ်တရား၌တည်သော၊ငါနှင့်တူသော။ အဘယ်မည်သောသူသည်။ သေဘေးမှ ကြောက်ရအံ့နည်း။ ။အဆွေပေါရိသာဒ။ ငါသည်များသောသဘော

ရှိကုန်သော၊ ကောင်းမှုတို့ကိုပြုအပ်ကုန်ပြီ။ ပြန့်ပြောစွာကုန်သော၊ ပညာရှိ သူတော်ကောင်း တို့သည် ချီးမွမ်းအပ်ကုန်သော။အကြောင်ယာဇ်တို့ကိုပူဇော်အပ်ကုန်ပြီ။တဘန်ပိုးရိမ်ခြင်းမရှိသည့်ဖြစ်၍။တမလွန်လောကသို့ငါသွားရအံ့။ အဆွေပေါရိသာဒ။ငါ့ကိုသတ်၍။ယာဇ်ကိုပူဇော်မှုလည်းပူဇော်လော့။ စားမှုသည်းစားလော့။ ။အဆွေပေါရိသာဒ။ငါသည်။အဘကိုရင်း၊အမိကိုရင်း။ ရှိသေစွာလုပ်ကျွေးအပ်ကုန်ပြီ။ ငါသည် ရာဇဝံဆယ်ပါးနှင့်အညီ၊တိုင်းပြည်ကိုလည်း ဆုံးမအုပ်ချုပ်အပ်ပြီ။ တမလွန်လောက၏ခရီးကိုသုတ်သင်အပ်ပြီ။ ကုသိုလ်တရား၌၊ တည်သောငါနှင့်တူသော၊ အဘယ်သူသည်၊ သေဘေးမှ၊ကြောက်ရပေလိမ့်နည်း။ ။အဆွေပေါရိသာဒ။ ငါသည်။ အဘကိုရင်း၊ အမိကိုရင်း။ ရှိသေစွာလုပ်ကျွေး အပ်ကုန်ပြီ။ငါသည်။ရာဇဝံဆယ်ပါးနှင့်အညီ။ တိုင်းပြည်ကို။ ဆုံးမအုပ်ချုပ်အပ်ပြီ၊ တဘန်ပိုးရိမ်ခြင်းမရှိသည့်ဖြစ်၍။ တမလွန်လောကသို့ ငါသွားအံ့။ ငါ့ကိုသတ်၍ ယာဇ်ပူဇော်မှုလည်း။ ပူဇော်လော့။စားမှုလည်းစားလော့။ ။အဆွေပေါရိသာဒ။ ငါသည်။ အဆွေ အမျိုးတို့၌ရင်း။ အဆွေ ခင်ပွန်းတို့၌ရင်း။ ကျေးဇူး ပြုအပ်ကုန်ပြီ။ ငါသည် ရာဇဝံ ဆယ်ပါးနှင့်အညီ။ တိုင်းပြည်ကို။ ဆုံးမအုပ်ချုပ်အပ်ပြီ။ တမလွန်လောက၏။ ခရီးကိုလည်း၊ ငါသုတ်သင်အပ်ပြီ။ ကုသိုလ်တရား၌ တည်သော။ငါနှင့်တူသော။အဘယ်သူသည်။သေဘေးမှကြောက်ရအံ့နည်း၊ ။အဆွေပေါရိသာဒ။ငါသည်။အဆွေအမျိုးတို့၌ရင်း။အဆွေခင်ပွန်းတို့၌ရင်း။ကျေးဇူးပြုအပ်ကုန်ပြီ၊ ငါသည်။ ရာဇဝံဆယ်ပါးနှင့်အညီ၊ တိုင်းကားပြည်ရွာကို။ ဆုံးမအုပ်ချုပ်အပ်ပြီ။ တဘန်ပိုးရိမ်ခြင်းမရှိသည့်ဖြစ်၍။ တမလွန်လောကသို့။ ငါသွားအံ့၊ ငါ့ကိုသတ်၍ယာဇ်ပူဇော်မှုသည်း ပူဇော်လော့။စားမှုလည်းစားလော့။ ။အဆွေပေါရိသာဒ၊ငါသည်။ များသော အခြေအားဖြင့်။ များစွာကုန်သော သူတို့အား၊အ

လှူကိုပေးလှူအပ်ပြီ။ ရဟန်းပုဏ္ဏားတို့ကိုလည်း ရောင့်ရဲစေအပ်ကုန်ပြီ။ တမလွန်လောက၏။ ခရီးကိုလည်း။ ငါသုတ်သင်အပ်ပြီ။ကုသိုလ်တရား၌။ ဘည်သော။ ငါနှင့်တူသောအဘယ်သူသည်။ သေဘေးမှကြောက်အံ့နည်း။ ။အဆွေပေါရိသာဒ။ ငါသည်။ များသောအပြားအားဖြင့်။ များစွာကုန်သောသူတို့အား။ အလှူကိုလည်း။ ပေးလှူအပ်ပြီ။ ရဟန်းပုဏ္ဏားတို့ကိုလည်း။ ရောင့်ရဲစေအပ်ကုန်ပြီ။ ထဘန်စိုးရိမ်ခြင်းမရှိသည်ဖြစ်၍။ တမလွန်လောကသို့ ငါသွားအံ့၊ ငါ့ကိုသတ်၍ ယဇ်ပူဇော်မူလည်း ပူဇော်လော့။ စားမူလည်း စားလော့။ ဟုဆို၏။ ။

ထိုစကားကိုကြား၍ပေါရိသာဒသည် ဤသုတသောမမင်းကြီးကားသူတော်ကောင်းပေတည်း။ ဉာဏ်ပညာနှင့်ပြည့်စုံ၏။သာယာစွာတရားစကားကိုပြောဟောတတ်၏။ အကယ်၍ငါသည်ဤသုတသောမ မင်းမြတ်ကိုစားငြားအံ့၊ ငါ၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲရာ၏။ ဤမြေကြီးသည်မူလည်းနှစ်ဖြာကွဲ၍ ငါ့ကိုမြိုချရာ၏ဟု ကြောက်ထိတ်လန့်သည်ဖြစ်၍။ အဆွေသုတသောမမင်းမြတ်။ ငါသည် သင်မင်းမြတ်ကိုစားအပ်သော စားလိုသောသဘောမရှိဟုဆို၍၊ထိုအကြောင်းကို မဟာသုတသောမမင်းအားကြားလိုရကား။ ။ဝိသံပဇာပိ ပရိသောအဒေယျ၊ အာသိဝိသံ ဇလိတမုဂ္ဂတေဇံ။ မုဒ္ဓါပိ တဿ ဖလေယျသတ္တဓာ၊ ယောတာဒိသံ သစ္စဝါဒိံ အဒေယျ။ ။ဟူသောဤဂါထာကိုဆို၏။ ။အနက်ကား။ ။

သမ္ဘသုတသောမ၊အဆွေသုတသောမ၊ယောပုရိသော၊အကြင်ယောက်ျားသည်။ ပဇာနံပဇာနန္တော၊ သိလျက်။ ဝိသံ၊ လတ်တလောသေစေတတ်သော အဆိပ်ကို။ အဒေယျ၊စားငြားအံ့။ယောပုရိသော၊အကြင်ယောက်ျားသည်။ဇလိတံ၊အဆိပ်တန်းခိုးဖြင့်ပြောင်ပြောင်တောက်သော။ဥဂ္ဂတေဇံ၊ထက်သောတန်းခိုးရှိသော။အာသိဝိသံ၊ လျင်သော အဆိပ်ရှိသော

မြွေကို။ ဂဗ္ဘေယျ၊ ကိုင်ပြဲအံ့။ သောပုရိသော၊ ထိုယောကျ်ားသည်။ အဝေသိံ၊ မချွတ်။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ပါပုဏေယျ၊ ရောက်ရာ၏။ ယော၊ အကြင်သူသည်။ သစ္စဝါဒိံ၊ မှန်သောစကားကိုဆိုလေ့ရှိသော။ တာဒိသံ၊ သင်မင်းကြီးကဲ့သို့သောသူကို။ အဒေယျ။ စားပြဲအံ့။ တဿ၊ ထိုသူ၏။ မုဒ္ဓါပိ၊ ဦးခေါင်းသည်လည်း။ သတ္တဓါ၊ ခုနစ်စိတ်။ ဖလေယျ၊ ကွဲရာ၏။ ။

ဤသို့လျှင်ထိုပေါရိသာဒသည် ဘုရားလောင်းမဟာသုတသောမမင်းကို လတ်တလောသေစေတတ်သော အဆိပ်နှင့်တူသည်၊ အဘယ်သူသည်သင့်ကို စားလတ္တံ့နည်းဟု ဆိုပြီးလျှင်။ ထို''သတာရဟာ'' ဂါထာတို့ကို နာလိုသည်ဖြစ်၍၊ မဟာသုတသောမမင်းကိုတောင်းပန်သဖြင့်။ ထိုသုတသောမမင်းသည့်တရား၌ရိုသေစေခြင်းငှါ။ အဆွေပေါရိသာဒ။ သင်သည်။ ဤသို့သသောရှိကုန်သော အဖြစ်မရှိကုန်သော ထိုဂါထာတို့၏ တည်ရာမဟုတ်ဟု ပယ်သော်လည်း။ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ဤသုတသောမမင်းနှင့်တူသောပညာရှိမည်သည်မရှိ။ ဤသုတသောမမင်းသည်ငါ၏လက်မှလွတ်သဖြင့်သွားလေ၍ ထိုဂါထာတို့ကိုနာပြီးလျှင်။ တရားဟော ပုဂ္ဂိုလ်အားပူဇော်သက္ကာရကိုပြု၍။ မိမိနဖူးပြင်ဖြင့်သစ္စာကိုယူ၍တဖန်ငါ၏အထံသို့သာပြန်၏။ ထိုဂါထာတို့သည် အလွန် ကောင်းမြတ်သော သဘောရှိသည် ဖြစ်ကုန်လတ္တံ့ဟု အလွန်လျှင် တရားတော်၌ကောင်းမွန်ရိုသေစွာနာလိုခြင်းရှိသည်ဖြစ်၍၊ ထိုသုတသောမမင်းကိုတောင်းပန်လိုရကား။ ။သုတွာဓမ္မံဝိဇာနန္တိ အစရှိသောဤဂါထာကိုဆို၏။ ထိုဂါထာ၏အဓိပ္ပါယ်ကား။

အဆွေသုတသောမ။ လူတို့သည်။ တရားကိုကြားနာကြရကုန်၍။ ကောင်းသည် မကောင်းသည်ကို။ သိကြရကုန်၏။ သင်၏ဂါထာကို။ နာရသောကြောင့်။ ငါ၏စိတ်သည်။ တရား၌မွေ့လျော်ပြဲအံ့လည်းမသိ။ ဟုဆို၍တောင်းပန်၏။

ထိုသို့တောင်းပန်သောအခါ။ မဟာသုတသောမမင်းသည်

ယခုအခါပေါရိသာဒသည်နာလိုလှပြီ၊ ငါဟောအံ့ဟုကြံ၍။အဆွေပေါရိသာဒ၊ထိုသို့တပြီးကား ကောင်းစွာနာလေ့ဟုထိုပေါရိသာဒကိုနာရန်တိုက်တွန်း၍။ နန္ဒပုဏ္ဏားသည်ဟောအပ်သောနည်းဖြင့်လျှင်ဂါထာတို့ကိုချီးမွမ်းခြင်းကိုပြုသဖြင့်၊ကာမာဝစရနတ်ပြည်ခြောက်ထပ်တို့၌ တပြိုင်နက် အုတ်အုတ်ကျက်ကျက်ကိုပြု၍။နတ်တို့သည်ကောင်းချီးပေးကုန်သည်ရှိသော်။ ဘုရားလောင်းမဟာသုတသောမမင်းသည် ထိုပေါရိသာဒအားတရားဟောလိုရကား။

## သတာရဟလေးဂါထာ။

(၁)။ သကိံ ဒေဝ မဟာ ရာဇ၊ သဗ္ဘိ ဟောတိ သ
မာဂမော။သာနံသင်္ဂတိပါလေတိ၊နာသဗ္ဘိဗဟုသင်္ဂမော ။
(၂)။ သဗ္ဘိရေဝသမာသေထ၊ သဗ္ဘိကုဗ္ဗေထသန္ထဝံ။ သတံ
သဒ္ဓမ္မမညာယ၊ သေယျောဟောတိနပါပိယော (၃)။ ဇိ
ရန္တိဝေရာဇရထာသုစိတ္တာ၊ အထောသရီရံပိဇရံဥပေတိ။သ
တဉ္စဓမ္မော နဇရံဥပေတိ၊သန္တောဟဝေ သဗ္ဘိပဝေဒယန္တိ
(၄)။ နဘဉ္စဒူရေပထဝီစဒူရေ၊ပါရံသမုဒ္ဒဿတဒါဟုဒူရေ။
တတော ဟဝေ ဒူရတရံဝဒန္တိ၊ သတဉ္စဓမ္မောအသတဉ္စရာ
ဇ။ ။ဟူသောလေးဂါထာတို့ကိုဟော၏။ ။

(ဤလေးဂါထာတို့ကား အထက်က နန္ဒပုဏ္ဏားတရားဟောခန်းတွင်-ပါဠိအနက်နှင့်တကွ ပြပြီးဖြစ်၍-ဤ၌အနက်ကိုမပြတော့ပြီ။မြန်မာပြန်အဓိပ္ပါယ်ကိုသာပြတော့အံ့)။ ။

(၁) (*) မင်းမြတ်။အကြင်သူသည်။ သူတော်ကောင်းတို့နှင့်။ တကြိမ်မျှသာလျှင်။ ပေါင်းဘော်ရ၏။ ထိုသို့ ပေါင်းဘော်ခြင်းသည်။ ထိုသူကို။ စောင့်ရှောက်ပေ၏။ အကြင်သူသည်။ သူတော်မဟုတ် သူယုတ်မာတို့နှင့်။ အကြိမ်များစွာ။

---

*သတာရဟ လေးဂါထာ အနက်ကို ကြည့်လိုမူ။ ဤစာအုပ် မျက်နှာနံပါတ်(၅၁)တွင်ကြည့်ပါ။

ပေါင်းဘော် ရ၏။ ထိုအကြွမ်များစွာ ပေါင်းဘော် ရခြင်းသည်။ ထိုသူကို။မစောင့်ရှောက်ချေ။ (၂)။ မင်းမြတ်။ သူတော်ကောင်းတို့နှင့် သာသျှင်။ ပေါင်းဘော် ကုန်ရာ၏။ သူတော်ကောင်း တို့နှင့်။ ပေါင်းဘော် ခြင်းကို။ ပြုကုန်ရာ၏။ ဘုရားအစရှိသော ပညာရှိ သူတော်ကောင်းတို့၏။ တရားကိုသိ၍။ အထူးသဖြင့်မြတ်၏။ ယုတ်မာသည် မဖြင်ရာ၊ ။ (၃)။ မင်းမြတ်၊ကောင်းစွာ ဆန်းကြယ်ကုန်သော။ မင်းစီးရထားတို့သည်။ စင်စစ် ဆွေးမြည့်ပျက်စီးတတ်ကုန်၏၊ ထိုမှတပါး။ ခန္ဓာကိုယ်သည်လည်း။ အိုခြင်းသို့ ရောက်တတ်၏၊ သူတော်ကောင်းတို့၏ နိဗ္ဗာန်တရားသည်ကား၊အိုခြင်းသို့။မရောက်ကုန်။ ဘုရား အစရှိသော သူတော်ကောင်းတို့သည်။ နိဗ္ဗာန်တရားကို၊စင်စစ်။ချီးမွမ်းကြကုန်၏ (၄)။ မင်းမြတ် ကောင်းကင် သည်လည်း မြေနှင့် ဝေး၏။ မြေသည်လည်း။ ကောင်းကင်နှင့်ဝေး၏။ သရုဒြာ၏။ထိုမှဘက်ကမ်းသည်ရှိ၏။ ထိုထိုမှာဘက်ကမ်းကို။ ဤမှာဘက်ကမ်းနှင့်ဝေး၏ဟူ၍။ ဆိုကြကုန်၏၊ ထိုကောင်းကင်နှင့်မြေ၊ သမုဒြာကမ်းထဘက်နှင့် ကမ်းတဘက်တို့ဝေးသော ထက်စင်စစ်သျှင်။ သူတော်ကောင်းတို့၏၊ တရားသဘောသည်၎င်း။ သူတော်မဟုတ်သူယုတ်မာတို့၏။ တရားသဘောသည်၎င်း။ အလွန်ဝေး၏ဟူ၍။ ဘုရားအစရှိသော သူတော်ကောင်းတို့ဆိုကြကုန်၏။ ။ဟုဟောလေ၏။ ။

ထိုပေါရိသာဒအား သုတသောမမင်းသည် ကောင်း စွာဟောအပ်သည်၏အဖြစ်ကြောင့်၎င်း၊ မိမိ၌ပညာရှိသည်၏အဖြစ်ကြောင့်၎င်း။ ထိုဂါထာတို့ကိုသဗ္ဗညုမြတ်စွာဘုရားသည်ဟောတော်မူသကဲ့သို့တကားဟုကြံဆင်ခြင်မိရကား။ထိုပေါရိသာဒ၏၊ ကိုယ်အလုံးသည် ငါးပါးအပြားရှိသော ပီတိဖြင့်ပြည့်၏။မဟာသုတသောမမင်း၌။နူးညံ့သော စိတ်ရှိသည်ဖြစ်လာ၏။ထီးဖြူကိုပေးတတ်သောအဘကဲ့သို့။မဟာသုတသော

မမင်းကိုထင်မှတ်၍။ ထိုပေါရိသာဒသည်ငါသည်မဟာသုတသောမမင်းအား ပေးလိုပါလည်းတစုံတခုသော ရွှေငွေကိုမမြင်မရှိ။ ထိုသုတသောမမင်းအား တဂါထာတဂါထာလျှင်တပါးတပါးစီသောဆုကိုပေးအံ့ဟုကြံ၍ဆုကိုပေးလိုကား။ ။ ''ဂါထာဋ္ဌမာအဋ္ဌဝတီသုဗျဉ္ဇနာ''၊ အစရှိသောဂါထာကိုဆို၏။ ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

လူတကာတို့ကိုအစိုးရတော်မူသော။ အဆွေသုတသောမ။ ကောင်းသော အနက်ရှိကုန်သော၊ ကောင်းသောသဒ္ဒါရှိကုန်သော၊ သင်သည်ကောင်းစွာဟောအပ်ကုန်သော။ ဤဂါထာတို့ကိုနာ၍။ ဝမ်းမြောက်ခြင်း နှစ်သက်ခြင်း ရွှင်လန်းခြင်းရှိသော။ နှစ်သက်ခြင်းစိတ်ရှိသောငါသည်။ တဂါထာလျှင် တပါးစီအားဖြင့်။ သင့်အားလေးပါးကုန်သော။ ဆုတို့ကို။ ပေးပါ၏ဟုဆို၍ဆုပေး၏။ ။

ထိုအခါပေါရိသာဒကိုမဟာသုတသောမမင်းသည်။ အချင်းပေါရိသာဒ၊ သင်သည် အဘယ်မည်သောဆုကိုပေးအံ့နည်းဟုမြိမ်းမောင်းလိုရကား။ ။''ယောနာတ္တနော မရဏံ ဗုဇ္ဈသိတုဝံ''၊ အစရှိသောဂါထာတို့ကိုဆို၏။ ထိုဂါထာတို့၏အဓိပ္ပါယ်ကား။ ။

ယုတ်မာသောအကျင့်ရှိသော။ အဆွေပေါရိသာဒ။ အကြင်သင်သည်။ မိမိ၏ သေခြင်းကို မသိ။ အစီအပွါးရှိသည် မရှိသည်ကိုဎင်း။ အပါယ်ငရဲသို့ကျရာကိုဎင်း။ နတ်ရွာကိုဎင်း မသိ။ လူသားအရသာ၌။ တပ်မက်မောသော။ မကောင်းသောအကျင့်၌ဝင်သော။ သင်သည်အဘယ်ဆုကို။ ပေးအံ့နည်း။ ။ ယုတ်မာသောအကျင့်ရှိသော။ အဆွေပေါရိသာဒ။ ငါသည်လည်း။ သင့်အားမည်သည့်ဆုကိုပေးလော့ဟု ဤသို့ဆိုချေအံ့။ သင်သည်လည်း။ နုတ်ဖြင့်ပေးပြီးမှ တောင်းတိုင်းမပေးဘဲနေချေအံ့။ မျက်မှောက်၌ဖြစ်သော။ တွန့်တိုခြင်းရှိသော။ ဤငြင်း

ခံရာသို့။အဘယ်အမည်ရှိသောပညာရှိသည်။ အကယ်မလွဲ
သဖြင့်။ကပ်၍ဖြေလှာပေးအံ့နည်းဟုဆို၏။ ။

ထိုနောင်မှပေါရိသာဒသည်၊ ဤသုတသောမမင်းကားငါ့
ကိုမယုံကြည်ထိုသုတသောမမင်းကို။ယုံကြည်စေအံ့ဟုယုံစေ
လိုရကား။ ။နတံဝရံအရဟာသိဇန္တု။ဒါတုံ၊ယံပါပိဒတွာန
အဝါကရေယျ။ဝရဿုသမ္မအဝိကပ္ပမာနော၊ ပါဏံစဇိတွာန
ဒိဒဿမေဝ။ ။ဟူသောဤဂါထာကိုဆို၏။ ။

ခတ္တိယ၊ ရေမြွေရှင်ဖြစ်တော်မူသော။ သမ္မသုတသောမ၊
အဆွေသုတသောမ။ ယောဇန္တု၊အကြင်သူသည်။ ယံဝရံ၊အ
ကြင်ဆုကို၊ ဒတွာပိ၊ ပေးပြီးလျက်လည်း။ နအဝါကရေယျ၊
တောင်းတိုင်းမပေးအံ့၊သောဇန္တု၊ ထိုသူသည်။တံဝရံ၊ထိုဆု
ကို။ဒါတုံ၊ပေးခြင်းငှါ။ နအရဟာသိ၊မထိုက်။ သမ္မ၊အဆွေသု
တသောမ။ အဝိကပ္ပမာနော၊ တွန့်တိုခြင်းမရှိသည်ဖြစ်၍။ဝ
ရဿု၊ယူလော့။ပါဏံ၊အသက်ကို။ စဇိတွာနပိ၊စွန့်၍လည်း။
ဒဿံဧဝ၊ပေးအံ့သလျှင်ကတည်း။ ။ဟုဆို၏။ ။

## မဟာသုတသောမမင်းဆုလေးပါးကိုယူပုံ။

ထိုအခါ မဟာသုတ သောမမင်းသည်။ ဤပေါရိသာဒ
သည်အလွန်သျှင်။ ရဲးရင့်သည်ဖြစ်၍ဆို၏။ ငါ၏စကားကို
ထိုက်နာလတံ့။ ဆုကိုယူတော့အံ့။အကယ်၍ကား လူသားကို
မစားအင်ဟု ရှေးဦးစွာလျှင်မြစ်ချေအံ့။ အလွန်လျှင်ပင်ပန်း
သတံ့၊ ရှေးဦးစွာ သုံးပါးကုန်သော အခြားဆုကို ယူဦး၍။
နောက်မှသာ လူသားစားခြင်းမှ။ ကြည်ရှောင်ခြင်းဟူသော
ထိုဆုကိုယူအံ့ဟုကြံ၍ဆုကိုယူလိုရကား။ ။

(၁) အရိယဿအရိယေနသမေတိသခိ၊ပညဿပညာ
ဏဝတာသမေတိ။ပဿေယျတံဝဿသတံအာရောဂျံ၊ဧတံ
ဝရာနံပဌမံဝရာမိ။ ။ဟူသောဤဂါထာကိုဆို၏။ ။

သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ အရိယဿ၊ မြတ်

သောသူ၏။အရိယေန၊မြတ်သောသူနှင့်။သဒ္ဓိ၊ အဆွေခင်ပွန်းသဘောသည်။သမေတိ၊ ညီကြ၏။ပညသ၊ ဉာဏ်ပညာနှင့်ပြည့်စုံသောသူ၏၊ ပညာဏဝတာ၊ ဉာဏ်ပညာနှင့် ပြည့်စုံသောသူနှင့်။သဒ္ဓိ၊အဆွေခင်ပွန်းသဘောသည်။ သမေတိ၊ညီကြ၏။သမ္မပေါရိသာဒ။အဆွေပေါရိသာဒ။ အပယံ၊ ငါသည်၊ တံ၊သင့်ကို။ဝါသသတံ၊အနှစ်တရာပတ်လုံး။ အာရောဂျံ၊အနာမရှိသည်၏အဖြစ်ကို။ပသေယျ၊မြင်ချင်ပါ၏။ဝရာနံ၊ သင်ပေးအပ်သောဆုလေးပါးတို့တွင်။ပဌမံ၊ရှေးဦးစွာသော၊ဧတံဝရံ၊ဤဆုကို။ဝရာမိ၊ယူ၏။ ။ပဌမဆု။ ။

ပေါရိသာဒသည်လည်း ထိုစကားကိုကြားရ၍လျှင်။ ဤသုတသောမမင်းသည်စည်းစိမ်ချမ်းသာကို ဖျက်ဆီး၍၊ ယခုအခါလူသားကိုစားသော။ ဤသို့များစွာ အကျိုးစီးပွါးမဲ့ကိုပြုတတ်သောငါ၏အသက်ကို ရှည်စေခြင်းငှါအလိုရှိဘိ၏ အံ့ဘွယ်ရှိစွ။ငါ၏အစီးပွါးကို အလိုရှိပေစွတကားဟု နှစ်သက်သောစိတ်ရှိသည်ဖြစ်၍၊ သုတသောမမင်းသည်လှည့်ပတ်၍ဆုယူသောအဖြစ်ကိုလည်း။ မသိသည်ဖြစ်၍။သုတသောမမင်းအားထိုဆုကိုပေးလိုရကား၊ ။"အရိယာသအရိယေနသမေတိသဒ္ဓိ"၊ အစရှိသောဂါထာကိုဆို၏။ ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

အဆွေသုတသောမ၊ မြတ်သောသူသည်။ မြတ်သောသူနှင့်။ အဆွေခင်ပွန်းသဘောညီကြ၏၊ ဉာဏ်ပညာနှင့် ပြည့်စုံသောသူသည်။ဉာဏ်ပညာနှင့်ပြည့်စုံသောသူနှင့်။အဆွေခင်ပွန်းသဘောညီကြ၏။ အဆွေသုတသောမ။သင်သည်။ ငါ့ကိုအနှစ်တရာပတ်လုံး။ အနာမရှိသည်၏ အဖြစ်ကို။ မြင်တော့လော့။ငါပေးအပ်သောဆုလေးပါးတို့တွင်၊ ရှေးဦးစွာသောဤဆုကို။ငါပေး၏ဟုဆို၏။ ။

ထို့နောင်မှ မဟာသုတသောမမင်းသည် တပါးသောဆုကိုယူပြန်လိုရကား။ ။

(၂) ယေခတ္တိယာ သေဋ္ဌဓဘူမိပါလာ၊ မုဒ္ဓါဘိသိတ္တာ တကာနာမဓေယျာ။ နတာဒိသေဘူမိပတိအဒေသိ၊တေံ၀ရာနံ ဒုတိယံ၀ရာမိ။ ။ဟူသောဤဂါထာကိုဆို၏။ ။

သမ္ဘပေါရိသာဒ၊ အဆွေပေါရိသာဒ။ ဣဓ၊ ဤအရပ်၌။ ဘူမိပါလာ၊ရေမြေကိုအစိုးရကုန်သော။မုဒ္ဓါဘိသိတ္တာ၊ ဦးထိပ်၌ အဘိတ်သိက်သွန်းအပ်ကုန်ပြီးသော။ ကတနာမဓေယျာ၊မှည့် အပ်သော အမည်အထူးရှိကုန်သော။ ယေခတ္တိယာသေ၊ အ ကြင်မင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တာဒိသေ၊ ထိုသို့သဘော ရှိကုန်သော။တေဘူမိပတိ၊ထိုမင်းတို့ကို။ နအဒေသိ၊မစားပါ လင့်။၀ရာနံ၊လေးပါးသောဆုတို့တွင်၊ ဒုတိယံ၊ နှစ်ခုမြောက်ဖြစ် သော။တေံဝရံ၊ဤဆုကို။၀ရာမိ၊ယူပါ၏။ ။ဒုတိယဆု။ ။

ဤသို့လျှင် မဟာသုတ သောမမင်းသည် နှစ်ခု မြောက် သောဆုကိုယူသည်ရှိသော်။တရာမကကုန်သောမင်းတို့အား မစားအံ့သော ဆုကို ယူတော်မူ၏၊ ပေါရိသာဒသည်လည်း ထိုသုတသောမမင်းအားဆုပေးလိုရကား။ ။"ယေခတ္တိယာ သေဋ္ဌဓဘူမိပါလာ"၊အစရှိသောဂါထာကိုဆို၏၊ ထိုဂါထာ ၏အဓိပ္ပါယ်ကား။ ။

အဆွေသုတသောမ။ ဤအရပ်၌ ရေမြေကို အစိုးရကုန် သော။ဦးထိပ်၌အဘိတ်သိက်သွန်းအပ်ကုန်ပြီးသော။မှည့်အပ် ပြီးသောအမည်အထူးရှိကုန်သော။ အကြင်မင်းတို့သည်။ ရှိ ကုန်၏။ထိုသို့သဘောရှိကုန်သောမင်းတို့ကို၊ငါမစားပြီ။လေး ပါးသောဆုတို့တွင်။ နှစ်ခုမြောက်သော ဤဆုကို။ ငါပေး၏ ဟုဆို၏။ ။ထိုအခါ၌။ ။

အသို့နည်း၊ ထိုတရာမကသောမင်းတို့သည် မဟာသုတ သောမမင်း၊ ပေါရိသာဒတို့၏စကားပြောဟောသော အသံ ကိုကြားကြကုန်သလောဟူမူ။ အလုံးစုံကို မကြားကုန်။ ထိုစ ကားသည်မှန်၏။ပေါရိသာဒသည်ပညောင်ပင်ကိုမီးခိုးမီးလျှံ ဖြင့်နှိပ်စက်မည်ဗိုးသောကြောင့် အဝေးသို့သွား၍ ရှားမီးကို

ညှိ၍။ မိုးပုံ၏ရှင်း၊ ပညောင်ပင်၏ရှင်း၊ အလယ်၌နေ၍ မဟာသုတသောမမင်းသည်။ ထိုပေါရိသာဒနှင့်စကားပြောဟော၍။ ထိုကြောင့်တလုံးစုံသောစကားကိုမကြားမူ၍၊ ထက်ဝက်ထက်ဝက်သော စကားကိုသာလျှင်ကြားရကုန်၏။ ထိုအခါ။ တရာမကသောမင်းတို့သည် ယခုအခါ။ မဟာသုတသောမမင်းမြတ်သည်။ ပေါရိ သာဒကို ဆုံးမသတ်၊ မကြောက် ကြကုန်လင့်ဟုအချင်းချင်းသက်သာရာကိုရစေကုန်၏၊ ထိုခဏ၌ မဟာသုတသောမမင်းသည် တပါးသောဆုကို ယူပြန်လိုရကား။ ။

(၃) ပရောသတံခတ္တိယာတေဂဟိတာ၊ တသာဝုတာ အဿုမုခါရုဒန္တာ။ သကေတေရဋ္ဌေ ပဋိပါဒယာဟိ၊ ဇေတံ ဝရာနံတတိယံဝရာမိ။ ။ဟူသော ဂါထာကိုဆို၏။ ။

သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ တေတယာ၊ သင်သည်။ ဂဟိတာ၊ ဘမ်းယူအပ်ကုန်သော။ တသာဝုတာ၊ ကြီးဖြင့်သီအပ်သောလက်ဝါးပြင်ရှိကုန်သော။ အဿုမုခါ၊ မျက်ရည်ဖြင့်ပြည့်သောမျက်နှာရှိကုန်သော၊ ရုဒန္တာ၊ ငိုကုန်သော။ ပရောသတံ၊ အရာမကကုန်သော။ ယေခတ္တိယာ၊ အကြင်မင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေခတ္တိယေ၊ ထိုမင်းတို့ကို။ သကေ၊ မိမိဉစ္စာဖြစ်ကုန်သော။ ရဋ္ဌေ၊ တိုင်းပြည်တို့သို့၊ ပဋိပါဒယာဟိ၊ ပို့ပါလော့။ ဝရာနံ၊ သင်ပေးအပ်သော ဆုလေးပါးတို့တွင်။ တတိယံ၊ သုံးခုမြောက်ဖြစ်သော။ ဇေတံဝရံ၊ ဤဆုကို။ ဝရာမိ၊ ယူပါ၏။ ။တတိယဆု။ ။

ဤသို့လျှင် မဟာသုတ သောမမင်းသည်။ သုံးခု မြောက်သောဆုကို ယူသောအခါ၌။ ထိုမင်းတို့ကို မိမိတို့တိုင်းပြည်တို့သို့ပို့အံ့သောဆုကိုယူတော်မူ၏၊ အဘယ်ကြောင့်ဤဆုကိုယူတော် မူသနည်း ဟူမူကား။ ထိုပေါရိသာဒသည် မစားသော်လည်းဘေးရန်ကို ကြောက်သောကြောင့်။ ထိုအလုံးစုံသောမင်းတို့ကိုကျွန်ပြု၍တော၌သာလျှင် သော်လည်းနေစေ

ရာ၏။သတ်၍မှုလည်း သတ်ရာ၏၊ ရပ်စွန်ပြည်နားသို့ဆောင် ယူ၍မှုလည်း ရောင်းချရာ၏ ။ထို့ကြောင့် ထိုမင်းတို့အားမိမိ တိုင်းပြည်တို့သို့ပို့ဆောင်စိမ့်သောဆုကိုယူတော်မူ၏။ ။

ပေါရိသာဒသည်လည်း သုတသောမမင်းအားဆုကိုပေး လိုရကား၊ ။"ပရောသတံခတ္တိယာ မောဂဟိတာ၊" အစရှိ သောဂါထာကိုဆို၏၊ ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

အဆွေသုတသောမ။ ငါသည်။ ဘမ်းယူအင်ကုန်သော။ လက်ဝါးဖြင့်၍ ကြိုးဖြင့် သိအပ်ကုန်သော။ မျက်ရေ စီးယိုငို ကြည့်တမ်းလျက်ရှိကုန်သော။ အရောမကကုန်သော။ အကြင် မင်းတို့သည်ရှိကုန်၏။ ထိုမင်းတို့ကို။ မိမိတို့၏ ဥစ္စာဖြစ်ကုန် သော။တိုင်းပြည်တို့သို့။ ပို့ပါအံ့။ငါပေးအပ်သောဆုလေးပါး တို့တွင်၊သုံးခုမြောက်ဖြစ်သော၊ဤဆုကိုငါပေး၏ဟုဆို၍ပေး လေ၏။ ။

ထို့နောင်မှ မဟာသုတ သောမ မင်းသည်လည်း လေးခု မြောက်သောဆုကိုယူလိုရကား။ ။

(၄) ဆိဒ္ဒိတေရဋ္ဌံဗျထိတံဘယာဟိ၊ ပုထူနရာ လေဏ မနုပ္ပဝိဋ္ဌာ။မနုဿမံသံဝိရမေဟိရာဇ၊ ဧတံဝရာနံစတုတ္ထံဝရာ မိ။ ။ဟူသောဤဂါထာကိုဆို၏။ ။

သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ ပေါရိသာဒေါ၊ လူ သားစားသိုးသူသည်။ ဇုဒါနိ၊ယခုအခါ၌။ အာဂမိဿ တိဟိ၊ လာလတ္တံ့ဟူ၍၊ဘယိ၊သင်၌။ဘယာဟိ၊ ကြောက်ခြင်းတို့ဖြင့်။ ဗျထိတံ၊တုန်လှုပ်ချောက်ချားခြင်းရှိသော။တေ၊သင်၏။ ရဋ္ဌံ၊ တိုင်းပြည်သည်၊ဆိဒ္ဒိ၊ဟာင်းလင်းသာ၍ရစ်သည်ဖြစ်၍၊ ပုထူ၊ များစွာကုန်သော။နရာ၊လူတို့သည်။လေဏံ၊ ပုန်းကွယ်ရာသို့။ အနုပ္ပဝိဋ္ဌာ၊ ဝင်ကုန်၏။ မနုဿမံသံ၊ လူသားကို။ ဝိရမေဟိ၊ ကြဉ်ရှောင်ပါလော့၊ဝရာနံ၊ သင်ပေးအပ်သောဆုလေးပါးတို့ တွင်။ စတုတ္ထံ၊လေးခုမြောက်ဖြစ်သော။ ဧတံဝရံ၊ဤဆုကို။ ဝရာမိ၊ယူပါ၏။ ။စတုတ္ထဆု။ ။

ဤသို့သုတသောမမင်းဆိုသည်ရှိသော်၊ပေါရိသာဒသည် သက်ချပ်တီး၍ရယ်သွမ်းသွေးလျက်၊ အဆွေသုတသောမ၊အဘယ်ကြောင့်ဤစကားကိုဆိုဘိသနည်း။ငါသည်သင့်အားဤဆုကို အသို့ပေးနိုင်ပါအံ့နည်း။ အကယ်၍ယူလိုသည်ဖြစ်အံ့။ တပါးသောဆုကိုယူလော့ဟုဆို၍ထိုဆုကိုပါယ်လိုရကား၊

အဒ္ဓါဟိသောဘက္ခောမမ မနာပေါ၊ ဧတဿ ဟေတုမှိ ဝနံပဝိဋ္ဌော။ သောဟံကထံဧတ္တောဥပါရမေယျံ၊ အညံဝရာနံ စတုရောဝရဿု။ ။ဟူသောဤဂါထာကိုဆို၏။ ။

သမ္မသုတသောမ၊ အဆွေသုတသောမ။ အဒ္ဓါဟိ၊ စင်စစ်လျှင်။သော၊ ထိုဘက္ခော၊ ထိုလူသားဟူသောအစာသည်။ မမ၊ ငါ၏၊ မနာပေါ၊ နှလုံးကိုပွါးစေတတ်သော။ ဘက္ခော၊ အစာတည်း။ ဧတဿ၊ ထိုလူသားအစာ၏၊ ဟေတု၊ အကြောင်းကြောင့်။ ဝနံ၊ တောသို့။ ပဝိဋ္ဌော၊ ဝင်ရောက်လာသည်။ အမှိ၊ ဖြစ်၏။အသ၊ ထိုသို့လျက်။သောအဟံ၊ထိုငါသည်။ဧတ္တော၊ ဤအစာမှ။ကထံ၊အဘယ့်ကြောင့်။ဥပါရမေယျံ၊ ကြဉ်ရှောင်နိုင်ပါအံ့နည်း၊သမ္မသုတသောမ၊အဆွေသုတသောမ။ ဝရာနံ။ငါပေးအပ်သော ဆုလေးပါးတို့တွင်။ စတုဏ္ဏံ၊ လေးခုမြောက်သော။အညံ၊တပါးသောဆုကို။ဝရဿု၊ယူပါလော့။ ။

ထိုအခါပေါရိသာဒကို မဟာသုတသောမမင်းသည်။ အဆွေ ပေါရိသာဒ၊ သင်သည် လူသားကို ချစ်မြတ်နိုးသောကြောင့်။ ထိုလူသားမှကြဉ်ရှောင်ခြင်းငှါ မတတ်နိုင်ဟုဆို၏။ ထိုစကားသည်မှန်၏။ အကြင်သူသည် ချစ်မြတ်နိုးအပ်သောဝတ္ထုကိုမှီ၍မကောင်းမှုကိုပြု၏။ထိုသူသည်သူမိုက်မည်၏ဟုဆို၍ထိုအကြောင်းကိုပေါရိသာဒအားဟောလိုရကား။ ။

နဝေပိယံမေတိဇနိန္ဒတာဒိသော၊ အတ္တံ နိရံကတွာပိယာနိ သေဝတိ။ အတ္တာဝသေယျော ပရမာဝသေယျော၊ လဗ္ဘာပိ ယာဩစိတတ္ထေနပစ္ဆာ။ ။ဟူသောဤဂါထာကိုဆို၏။ ။

ဇနိန္ဒ၊ လူတို့ကိုအစိုးရသော။သမ္မပေါရိသာဒ၊အဆွေပေါ

ရိသာဒ။ တာဒိသော၊ သင်ကဲ့သို့သောသူသည်။ ဆူဒံ၊ ဤဝတ္ထုကို။မေ၊ငါသည်၊ ပိယံ၊ချစ်အပ်၏။ဇာတိ၊ ဤသို့။အတ္တံ မိမိကိုယ်ကို။နိရံကာဗ္ဗ၊ စွန့်၍။ပိယာနိ၊ ချစ်အပ်ကုန်သောဝတ္ထုတို့ကို။ဝေ၊စင်စစ်။နသေဝတိ၊မမှီဝဲရော၊ကိံ ကာရဏာ၊အဘယ်ကြောင့်နည်းဟူမူကား။ အတ္တာဝ၊ မိမိကိုယ်သည်သာလျှင်။ သေယျော၊အထူးသဖြင့်မြတ်၏။ ကုတော၊ အဘယ်ကြောင့်မြတ်သနည်းဟူမူကား။ ပရမာဝ၊ အလွန်မြတ်သောဝတ္ထုထက်လျှင်။ သေယျော၊ အထူးသဖြင့်မြတ်၏။ ကသ္မာ၊ အဘယ် ကြောင့်နည်းဟူမူကား။ဣမိတဗ္ဗော၊ ပွါးစီးအပ်သောကိုယ်စိတ်ရှိသောသူသည်။ပိယာ၊ ချစ်ဖြတ်နိုးအပ်ကုန်သောဝတ္ထုတို့ကို၊ ပစ္ဆာ၊နောက်မှ၊ လဗ္ဘာ၊ရအပ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ အတ္တာဝ၊မိမိကိုယ်သည်သာလျှင်၊ သေယျော၊ အထူးသဖြင့်မြတ်၏။ ။

ဤသို့ မဟာသုတသောမမင်းဆိုလတ်သော်၊ ပေါရိသာဒသည်ကြောက်ထိတ်ယန့်ခြင်းသို့ရောက်သည်ဖြစ်၍၊ ငါသည်လျှင်။သုတသောမမင်းမြတ်ယူအပ်သော ဆုကိုစွန့်စေခြင်းငှါ ငင်းလူသားမှကြဉ်ရှောင်ခြင်းငှါငင်းမတတ်နိုင်။ အသို့ပြုပါရအံ့နည်းဟု မျက်ရေတို့ဖြင့် ပြည့်ကုန်သော မျက်စိတို့ဖြင့်။ ငိုကြွေးတမ်းလျှက်။တပါးသောဆုကိုယူစေလိုရကား။

“ပိယံမေမာနုသံမံသံ၊”အစရှိသောဂါထာကိုဆို၏။ ။

ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

မင်းမြတ်သုတသောမ။ သိတော်မူပါလော့။ ငါသည်။ လူသားကို။ချစ်ဖြတ်နိုးအပ်၏။ဖြစ်ခြင်းငှါ။မတတ်နိုင်ပါ။ အဆွေသုတသောမ။သင်သည်။တပါးသောဆုကို။ လွဲဖယ်၍ယူပါလော့။ဟု တောင်းပန်၏။ ။ထိုနောင်မှမဟာသုတသောမမင်းသည်။ ထိုပေါရိသာဒအား။ မကောင်းမှုကိုပြုခြင်း၌အပြစ်ကိုပြ၍တရားဟောသိုရကား။ ။

ယောဝေပိယံမေတိ ပိယာနုရက္ခီ၊ အတ္တံနိရံ ကစ္စပိယာနိ

သေဝတိ။ သောဏ္ဍော ဝပိတွာ ဝိသမိဿထာလံ၊ တေနေဝ သော ဟောတိ ဒုခိပရဇ္ဇာ။ ။ယောစိမ သင်္ခါယပိယာနိ ဟိတွာ၊ ကိဿေနပိ သေဝတိ အရိယဓမ္မေ။ ဒုက္ခိတောဝ ပိတွာန ယတောပဒါနိ၊ တေနေဝ သော ဟောတိ သုခိပရဇ္ဇာ။ ။ဟူ သောနှစ်ဂါထာကိုဆို၏။ ။

သမ္မပေါရိသာဒ။ အဆွေပေါရိသာဒ။ သောဏ္ဍော၊ သေ သောက်ကြူးသည်။ ဝိသမိဿထာလံ၊ အဆိပ်နှင့် ရောနှော သောသေခွက်ကို။ ပိတွာ၊ သောက်၍။ တေနေဝ၊ ထိုသို့သဘော ရှိသည့်သာလျှင်ဖြစ်သော။ ပါပကမ္မေန၊ ယုတ်မာသောအမှု ကြောင့်။ ပရဇ္ဇာ၊ တမလွန်ဘဝ၌၊ ဒုခိ၊ ဆင်းရဲခြင်းသည်၊ ဟော တိ ဣဝ၊ ဖြစ်သကဲ့သို့။ ယော၊ အကြင်သူသည်။ ဣဒံ၊ ဤဝတ္ထုကို။ မေ၊ ငါသည်။ ဧဝ၊ စင်စစ်။ ပိယံ၊ ချစ်အပ်၏။ ဣတိ၊ ဤသို့။ ပိယာနိ ရက္ခိ၊ ချစ်အပ်သောဝတ္ထုကိုစောင့်သည်ဖြစ်၍။ အတ္တံ၊ မိမိ ကိုယ်ကို။ နိရံကတွာ၊ စွန့်၍၊ ပိယာနိ၊ ချစ်အပ်ကုန်သောဝတ္ထုတို့ ကို။ သေဝတိ၊ မှီဝဲ၏၊ သော၊ ထိုသူသည်။ တေနေဝ ထိုသို့သ ဘောရှိသည့်သာလျှင်ဖြစ်သော။ ပါပကမ္မေန၊ ယုတ်မာသော အမှုကြောင့်။ ပရဇ္ဇာ၊ တမလွန်ဘဝ၌။ ဒုခိ၊ ဆင်းရဲခြင်းရှိသည်၊ ဟောတိ၊ ဖြစ်၏။ ။သမ္မပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ ဣဓ၊ ဤလောက၌။ ယောစ၊ အကြင်သူသည်ကား။ သင်္ခါယ၊ ဆင်ခြင်၍။ ပိယာနိ၊ ချစ်အပ်ကုန်သောဝတ္ထုတို့ကို။ ဟိတွာ၊ စွန့်၍။ ဒုက္ခိတောဝ၊ ဆင်းရဲစွာလျှင်။ ယထောပဒါနိ၊ အကြင် အခြင်းဖြင့် ရအပ်သောဝတ္ထုတို့ကို၊ ပိတွာန၊ စားသောက်၍။ ကိဿေနပိ၊ ဆင်းရဲငြိုငြင်သဖြင့်လည်း။ အရိယဓမ္မေ၊ မြတ် သောတရားတို့ကို။ သေဝတိ၊ မှီဝဲ၏။ သော၊ ထိုသူသည်။ တေ နေဝ၊ ထိုသို့သဘောရှိသည့်သာလျှင်ဖြစ်သော။ ပုညကမ္မေန၊ ကောင်းသောအမှုကြောင့်။ ပရဇ္ဇာ၊ တမလွန်ဘဝ၌။ သုခိ၊ ချမ်း သာခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဆိုသည့် ရှိသော် ပေါရိသာဒသည်။ သနားဘွယ်သောငိုကြွေးခြင်းဖြင့်ငိုကြွေးလို့ရကား။ ။

"ဩဟာရဟံပိတရံမာတရဥ္စ"၊ အစရှိသော ဂါထာကိုဆို၏။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

အဆွေသုတသောမ။ အကြင် ငါသည်။ ခမည်းတော်ကိုရင်း။ မယ်တော်ကိုရင်း။ ချစ်နှစ်သက်ဘွယ်ရှိကုန်သော။ ငါးပါးကုန်သော။ ကာမဂုဏ်တို့ကိုရင်း စွန့်၍။ ဤလူသား၏အကြောင်းကြောင့်။တောသို့။ ဝင်ရောက်သာပါ၏။ထိုသို့လျက်။သင့်အား။ထိုဆုကို၊ အသို့မူ၍လျှင်။ပေးနိုင်ပါအံ့နည်းဟုဆို၍တောင်းပန်ပြန်၏။ ။

ထိုနောင်းမှမဟာသုတသောမမင်းသည်။ ထိုပေါရိသာဒစကားကိုကဲ့ရဲ့လို့ရကား။ ။

နပဏ္ဍိတာ ဒိဂုဏာ မာဟုဝါကျံ၊ သစ္စပ္ပဋိညာဝ ဘဝန္တိ သန္တော၊ဝရဿုသမ္ဗဏ္ဍတိမံအဝေါစ၊ဏ္ဍဣာပြဝိတံနဟိတေသမေတိ။ ။ဟူသောဂါထာကိုဆို၏။ ။

သမ္ဗပေါရိသာဒ၊ အဆွေပေါရိသာဒ။ ပဏ္ဍိတာ၊ ပညာရှိတို့သည်၊ဒိဂုဏံ၊နှစ်ထပ်သော။ ဝါကျံ၊စကားကို။နအာဟု၊မဆိုကုန်။သန္တော၊သိမ်မွေ့နူးညံ့ကုန်သော။ တော၊ထိုပညာရှိတို့သည်။ သစ္စပ္ပဋိညာဝ၊ မှန်သောဝန်ခံခြင်း ရှိကုန်သည် သာလျှင်။ဘဝန္တိ၊ဖြစ်ကုန်၏။သမ္ဗ၊အဆွေပေါရိသာဒ။ တုဝံ၊သင်သည်။မံ၊ငါ့ကို။"သမ္ဗသုတသောမ၊အဆွေသုတသောမ။ ဝရံ၊လိုသောဆုကို၊ ဝရဿု၊ယူပါလော့"။ဣတိ၊ဤသို့။ အဝေါစ၊သင်ဆို၏။ဝတ္တာစ၊ဆိုပြီးလျက်လည်း။ ဣတိ၊ဤသို့၊လွဲဖယ်၍ယူပါဟုဆိုပြန်၏။ တော၊သင်၏။ တံဝစနံ၊ ထိုစကား နှစ်ခွန်းသည်။နဟိသမေတိ၊ရှေ့နောက်မညီပါတကား။ ။

ထိုအခါပေါရိသာဒသည် တဘန်လည်းငိုကြွေးလျက်ပင်ထိုဆုကိုပယ်လို့ပြန်ရကား။ ။

‘အပုညလာဘံ အယသံအကိတ္တိံ’၊ အစရှိသောဂါထာကိုဆို၍။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

အဆွေသုတသောမ။အကြင်လူသား၏အကြောင်းကြောင့်။မကောင်းမှုကိုရခြင်းသို့ရင်း။ စည်းစိမ်အခြံအရံမှကင်းခြင်းသို့ရင်း။အကျော်အစောမဲ့သို့ရင်း။များစွာသောယုတ်မာသောအမှုသို့ရင်း။ မကောင်းသောအကျင့်သို့ရင်း။ ညစ်ညူးခြင်းသို့ရင်း။ရောက်ရချေပြီ။ထိုသို့လျှက်။ သင့်အား။ထိုဆုကို။အသို့မူ၍လျှင်။ပေးနိုင်ပါအံ့နည်းဟုဆို၍။ ။

ထိုအခါမဟာသုတသောမမင်းသည်။ ပေါရိသာဒရှေးဦးစွာဆိုပြီးသော ထိုစကားကို ပြန်လှန် ထုတ်ဆောင်၍ ပြဆိုတော်မူလိုရကား။ ။

နတံဝရံအရဟာတိဇန္တုဒါတုံ။ယံဝါပိဒတွာနအဝါကရေယျ။ ဝရဿုသမ္မအပိကပ္ပမာနော၊ ပါဏံစဇိတွာနပိဒဿမေဝ။ ။ဟူသောဂါထာကိုဆို၍။ ။

သမ္မပေါရိသာဒ၊အဆွေပေါရိသာဒ။ ယောဇန္တု၊အကြင်သူသည်။ ယံဝရံ၊အကြင်ဆုကို။ ဒတွာဝါပိ၊ပေးပြီး၍လည်း။နအဝါကရေယျ၊တောင်းတိုင်းမပေးချေအံ့။သောဇန္တု၊ထိုသူသည်။ တံဝရံ၊ထိုဆုကို။ ဒါတုံ၊ပေးခြင်းငှါ။ နအရဟာတိ၊မထိုက်၊ “သမ္မသုတသောမ၊ အဆွေသုတသောမ။အပိကပ္ပမာနော၊တွန့်တိုခြင်းမရှိသည်ဖြစ်၍။ဝရဿု၊ယူလော့။ ပါဏံ၊အသက်ကို။ စဇိတွာနပိ၊စွန့်၍လည်း။ ဒဿမေဝ၊ပေးအံ့သည်သာလျှင်တည်း”။ဣတိ၊ဤသို့။ မံ၊ငါ့ကို။ အဝေါစ၊သင်ဆို၏။ ဝတွာစ၊ဆိုပြီး၍လည်း။ဣတိ၊ဤသို့မပေးနိုင်ဟူ၍။-အဗြဝိ၊ဆိုပြန်၏။တေ၊သင်၏။ တံဝစနံ၊ထိုစကားနှစ်ခွန်းသည်။ နသမေတိ၊ရှေ့နောက်မညီပါတကား။ဟူ၍ဆို၏။ ။

ဤသို့မဟာသုတသောမမင်းကြီးသည်။ ရှေးမဆွကာ ပေါရိသာဒဆိုအပ်သောဂါထာအရကိုထုတ်ဆောင်ပြပြီး၍။ဆုပေးခြင်း၌အားထုတ်စေလိုရကား။ ။

“ပါဏ်စဇန္တိသဇ္ဇောနာပိဗဒ္ဓိ”၊ အစရှိသော နှစ်ဂါထာကိုဆို၏။ထိုဂါထာတို့၏အဓိပ္ပါယ်ကား။ ။

မင်းမြတ်ဖြစ်သော။အဆွေပေါရိသာဒ။ သူတော်ကောင်းတို့သည်။ကိုယ်အသက်ကိုစွန့်ကုန်၏၊သဘောတရားကို။ စင်စစ်မစွန့်ကုန်။ သူတော်ကောင်းတို့သည်။ မှန်သောဝန်ခံခြင်းရှိကုန်သည်သာလျှင် ဖြစ်ကုန်၏။ မင်းမြတ်ဖြစ်သော။အဆွေပေါရိသာဒ၊ ဆုကို။ ငါ့အားပေးပြီးသောကြောင့်။ လျင်စွာ၊ တောင်းတိုင်းသောဆုကိုပေးလော့။ ထိုသစ္စာမေ့နှင့်။ ပြည့်စုံတော်မူလော့။ ။မြတ်သောမင်းမြတ်ဖြစ်သော။ အဆွေပေါရိသာဒ။အကြင်ပညာရှိသော သူသည်။မြတ်သောအင်္ဂါ၏အအကြောင်းကြောင့်။ ဥစ္စာကို စွန့်ရာ၏။အသက် ကိုစောင့်လိုသည်ဖြစ်၍။မြတ်သောအင်္ဂါကိုစွန့်ရာ၏။မြတ်သောသဘောတရားကို။ အောက်မေ့ကျင့်ဆောင်နိုင်သောသူသည်။ မြတ်သောအင်္ဂါကိုဋင်း။ဥစ္စာကိုဋင်း၊အသက်ကိုသော်ဋင်း။အလုံးစုံကိုစွန့်ရာ၏။ဟုဆိုတော်မူ၏။ ။

ဤသို့လျှင် ဘုရားလောင်း မဟာသူတသောမမင်း သည် ဤအကြောင်းတို့ဖြင့် ထိုပေါရိသာဒကို သစ္စာတရား၌တည်စေပြီး၍။ယခုအခါ၌မိမိသည်ဆရာအရာ၌တည်သော အဖြစ်ကိုပေါရိသာဒအားပြလိုရကား။ ။

ယသ္မာဟိဓမ္မံပုရိသောဝိဇညာ၊ ယေစဿကင်္ခံဝိနယန္တိ သန္တော။ တဉ္စဿဒီပဉ္စပရာယနဉ္စ၊ နတေနမိတ္တံဇိရယေထ ပညော။ ။ဟူသောဂါထာကိုဆို၏။ ။

သမ္မပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ ပညော၊ ပညာရှိသော။ယောပုရိသော၊အကြင်ယောကျ်ားသည်။ ယသ္မာဟိ၊ အကြင်ပုဂ္ဂိုလ်မှလည်း။ ဓမ္မံ၊အကျိုးအပြစ်ကို ပြတတ်သော အကြောင်းကို။ ဝိဇညာ၊သိရာ၏။ ယေစသန္တော၊ အကြင်သူတော်ကောင်းတို့သည်မူလည်း။အဿ၊ထိုတယောက်သော ပုဂ္ဂိုလ်၏။ ကင်္ခံ၊ယုံမှားခြင်းကို၊ ဝိနယန္တိ၊ ဖျောက်ကုန်၏။

တဦ၊ထိုဆရာသည့်လျှင်။ အသ၊ ထိုကြားနာရသူ၏၊ ဒိပဠ၊ မှိ ခိုရာလည်းဖြစ်၏။ပရာယနဠ၊ လည်းလျောင်းရာလည်းဖြစ်၏။ တေန၊ ထိုဆရာဖြစ်သော သူနှင့်။ မိတ္တိံ၊ အဆွေခင်ပွန်းသဘောကို။ နဖိရယေထ၊ မဖျက်ဆီးရာ။ ။

မဟာသုတသောမမင်းသည် ဤသို့သောစကားကို ပြောဆိုပြီး၍။အဆွေပေါရိသာဒ၊ ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသောဆရာ၏စကားကိုဖျက်ဆီးခြင်းငှါမသင့်။ ငါသည့်လျှင် ငယ်စဉ်ကာသဥ္စလည်း သင်၏ ဆရာစောင်ဖြစ်၍။ များစွာသောအတတ်ပညာကိုသင်ဘူး၏။ ယခုအခါ၌လည်း ဘုရား၏ တင့်တယ်စံပယ်ခြင်းဖြင့် "သတာရဟ" ဂါထာတို့ကို ဟော၏။ ထိုကြောင့်ငါ၏စကားကိုလိုက်နာခြင်းငှါထိုက်၏ဟုဆို၏။ ထိုစကားကိုကြား၍ ပေါရိသာဒသည်။ဤသုတသောမမင်းကား ငါ၏ ဆရာလည်းမှန်ပေ၏။ ထိုသုတသောမမင်းအား ဆုကိုလည်းငါပေးအပ်ခဲ့၏။ အသို့ပြုခြင်းငှါတတ်နိုင်ပါအံ့နည်း။တခုသောကိုယ်အဖြစ်၌သေခြင်းမည်သည်ကားမြဲ၏။ ငါသည်သေရသော်လည်း လူသားကိုမစားတော့ပြီ။ ထိုသုတသောမမင်းအားဆုကိုပေးအံ့ဟု။ယိုစီးသော မျက်ရည်အယဉ်ဖြင့်ထ၍ မဟာသုတသောမမင်းဖြတ်၏ ခြေရင်းတို့၌ဝပ်လျက်။ ဆုပေးလိုရကား။ ။

အဒ္ဓါဟိ သောဘကျောမမနာပေါ။တေသဟေတုမှိဝန်ပဝိဗြှာ။သစေစမံယာစသိတေမဠ္ဌံ၊ တေံပိတေသမ္ပဝရံဒဒါမိ။ ။ဟူသောဂါထာကိုဆို၏။ ။

အနက်ကား။ ဣမ၊ အတိုင်း မသိသော ကျော်စောခြင်း ရှိတော်မူသော။သမ္ဘသုတသောမ၊ မင်းဖြတ်သုတသောမ။အဒ္ဓါဟိ။ စင်စစ်လျှင်။ သောဘကျော၊ ထိုလူသားဟူသော အစာသည်။မမ၊ ငါ၏။မနာပေါ။ နှစ်သက်အပ်သော အစာတည်း။ တေသ၊ ဤအစာ၏၊ ဟေတု၊အကြောင်းကြောင့်။ ဝန်၊ တောသို့။ ပဝိဗြှာ၊ ဝင်ရသည်။ အမှိ၊ဖြစ်၏။ တေမဠ္ဌံ၊ ဤအစာ

တည်းဟူသော ဆုအလို့ငှါ၊ မံ၊ငါ့ကို။ သခေစ၊အကယ်၍လည်း။ယာစသိ၊တောင်း၏။တေံပိ၊ထိုဆုကိုလည်း။ တေ၊သင့်အား။ဒါဒါမိ၊ငါပေး၏။ ။

ထိုအခါ ပေါရိသာဒကို မဟာသုတသောမမင်းသည် ဤသို့ဆို၏။အဆွေပေါရိသာဒ၊သိလ၌တည်သောသူအားသေရခြင်းသည်လည်းမြတ်၏။ အဆွေပေါရိသာဒ။ သင်သည်ပေးအပ်သောဆုကိုငါယူ၏။ဤနေ့မှစ၍မြတ်သောအကျင့်၌တည်သည်ဖြစ်ပေပြီ။ ဤသို့ဖြစ်သော်လည်းသင့်ကို ငါတောင်းပန်ဦးအံ့။အကယ်၍သင်သည်ငါ၌ချစ်ခြင်းရှိသည်ဖြစ်အံ့။ ငါးပါးသောသိလတို့ကို ယူဦးလော့ဟုဆို၏၊ အဆွေ သုတသောမ၊ကောင်းပြီ၊ ငါ့အားငါးပါးသောသိလတို့ကိုပေးလော့၊ ယူအံ့ဟုဆို၍။ပေါရိသာဒသည် ဘုရားလောင်း မဟာသုတသောမမင်းကိုငါးပါးသော ထိခြင်းဖြင့်ရှိခိုးလျက် တင့်အပ်သောအရပ်၌နေ၏။မဟာသုတသောမမင်းသည်လည်း။ ပေါရိသာဒကိုငါးပါးသောသိလတို့၌တည်စေတော်မူ၏။ ။

ထိုခဏ၌ထိုအရပ်တွင်စည်းဝေးသောကုန်သောဘုမ္မဇိုဝ်းနတ်တို့သည် မဟာသုတသောမမင်း၌ နှစ်သက်ခြင်းကိုဖြစ်စေ၍။အောက်အဝိစိမှ အထက်ဘဝဂ်တိုင်အောင်။ မဟာသုတသောမမင်းမှတပါးသော။ ဤပေါရိသာဒကို လူသားစားခြင်းမှမြစ်အံ့သောငှါစွမ်းနိုင်သောသူမည်သည်မရှိ။ အံ့ဘွယ်ရှိစွ။မဟာသုတသောမမင်းမြတ်သည် ပြုနိုင်ခဲသောအမှုကိုပြုပေစွတကားဟု။ သည်းစွာသော အသံဖြင့် အသုံးစုံသောတောကို ပဲ့တင်ထပ်စေလျက် ကောင်းချီးပေးကြကုန်၏။ ထိုဘုမ္မဇိုဝ်းနတ်တို့၏အသံကိုကြားကုန်၍စာတုမဟာရာဇ်နတ်တို့သည်လည်း ကောင်းချီး ပေးကြကုန်၏၊ ဤသို့သောနည်းဖြင့် အထက်ဗြဟ္မာ့ပြည်တိုင်အောင်တပြိုင်နက် အုတ်အုတ်ကျက်ကျက်သော အသံသည် ဖြစ်၏။ ပဒေါင်ပင်၌ ဆွဲ၍ထားအပ်ကုန်သောမင်းတို့သည်လည်း ထိုနတ်တို့ကောင်းချီး

ပေးသော အသံကိုကြားကြကုန်၏။ ပဉ္စောင်ပင်စောင့် နတ်သည်လည်း မိမိဗိမာန်၌ တည့်လျက်လျှင် ကောင်းချီးပေး၏။ ဤသို့လျှောင်နတ်တို့၏ အသံကိုသာလျှင် ကြားရ၏။ အရုပ်အဆင်းကို မမြင်ရ။ ထိုနတ်တို့ ကောင်းချီးပေးသော အသံကို ကြားရကုန်၍။တရာမကသောမင်းတို့သည် ကြံကြကုန်၏။သုတသောမမင်းမြတ်ကိုမှီ၍။ ငါတို့သည်အသက်ကို ရပေကုန်ပြီ။ သုတသောမမင်းမြတ်သည်။ ပေါရိသာဒကို ဆုံးမတော်မူသဖြင့်ဖြစ်ခဲစွာသော အမှုကိုပြုတော်မူပေကုန်၏ဟုမဟာသုတသောမမင်းအား ချီးမွမ်းခြင်းကိုပြုကုန်၏။ ပေါရိသာဒသည်။မဟာသုတသောမမင်းခြေတော်တို့ကိုရှိခိုး၍တင့်အပ်သောအရပ်၌နေ၏။ ။

ထိုအခါပေါရိသာဒကိုမဟာသုတသောမမင်းသည်။ အဆွေပေါရိသာဒ၊တရာမကသောမင်းတို့ကိုလွှတ်ပါလော့ဟုဆို၏။ပေါရိသာဒသည်ဤသို့ကြံ၏။ ငါကား ထိုမင်းတို့၏ရန်သူတည်း။ ငါလွှတ်အပ်ကုန်သည်ရှိသော် ထိုမင်း တို့သည် ငါတို့၏ရန်သူကိုဘမ်းကြကုန်လော့ဟု။ငါ့ကိုဘမ်းယူ၍ညှဥ်းဆဲကုန်ရာ၏။ငါသည်တမူကားအသက်ကိုစွန့်ရသော်လည်း သုတသောမမင်းလက်မှယူအပ်သောသီလကို ဖျက်ဆီးခြင်းငှါ မတတ်ကောင်းချေ။ ဤသုတသောမမင်းနှင့်အတူ သွား၍လွှတ်အံ့။ဤသို့လွှတ်ရသည်ရှိသော်ငါ့အားဘေးမရှိသည်ဖြစ်လတံ့ဟုကြံ၏။ထိုသို့ကြံပြီးမှမဟာသုတသောမမင်းကိုရှိခိုး၍ အဆွေသုတသောမ၊ ငါတို့နှစ်ယောက်လျှင် အတူသွားကုန်၍ထိုမင်းတို့ကိုလွှတ်ကြပါကုန်အံ့ဟုဆို၍လွှတ်လိုရကား။ ။

"သဗ္ဗာစမေဟောသိသခါစမေသိ"၊အစရှိသောဂါထာကိုဆို၏။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

အဆွေသုတသောမ။ သင်သည်၊ ငါ၏ဆရာသည်လည်းဖြစ်ပါ၏။ ငါ၏အဆွေခင်ပွန်းသည်လည်းဖြစ်ပါ၏။အဆွေသုတသောမ။ငါသည်၊သင်၏စကားကိုလည်း လိုက်နာပါပြီ။အ

သွေသုတသောမ။ သင်သည်လည်း။ငါ၏စကားကို လိုက်နာပါဦးလော့။ အသွေ သုတသောမ။ သင်နှင့်အတူနှစ်ယောက်ကုန်သောငါတို့သည်။ သွား၍ထွက်ကြပါကုန်အံ့ဟုဆို၏။ ။

ထိုသို့ပြောဆိုသောအခါ ပေါရိသာဒစကားကို မဟာသုတသောမမင်းသည်ဝန်ခံလိုရကား၊ ။

"သဗ္ဗာစတေဟောမိသခါစတျမှိ"။ အစရှိသော ဂါထာကိုဆို၏။ ။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

အသွေပေါရိသာဒ၊ ငါသည်။ သင်၏ဆရာသည်လည်းဖြစ်ပေ၏။သင်၏အသွေခင်ပွန်းသည်လည်းဖြစ်ပေ၏။ အသွေပေါရိသာဒ။သင်သည်ငါ၏ စကားကိုလည်း လိုက်နာပေပြီ။ အသွေပေါရိသာဒ။ ငါသည်လည်းသင်၏စကားကိုလိုက်နာပါအံ့။ငါတို့နှစ်ယောက်သည်လျှင်အတူသွား၍။ ထွက်ကြကုန်အံ့ဟုဝန်ခံ၏။ ။

ဤသို့ပြောဆိုပြီးလျှင် ထိုတရာသောမင်းများတို့သို့ ကပ်၍ဝန်ခံစေလိုရကား။ ။

ကမ္မာသပါဒေနဝိဟေဌယိမှာ၊ တလာဝုတာ အဿုမုခါ ရုဒန္တာ။နစာတုဒုဗ္ဘေထဇ္ဈမသာရ ဧသာ။သစ္စပ္ပဋိညံမေပဋိဿုတာထ။ ။ဟူသောဂါထာကိုဆို၏။ ။

ဘောဇ္ဇန္တာရာဇာနော၊အိုမင်းများတို့။တလာဝုတာ၊ ကြိုးဖြင့် သီအပ်သောလက်ဝါးပြင်ရှိကုန်သည်ဖြစ်၍။ အဿုမုခါ၊ မျက်ရည်ဖြင့်ပြည့်သော မျက်နှာရှိကုန်လျက်။ ရုဒန္တာ၊ငိုကုန်သော။ တုမှေ၊ သင်မင်းမြတ်တို့ကို။ ကမ္မာသပါဒေန၊ ငခြေကျားသည် (၁) ဝိဟေဌယိမှာ၊ ညှဉ်းဆဲး အပ်ကုန်ပြီ။ ဧဝံ သန္တေပိ၊ ဤသို့ ညှဉ်းဆဲးအပ်ကုန်ပြားသော်လည်း။ ဇ္ဈမသာ ရဧသာ၊ ဤမင်းအား။ ဇာတု၊စင်စစ်သဖြင့်။ နဒုဗ္ဘေထ၊ မပြစ်

---

(၁) ခြေကျားသည်။ ဟူရာ၌-ပေါရိသာဒကို၊ ငခြေကျားဟူ၍လည်းခေါ်သည်။ ခြေကိုရှားငုတ်စူးသောအနာပျောက်သောကာလ။ ဖြူသောအမာရွတ်ကျန်ရှိခြင်းကြောင့်။ငခြေကျားဟူ၍ခေါ်သတည်း။

မှားကြပါကုန်လင့်။မေငါ၏။သစ္စာပြုခိုညုံ၊ ဟုတ်မှန်သောဝန်ခံ ခြင်းကို။ပဋိသုဏာသ၊ နာတော်မူကြကုန်။ ။

ဤစကားကိုဘုရားလောင်း မဟာသုတသောမမင်းသည် နှစ်ယောက်ကုန်သောငါတို့သည့်လျှင်သွား၍ လွှတ်ကြကုန်အံ့ဟု ပေါရိသာဒအားဝန်ခံပြီး၍။ မင်းတို့မည်သည်ကား မာန် ခက်ထန်ကုန်၏။လွှတ်ကာမျှ၌လျှင်ဤပေါရိသာဒသည် ငါတို့ ကိုနှိပ်စက်ညှဉ်းဆဲအင်ကုန်၏ဟု ပေါရိသာဒကိုပုတ်ခတ်မူ လည်းပုတ်ခတ်ကုန်ရာ၏။ သတ်မူလည်း သတ်ကုန်ရာ၏။ ဤ ပေါရိသာဒသည်ကား ထိုမင်းတို့၌ မပြစ်မှားတော့လတံ့၊ငါ တယောက်တည်းသာလျှင်သွား၍ ရှေးဦးစွာထိုမင်းတို့၏ဝန် ခံခြင်းကိုယူပေအံ့ဟုကြံ၍။ထိုအရပ်သို့သွားသဖြင့်။ လက်ဝါး ပြင်၌ကြိုးဖြင့်သီ၍၊ ခြေဖျားတို့ဖြင့် မြေကို ထိစေကုန်လျက်၊ ပညောင်ခက်တို့၌ ဆွဲအပ်ကုန်သော၊ သေခတ်သောကာသ၌ ဆင်စွယ်ကောက်၌ ဆွဲအပ် ကုန်သော ဖိပ်ဆူး ရွပန်းကုံး ခြောက်တို့သည့် လည်ကုန်သကဲ့သို့လည်ကုန်သော ထိုမင်း တို့ကိုမြင်လေ၏။ ထိုမင်းတို့သည်လည်း မဟာသုတသောမ မင်းကိုမြင်ကုန်လျှင်။ယခုအခါ ငါတို့သည့် ဘေးမရှိသည်ဖြစ် ကုန်ပြီဟု။တပြိုင်နက်လျှင်သည်းစွာသော ဟစ်ကြွေးခြင်းကို ဟစ်ကြွေးကြကုန်၏။ ထိုအခါ ထိုမင်းတို့ကို ဘုရားလောင်း မဟာသုတသောမမင်းသည်၊မင်းမြတ်တို့၊မကြောက်ကြကုန် လင့်ဟုနှစ်သိမ့်စေ၍။ ငါသည်ပေါရိသာဒကိုဆုံးမ၍သင်မင်း မြတ်တို့အား ဘေးမရှိခြင်းကိုယူအပ်ပြီ။ ထိုကြောင့်သင်မင်း မြတ်တို့သည်ကားငါ၏စကားကိုဆိုက်နာကြကုန်လော့ဟုဆို ၏။ထိုမင်းတို့သည်လည်းဝန်ခံထိုရကား။ ။

ကမ္ဘာသပါဒေနဝိဟေဌယိမှာ၊အစရှိသော ဂါထာကိုဆို ကုန်၏။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်သောမင်းမြတ်သုတသော မ။ကြိုးဖြင့် သီအပ်ကုန်သော လက်ဝါးပြင်ရှိကုန်သည်ဖြစ်၍။

မျက်ရည်ဖြင့် ပြည့်သော မျက်နှာရှိကုန်လျက်။ငို၍နေရကုန်သော။အကျွန်ုပ်တို့ကို။ငခြေကျားသည်။ညှဉ်းဆဲအပ်ကုန်ပြီ။ ဤသို့ ညှဉ်းဆဲအပ်ကုန်သော်လည်း။ ဤငခြေကျားအမည်ရ ပေါရိသာဒမင်းအား။စင်စစ်သဖြင့်။ မဖြစ်မှားပါကုန်ပြီ၊ သင်မင်းမြတ်၏။ဟုတ်မှန်သောဝန်ခံခြင်းကို။ နာပါကုန်အံ့။ ဟုဆိုကြကုန်၏။ ။

ထိုအခါထိုမင်းတို့ကို ဘုရားလောင်း မဟာသုတသောမမင်းသည်။မင်းမြတ်တို့၊ထိုသို့တပြီးကားဝန်ခံခြင်းကို ပေးကြကုန်လော့ဟုဆို၍ဝန်ခံစေလိုရကား။

"ယထာပိတာဝါ အထာဝါပိမာတာ၊"အစရှိသော ဂါထာကိုဆို၏။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။အိုမင်းများတို့။ အဘသည်၎င်း။ထိုမှတပါး။အမိသည်၎င်း။သားသွီးတို့အား။သနားဘတ်ကုန်သည်။ အကျိုးစီးပွါးကိုအလိုရှိကုန်သည် ဖြစ်ကုန်သကဲ့သို့။ဤအတူလျှင်။ဤမင်းသည်လည်း။ သင်မင်းမြတ်တို့၏။အဘအမိကဲ့သို့၊ ဖြစ်စေလော့၊ သင်မင်းမြတ်တို့သည်လည်း ဤမင်း၏ သားတို့ကဲ့သို့လျှင် ဖြစ်ကြကုန်လော့ဟု ဆို၏၊ ။ထိုမင်းတို့သည်လည်းဝန်ခံလိုရကား။ ။

"ယထာပိတာဝါအထာဝါပိမာတာ။"အစရှိသော ဂါထာကိုဆိုကုန်၏၊ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။

လူတို့၏ကိုးကွယ်ရာဖြစ်တော်မူသော မင်းမြတ်။ အဘသည်၎င်း။ထိုမှတပါး။ အမိသည်၎င်း။ သားသွီးတို့အား၊ အစဉ်သနားတတ်ကုန်သည်။ အကျိုးစီးပွါးကိုအလိုရှိကုန်သည် ဖြစ်ကုန်သကဲ့သို့။ဤအတူလျှင်။ဤမင်းသည်လည်း။ အကျွန်ုပ်တို့၏။အဘအမိကဲ့သို့။ဖြစ်ပါစေသတည်း။ အကျွန်ုပ်တို့သည်လည်း။သားတို့ကဲ့သို့လျှင်။ဖြစ်ကြပါကုန်အံ့။ဟုဝန်ခံကြ၏။ ။

ဤသို့လျှင်မဟာသုတသောမမင်းသည်ထိုမင်းတို့၏ ဝန်ခံခြင်းကိုယူပြီးလျှင် ပေါရိသာဒကိုခေါ်၍။ အဆွေပေါရိသာဒ။ သာလှည့်၊ ထိုမင်းတို့ကိုလွှတ်လော့ဟုဆို၏။ပေါရိသာဒသည်

သံလျက်ကိုကိုင်၍ တယောက် သောမင်း၌ ဘွဲ့သောကြိုးကို
ဖြတ်၏၊ ထိုမင်းသည်ခုနစ်ရက်ပတ်လုံးအစာကင်းသဖြင့်ဆင်း
ရဲ၊ဝေဒနာသို့ရောက်သည်ဖြစ်၍ ဘွဲ့သောကြိုးကို ဖြတ်သည်
နှင့်တကွ မိန်းမောသည်ဖြစ်၍မြေ၌လည်း၏။ ထိုသို့လည်းသည်
ကိုမြင်၍ မဟာသုတသောမမင်းသည် သနားခြင်းရှိလှ၍။ အ
ဆွေပေါရိသာဒ ဤသို့မဖြတ်ပါလင့်ဟုဆို၍တယောက်သော
မင်းကို လက်နှင့်ဘက်တို့ဖြင့် မြဲစွာကိုင်၍ ရင်၌ပိုက်ဘက်
လျက်။ အဆွေပေါရိသာဒ၊ ယခုအခါဘွဲ့အပ်သောကြိုးကိုဖြတ်
လော့ဟုဆို၍။ တယောက်သောမင်းကိုလက်နှင့်ဘက်တို့ဖြင့်
မြဲစွာကိုင်ပြန်၍ရင်၌ပိုက်ဘက်လျက်။ အဆွေပေါရိသာဒ။ ယ
ခုအခါဘွဲ့သောကြိုးကိုဖြတ်လော့ဟုဆို၏။ ပေါရိသာဒသည်
သန်လျက်ဖြင့်ဖြတ်၏၊ မဟာသုတသောမမင်းသည် အားခွန်
နှင့်ပြည့်စုံတော်မူသောကြောင့်ထိုမင်းကို ရင်ခွင်၌အိပ်စေ၍၊
ရင်၌ဖြစ်သောသားကဲ့သို့ နူးညံ့သောစိတ်ဖြင့်ချ၍ မြေ၌အိပ်
စေ၏။ ဤနည်းဖြင့်လျှင် အလုံးစုံသောမင်းတို့ကို မြေ၌အိပ်စေ
ပြီးလျှင်အနာတို့ကိုဆေး၍။ သူငယ်တို့၏တွင်းသစ်သောနား
မှချည်ကို (၁) အသာအသာ ငင်သကဲ့သို့အသာအသာ သိ
သောကြိုးစွန်းကိုငင်၍ သွေးပြည်တို့ကိုဆေးသဖြင့် အနာ၌
သွေးပြည်အစေးမရှိသည်တို့ကိုပြု၏။ အဆွေပေါရိသာဒ၊ တ
ခုသောသစ်ပင်မှအခေါက်ကို ကျောက်ပျဉ်၌သွေး၍ ဆောင်
ယူခဲ့ပါလော့ဟု ဆောင်ယူခဲ့စေပြီးလျှင်သစ္စာပြုတော်မူ၍။
ထိုမင်းတို့၏ လက်ဝါးပြင်တို့ကိုလိမ်းကျံ၏။ ထိုခဏ၌လျှင်အ
နာသည်ချမ်းသာ၏။

ပေါရိသာဒသည်ဆန်ကိုယူ၍ ထမင်းလုံးမရှိသော ယက်
မန်း ယာဂုကိုကျို၏။ မဟာသုတသောမမင်း၊ ပေါရိသာဒဘို့

(၁) တွင်းသစ်သောနားမှ-ချည်ကို။ ဟူသည်ကား၊ သူငယ်တို့ကို နား
ထွင်းပြီးနောက်-၂-ရက်-၃-ရက်ရှိသော်။ မိဘတို့က-နား၌ရှိသောချည်ကို၊
ပြီနှင့်မရောယှက်စေခြင်းငှါ၊ အသာအသာငင်သကဲ့သို့ပြုသည်ဟူလို၊

သည့်လည်း တရာမကသော မင်းတို့ကို ယက်မန်းယာဂုကို တိုက်ကုန်၏။ ဤသို့လျှင်ထိုအလုံးစုံသောမင်းတို့ကို ယက်မန်းယာဂုဖြင့်ရောင့်ရဲစေကုန်စဉ်နေသည့်ဝင်၏၊ နက်ဖြန့်မိုးသော် နေ့၌နံနက်စောစောအခါ၌၎င်း။ မွန်းတည့်သော အခါ၌၎င်း၊ ညချမ်းအခါ၌၎င်း။ ယက်မန်းယာဂုကိုသာလျှင်တိုက်၍။ သုံးရက်မြောက်သောနေ့၌ ထမင်းလုံးနှင့် တကွသော ယာဂုကို တိုက်ကုန်၏။ အကြင်မျှလောက်ကုန်သောမင်းတို့သည်အားရှိကုန်၏။ ထိုမျှလောက်ကုန်သောမင်းတို့သည် အနာကင်းကြကုန်၏။ ထိုအခါထိုမင်းတို့ကို မဟာသုတသောမမင်းသည်။ မင်းများတို့သွားခြင်းငှါ တတ်နိုင်ပါကုန်လတံ့လောဟု မေး၍ သွားနိုင်ပါကုန်၏ဟုဆိုကုန်လတ်သော်။ အဆွေပေါရိသာဒ၊ လာလှည့်၊ မိမိပြည်ရွာသို့သွားကြကုန်အံ့ဟုဆို၏။

ထိုအခါ ပေါရိ သာဒသည် ငိုကြွေးလျက်။ မဟာသုတသောမမင်းခြေတို့၌ဝပ်၍။ အဆွေသုတသောမ၊ သင်သည်သာလျှင် ဤမင်းတို့ကိုယူ၍ သွားလေလော့။ ငါမူကား ဤတော၌သာလျှင် သစ်မြစ်သစ်သီးတို့ကို စားလျက် နေပါအံ့ဟုဆို၏။ အဆွေပေါရိသာဒ၊ ဤတောအရပ်၌အဘယ်ပြုအံ့နည်း။ သင်၏တိုင်းပြည်သည် အလွန်မွေ့လျော်ဘွယ်ရှိ၏။ ဗာရာဏသီပြည်၌မင်းပြုလော့ဟုဆိုလတ်သော်၊ အဆွေသုတသောမ၊ အသို့ဆိုဘိသနည်း၊ ငါသည် ထိုဗာရာဏသီပြည်သို့သွားခြင်းငှါမတတ်ကောင်း။ ထိုစကားသည်မှန်၏။ အလုံးစုံသော မြို့၌နေကုန်သောသူတို့သည် ငါ၏ ရန်သူတို့ချည်းတည်း။ ထိုအလုံးစုံသောမြို့သူတို့သည် ဤပေါရိသာဒသည် ငါ၏ အမိကိုစားအပ်၏၊ ငါ၏အဘကိုစားအပ်၏။ ငါ၏ညီအစ်ကိုယ်မောင်နှမကိုစားအပ်၏။ ဤခိုးသူကိုဘမ်းကြကုန်လော့ဟုဆို၍ ငါ့ကိုဆဲရေးကုန်လတံ့။ တခုတခုစီသောလှံတံဖြင့်သော်၎င်း၊ တခုတခုစီသောခဲဖြင့်သော်၎င်း၊ ငါ့ကိုအသက်ကုန်ခြင်းသို့ရောက်စေကုန်လတံ့။ ငါသည်လည်း။ သင်မင်းမြတ်တို့အထံ၌ သီလ

ကိုဆောက်တည်အပ်ပြီ။အသက်ဟူသောအကြောင်းကြောင့်လည်း ငါသည်သူတပါးကိုသတ်ခြင်း၌မတတ်ကောင်း။ ထို့ကြောင့်ငါသည်မလိုက်လိုပြီ။ ငါသည်လူသားမှကြဉ်ရှောင်ရသောကြောင့် အဘယ်မျှအသက်ရှည်အံ့နည်း။ ယခုအခါ ငါ့အားသင်မင်းမြတ်တို့ကိုမြင်ရခြင်းသည် မရှိပြီဟု ငိုကြွေး၍။ သင်မင်းမြတ်တို့သည်သာလျှင်တွေ့တော်မူကုန်လော့ဟုဆို၏။
ထိုအခါ မဟာသုတသောမမင်းသည် ပေါရိသာဒကြောကိုသုံးသပ်၍၊ အဆွေပေါရိသာဒ၊ သင်မစိုးရိမ်လင့်။ သုတသောမအမည်ရှိသောငါသည် သင်ကဲ့သို့သော ကြမ်းကြုတ်ချန့်ရင်းသောသူကိုစင်လျက် ဆုံးမနိုင်သေး၏၊ ဗာရာဏသီပြည်၌နေကုန်သောသူတို့ကိုဆုံးမခြင်း၌ အဘယ်ဆိုဘွယ်ရာရှိအံ့နည်း။ ငါသည်သင့်ကိုဗာရာဏသီမင်းအဖြစ်၌ တည်စေအံ့၊ အကယ်၍ မတတ်နိုင်သည်ရှိသော်၊ ငါ၏ တိုင်းပြည်ကိုထက်ဝက်ခွဲ၍ပေးအံ့ဟုဆိုသတ်သော်။ သင်မင်းမြတ်တို့၏မြို့တော်၌လည်းငါ၏ရန်သူတို့သည်ရှိကုန်သည်သာလျှင်တည်းဟုဆိုသဖြင့်။ဤပေါရိသာဒသည် ငါ၏စကားကိုလိုက်နာသဖြင့် ပြုနိုင်ခဲသော အမှုကို ပြုပေ၏။ အဘယ်သို့သော အကြောင်းဖြင့် ငါသည် ဤပေါရိသာဒကို ရှေးတည်မြဲတိုင်းသောနေရာ၌ တည်စေရအံ့နည်းဟု ကြံ၍။ ပေါရိသာဒအား ဖြားယောင်းအံ့သော၄ါဗာရာဏသီပြည်၏ပြည့်စုံခြင်းကို ချီးမွမ်းလိုရကား။ "ဝါတုပ္ပဒိံသာကုဏာဠွာပိမံသံ"။ အစရှိသော ဂါထာတို့ကိုဆို၏။ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။
(၁)။ မင်းမြတ် ထိုဗာရာဏသီ မြို့၌ စားတော်ချက်သည်။ဖျော်အပ်သော အထူးထူးအပြားပြားကောင်းစွာစီရင်အပ်သော။ အထူးထူးအပြားပြားသော အဆောက်အဦးဖြင့် ကောင်းစွာပြီစေအပ်သော အခြေလေးချောင်းရှိသော သားမှဖြစ်သော။ အကြွင်အသားကိုရင်း။ ဌက်မှ ဖြစ်ထသော အကြွင် အသားကိုရင်း။သိကြားနတ်မင်းသည်၊ နတ်သုဓာဘုတ်

ဘို၊ စားသကဲ့သို့။သုံးဆောင် စားသောက်ပြီး၍။ထိုဘောဇဉ် ကိုစွန့်၍ တယောက် အထီးတည်း။ တော၌အသို့မွေ့လျော် သတံ့နည်း။

(၂)။ မင်းမြတ် ထိုဗာရာဏသီပြည်၌။ တန်ဆာဆင်အပ် ကုန်သော။ ဦးသစ်သော ရွှေစင် အရုပ်ကဲ့သို့ တခဲနက်သော ကိုယ်ရောင် ရှိကုန်သော။ စည်းကြပ် သေးသွယ် ရှုဘွယ် သောခါးလည်း ရှိကုန်သော။ အကြင်မင်းသ္မီးတို့သည်။ နတ် ပြည်တို့၌သိကြားနတ်မင်းကို။ နတ်သ္မီးတို့သည်ကောင်းစွာခြံ ရံ၍မွေ့လျော်စေကုန်ဘိသကဲ့သို့။သင်မင်းကြီးကိုကောင်းစွာ ခြံရံကုန်၍ မွေ့လျော်စေကုန်ပြီ၊ ထိုမင်းသ္မီးတို့ကို စွန့်၍။ တ ယောက်အထီးတည်းတော၌အသို့မွေ့လျော်လတံ့နည်း။

(၃)။ မင်းမြတ်ထိုဗာရာဏသီပြည်၌။ နူးသောအုံးဝန်းရှိထ သော။ မျှားသော ကော်ဇောဖြင့် ဖြီးသော။ တင့်တယ်စွာ သော အထပ်ထပ်သော ဘုံလျှိုရှိသော အလုံးစုံ အခင်းလွှမ်း ရှိသောအိပ်ရာ၌။ သင်မင်းကြီးသည်ရှေးကာလ၌အိပ်၏။ ယင်း သို့သဘောရှိသောအိပ်ရာ၏ အလယ်၌ ချမ်းသာစွာအိပ်ပြီး၍။ ထိုသို့ သဘောရှိသော အိပ်ရာကိုစွန့်၍။ တယောက် အထီး တည်းတော၌အဘယ်ကြောင့်မွေ့လျော်လတံ့နည်း။

(၄)။ မင်းမြတ် ထိုဗာရာဏသီပြည်၌ညဉ့်အခါ၌။ အကြင် မောင်းကြေးနင်းခွက်ခွင်းသံကိုရင်း၊ အကြင်အိုးစည် (၁) သံ ကိုရင်း၊ထိုမှတပါးလည်း။ စင်စစ်ယောက်ျားနှင့်မစပ်သော။ မိန်းမတူရိယာမျိုးဖြင့်။ကောင်းစွာသီခြင်းကိုရင်း။ကောင်းစွာ တီးမှုတ်ခြင်းကိုရင်းပြု၍သင့်ကိုမွေ့လျော်စေကုန်ပြီ။ ဤသို့သ ဘောရှိသော စည်းစိမ်ကို စွန့်၍။ တယောက် အထီးတည်း တော၌အသို့မွေ့လျော်လတံ့နည်း။

(၅)။ မင်းမြတ်ထိုဗာရာဏသီပြည်၌။ပြန့်ပြောသောပန်း

---

(၁) အိုးစည်ကို။ (ကုမ္ဘထုဏာ) ဟု-ပါဠိတော်သာ၌ရှိရကား။ မြန်မာ နှင့်အနက်သဘောအတူပင်တည်း။ ။

သစ်ပင်ရှိသော၊ ဥယျာဉ်ရေကန်နှင့် ပြည့်စုံသောသင်၏ပြည်သည်။ အလွန်မွေ့လျော်ဘွယ်ရှိ၏။ အဘယ့်ကြောင့်နည်းဟူမူကား။ အထူးထူးအပြားပြားများသော ပန်းမျိုးရှိသော။မိဂါဖိန်ဥယျာဉ်နှင့်ပြည့်စုံ၏။ထိုကြောင့် အလွန်မွေ့လျော်ဘွယ်ရှိ၏၊မိဂါဖိန်ဥယျာဉ်နှင့်ပြည့်စုံသောသင်၏ပြည်သည်။ အလွန်မွေ့လျော်ဘွယ်ရှိ၏။ အဘယ့်ကြောင့်နည်းဟူမူကား။ မြင်းတို့နှင့်ရင်း၊ဆင်တို့နှင့်ရင်း။ရထားတို့နှင့်ရင်းပြည့်စုံ၏၊ထို့ကြောင့် အလွန်မွေ့လျော်ဘွယ်ရှိ၏၊ ထိုဗာရာဏသီပြည့်ကိုစွန့်၍၊ တယောက်အသီးသည်း။ တော၌အသို့မွေ့လျော်သတုံနည်း။ဟုဆို၍ခေါင်တော်မူ၏၊

ဤသို့လျှင် မဟာသုတသောမမင်းသည်။ ဤပေါရိသာဒသည်ရှေ့၌ခံစားသုံးဆောင်ဘူးသော အရသာကိုအောက်မေ့၍သွားလိုသည်ဖြစ်ပြားအံ့လည်းမသိဟုကြံ၍ ရှေးဦးစွာအစာဖြင့်ဖြားယောင်း၏၊ နှစ်ကြိမ်မြောက်၌ ကံလေသာ၏ အစွမ်းဖြင့်ဖြားယောင်း၏။ သုံးကြိမ်မြောက်၌ အိပ်ရာနေရာဖြင့် ဖြားယောင်း၏။လေးကြိမ်မြောက်၌၊ကခြင်း၊သီခြင်း၊တီးမှုတ်ခြင်းဖြင့်ဖြားယောင်း၏။ ငါးကြိမ်မြောက်၌ ဥယျာဉ် ရေကန်ဖြင့်ရင်း၊မြို့ရွာဖြင့်ရင်းဖြားယောင်း၏၊ ဤသို့လျှင် ဤငါးပါးသောအကြောင်း တို့ဖြင့် ဖြားယောင်း၍၊ မင်းမြတ်၊ လာလှည့်၊ငါသည်သင့်ကိုယူဆောင်၍သွားသဖြင့်ဗာရာဏသီပြည်မင်းအဖြစ်၌တည်စေပြီး၍။ နောက်မှငါတို့ပြည်သို့သွားအံ့။ အကယ်၍ဗာရာဏသီ ပြည်ကိုမရအံ့။ ငါ၏ပြည် သက်ဝက်ကို သင့်အား ငါပေးအံ့၊ သင့်အားတော၌ နေသဖြင့်အဘယ်အကျိုးရှိအံ့နည်း။ငါ့စကားကိုလိုက်နာလော့ဟုဆို၏။

ထိုပေါရိသာဒသည် မဟာသုတသောမ မင်းစကားကိုကြားရလျှင်သွားလိုသည်ဖြစ်၍၊ သုတသောမ မင်းသည်ငါ၏အကျိုးစီးပွါးကို အလိုရှိ၏။ အစဉ်သနားတတ်၏။ ထိုစကားသည်မှန်၏။ရှေးဦးစွာငါ့ကိုကောင်းမှု၌တည်စေ၍၊ယခုအခါ

ရှေးစည်းစိမ်ချမ်းသာ၌လည်း တည်စေအံ့ဟုဆို၏။ ဤသုတသောမမင်းသည်ငါ့ကိုရှေးစည်းစိမ်၌တည်စိမ့်သောငှါတတ်နိုင်လတံ့သည်သာလျှင်တည်း။ ငါသည်ဤသုတသောမ မင်းနှင့်တကွသာလျှင် သွားခြင်းငှါသင့်၏။ ငါ့အားတော၌နေသဖြင့်အဘယ်အကျိုးရှိအံ့နည်းဟုကြံလျက်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။သုတသောမမင်း၏ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုလိုသည်ဖြစ်၍၊အဆွေသုတသောမ၊အဆွေခင်ပွန်းကောင်းနှင့်ပေါင်းဘော်ရသောထက်။ကောင်းမြတ်သောမည်သည်မရှိ၊ ယုတ်မာသော အဆွေခင်ပွန်းနှင့် ပေါင်းဘော် ရသောထက်။ အလုးသဖြင့် ယုတ်မာသော မည်သည်လည်းမရှိဟုဆို၍ ထိုအကြောင်းကို မဟာသုတသောမ မင်းအား ကြားလျှောက်ထိုရကား။

ကာဠပဉ္စယထာစန္ဒော၊ အစရှိသောခုနစ်ဂါထာတို့ကိုဆို၏။ ထိုဂါထာတို့၏အဓိပ္ပါယ်ကား။

ရထားစီးချင်း မင်းတကာတို့ထက် အာသဘ မြောက်တော်မူသော။မင်းမြတ်။လဆုတ်ပက္ခ၌။လသည်။ နေ့တိုင်းနေ့တိုင်း။ဆုတ်ယုတ်သည်သာလျှင်။ ဖြစ်သကဲ့သို့။ ဤအတူရင်းလျှင်။ သူတော်မဟုတ် သူယုတ်တို့နှင့်။ ပေါင်းဘော်ရခြင်းသည်။ လဆုတ်ပက္ခ၌လနှင့်တူ၏။ ။

သတ္တဝါတို့၏ကိုကွယ်ရာဖြစ်တော်မူသော။မင်းများနတ်။ရသကာအမည့်ရှိသော။ စဗိုသည်ဖြစ်သော။ အလွန်ယုတ်မာသောယောကျ်ားကို။စွဲး၍အကျွန်ုပ်သည်။အကြင်အခြင်းဖြင့်။အကြင်အမှုကြောင့်။ မကောင်းသောအသားသို့။ လားရလေအံ့။ထိုအခြင်းဖြင့်။ယုတ်မာသော။ထိုအမှုကို။ပြုမိပါ၏။

ပြည်ကြီးအရှင်ဖြစ်တော်မူသော။ မင်းမြတ်။ လဆန်းပက္ခ၌။လသည်။နေ့တိုင်းနေ့တိုင်း။ပွါးသည်သာလျှင်။ဖြစ်သကဲ့သို့။ဤအတူရင်းလျှင်။သူတော်ကောင်းတို့နှင့်။ပေါင်းဘော်ရခြင်းသည်။လဆန်းပက္ခ၌လနှင့်တူ၏။

ပြည်ကြီးဝန်ကိုရွက်ဆောင်တော်မူတတ်သော။မင်းမြတ်

သုတသောမ။ သိတော်မူလော့။အကျွန်ုပ်သည်။ သင်မင်းမြတ်ကို။ စွဲး၍ အကြင်အခြင်းဖြင့်။ အကြင်အမှုကြောင့်။ ကောင်းသောအလားသို့။လားရအံ့။ထိုအခြင်းဖြင့်။ အပြစ်မရှိသောအကျိုးကိုပေးတတ်သော။ထိုအမှုကို။ပြုရပေပြီ။

လူတို့ကိုအစိုးရတော်မူသော။ရေမြေ့ရှင်။ ကြည်းကုန်း၌။ ရှာသော။မိဃ်းရည်သည်။မရှည်သောအငွန့်ရှိသည်။ကြာမြင့်စွာမတည်သည်။ ဖြစ်သကဲ့သို့။ဤအတူရင်းလျှင်။ သူတော်မဟုတ် သူယုတ်မာတို့နှင့်။ ပေါင်းဘော်ရခြင်းသည်။ ကြည်းကုန်း၌။မိဃ်းရည်ကဲ့သို့။ မရှည်သောအငွန့်ရှိ၏။

ဝိရိယဖြင့်လူအပေါင်းတို့ထက်မြတ်တော်မူသော လူများနတ်၊ မဟာသမုဒ္ဒြာ၌ရှာသော မိဃ်းရည်သည်။ ကြာမြင့်စွာတည်သည် ဖြစ်သကဲ့သို့။ ဤအတူရင်းလျှင်သူတော်ကောင်းတို့နှင့် ပေါင်းဘော်ရခြင်းသည်၊ မဟာ သမုဒ္ဒြာ၌ ရေကဲ့သို့ ကြာမြင့်စွာတည်၏။ ။

မင်းထက် မင်းမြတ်ဖြစ်တော်မူသော မင်းမြတ်၊ သူတော်ကောင်းတို့နှင့် ပေါင်းဘော်ရခြင်းသည်၊ မပျက်စီးသည်ဖြစ်၏၊ အကြင်မျှလောက်သောကာလပတ်လုံးလည်းတည်ရာ၏။ ထိုမျှလောက်သောကာလပတ်လုံးလည်း။အဆွေခင်ပွန်း၏အဖြစ်သည် ဖြစ်၏။ မပျက်စီး။ သူတော်မဟုတ် သူယုတ်တို့နှင့်။ ပေါင်းဘော်ရခြင်းသည်။ လျင်စွာလျှင် ပျက်စီးတတ်၏။ ထိုကြောင့်။သူတော်ကောင်းတို့၏တရားသည်။ သူတော်မဟုတ်သောသူယုတ်တို့မှဝေးစွာ၏ဟူ၍ချီးမွမ်းလျောက်ထား၏။

ဤသို့လျှင်ပေါရိသာဒသည်ခုနစ်ဂါထာတို့ဖြင့်မဟာသုတသောမမင်း၏ဂုဏ်ကျေးဇူးကိုချီးမွမ်းပြောဆို၏။ မဟာသုတသောမမင်းသည်လည်း၊ပေါရိသာဒကိုရင်း၊ထိုမင်းတို့ကိုရင်းယူ၍၊ ကုရုတိုင်း၊ ဣန္ဒပတ္တနဂိုရ်ပြည်၏ ပစ္စန္တရာဇ်သို့ရောက်လေ၏၊ ပစ္စန္တရာဇ်၌နေကုန်သော သူတို့သည် မဟာသုတ

သောမမင်းကိုမြင်ကုန်လျှင်၊ဇာနုပဒ္ဒနဂိုရ်မြို့သို့။သွားကုန်၍မှူး တော်မတ်တော်တို့အားကြားလျှောက်ကုန်၏။ မှူးတော်မတ် တော်တို့သည်ဗိုလ်ပါရဲမက်အပေါင်းကိုယူပြီးလျှင် လာ၍ခြံရံ ကြကုန်၏။မဟာသုတသောမမင်းသည်ထိုအခြံအရံဖြင့်ဗာရာ ဏသီပြည်သို့သွားလေ၏၊ခရီးအကြား၌ဇနပုဒ်နေသူတို့သည်။ မဟာသုတသောမမင်းအားလက်ဆောင်ပဏ္ဏာကိုဆက်ပို့ဝင် ရောက်ကြ၍။ များစွာသောအခြံအရံသည်ဖြစ်၏။ ထိုများစွာ သောအခြံအရံနှင့်တကွဗာရာဏသီပြည်သို့ရောက်လေ၏။

ထိုအခါဝင်းပြည်ကို။ပေါရိသာဒ၏ သားသည့် မင်းပြု၏။ စစ်သူကြီးကားကာဠဟတ်ပင်တည်း။ ပြည်သူတို့သည် မင်း အား ကြားလျှောက် လိုရကား။ အရှင်မင်းမြတ်၊ မဟာသုတ သောမမင်းသည်ပေါရိသာဒကို ဆုံးမသဖြင့်ယူ၍ဤဗာရာဏ သီပြည်သို့သာရောက်ပါသတတ်။ထိုပေါရိသာဒအားမြို့သို့ဝင် စိမ့်သော၄ါမပေးကုန်အံ့ဟုလျှောက်၍လျှင်မြန်စွာမြို့တံခါးတို့ ကိုပိတ်၍။ လက်နက် စွဲကုန်လျက် တည်ကုန်၏၊ မဟာသုတ သောမမင်းသည်မြို့တံခါးပိတ်သောအဖြစ်ကိုသိ၍၊ ပေါရိသာ ဒကိုဝင်း၊ တရောမကသော မင်းတို့ကိုဝင်းထားခဲ့၍အမတ် နှစ် ယောက် သုံးယောက်တို့နှင့်တကွလာလတ်၍ ငါကားသုတသော မမင်းတည်း။မြို့တံခါးကိုဖွင့်ကုန်လော့ဟုဆို၏။ မင်းချင်းတို့ သည်သွား၍မင်းအားတင်လျှောက်ကြကုန်။ ထိုမင်းသည်လျှင် မြန်စွာတံခါးကိုဖွင့်စေကုန်ဟုမြို့တံခါးကိုဖွင့်စေ၏။

မဟာသုတသောမမင်းသည်မြို့တွင်းသို့ဝင်တော်မူ၏။မင်း သည်ဝင်း၊ကာဠဟတ်စစ်သူကြီးသည်ဝင်း၊ မဟာသုတသော မမင်းအားခရီးဦးကြိုဆိုခြင်းကိုပြုသဖြင့်ပင့်ခေါ်၍၊ ရွှေနန်းပြာ သာဒ်ထက်သို့ တင်ကုန်၏၊ ထိုမဟာသုတသောမ မင်းသည် မင်း၏နေရာ၌ နေတော်မူ၏၊ ပေါရိသာဒ၏ မိဘုရားကြီးကို ဝင်း။ မိဘုရားမှကြွင်းကုန်သော အမတ်တို့ကိုဝင်း ခေါ်စေ၍၊ ဤသို့ကာဠဟတ်ကိုဆိုတော်မူ၏။

အချင်းကာဠှပတ်၊ အဘယ့်ကြောင့်မင်းအား မြို့တွင်းသို့ ဝင်စိမ့်သောငှါမပေးကြကုန်သနည်းဟု ဆိုတော်မူ၏။ အရှင်မင်းမြတ်၊ ထိုမင်းသည်မင်းပြုသည့်ရှိသော် ဤမြို့၌ များစွာသော လူတို့ကိုစားဘိ၏။ မင်းတကာတို့သည် မပြုကျင့်အပ်သောအမှုကိုပြုကျင့်ဘိ၏။အလုံးစုံသောဇမ္ဗူဒိပ်ကျွန်းကိုပြတ်သည့်ကိုပြုဘိ၏။ထိုမင်းသည်ဤသို့သဘောရှိသော ယုတ်မာသောအကျင့်ရှိ၏။ ထိုကြောင့်မြို့သို့ဝင်စိမ့်သောငှါမပေးကုန်ဟုတင်လျှောက်၏။

အချင်းကာဠှပတ်၊ယခုအခါထိုပေါရိသာဒသည်ဤသို့သဘောရှိသောအမှုကိုမပြုလတ့်။မစိုးရိမ်ကြကုန်လင့်၊ ငါသည် ထိုပေါရိသာဒကို ဆုံးမ၍ သီလတို့၌တည်စေပြီ။ အသက်ဟူသောကြောင်းကြောင့်သော်လည်း တစုံတယောက်သောသူကို မညှဥ်းဆဲလတ့်။ သင်တို့အားထိုပေါရိသာဒမှဘေးရန်မရှိပြီ။ ဤသို့မပြုကုန်လင့်ဟုဆို၍။ ထို့နောင်မှ မင်းဖြစ်သောသားကိုခေါ်၍။သားတို့မည်သည်ကားမိဘတို့ကို ရှိသေစွာလုပ်ကျွေးအပ်ကုန်၏၊ ထိုစကားသည်မှန်၏။ မိဘတို့ကိုရိုသေစွာ လုပ်ကျွေးကုန်သောသားသို့းတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ မိဘတို့ကိုရိုသေစွာ မလုပ်မကျွေးကုန်သော သားသို့းတို့သည်အပါယ်ငရဲသို့သွားရကုန်၏ဟု မဟာသုတသောမမင်းသည်နိမ့်သောနေရာ၌နေသော ပေါရိသာဒ၏သားဖြစ်သော မင်းသားအားအဆုံးအမကိုပေးတော်မူပြီး၍။ ။အချင်းကာဠှပတ်၊ သင်သည်မင်း၏ အဆွေခင်ပွန်းလည်းဖြစ်၏။မင်းကိုခစားမှိဝဲသောအမတ်လည်းဖြစ်၏။ မင်းသည်လည်း ကြီးစွာသောစည်းစိမ်ချမ်းသာ၌တည်စေ၏။ သင်သည်လည်းမင်း၏အကျိုးစီးပွါးကိုကျင့်ဆောင်ခြင်းငှါသင့်၏ဟု စစ်သူကြီးကာဠှပတ်ကိုလည်း ဆုံးမတော် မူပြီး၍။ ။ရှင်မိဘုရား ရှင်မိဘုရားသည်လည်း မိဘအိမ်မှလာ၍ ထိုမင်းအထံ၌မိဘုရားကြီးအရာသို့ရောက်၍ သားသို့းတို့ဖြင့် ပွါးခြင်းသို့ရောက်၏။

သင်သည်လည်း ထိုမင်း၏ အကျိုး စီးပွါးကို ကျင့်ဆောက်တည်ခြင်းငှါသင့်၏ဟုမိဘုရားကြီးကိုလည်း ဆုံးမတော်မူ၍။ ထိုအကြောင်းကိုလျှင် အပြီးသို့ ရောက်စိမ့် သောငှါ တရားဟောတော်မူပြန်လိုရကား။ "ရာဇာနသောယော အဇေယျံ ဇိနာတိ"၊အစရှိသောလေးဂါထာတို့ကိုဟောတော်မူ၏။ ။ ထိုဂါထာတို့၏အဓိပ္ပါယ်ကား။ ။

(၁)။ အိုမင်းများတို့။ အကြင်မင်းသည်။ မအောင်အပ်သောမိဘကိုအောင်၏။ ထိုမင်းသည်မင်းမမည်။ အကြင်အဆွေခင်ပွန်းသည်။ အဆွေခင်ပွန်း တယောက်ကို အောင်၏။ ထိုအဆွေခင်ပွန်းသည်။အဆွေခင်ပွန်းမမည်။ အကြင်မယားသည်မိမိလင်အားမကြောက်။ ထိုမယားသည်မယားမမည်။ အကြင်သားသမီးတို့သည်။ အိုမင်းပြီးသော မိဘကို မမွေးမြူကုန်။ထိုသားသမီးတို့သည်သားသမီးမမည်ကုန်။

(၂)။ အကြင်သဘင်၌ ပညာရှိသော သူတော်ကောင်းတို့သည်မရှိကုန်။ ထိုသဘင်သည်သဘင်မမည်။ အကြင်သူတော်ကောင်းတို့သည်။ ဟုတ်မှန်သော တရားကို မဆိုကုန်။ ထိုသူတော်ကောင်းတို့သည်။ သူတော်ကောင်း မမည်ကုန်။ စင်စစ်သော်ကား။ တပ်မက်မောခြင်းကိုရင်း။ အမျက်ထွက်ခြင်းကိုရင်း။ ရိုက်မဲတွေဝေခြင်းကိုရင်းစွန့်၍။ ဟုတ်မှန်သောသဘောကို။ ဆိုကုန်သောပညာရှိတို့သည်သာလျှင်။သူတော်ကောင်း မည်ကုန်၏။

(၃)။ အိုမင်းများတို့။သူမိုက်တို့နှင့်ပေါင်းယှဉ်ရောနှောသောပညာရှိကို။ မပြောဆိုခဲ့သည်ရှိသော်။ ပညာရှိဟူ၍မသိကုန်။ သေခြင်းကင်းသောနိဗ္ဗာန်ကို။ ဟောကြားတတ်သောပညာရှိကိုလည်း။ပြောဆိုမှသာလျှင်။ပညာရှိဟူ၍သိကုန်၏။

(၄)။ ထို့ကြောင့်သဘောတရားကိုဆိုရာ၏။ သဘောတရားကိုထွန်းပစေရာ၏။ အကြင်ဘုရားအစရှိသောသူတော်ကောင်းတို့သည်။ ကောင်းစွာဆိုအပ်သော တရားတည်းဟူ

သော တန်းခွန်ရှိကြကုန်၏။ ထိုဘုရား အစရှိသော သူတော်ကောင်းတို့၏၊ ထိုတရား တည်းဟူသော တန်း ခွန်ကို ချီးမြှောက်ရာ၏။ ထိုစကားသည်မှန်၏၊ ဟုတ်မှန်သောသဘောတရားသည်။ဘုရားအစရှိသောသူတော်ကောင်းတို့၏။ တန်းခွန်မည့်၏ဟုဟောလေ၏။ ။

ထိုမဟာသုတသောမမင်း၏ တရားစကားကို ကြားနာရ၍။မင်းသည်၎င်း၊စစ်သူကြီးသည်၎င်း၊ပေါရိသာဒ၏မိဘုရားသည်၎င်း ၊အလွန်နှစ်သက်ကုန်သည်ဖြစ်၍၊ အရှင်မင်းမြတ်၊ သွားပါကုန်အံ့၊ဆောင်ယူပါကုန်အံ့ဟုမဟာသုတသောမမင်းကိုတင်လျှောက်ပြီးလျှင်။ ဗာရာဏသီမြို့အလုံး၌စည်လည်စေ၍။ မြို့သူတို့ကိုစည်းဝေးစေပြီးလျှင်။ သင်တို့သည်မကြောက်ကြကုန်လင့်။ငါတို့အရှင်မင်းကြီးသည် တရား၌တည်တော်မူပြီးသတတ်၊လာလှည့်ကုန်။ ငါတို့အရှင်မင်းကြီးကိုဆောင်ယူချေကုန်အံ့ဟု လူအများကိုခေါ်၍။ မဟာသုတသောမမင်းကိုရှေ့ထားလျက်။ပေါရိသာဒအထံသို့သွားကြကုန်ပြီးလျှင်၊ ရှိခိုး၍။ဆေတ္တာသည်တို့ကို။ ဆံရိတ်ဆိတ်တို့ကို ပြုပြင်စေ၍။ ပြုပြင်ပြီးသော ဆံရိတ်ဆိတ်ရှိသော်။ ရေချိုး၍ နံ့သာလိမ်းပြီးလျှင်။ တင့်တယ်စေပြီးသော မင်းကိုရတနာစဉ္စ ထားလျက် အဘိသိက်သွန်း၍ မြို့တွင်းသို့သွင်းကုန်၏။ ပေါရိသာဒသည် မင်းဖြစ်ပြီး၍၊ တရာမကကုန်သောမင်းတို့အားရင်း၊ မဟာသုတသောမမင်းအားရင်း။ များစွာသော ပူဇော်သက္ကာရကို ပြုစေ၏။ လူအပေါင်းတို့၏အရှင်ဖြစ်တော်မူသော မဟာသုတသောမမင်းမြတ်သည် ပေါရိသာဒကို ဆုံးမ၍ မင်းအဖြစ်ကို တည်စေတော်မူသတတ်ဟု ဇမ္ဗူဒိပ် ကျွန်းအလုံး၌ ကြီးစွာသောအုပ်အုပ်ကျက်ကျက်သည်ထင်ရှားစွာဖြစ်၏။

ဇာနဒ္ဓပတ္တနဂိုရ်မြို့၌ ပြည်သူတို့သည်၊ အကျွန်ုပ်တို့အရှင် မဟာသုတ သောမမင်းမြတ်သည် ကြွလာတော် မူပါ စေသတည်းဟုတမန်စေလိုက်ကုန်၏။မဟာသုတသောမမင်းသည်

ဗာရာဏသီပြည်၌တလအတိုင်းအရှည်နေတော်မူ၍။ အဆွေ
ပြဟ္မဒတ်။ငါတို့သည်သွားကုန်အံ့။ သင်သည်မမေ့မလျော့ဖြစ်
ရစ်လော့။ မြို့တံခါးလေးမျက်နှာတို့၌၎င်း၊ နန်းတော် တံခါး၌
၎င်း၊ဤသို့ငါးဌာနတို့၌ငါးဆောင်သောအလှူတင်ကုတ်တို့ကို
ဆောက်စေလော့။မင်းကျင့်တရားဆယ်ပါးကိုမဖျက်စေမူ၍။
အဂတိသို့ လိုက်ခြင်းကိုပယ်လော့ဟု ပေါရိသာဒကို ဆုံးမ
တော်မူ၏။ တရာမကကုန်သော မင်းနေပြည်ကြီးတို့မှ များ
သောအားဖြင့်ဗိုလ်ပါအပေါင်းတို့သည်လည်းစုဝေးလာကုန်
၏။မဟာသုတသောမ်မင်းသည် ထိုဗိုလ်ပါအပေါင်းခြံရံလျက်
ဗာရာဏသီပြည်မှ ထွက်တော် မူခဲ့၏။ ပေါရိသာဒ သည်
လည်းမြို့နန်းမှထွက်၍ ခရီးထက်ဝက် တိုင်အောင် ပို့တော်
မူလိုက်ပြီးမှပြန်ခဲ့၏။

မဟာသုတသောမမင်းသည် ယာဉ်မရှိကုန်သော မင်းတို့
အားဆင်ယာဉ်မြင်းယာဉ်တို့ကို ပေးတော်မူ၍ လွှတ်တော်မူ
၏။ ထိုမင်းတို့သည်လည်း မဟာသုတသောမမင်းနှင့် တကွ
ဝမ်းမြောက်ကုန်ပြီး၍။ မဟာသုတသောမမင်းကို ရှိခိုးခြင်းစ
သည်တို့ကိုပြု၍။ မိမိမိမိတို့၏မြို့ရွာသို့သွားကြကုန်၏။ မဟာ
သုတသောမမင်းသည်လည်း။ နေပြည်တော်သို့ရောက်တော်
မူလျှင်။ဣန္ဒပတ္တနဂိုရ်မြို့သူတို့သည်နတ်မြို့ကဲ့သို့ တန်ဆာဆင်
အပ်သော မြို့တော်သို့ဝင်တော်မူပြီးလျှင်။ မယ်တော်ခမည်း
တော်တို့ကိုရှိခိုး၍။ သာယာစွာသောစကားပြောဟောခြင်း
ကိုပြုတော်မူ၍။ရွှေနန်းပြာသာဒ်အဖြင့်သို့တက်တော်မူ၏။ ။

ထိုမဟာသုတသောမမင်းသည် တရားနှင့် အညီ မင်းပြု
လျက်ဤသို့ကြံ၏။ ပညောင်ပင်စောင့်နတ်သည်၊ ငါ့အားများ
စွာသောကျေးဇူးကိုပြုပေ၏။ ထိုပညောင်ပင်စောင့်နတ်အား
ပူဇော်သက္ကာရလာဘ်ကို ပြုအံ့ဟုကြံ၍။ မဟာသုတသောမ
မင်းသည်ပညောင်ပင်မှမနီးမဝေးသောအရပ်၌ ကြီးစွာသော
တဘက်ဆည်ကန်ကို ပြုစေပြီးလျှင် များစွာကုန်သောလူမျိုး

တို့ကိုစေလွှတ်၍ ရွာတည်ထောင်စေ၏။ ထိုရွာသည် ကြီးကျယ်၏၊ ရှစ်သောင်းသောအိမ်ချေတို့ဖြင့် တန်ဆာဆင်အပ်၏။ ထိုပဒေသာပင်ရင်းကိုလည်း အခက်စွန်းဖျားမှစ၍ ညီညွတ်သော အပြင်ရှိသည်ကို ပြုစေပြီးလျှင်၊ ထက်ဝန်းကျင်ပွတ်တိုင်ရံခြင်း၊ တံခါးတိုင်၊ တံခါးရွက်၊ တံခါးရုတ်နှင့်ယှဉ်ခြင်းကိုပြု၏။ ပဒေသာပင်စောင့်နတ်သည်။ အလွန်ကြည်ညို၏။ ငခြေကျားကို ဆုံးမရာအရပ်၌ တည်သောကြောင့်ကား ထိုရွာသည်ကမ္မာသဒမ္မနိဂုံးမည်၏။ (၁) အလုံးစုံသော ထိုမင်းတို့သည်လည်းဘုရားလောင်း မဟာသုတသောမမင်းအဆုံးအမ၌တည်၍၊ ဒါနအစရှိသောကောင်းမှုတို့ကို ပြုကုန်၍ နတ်ပြည်ကိုပြည့်စေကုန်၏။ ။

ဇာတ်ပေါင်းခြင်း။

သဗ္ဗညုမြတ်စွာဘုရားသည် ဤမဟာ သုတသောမဇာတ်ဓမ္မဒေသနာကို ဆောင်တော်မူ၍၊ အနုသန္ဓေကို စပ်တော်မူလျက်၊ ရဟန်းတို့၊ ယခုအခါ၌သာလျှင်ငါဘုရားသည် အင်္ဂုလိမာလကိုဆုံးမတော်မူသည်မဟုတ်သေး။ ရှေး၌လည်းဤအင်္ဂုလိမာလကိုငါဘုရားသည် ဆုံးမတော်မူဘူးပြီဟုမိန့်တော်မူ၍ ဇာတ်ကိုပေါင်းတော်မူ၏။ အဘယ်သို့ပေါင်းတော်မူသနည်းဟူမူကား၊ ရဟန်းတို့၊ ယခုအခါအင်္ဂုလိမာလသည်၊ ထိုအခါ ပေါရိသာဒမင်းဖြစ်ဘူးပြီ။ ။ယခုအခါသာရိပုတ္တရာသည်ထိုအခါစစ်သူကြီးကာဠဟတ်ဖြစ်ဘူးပြီ။ ။ယခုအခါအာနန္ဒာသည်ထိုအခါနန္ဒပုဏ္ဏားဖြစ်ဘူးပြီ။ ။ယခုအခါမဟာကဿပသည်ထိုအခါ ပဒေသာပင်စောင့်နတ်ဖြစ်ဘူးပြီ။ ။ယခုအခါအနုရုဒ္ဓါသည်ထိုအခါသိကြားမင်းဖြစ်ဘူးပြီ။ ။ယခုအခါ

---

(၁)။ ကမ္မာသဒမ္မနိဂုံးမည်၏။ ဟူသည်ကားပျောက်ကျားသောခြေရှိသောပေါရိသာဒကိုဆုံးမရာအရပ်၌တည်သောရွာတည်း။ နောင်ဘုရားဖြစ်သောအခါ-မဟာသတိပဋ္ဌာနသုတ်ကိုဟောတော်မူသောနေရာပေတည်း။

ငါဘုရား၏ပရိသတ်တို့သည်။ ထိုအခါ ကြွင်းကုန်သောမင်းတို့ဖြစ်ဘူးကုန်ပြီ။ ။ယခုအခါမြတ်သောသာကီဝင်မင်းမျိုးဖြစ်ကုန်သောမယ်တော် ခမည်းတော်တို့သည် ထိုအခါမယ်တော်ခမည်းတော်တို့ဖြစ်ဘူးကုန်ပြီ။ ။ယခုအခါငါဘုရားသည်လျှင် ထိုအခါမဟာသုတသောမင်းမြတ် ဖြစ်ဘူးပြီ။ဤသို့ဇာတ်ကိုပေါင်းတော်မူ၏။ ။

အသီတိနိပါတ်ကျမ်း၌ ငါးခုမြောက်သော မဟာ သုတသောမဇာတ်သည်။ဤမျှသောသဒ္ဒါ၏အစဉ်၊ အနက်၏အစဉ်အားဖြင့်အပြီးသို့ရောက်၏။

---

## သမုဒ္ဒဝါဏိဇဇာတ်။

နတ်နှင့်တကွသော လောကကိုဆုံးမတော် မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ ကာသိန္တိဝပ္ပန္တိတေဇနာ၊အစရှိသောဂါထာပုဒ်ဖြင့် တန်းဆာဆင် အပ်သောဤသမုဒ္ဒဝါဏိဇဇာတ်ကို။ဇေတဝန်ကျောင်းတော်၌ သတင်းသုံးနေတော်မူစဉ်ဒေဝဒတ်သည်။ ငါးရာသော အမျိုးသားတို့ကိုယူ၍ငရဲ၌ကျသောအဖြစ်ကိုအကြောင်းပြု၍ဟောတော်မူ၏ ထိုစကားကိုရှုံချဦးအံ့။ ထိုဒေဝဒတ်သည် အဂ္ဂသာဝက နှစ်ပါးတို့သည် ပရိသတ်ကိုယူ၍ကြွတော် မူကုန်သည်ရှိသော် ဝိုးရိမ်ခြင်းကိုတည်စိမ့်သောဌါမတတ်နိုင်သည်ဖြစ်၍သွေးပူသည်ခံတွင်းမှအန်သည်ရှိသော် သည်းစွာသော ဒုက္ခဝေဒနာတို့သည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ မြတ်စွာဘုရားဂုဏ်တော်ကျေးဇူးတော်ကိုအောက်မေ့၍ငါသာလျှင် မြတ်စွာဘုရား၏အကျိုးမဲ့ကိုကြံ၏။မြတ်စွာဘုရားသည်ကား ငါ၌မကောင်းသော စိတ်မည်သည်မျှလည်းမရှိ။ ရှစ်ကျိပ်ကုန်သောမဟာသာဝကတို့သည်လည်းငါ၌ ရန်ငြိုး ဖွဲ့ခြင်းမည်သည်မရှိ။ ငါသည်ဖြ

အပ်သောမကောင်းမှုကြောင့်ငါသာသျှင်ယခုအခါကိုးကွယ်ရာမရှိသည်ဖြစ်၏၊ မြတ်စွာဘုရားသည်လည်း ငါတို့ထက်မြတ်တော်မူ၏။ ရှစ်ကျိပ်သောမဟာသာဝကတို့နှင့်ရင်း၊ဆွေမျိုးမြတ်ဖြစ်သောရာဟုလာမထေရ်နှင့်ရင်း၊သာကီဝင်မင်းမျိုးတို့နှင့်ရင်းတကွသွား၍ မြတ်စွာဘုရားကိုကန်တော့အံ့ဟု၊မိမိပရိသတ်အားအမှတ်ပေးပြီးလျှင် မိမိကိုယ်ကိုညောင်စောင်းငယ်ဖြင့်ယူစေ၍ သာဝတ္ထိပြည်သို့သွားသည်ရှိသော်ကောသလတိုင်းသို့ရောက်၏။

အရှင်အာနန္ဒာ မထေရ်သည် မြတ်စွာဘုရားအား ကြားလျှောက်၏။ အရှင်ဘုရား ဒေဝဒတ်သည် အရှင်ဘုရားတို့ကိုကန်တော့အံ့သောငှါလာသတတ်ဟုကြားလျှောက်၏၊အာနန္ဒာ၊ ဒေဝဒတ်သည် ငါဘုရားအားဖူးမြင်ခြင်းကို မရလတ္တံ့ဟုမိန့်တော်မူ၏၊ ထိုအခါဒေဝဒတ်သည် သာဝတ္ထိပြည်မြို့တံခါးသို့ရောက်လတ်သော်အရှင်အာနန္ဒာမထေရ်သည် တဖန်ကြားလျှောက်ပြန်၏။ မြတ်စွာဘုရားသည်လည်း ထိုဧအတူသာသျှင်မိန့်တော်မူ၏။ ဇေတဝန်ကျောင်းဟော်ရေကန် အနီးသို့ရောက်သော် ထိုဒေဝဒတ်၏ မကောင်းမှုကံသည် အပြီးသို့ရောက်၏။ကိုယ်၌ပူပန်ခြင်းသည်ဖြစ်၏။ရေကိုချိုးလိုသောက်လိုသည်ဖြစ်၍ငါ့ရှင်တို့၊ငါ့ကိုညောင်စောင်းမှချပါကုန်လော့။ ရေကိုသောက်ပါအံ့ဟုဆို၏။ ချ၍မြေ၌ထားကာမျှဖြင့်ထိုဒေဝဒတ်အားဗိတ်၏။ သက်သာခြင်းကို မရမီလျှင်မြေကြီးသည်ဟင်းလင်းအပြင်ကိုပေး၏၊ထိုခဏ၌အဝီစိငရဲမီးလျှံထ၍ခြံရံ၍ယူ၏၊ ထိုဒေဝဒတ်သည်ငါ၏ မကောင်းမှုကံသည် အပြီးသို့ရောက်၏ဟုမြတ်စွာဘုရားဂုဏ်ကျေးဇူးတော်တို့ကိုအောက်မေ့၍။

ဣမေဟိအဋ္ဌိဟိတမဂ္ဂပုဂ္ဂလံ၊ ဒေဝါတိဒေဝံနရဒမ္မသာရထိံ။သမန္တစက္ခုံသတပုညလက္ခဏံ၊ပါဏေဟိဗုဒ္ဓံသရဏံဂတောမိ။

ဟူသောဤဂါထာဖြင့်သတ္တာရဂုံ၌တည်လျက်အဝီစိငရဲသို့သွားရလေ၏။

အဟံ၊ ငါသည်။ အဂ္ဂပုဂ္ဂလံ၊ မြတ်သောပုဂ္ဂိုလ်လည်းဖြစ်တော် မူထသော။ ဒေဝါတိဒေဝံ၊ သမ္မုတိနတ်၊ ဥပပတ္တိနတ်တို့ထက်လွန်မြတ်သော ဝိသုဒ္ဓိနတ်လည်းဖြစ်တော် မူထသော။နရဒမ္မသာရထိံ၊ လူနတ်တို့၏မြတ်သော ရထားထိန်းလည်းဖြစ်တော်မူထသော။ သမန္တစက္ခုံ၊ ထက်ဝန်းကျင်မြင်တတ်သောသဗ္ဗညုတဉာဏ်တော်လည်းရှိတော်မူထသော။ သတပုညလက္ခဏံ၊အရာမကသော ဘုန်းတော်ကြောင့် ဖြစ်သော လက္ခဏာတော်ရှိတော်မူထသော။တံဗုဒ္ဓံ၊ထိုမြတ်စွာဘုရားကို။ဣမေဟိအဋ္ဌိဟိ၊ဤငါ၏အရိုးတို့ဖြင့်၎င်း။ဣမေဟိပါဏေဟိ၊ ဤငါ၏ အသက်တို့ဖြင့်၎င်း။ သရဏံ၊ ဆင်းရဲကိုပျောက်၍ ချမ်းသာကိုပေးပေတတ်၏ဟူ၍။ ဂတော၊သိသည်ရောက်သည်အမှိဖြစ်ပါ၏။

ထိုဒေဝဒတ်အားကားငါးရာကုန်သော အဆုပ်အကျွေးအမျိုးသားတို့သည်ရှိကုန်၏။ ထိုငါးရာကုန်သော အမျိုးသားတို့သည်လည်းထိုဒေဝဒတ်၏ အပေါင်းအသင်းဖြစ်ကုန်၍မြတ်စွာဘုရားကိုဆဲရေးကုန်သဖြင့်အဝီစိငရဲ၌သာလျှင်ဖြစ်လေကုန်၏ဤသို့လျှင်ထိုဒေဝဒတ်သည်ငါးရာကုန်သောအမျိုးသားတို့ကိုယူ၍အဝီစိငရဲ၌တည်၏။

ထိုအခါတနေ့သ၌ တရားသဘင် ဝယ်ရဟန်း တို့သည်စကားကိုဖြစ်စေကုန်၏။ငါ့ရှင်တို့၊ဒေဝဒတ်သည်အလွန်ယုတ်မာ၏။လာဘသက္ကာရတို့၌အလွန်မက်မောသောကြောင့်သဗ္ဗညုမြတ်စွာဘုရားအား။အရေမဟုတ်သည်၌လည်းရန်ငြိုးဖွဲ့၍လာလတံ့သောဘေးကိုမကြည့်မူ၍ အမျိုးသားငါးရာတို့နှင့်တကွအဝီစိငရဲသို့လားရကုန်၏ဟုစကားကိုဖြစ်စေကုန်၏။မြတ်စွာဘုရားသည်လာတော်မူလတ်၍။ရဟန်းတို့၊ ယခုအခါအဘယ်မည်သောစကားဖြင့် စည်းဝေးကြကုန်သနည်းဟုမေးတော်မူ

လတ်၍။ ဤမည်သော စကားဖြင့် စည်းဝေးပါတုန်၏ဟုနား တော်လျှောက်သည့်ရှိသော်။ ရဟန်းတို့ယခုအခါ၌သာလျှင် ဒေဝဒတ်သည် လာဘသက္ကာရ၌ တပ်မက်မောသည် ဖြစ်၍ လာလတ့်သော ဘေးကို မကြည့်သည် မဟုတ်သေး။ ရှေး၌ လည်းလာလတ့်သောဘေးကိုမကြည့်မူ၍ပစ္စုပ္ပန်ချမ်းသာကို တပ်မက်မောသဖြင့် ပရိသတ်နှင့် တကွကြီးစွာသောပျက်စီး ခြင်းသို့ရောက်ဘူးပြီဟုမိန့်တော်မူ၍အတိတ်ကိုဆောင်တော် မူ၏။

ရဟန်းတို့၊လွန်လေပြီးသောအခါဗာရာဏသီပြည်၌ဗြဟ္မ ဒတ်မင်း မင်းပြုသည့်ရှိသော် ဗာရာဏသီပြည်မှ မနီးမဝေး သောအရပ်၌ အမျိုးတထောင်အခြံအရံရှိသော၊ကြီးစွာသော လက်သမား ရွာသည့်ရှိ၏။ ထိုရွာ၌ လက်သွားသည် သင် တို့၏ညောင်စောင်းကိုပြုကုန်အံ့၊ အင်းပျဉ်ကိုပြုကုန်အံ့။ အိမ် ကိုပြုကုန်အံ့ဟုဆို၍ လူတို့၏လက်မှများစွာသောငွေကိုယူ၍။ စိုးစဉ်းကိုမျှလည်းပြုခြင်းငှါ မတတ်နိုင်ကုန်။ လူတို့သည်မြင် တိုင်းမြင်တိုင်းကုန်သောလက်သမားတို့ကိုတောင်းကုန်၏။ထို လက်သမားတို့ကိုသာလျှင် ငွေရှင်ဖြစ်ကုန်သော လူတို့သည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ချမ်းသာစွာနေခြင်းငှါ မတတ် နိုင်ကုန်ရကား။ အရပ်တပါးသို့သွား၍အမှတ်မရှိသောအရပ် ၌နေကုန်အံ့ဟုကြံ၍တောသို့ဝင်ပြီးလျှင်သစ်ပင်ကိုဖြတ်၍ကြီး စွာသော လှေကိုစပ်၍မြစ်သို့ချသဖြင့် မြောလျက်ရွာမှတဂါ ဝုတ်တယူဇနာမျှရှိသော အရပ်၌ ထားပြီးမှ ညည့်သန်းခေါင် အခါရွာသို့သွား၍ သားမယားတို့ကို ယူပြီးလျှင်ထိုအရပ်သို့ သွားသဖြင့်လှေကိုစီး၍။ အစဉ်သဖြင့်မဟာသမုဒ္ဒရာသို့ဝင်၍။ လေ၏ အဟုန်ဖြင့် သွားသည်ဖြစ်၍ သမုဒ္ဒရာအလယ်ကျွန်း ငယ်တခုသို့ရောက်လေကုန်၏။

ထိုကျွန်းငယ်၌ကား အလိုလိုသာလျှင် ဖြစ်ကုန်သော သ လေးကြီးငှက်ပျော သရက် သပြေ ပိန္နဲ ထန်းအုန်း အစရှိကုန်

သောအထူးထူးသောသစ်သီးတို့သည်ရှိကုန်၏။သဘော်ပျက်သောယောက်ျားတယောက်သည်။ထိုကျွန်းငယ်သို့ရှေးဦးစွာရောက်၍။ သသေးထမင်းကိုစားလျက် ကြံအစရှိသော သစ်သီးတို့ကိုခဲလျက်။ ဆူဖြိုးသောကိုယ်ရှိသည်ဖြစ်၍ အဝတ်မရှိဘဲ။ဖါးယားတင်သောဆံမုတ်ဆိပ်ရှိသည်ဖြစ်၍ ထိုကျွန်းငယ်၌နေ၏။ ထိုလက်သွားတို့သည်လည်း ကြံကြံကုန်၏။ ဤကျွန်းငယ်သည်ရက္ခိုသ်ဘီလူးသိမ်းဆည်းသည်အကယ်၍ဖြစ်အံ့။ အလုံးစုံသော ငါတို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်လတ္တံ့။ ထိုကျွန်းငယ်ကိုစုံစမ်းကုန်အံ့ဟုကြံ၍ရဲရင့်ကုန်သောခွန်အားကြီးကုန်သော ခုနစ်ယောက်ရှစ်ယောက်ကုန်သော ယောက်ျားတို့သည်။ လက်နက်ငါးပါးတို့ကို မြဲမြံစွာစွဲကုန်လျက် ကျွန်းငယ်သို့သက်၍စုံစမ်းကုန်၏။ထိုခဏ၌သဘော်ပျက်၍ရောက်လာသောထိုယောက်ျားသည်နံနက်စာစားပြီးသော်ကြံရည်ကိုသောက်၍ ချမ်းသာခြင်းသို့ ရောက်သည်ဖြစ်၍ မွေ့လျော်ဘွယ်ရှိသောအရပ်၌။ ငွေပြားအဆင်းနှင့်တူသောအဆင်းရှိသောသဲပြင်ဝယ်ချမ်းမြေးသောအရပ်၌ပက်လက်အိပ်၍ ဇမ္ဗူဒီပါကျွန်း၌ နေကုန်သောသူတို့သည် လယ်ထွန်လျက်စိုက်ပျိုးကုန်လျက်။ ဤသို့သဘောရှိသောချမ်းသာကိုမရကုန်။ ဇမ္ဗူဒီပါကျွန်းထက်ငါ၏ ကျွန်းငယ်သာလျှင် အလွန်မြတ်၏ ဟုသီချင်းသီလျက်ဥဒါန်းကိုကျူး၏။

သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍။ ရဟန်းတို့၊ထိုယောက်ျားသည် ဤဥဒါန်းကိုကျူး၏ဟု ထိုအကြောင်းကိုပြတော်မူလိုရကား။

ကသန္တိဝပ္ပန္တိတေဇနာ၊ မနုဇာကမ္မဖလူပဇီဝိနော။ နယိမဿဒိပဿဘာဂိနော၊ ဇမ္ဗူဒိပါဣဒမေဝနောဝရံ။ ။ဟူသောရှေးဦးစွာသောဂါထာကိုဟောတော်မူ၏။

တေဇနာ။ထိုဇမ္ဗူဒီပါကျွန်းသားတို့သည်။ ကသန္တိ၊လယ်ထွန်ကုန်၏။ဝပ္ပန္တိ၊စိုက်ပျိုးကုန်၏။ မနုဇာ၊ဇမ္ဗူဒိပ်ကျွန်းသား

ဘို့သည်။ကမ္မဖလူပဇိဝိနော၊ လယ်လုပ်ခြင်း ကုန်သွယ်ခြင်းစသည်တို့ဖြင့် အသက်မွေးကုန်၏။ တေဇနော၊ ထိုဇမ္ဗူဒိပ်ကျွန်းသားတို့သည်။ ဇူမသသဒိပသသ၊ဤကျွန်းငယ်ကို။နာဘာဂိနော၊ မတ္တူကုန်။ဇမ္ဗူဒိပါ၊ဇမ္ဗူဒိပ်ကျွန်းထက်။နော၊ငါတို့၏။ဇူဒမေဝ၊ဤကျွန်းငယ်သာလျှင်။ဝရံ၊မြတ်၏။

ထိုအခါထိုကျွန် ငယ်ကိုစုံစမ်းကုန်သော ယောကျ်ားတို့သည်။ထိုယောကျ်ားသိချင်.သံကိုကြားလျှင်လူသံကဲ့သို့ကြားရကုန်၏။ထိုသူကိုသိကုန်အံ့ဟုအသံကိုအစဉ်လျှောက်သဖြင့်သွား၍ထိုယောကျ်ားကိုမြင်လျှင်။ဘီလူး ဖြစ်လတံ့ဟုကြောက်လန့်ကုန်သည် ဖြစ်၍ မြားတို့ကို တင်ကုန်၏၊ ထိုယောကျ်ားသည် ထိုလူတို့ကိုမြင်၍ မိမိအား သတ်အံ့သည်မှ ကြောက်သောကြောင့်၊ အရှင်တို့၊အကျွန်ုပ်သည်ဘီလူးမဟုတ်ပါ။ လူဖြစ်ပါ၏။ အကျွန်ုပ်၏အသက်ကို ပေးပါကုန်ဟု တောင်းပန်သည်ရှိသော်။ လူတို့မည်သည်ကား သင်ကဲ့သို့အဝတ်မဝတ်သည်မဖြစ်ကုန်ဟုဆိုလတ်သော်။အဘန်တလဲလဲတောင်းပန်၍လူ၏အဖြစ်ကိုသိစေ၏၊ ထိုသူတို့သည်ထိုယောကျ်ားသို့ကပ်ကုန်၍ ဝမ်းမြောက်ဝမ်းသာ ပြောဟောအပ်သော စကားကိုကြားရလျှင်။ ထိုယောကျ်ား ဤကျွန်းငယ်သို့ရောက်ကြောင်းကိုမေးကုန်၏။ ထိုယောကျ်ားသည်လည်း အလုံးစုံသော အကြောင်းကိုထိုသူတို့အားပြောဆို၍၊သင်တို့သည်မိမိကောင်းမှု၏ဖြည့်စုံခြင်းကြောင့်။ဤကျွန်းငယ်သို့ရောက်ကုန်၏၊ဤကျွန်းငယ်သည်ကျွန်းမြတ်တည်း။ ဤကျွန်းငယ်၌ မိမိလက်ဖြင့်အမှုပြု၍အသက်မမွေးရကုန်၊ ဤကျွန်းငယ်၌အလိုလိုရောက်သောသလေးတို့၏ရင်း။ ကြိအစရှိသည်တို့၏ရင်း အဆုံးသည်မရှိ။ ထို့ကြောင့်.မငြီးမငွေ့ကုန်သည်ဖြစ်၍ နေကြကုန်လောဟုဆို၏။ဤကျွန်းငယ်၌နေကုန်သောငါတို့အားကား တပါးသောအနှောက်အရှက်သည်မရှိ။ဤကျွန်း၌တပါးသောရန်သည်မရှိ၊ဤကျွန်းကိုဘီလူးတို့သည်သိမ်းဆည်းအပ်၏၊ဘီလူးတို့သည်သင်

တို့၏ကျောင်းကြီးကျောင်းငယ်ကိုမြင်သည့်ရှိသော် စက်ဆုပ်ကုန်ရာ၏။ထို့ကြောင့်ကျောင်းကြီးကျောင်းငယ်ကိုစွန့်သည့်ရှိသော်။ သဲကိုယက်၍ သဲဖြင့်ဖုံးလွှမ်းကြကုန်၊ ဤကျွန်း၌ဤမျှသည်သာဘေးရန်တည်း။ဤမှတပါးသော ဘေးရန်သည်မရှိ။ ထို့ကြောင့်အခါခပ်သိမ်းမမေ့မလျော့ဖြစ်ကြကုန်လော့ဟုဆို၏။ ထိုသူတို့သည်ထိုကျွန်း၌နေကြကုန်၏။

ထိုတထောင်သောအမျိုးတို့၌ ငါးရာမျှဖြစ်ကုန်သော အမျိုးတို့၏ အကြီးဖြစ်သော လက်သွား နှစ်ယောက်တို့သည်ရှိကုန်၏၊ ထိုအကြီးနှစ်ယောက်တွင် တယောက်ကားမိုက်၏။ အရသာတို့၌တပ်မက်မောတတ်၏။ တယောက်ကားပညာရှိ၏။အရသာတို့၌ကပ်ငြိခြင်းမရှိ။ နောက်အတို့၌အလုံးစုံသောသူတို့သည်လည်းထိုကျွန်း၌ ချမ်းသာစွာ နေကုန်သည်ဖြစ်၍။ ဆူဖြိုးသောကိုယ်ရှိကုန်သည်ဖြစ်၍ကြံကြကုန်၏။ငါတို့သည်ကြာမြင့်စွာနေကုန်ပြီ၊ ကြံရည်ဖြင့် သေအရက်ကိုပြု၍သောက်ကုန်အံ့ဟုကြံကြကုန်၏။ သေအရက်ကိုလုပ်ပြီးလျှင် သောက်ကုန်၍ယစ်သောအားဖြင့်သီကုန်ကကုန်ကစားကုန်လျက် မေ့လျော့သောကြောင့်။ ထိုထိုအရပ်တို့၌ကျောင်းကြီးကျောင်းငယ်ကိုစွန့်ကုန်ပြီးလျှင်၊ မဖုံးလွှမ်းမူ၍၊ ကျွန်းငယ်၌ စက်ဆုပ် ရွံရှာဖွယ်ဖြစ်ကုန်၏။

နတ်တို့သည် ဤသူတို့သည်ငါတို့၏ ကစားရာ အပြင်ကိုစက်ဆုပ်ရွံရှာဘွယ်ရှိသည့်တို့ကိုပြုကုန်၏ဟု အမျက်ထွက်၍သမုဒ္ဒရာရေကိုတက်စေပြီးလျှင်။ ကျွန်းငယ်ဆေးခြင်းကိုပြုကုန်အံ့ဟုကြံ၍။ဤနေ့သည်လကွယ်ဥပုသ်နေ့တည်း။ယနေ့ငါတို့၏ အစည်းအဝေးသည်ပျက်ပြီ ဤနေ့မှ တဆဲ့ငါးရက်မြောက်ဖြစ်သော လပြည့်ဥပုသ်နေ့၌ လထွက်သောအခါသမုဒ္ဒရာရေကိုတက်စေ၍ အလုံးစုံသောဤသူတို့ကို သတ်ကုန်အံ့ဟုနေ့ရက်တို့ကို မှတ်သားကုန်၏။ ထိုအခါ နတ်တို့၏အလယ်၌တရားစောင့်သောနတ်သားတယောက်သည်။ ငါမြင်း

စဉ်ဤသူတို့သည် မပျက်စီးစေသကည်းဟု သနားသဖြင့်ထိုသူတို့သည်ညစာထမင်းစားပြီး၍အိမ်တံခါးတို့၌ရပ်၍။ ချမ်းသာသောစကားကို ပြောဟောလျက် နေကုန်သည်ရှိသော်။ ခပ်သိမ်းသော တန်းဆာတို့ဖြင့်တန်းဆာဆင်လျက် အလုံးစုံသောကျွန်းကိုတပြိုင်နက်သောအရောင်အဝါကိုပြု၍၊ မြောက်အရပ်မျက်နှာကောင်းကင်၌ရပ်၍။ အိုလက်သွားတို့၊ နတ်တို့သည်သင်တို့အား အမျက်ထွက်ကုန်၏။ ဤအရပ်၌မနေကြကုန်လင့်၊ ထိုစကားသည်မှန်၏။ ဤနေ့မှလဆွဲလွန်သဖြင့်နတ်တို့သည်သမုဒ္ဒရာရေကိုတက်စေ၍ အလုံးစုံသောသင်တို့ကိုသတ်ကုန်သတ္တံ့၊ ဤအရပ်မှထွက်၍ ပြေးကြကုန်ဟုဆို၍။ ။ “တိပဉ္စရတ္တူပဂတမှိ” အစရှိသော ဂါထာကိုဆို၏။ ထိုဂါထာ၏အဓိပ္ပါယ်ကား။

အိုလက်သွားတို့။ လသည်တဆဲ့ငါးရက်သို့ ရောက်လတ်သော်။ မြတ်သောဤကျွန်းကိုလွှမ်းမိုးလျက်။ သမုဒ္ဒရာ၏ကြီးစွာသော အဟုန်သည်ဖြစ်လတ္တံ့။ သင်တို့ကို သမုဒ္ဒရာရေအဟုန်သည် မသတ်စေလင့်။ တပါးသော ပုန်းအောင်းရာသို့သွားသေကုန်ဟုဆိုလာ၏။ ။

ဤသို့လျှင်နတ်သားသည် ထိုလက်သွားတို့အားအဆုံးအမကိုပေး၍ မိမိနေရာအရပ်သို့သွား၏။ ထိုတရားစောင့်သောနတ်သား သွားသည်ရှိသော်။ တယောက်သော ကြမ်းကြုတ်စွာနိုင်ထက်ကလူမှုတတ်သောနတ်သားသည်၊ ဤသူတို့သည်ဤနတ်သား၏ စကားကိုယူ၍ ပြေးကုန်ရာ၏။ ထိုကြောင့်ငါသည်ထိုသူတို့၏သွားခြင်းကိုမြစ်၍ အလုံးစုံသောဤသူတို့ကိုကြီးစွာသော ပျက်စီးခြင်းသို့ရောက်စေအံ့ဟုကြံ၍ နတ်၌ဖြစ်သောတန်းဆာတို့ကိုဆင်ယင်လျက် အလုံးစုံသောကျွန်းကိုတပြိုင်နက်သောအရောင်အဝါကိုပြုလျက်။ တောင်အရပ်မျက်နှာကောင်းကင်၌ရပ်၍။ တယောက်သောနတ်သားသည်ဤအရပ်သို့လာသလောဟုမေး၏။ လာ၏ဟုဆိုသည်ရှိသော်။

ထိုနတ်သားသည်သင်တို့ကိုအဘယ်သို့ဆိုသနည်းဟုဆို၍၊ အရှင်၊ ဤမည်သော စကားကိုဆို၏ဟု ဆိုလတ်သော် ထိုနတ်သားသည်သင်တို့အားဤအရပ်၌နေခြင်းကိုအလိုမရှိ။ မုန်းသဖြင့်ဆို၏။ သင့်တို့သည်တပါးသောအရပ်သို့မသွားမူ၍ ဤကျွန်း၌သာနေကြကုန်လော့ဟုဆိုလို၍၊ ။ "နဇာတုယံ သာဂရဝါရိဝေဂေါ"။ အစရှိသောနှစ်ဂါထာတို့ကိုဆို၏။ ထိုဂါထာတို့၏အဓိပ္ပါယ်ကား။ ။

အိုလက်သမားတို့။ မြတ်သောဤကျွန်းကိုလွှမ်းမိုး၍။ ဤသမုဒ္ဒရာရေအဟုန်သည်စင်စစ်မဖြစ်လတံ့။ ငါသည်ထိုမဖြစ်လတံ့သောအကြောင်းကို၊ များစွာကုန်သော အကြောင်း တို့ဖြင့်မြင်၏။ မကြောက်ကြပါကုန်လင့်။ အဘယ့်ကြောင့်စိုးရိမ်ကုန်အံ့နည်း။ သင်တို့သည်ဝမ်းမြောက်ဝမ်းသာနေကြကုန်။ ။များသောအစာရှိထသော။ များသောထမင်းအဖျော်ရှိထသော။ မြတ်သောဤနေရာကိုအလိုရှိကုန်လော့။ သင်တို့အားတစုံတခုသောဘေးကို ငါမမြင်။ သင်တို့သည် သား မြေးမြစ် တိုင်အောင်၊ ဝမ်းမြောက်ဝမ်းသာနေကြကုန်လောဟု ဆိုလာပြန်၏။ ။

ဤသို့လျှင်ထိုနတ်သည်ဤနှစ်ဂါထာတို့ဖြင့် လက်သမားတို့ကိုနှစ်သိမ့်စေ၍ပြန်လေ၏။ ထိုနတ်သားသွားလေသောအခါ၌တရားစောင့်သောနတ်သား၏စကားကို မနာယူသောလက်သမားမိုက်သည်။ အိုအချင်းတို့။ ငါ့စကားကိုနာကုန်လော့ဟုကြွင်းသောလက်သမားတို့ကိုခေါ်၍။ အချင်းတို့။ တောင်အရပ်၌တည်သောအကြင်နတ်သည်ဘေးမရှိဟူ၍ဆို၏။ ထိုနတ်၏စကားသည်မှန်၏။ မြောက်အရပ်၌တည်သော နတ်သား၏စကားလည်းမမှန်။ ထိုနတ်သည်ငါတို့၏ရန်သူတည်း။ သင်တို့ဘေးမှ ကြောက်ကြသလော။ မကြောက်ကြကုန်လင့်။ အဘယ့်ကြောင့်စိုးရိမ်ရကုန်အံ့နည်း။ သင်တို့သည်ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်ဟုဆို၏။

ထိုစကားကိုကြား၍ အရသာခွံတတ်မက်မောတတ်ကုန်သောငါးရာကုန်သောလက်သွားတို့သည် ထိုလက်သွားမိုက်၏စကားကိုယူကုန်၏။

ဤ၅တပါးသော ပညာရှိသော လက်သွား တို့သည်ကား ထိုလက်သွားမိုက်၏ စကားကို မယူဘဲ ထိုလက်သွား တို့ကို ခေါ်၍၊ "ယထာ ဘူမေ ဝိပ္ပဝေဒ္ဓိ ယပ္ပာ" အစရှိသော လေးဂါထာတို့ကိုဆို၏။ ထိုဂါထာတို့၏အဓိပ္ပါယ်ကား။

အချင်းတို့။ အကြင်အခြင်းဖြင့်။ ဤနတ်တို့သည် အချင်းချင်း ဆန့်ကျင်သော စကားကိုဆိုကုန်၏။ တယောက်သော နတ်သည်။ ဘေးရှိ၏ဟူ၍၊ ဆို၏။ တယောက်သော နတ်သည် ဘေးမရှိဟူ၍ဆို၏။ ထိုသို့ကြောင့်။ ငါတို့ကင်တွန်းပေ့ငါ၏။ စကားကို။ နာကုန်လော့။ အလုံးစုံသောငါတို့သည်၊ အလျှင်လျင်မြန်စွာ။ မပျက်စီးစေကုန်လင့်။ ။အလုံးစုံသောငါတို့သည်။ အညီအညွတ် စည်းဝေး ကုန်၍။ အလုံးစုံသော လင်းယဉ်ဘိုင် လင်းယဉ်ရှက်ထိုးဝါးသဲ့ရုံးအစရှိသည်တို့နှင့်ပြည့်စုံသော မြဲမြံခိုင်ခံ့သော နက်စွာသောဂူင်းရှိသော၊ ဖော့သဘောကို။ ပြုကြကုန်အံ့။ အကယ်၍။ ဤတောင်အရပ်၌ တည်သောနတ်သည်။ မှန်သည်ကို။ ဆိုအံ့။ ဤမြောက်အရပ်၌ တည်သောနတ်သားသည် မမှန်သောစကားကို။ ဆိုသည်ဖြစ်အံ့။ ငါတို့၏ထို ဖော့သဘောသည်ပင်လျှင်။ နောက်ဖြစ်သောဘေးရန်အလို့ငှါ။ ဖြစ်လတ္တံ့။ ဤကျွန်းကိုကား။ မစွန့်ရကုန်အံ့။ ။စင်စစ်။ အကယ်၍။ မြောက်အရပ်ကနတ်သည်မှန်သောစကားကိုဆိုအံ့။ ဤတောင်အရပ်ကနတ်သည်။ မမှန်သောစကားကို၊ ဆိုသည်ဖြစ်လတ္တံ့။ ဤသို့ ဆိုသည်ရှိသော်။ အလုံးစုံသော။ ငါတို့သည်။ ထိုဖော့သဘောကိုသာလျှင်။ တက်ပြီး၍။ ချမ်းသာစွာ။ ကမ်းတဘက်သို့။ ကူးကုန်အံ့။ ။စင်စစ်။ ရှေးဦးဆိုလာသောနတ်၏။ စကားကိုသည်း။ မှန်၏ဟူ၍။ အသင့်မယူအပ်၊ နောက်ဆိုသောနတ်၏စကားသည်၊ မှန်ခြင်းသို့။ ရောက်သည်ဖြစ်အံ့။ ရှေ့နောက်

စကားကိုပယူရာ၏။ ဤလောက၌။ အကြွင်းသူသည်၊ ရှေ့စကား
ကိုဝင်း။ နောက်စကားကိုဝင်း။ စုံစမ်းဆင်ခြင်၍။ ယူအံ့။ ထိုသူ
သည်။ စင်စစ်မြတ်သော။ အရပ်သို့။ ရောက်ရ၏ဟုဆို၏။

ဤသို့သောစကားကိုဆို၍။ အချင်းတို့။ ငါတို့သည်နတ်နှစ်
ယောက်၏စကားကိုလိုက်နာကုန်အံ့။ ဖောင်ကိုစီရင်စေဦးအံ့။ အ
ကယ်၍ရှေးဦးဆိုသောနတ်၏စကားမှန်သည်ဖြစ်အံ့။ ထိုဖောင်ကို
စီး၍သွားကုန်အံ့။ အကယ်၍နောက်ဆိုသောနတ်၏ စကားမှန်
သည်ဖြစ်အံ့။ ထိုဖောင်ကိုဖျောက်ပတ်ရာအရပ်၌ထား၍ဤကျွန်း
၌ပင်လျှင်နေကုန်အံ့ဟုဆိုသည်ရှိသော်။ လက်သွားမိုက်သည်။
အချင်း၊ သင်သည်ရေခွက်၌ မိကျောင်းမြင်ပေ၏။ (*)အလွန်
လျှင်အရှည်ကိုမြင်ပေ၏။ ရှေးဦးနတ်သားသည်ငါတို့၌မုန်းသ
ဖြင့်ဆို၏။ နောက်ဆိုသော ထိုနတ်သားသည်ကား ချစ်သဖြင့်
သာလျှင်ဆို၏။ ဤသို့သဘောရှိသော ကျွန်းမြတ်ကိုစွန့်၍ အ
ဘယ်အရပ်သို့သွားရကုန်အံ့နည်း။ အကယ်၍သင်သည်သွား
လိုသည်ဖြစ်အံ့။ သင်၏ပရိသတ်ကိုယူ၍။ ဖောင်ကိုလုပ်လော့။ ငါ
တို့အားဖောင်ဖြင့်ပြုဘွယ်ကိစ္စမရှိဟုဆို၏။

ပညာရှိလက်သွားသည်မိမိပရိသတ်ကိုယူ၍ဖောင်ကို စီရင်
ပြီးလျှင်။ ဖောင်၌အလုံးစုံသော အဆောက်အဦးတို့ကိုတင်၍ပရိ
သတ်နှင့် တကွဖောင်ထက်၌နေ၏။ ထိုနောက်မှသပြည့်နေ့၌လ
ထွက်သောအခါ။ သမုဒ္ဒရာမှ လှိုင်းတံပိုးအဟုန်သည် ခါးအ
တိုင်းအရှည်တက်လတ်ပြီးလျှင် ကျွန်းငယ်ကိုဆေး၍ သွား၏။
ပညာရှိ လက်သွား သည် သမုဒ္ဒရာ ရေလှိုင်းထံပိုးတက်လာ
သည်ကိုသိ၍ဖောင်ကိုလွှတ်၏။

လက်သွားမိုက်၏အပင်းအသင်းဖြစ်ကုန်သောငါးရာသော
အမျိုးတို့ကား။ သမုဒ္ဒရာလှိုင်းတံပိုးတို့သည်ကျွန်းငယ်ကိုဆေး
အံ့သောငှါတက်လာသော်။ ဤကျွန်းငယ်ဆေးခြင်းဟူသည်ဤ

* “ရေခွက်ထဲ=မှာမိကျောင်းပေါ်”ဟူသောစကားပုံသည်ကား။ ဤဇာတ်
ထိုမှီ၍-ဖြစ်လာဟန်တူသတည်း။

မှုပင်တည်းဟုပြောဆိုလျက်နေကုန်၏။ ထိုနောင်မှခါးအတိုင်းအရှည်၊ တရပ်တသူအတိုင်းအရှည် (၁)ထန်းတဖျားအတိုင်းအရှည်ရှိသော လှိုင်းတံပိုးတို့သည် ကျွန်းငယ်ကိုမျှောလျက်တက်လာကုန်၏။

ပညာရှိလက်သွားသည်အကြောင်း၌ လိမ္မာသည်၏အဖြစ်ကြောင့်အရသာ၌မကပ်ငြိသည်ဖြစ်၍ ချမ်းသာစွာသွားရသေး၏။ လက်သွားမိုက်သည်အရသာ၌တပ်မက်မောသောကြောင့်လာလတ့ံသောဘေးကိုမကြည့်မှု၍ ငါးရာကုန်သောအမျိုးတို့နှင့်တကွပျက်စီးခြင်းသို့ရောက်၏။

ဤသို့လျှင် ထိုလက်သွားမိုက်၏ အကြောင်းကို ဟောပြတတ်သောမြတ်စွာဘုရားသည်။

ယထာပိတေသာဂရဝါရိမဇ္ဈေ၊ သကမ္မုနာသောတ္ထိဂမိံသုဝါဏိဇာ။ အနာဂတ္ထံပဋိဝိဇ္ဈိယာန၊ အပ္ပမ္ပိနာဠေတိသောဘုရိပညော။

ဗာလာစ မောဟေန ရသာနုဂိဒ္ဓါ၊ အနာဂတံ အပ္ပဋိဝိဇ္ဈိယတ္ထံ။ ပစ္စုပ္ပန္နေသီဒန္တိအတ္ထေဇာတေ၊ သမုဒ္ဒမဇ္ဈေယထာတေမနုဿာ။

အနာဂတံပဋိကရိယာထကိစ္စံ၊ မာမံကိစ္စံကိစ္စကာလေဗျဓေသိ။

တံတာဒိသံ၊ ပဋိကတံကိစ္စကာရိနတံကိစ္စံ။ ကိစ္စကိစ္စကာလေဗျာဓေသိ။ တံတာဒိသံပဋိကထံကိစ္စကာရိ။ နတံကိစ္စံကိစ္စကာလေဗျာဓေသိ။ ။

ဟူသောသုံးဂါထာတို့သည်ဘုရားဖြစ်တော်မူပြီးမှ ဟောတော်မူသောဘုရားဂါထာတို့တည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ သာဂရဝါရိမဇ္ဈေ၊ သမုဒ္ဒရာရေအလယ်၌၊ ဘေဝါဏိဇာ၊ ကုန်သည်တို့သည်။ သကမ္မုနာ။ မိမိ

---

(၁) တရပ်-တသူ-အတိုင်းအရှည်-ဟူရာ၌-တရပ်ကားလူတရပ်နှင့်အမှုတသူကား-တလံနှင့်အမျှ-လေးတောင်ဟူလို။

အမှုကြောင့်။သောတ္ထိ၊ချမ်းသာစွာ။ ဂမိံသု ယထာ၊သွားရကုန်သကဲ့သို့။တထာ၊ထို့အတူ။ ဘူရိပညော၊ မြေကြီးအထုနှင့်တူသောပညာရှိသောသူသည်။ အနာဂတံ၊လာလတ္တံ့သော။ အတ္ထံ၊အကျိုးစီးပွါးကို၊ပဋိဝိဇ္ဈယာန၊သိ၍။အပ္ပမ္ပိ၊အနည်းငယ်သောအကျိုးကိုလည်း။နာဋ္ဌေတိ၊မလွန်။

ရသာနုဂိဒ္ဓ၊အရသာ၌ တပ်မက်မောတတ်ကုန်သော၊ဗာလာစ၊သူမိုက်တို့သည်ကား။ မောဟေန၊မိုက်မဲတွေဝေသောကြောင့်။အနာဂတံ၊လာလတ္တံ့သော။ အတ္ထံ၊အကျိုးကို။ အပ္ပဋိဝိဇ္ဈိယ၊မသိ၍။သရေနမဇ္ဈေ၊သရေနရာအလယ်၌၊တေမနသော၊ထိုလူတို့သည်။သိဒ္ဒိယထာ၊ နှစ်ကုန်သကဲ့သို့။ တထာ၊ထို့အတူ။ ပစ္စုပ္ပန္နေ၊ပစ္စုပ္ပန်မျက်မှောက်၌။အတ္ထေ၊အကျိုးသည်။ဇာတေ၊ဖြစ်သတ်သော်။သိဒ္ဒန္တိ၊နှစ်ကုန်၏။

ဘိက္ခဝေ၊ရဟန်းတို့။ကိစ္စံ၊ကိစ္စသည်။ကိစ္စကာလေ၊ပြုအပ်သောအခါ၌။မံ၊ငါ့ကို။ မာဗျာဓေသိ၊မနှိပ်စက်စေသတည်း။ဣတိ၊ဤသို့။ အနာဂတံ၊ လာလတ္တံ့သော။ကိစ္စံ၊ကိစ္စကို။ပဋိကရိယာထ၊ရှေးဦးစွာပြုကုန်ရာ၏၊ ကိစ္စကာရိ၊ ပြုအပ်သောကိစ္စကို။ပဋိကတံ၊ရှေးမဆွကပြုသော။ တာဒိသံ၊ ထိုသို့သဘောရှိသော။တံ၊ထိုသူကို။တံကိစ္စံ၊ထိုကိစ္စသည်။ ကိစ္စကာလေ၊ပြုအပ်သောအခါ၌။နဗျာဓေသိ၊မနှိပ်စက်။

သမ္ဗုဒ္ဓ မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍။ရဟန်းတို့၊ယခုအခါ၌သာလျှင်မဟုတ်သေး။ ရှေး၌သည်းဒေဝဒတ်သည် ပစ္စုပ္ပန် ချမ်းသာ၌ ကပ်ငြိသည်ဖြစ်၍လာလတ္တံ့သောအကျိုးကိုမကြည့်မူ၍ ပရိသတ်နှင့်တကွပျက်စီးခြင်းသို့ ရောက်ဘူးပြီဟု မိန့်တော်မူ၍။ ယခုအခါ ဒေဝဒတ်သည်ထိုအခါလက်သွားမိုက်ဖြစ်ဘူးပြီ။ ယခုအခါကောကာလိကသည်ထိုအခါတောင်အရပ်၌တည်သောတရားမစောင့်သောနတ်သားဖြစ်ဘူးပြီ။ ယခုအခါသာရိပုတ္တရာသည်။ ထိုအခါမြောက်အရပ်၌တည်သော တရားစောင့်သောနတ်သား

ဖြစ်ဘူးပြီ ယခုအခါငါဘုရားသည်လျှင်။ထိုအခါပညာရှိလက် သွားဖြစ်ဘူးပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။ ။ဒွါဒသနိ ပါတ်ကျမ်း၌သုံးခုမြောက်သော သမုဒ္ဒဝါဏိဇဇာတ်ကိုထုတ် နုတ်ဘုတ်သင်၍ပြခြင်းသည်။ ဤမျှသောသဒ္ဒါ၏အစဉ်၊အနက် ၏အစဉ်အားဖြင့်အပြီးသို့ရောက်၏။

---

## ကာမဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ကာမံကာမယာမာနဿ၊ အစရှိ သောဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သောဤကာမဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်း သုံးနေတော်မူစဉ်၊ တ ယောက်သော ပုဏ္ဏားကိုအကြောင်း၍ ဟောတော်မူ၏။ထို စကားကိုချဲဦးအံ့၊ သာဝတ္ထိပြည်၌နေသောပုဏ္ဏားတယောက် သည်အစိရဝတီမြစ်နား၌ လယ်လုပ်အံ့သောဌါတောကိုထွင် ၏။သဗ္ဗညုမြတ်စွာဘုရားသည်ထိုပုဏ္ဏား၏ဥပနိဿယကိုမြင် တော်မူ၍ သာဝတ္ထိပြည်သို့ ဆွမ်းခံဝင်တော်မူသည် ရှိသော် ခရီးမှသဲ့တော်မူ၍ထိုပုဏ္ဏားနှင့်တကွစကားပြောဟောတော် မူခြင်းကိုပြု၍။ ပုဏ္ဏား၊ အဘယ်ကိုပြုသနည်းဟု မိန့်တော်မူ သည့်ရှိသော်။ရှင်ဂေါတမ၊လယ်ယာခုတ်ထွင်ပါ၏ဟုလျှောက် ၏။ထိုအခါ၊ ပုဏ္ဏား၊ ကောင်း၏။ အမှုကိုသာပြုလောဟုမိန့် တော်မူ၍ကြွတော်မူ၏။

ဤနည်းဖြင့် လျှင်ဖုံးလွှမ်းသော ချုံသစ်ပင် တို့ကို ဝယ်၍ လယ်ကိုသုတ်သင်သော အခါ၊ လယ်ထွန်သောအခါ၊ ကန် သင်းဘို့သော အခါတို့၌ အဘန်ထလဲလဲ ကြွတော်မူ၍ထို ပုဏ္ဏားနှင့်တကွစကားပြောဟောခြင်းကိုပြုတော်မူ၏။ နက် ဖြန်နေ့၌ကား ထိုပုဏ္ဏားသည်။ အိုရှင်ဂေါတမ၊ ယနေ့ငါ၏ ကောက်စိုက် မင်္ဂလာနေ့တည်း။ ဤကောက်သည် ပြည့်စုံပါ

သည့်ရှိသော်ရှင်ဂေါတမအမှူးရှိသောရဟန်းသင်္ဃာအားအလှူကြီးကို လှူအံ့ဟုဆို၏။ သမ္ဗုဒ္ဓမြတ်စွာဘုရားသည် ဆိတ်ဆိတ်နေခြင်းဖြင့်သည်းခံတော်မူ၍ကြွတော်မူ၏။

တဘန်တနေ့သ၌ ပုဏ္ဏားသည် ကောက်ကိုကြည့်ရှု လတ်သောအခါ။မြတ်စွာဘုရားသည်လည်းထိုအရပ်သို့ကြွတော်မူ၍ပုဏ္ဏားအဘယ်ကိုပြုသနည်းဟုမေးတော်မူလျှင်။အရှင်ဂေါတမ၊ကောက်ကိုကြည့်၏ဟုဆိုလတ်သော်။ပုဏ္ဏား။ ကောင်း၏ဟုမိန့်တော်မူ၍ကြွတော်မူ၏။ ထိုအခါပုဏ္ဏားသည်ကြံ၏။ရဟန်းဂေါတမသည်မပြတ်လာ၏။မချွတ်လျှင်ဆွမ်းကိုအလိုရှိသည်ဖြစ်လတ္တံ့ငါသည်ရဟန်းဂေါတမအားဆွမ်းကိုလှူအံ့ဟုကြံ၏။ကြံပြီး၍ အိမ်သို့သွားသောနေ့၌ သမ္ဗုဒ္ဓ မြတ်စွာဘုရားသည်လည်း ထိုပုဏ္ဏားအိမ်သို့ကြွတော်မူ၏။ ထိုအခါပုဏ္ဏားနှင့်အကျွမ်းတဝင်ဖြစ်၏၊နောက်အဘို့၌ ကောက်မှည့်သည်ရှိသော် နက်ဖြန်သယ်ရိတ်အံ့ဟု နေ့ရက်မှတ်သားခြင်းကိုပြု၍ပုဏ္ဏားအိပ်သည် ရှိသော် အစိရဝတီမြစ်ညာ၌ ညည့်သုံးယံပတ်လုံးရှောက်ရွာမိုးသည်ရွာ၏။ (၁)ကြီးစွာသော မိုးရည်အယဉ်သည်လာလတ်၍ စပါးတကွမ်းစားမျှကိုလည်းမကြွင်းရအောင်ပြု၍ အလုံးစုံသောစပါးကိုသမုဒ္ဒရာသို့မျှောလေ၏။

ပုဏ္ဏားသည်ရေအယဉ်ကျသည်ရှိသော် စပါးပျက်စီးရာကိုကြည့်၍ မိမိကိုယ်အဖြစ်ကို မတည်နိုင်ရကား။ ကြီးစွာသောစိုးရိမ်ခြင်းနှိပ်စက်လေရကား။ လက်ဖြင့်ရင်ကိုတီး၍ငိုကြွေး မြည်တမ်းလျက် အိပ်၏။ သမ္ဗုဒ္ဓမြတ်စွာဘုရားသည်မိုးသောက်ထအခါစိုးရိမ်ခြင်း နှိပ်စက်သောထိုပုဏ္ဏားကိုမြင်တော်မူ၍ပုဏ္ဏား၏ ကိုးကွယ်ရာဖြစ်စေအံ့ဟုနက်ဖြန်နေ့၌သာဝတ္ထိပြည်သို့ဆွမ်းအလို့ငှါကြွတော်မူ၍နံနက်အခါဆွမ်းခံ

---

(၁) ရှောက်ရွာမိုးသည်ရွာ၏။ဟူရာ၌-မိုးအခါ မဟုတ် မိုးသီးများကျအောင်ရွာသောမိုးကြီးကိုရှောက်ရွာမိုးခေါ်သည်။

ရာမှဘဲခဲ့ပြီးသော်ရဟန်းတို့ကို ကျောင်းသို့စေတော်မူလိုက်၍ နောက်လိုက်ရဟန်းတပါးနှင့်သာ။ ပုဏ္ဏားအိမ်တံခါးသို့ကြွတော်မူ၏။ ပုဏ္ဏားသည် မြတ်စွာဘုရားကြွတော်မူလာသောအဖြစ်ကိုကြား၍စကားပြောဟောခြင်းငှါ။ငါ၏အဆွေရဟန်းဂေါတမလာသည် ဖြစ်လတ်၏ဟုရအပ်သော သက်သာရာရှိသည်ဖြစ်၍နေရာကိုခင်းစေ၏။ မြတ်စွာဘုရားသည်ဝင်တော်မူ၍ခင်းအပ်သောနေရာ၌နေတော်မူလျှက်။ပုဏ္ဏား၊ အဘယ့်ကြောင့်သင်သည်နှလုံးမသက်သာသနည်း။ သင့်အားအဘယ်သို့သောမချမ်းသာဘွယ်ရှိသနည်းဟုမေးတော်မူ၏။

အိုရှင်ဂေါတမ၊ အစိရဝတီမြစ်နား၌ ငါသည်သစ်ပင်တို့ကိုခုတ်ထွင်သောအခါမှစ၍ပြုအပ်သောအမှုကိုရှင်ဂေါတမတို့သည်သိကုန်၏။ငါသည် ဤကောက်တို့သည်ပြည့်စုံသည်ရှိသော်ရှင်ဂေါတမတို့အားလှူအံ့ဟုကြံမိ၏။ ယခုအခါအလုံးစုံသောငါ၏စပါးကိုကြီးစွာသောမိုးယိုးရည်အယဉ်သည်မဟာသမုဒ္ဒရာသို့မျှောခဲ့၏။ တစုံတခုမျှ ထိုစပါးသည်မကြွင်းပြီ၊တလက်ဘက်မျှသော စပါးမျှမရှိတော့ပြီ။ထို့ကြောင့်ငါ့အားကြီးစွာသောစိုးရိမ်ခြင်းသည်ဖြစ်၏ဟုဆို၏။

ပုဏ္ဏား၊အသို့နည်း။ စိုးရိမ်သော သူအား ပျက်စီးလေပြီးသော စပါးသည်တဖန်လာပြန်အံ့လောဟုမိန့်တော်မူသည်ရှိသော်။အိုရှင်ဂေါတမ၊ ဤသို့စိုးရိမ်သဖြင့်ပျက်စီးလေပြီးသောစပါးသည် တဖန်ပြန်၍ မလာသင့်ပါဟုဆို၏။ ပုဏ္ဏား၊ဤသို့ဖြစ်သည်ရှိသော်အဘယ့်ကြောင့်စိုးရိမ်ဘိသနည်း။ဤသတ္တဝါတို့အားဥစ္စာစပါးမည်သည်ကားဖြစ်သော အခါဖြစ်တတ်၏။ပျက်သောအခါပျက်တတ်၏။တစုံတခုသောသင်္ခါရအဖြစ်သို့ရောက်သော်မပျက်သော တရားမည်သည်မရှိ၊ မစိုးရိမ်လင့်ဟုထိုပုဏ္ဏားကိုမြတ်စွာဘုရားသည် ရှင်လန်းစေတော်မူ၍ထိုပုဏ္ဏားအားလျောက်ပတ်သောတရားကိုဟောတော်မူအံ့ဟု။ကာမသုတ်ကိုဟောတော်မူ၏။ထိုသုတ်ကိုဟောတော်မူသော

အသုံး၌တရားကိုသိသည်ဖြစ်၍လျှင်။ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌တည်၏။ မြတ်စွာဘုရားသည် ထိုပုဏ္ဏားအား စိုးရိမ်ခြင်းမရှိသည်ကို ပြုတော်မူပြီးလျှင်။ နေရာမှထ၍ကျောင်းတော်သို့ကြွတော်မူ၏။

ယဗ္ဗည၊ မြတ်စွာဘုရားသည်၏အမည်ရှိသောစိုးရိမ်းခြင်းနှိပ်စက်သောပုဏ္ဏားကို စိုးရိမ်ခြင်းမရှိသည် ကိုပြုတော်မူ၍ သောတာ ပတ္တိဖိုလ်၌ တည်တော်မူ၏ဟု မြို့အလုံးသည်သိ၏ ရဟန်းတို့သည်တရားသဘင်၌စကားကိုဖြစ်စေကုန်၏။ငါ့ရှင်တို့၊မြတ်စွာဘုရားသည် ပုဏ္ဏားနှင့် မိတ်ဖွဲ့ခြင်းကိုပြုတော်မူ၍ အကျွမ်းဝင်လျှင်ဥပါယ်တမျဉ်နှင့်ယှဉ်၍။ စိုးရိမ်းခြင်း နှိပ်စက်သောပုဏ္ဏားအားတရားဟောတော်မူသဖြင့်ထိုပုဏ္ဏားကို စိုးရိမ်ခြင်းမရှိသည်ကိုပြုတော်မူလျက်။ သောတာပတ္တိဖိုလ်၌ တည်စေတော်မူ၏ ဟုစကားကိုဖြစ်စေကုန်၏။မြတ်စွာဘုရားသည်လာတော်မူလတ်၍။ ရဟန်းတို့၊ ယခုအခါ အဘယ်စကားဖြင့်စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍ ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏ဟု နားတော် လျှောက်သည်ရှိသော်။ ရဟန်းတို့၊ယခုအခါ၌သာလျှင်ပုဏ္ဏားအားစိုးရိမ်ခြင်းမရှိသည်ကို ပြုတော်မူသည်မဟုတ်သေး။ ။ရှေး၌လည်းငါဘုရားသည် ဤပုဏ္ဏားအား စိုးရိမ်ခြင်းမရှိသည်ကို ပြုတော်မူဘူးပြီဟုမိန့်တော်မူ၍အတိတ်ကိုဆောင်တော်မူ၏။

ရဟန်းတို့၊လွန်လေပြီသောအခါ ဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်းအားသားနှစ်ယောက်တို့သည်ရှိကုန်၏။ထိုဗြဟ္မဒတ်မင်းသည်သားတော်ကြီးအား အိမ်ရှေ့ပေးတော်မူ၏။ သားတော်အငယ်အားစစ်သူကြီးအရာကိုပေးတော်မူ၏။ နောက်အဘို့၌ခမည်းတော် ဗြဟ္မဒတ်မင်းကြီး နတ်ရွာလားတော်မူသည်ရှိသော်မှူးတော်မတ်တော်တို့သည်နောင်တော်အိမ်ရှေ့မင်းအားရာဇာဘိသေကကိုဖြစ်စေကုန်၏၊ ငါသည်မင်းအဖြစ်ကိုအလိုမရှိ၊ ညီတော်အားမင်းအဖြစ်ကို ပေးလေကုန်ဟုမိန့်

တော်မူ၏။ အဘန်တလဲလဲ တောင်းပန် တင်လျှောက်သော်လည်းပယ်တော်မူ၍ ညီတော်အား အဘိသိက်သွန်းလေကုန်။ ငါအား မင်းအဖြစ်ကိုအလိုမရှိ။ အိမ်ရှေမင်းအစရှိသည်တို့ကိုလည်းအလိုမရှိဟုပယ်တော်မူ၏။ ထိုသို့တပြီးကား။ ကောင်းမြတ်သောအရသာရှိသော် ဘောဇဉ်ကိုစားတော်မူလျက်နန်းတော်၌ နေတော်မူပါဟုတင်လျှောက်သော်လည်းဤမြို့၌မနေ ထိုဟုဆို၍ ဗာရာဏသီမြို့မှထွက်ခဲ့ပြီးလျှင်ပစ္စန္တရစ်သို့သွား၍။ သူဌေးတယောက်အိမ်ကိုမှီ၍လက်အမှုကိုလုပ်လျက်နေ၏။

ထိုပစ္စန္တရစ်သားတို့သည် နောက်အဘို့၌ ထိုသူမင်းသားဖြစ်ကြောင်းကိုသိကုန်၍လက်မှုကိုမပြုစေကုန်၊ မင်းသားအခြံအရံဖြင့်သာလျှင်ထိုမင်းသားကိုခြံရံကုန်၏။ နောက်အဘို့၌ မင်းမှုထမ်းတို့သည်ပစ္စန္တရစ်သို့သွားကုန်၍ လယ်ပယ်အတိုင်းအရှည်ကိုယူခြင်းငှါ ထိုရွာသို့ရောက်ကုန်၏။ သူဌေးသည်မင်းသားသို့ကပ်၍။ အရှင်မင်းသား၊ အကျွန်ုပ်တို့သည် အရှင်မင်းသားကိုမွေးကျွေးပါကုန်၏။ ညီတော်မင်းကြီးအား မှာစာကိုစေတော်မူ၍ အကျွန်ုပ်တို့အားအခွန်တော်ကိုနုတ်တော်မူကုန်လော့ဟုလျှောက်၏။ မင်းသားသည်ကောင်းပြီဟုဝန်ခံ၍။ ညီတော်ကျွန်ုပ်သည် ဤအမည်ရှိသော သူဌေးအိမ်ကိုမှီ၍ နေ၏။ ထိုကြောင့်ကျွန်ုပ်ကိုထောက်ပံ့သဖြင့် ထိုသူဌေးတို့အားအခွန်တော်ကိုလွှတ်တော်မူပါဟု။ မှာစာစေလိုက်၏။ ညီတော်မင်းကြီးသည်ကောင်းပြီဟုဆို၍နောင်တော်ဆိုတိုင်းပြုစေ၏။

ထိုအခါ ထိုမင်းသားကို အလုံးစုံသောရွာ၌နေသောသူတို့သည်၎င်း၊ ဇနပုဒ်၌နေသောသူတို့သည်၎င်း။ ကပ်ကုန်၍အရှင်မင်းသား။ အကျွန်ုပ်တို့သည်။ အရှင်မင်းသားကိုသာလျှင် အခွန်ကို ဆက်ပါကုန်အံ့။ အကျွန်ုပ်တို့ အားလည်း အခွန်တော်ကို လွှတ်ပါစေကုန်လောဟု ဆိုကုန်၏။ ထိုမင်းသား သည်လည်းထိုသူတို့၏အကျိုးငှါမှာစာကိုစေ၍အခွန်တော်ကိုလွှတ်စေ၏။ ထိုအခါမှစ၍ထိုသူတို့သည်မင်းသားအားသာလျှင်အ

ခွန်ကိုပေးကုန်၏။ ထိုအခါမင်းသားအားများစွာသောလာဘ်ပူဇော်သက္ကာရသည်ဖြစ်၏။ ထို့ကြောင့်ထိုမင်းသားအားလောဘ တဏှာသည် အားကြီးသည် ဖြစ်၏။ ထိုမင်းသားသည် နောက်အဘို့၌အလုံးစုံသောဇနပုဒ်ကိုတောင်း၏။ အိမ်ရှေ့မင်းအဖြစ်ကိုတောင်း၏။ ညီတော်မင်းကြီးသည်နောင်တော်အားတောင်းတိုင်းသာလျှင်ပေး၏။

ထိုမင်းသားသည်တဏှာလောဘ ပွါးသည်ရှိသော် အိမ်ရှေ့မင်းအဖြစ်၌သည်းမရောင့်ရဲသည်ဖြစ်၍မင်းအဖြစ်ကိုယူအံ့ဟုဇနပုဒ်သားအပေါင်းခြံရံလျက်ထိုဗာရာဏသီမြို့သို့သွားပြီးလျှင်မြို့အပ၌နေ၍ငါ့အား မင်းအဖြစ်ကိုသည်းပေးမည်လော၊ စစ်ကိုတည်းထိုးမည်လောဟု ညီတော်မင်းကြီးအား မှာစာကိုစေလိုက်၏။ ညီတော်မင်းကြီးသည်ကြံ၏။ ဤသူမိုက်သည် ရှေး၌ မင်းအဖြစ်အစရှိသည်တို့ကိုပယ်ပြီး၍။ ယခုအခါ စစ်ထိုးသဖြင့်ယူအံ့ဟုဆို၏။ အကယ်၍ ငါသည်စစ်ထိုးသဖြင့်ထိုသူမိုက်ကိုသတ်အံ့။ ငါ့အားကဲ့ရဲ့ခြင်းသည်ဖြစ်လတ္တံ့။ ငါ့အား မင်းအဖြစ်ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟုကြံ၏။ ကြံပြီးလျှင်နောင်တော်အားစစ်ထိုးခြင်းကိုကျွန်ုပ်အလိုမရှိ၊ မင်းအဖြစ်ကိုနောင်တော်ယူသော့ဟုစေလိုက်၏။ ထိုမင်းသားသည်မင်းအဖြစ်ကိုယူပြီးလျှင်ညီတော်အားအိမ်ရှေ့မင်းအဖြစ်ကိုပေး၏။

ထိုအခါမှစ၍မင်းဖြစ်လျက်တဏှာ၏နိုင်ငံသို့လိုက်ရကား၊ တပြည်တည်းဖြင့်မရောင့်ရဲးသည်ဖြစ်၍ နှစ်ပြည်သုံးပြည်တို့ကိုတောင့်တ၍လောဘ၏ အဆုံးကိုမမြင်။ ထိုအခါသိကြားနတ်မင်းသည်လူ့ပြည်၌ အဘယ်သူတို့သည် မိဘတို့ကိုလုပ်ကျွေးကုန်သနည်း၊ ဒါနအစရှိသောကောင်းမှုတို့ကိုပြုကုန်သနည်း၊ အဘယ်သူတို့သည် တဏှာနိုင်ငံသို့ လိုက်ကုန်သနည်းဟုကြည့်လတ်သော် ထိုမင်းမိုက်သည် တဏှာနိုင်ငံသို့ လိုက်သောအဖြစ်ကိုသိ၍။ မင်းမိုက်သည်။ ဗာရာဏသီမင်းအဖြစ်ဖြင့်မရောင့်ရဲးနိုင်။ ထိုမင်းမိုက်ကိုငါသည်သွန်သင်အံ့ဟုကြံ၍ လု

လင်၏အသွင်ဖြင့်မင်းအိမ်တံခါး၌ရပ်၍ ဥပါယ်တမျဉ်၌လိမ္မာ သေး လုလင်တယောက်သည်တံခါး၌ရပ်၏ဟုကြားစေ၍၊ ဝင် စေသော၄ဟုဆိုသည်ရှိသော် ဝင်၍မင်းကိုအောင်ဆုပေးလျက် အဘယ်အကြောင်းကြောင့် လာသနည်းဟု ဆိုလတ်သော်၊ မြတ်သောမင်းကြီး။ အရှင်မင်းကြီးတို့အားအနည်းငယ်သော တင်လျှောက်ဘွယ်သည်ရှိ၏။ ဆိတ်ကွယ်ရာအရပ်ကိုအထိုရှိ ပါ၏ဟုဆို၏။ ထိုဆိုသောခဏ၌သကြားမင်း၏အာနုဘော်ဖြင့် လူတို့သည်ဘဲးကုန်၏။

ထိုအခါမင်းကိုလုလင်သည်မြတ်သောမင်းကြီး။ အကျွန်ုပ် သည်ဝပြောစည်ပင်ကုန်သော ပြွမ်းသောလူရှိကုန်သောပြည့် စုံသောစစ်သည်မိုလ်ပါ၊ဆင်ယဉ်မြင်းယဉ်ရှိကုန်သော သုံးမြို့ တို့ကိုမြင်၏။အကျွန်ုပ်သည်မိမိအစွမ်းဖြင့် ထိုသုံးပြည် တို့ကို ယူ၍ဆက်ပါအံ့။ကြာမြင့်စွာမပြုမူ၍လျင်စွာသွားခြင်း၌ သင့် ၏ဟုလျှောက်၏တဖျာ၏ နိုင်ငံသို့ လိုက်သော ထိုမင်းသည် ကောင်းပြီဟုဝန်ခံ၏၊ သိကြားမင်း၏အာနုဘော်ကြောင့် သင် သည်အဘယ်သူနည်း။ အဘယ် အရပ်မှ လာသနည်း။ သင့် ကိုလိုသော်။ အဘယ်၌ခေါ်ယူခြင်း၌သင့်သနည်းဟူ၍ကား။ မမေးမိ၊ ထိုသိကြားမင်းသည်လည်း၏မှုကိုသာဆို၍ တာဝ တိံသာ နတ်ပြည်သို့သွားလေ၏။

မင်းသည်အမတ်တို့ကိုခေါ်၍ တယောက် သော လုလင် သည်ငါတို့အားသုံးပြည်ထောင်ကို ယူ၍ ပေးအံ့ဟုဆို၏။ အ မတ်တို့ထိုလုလင်ကိုခေါ်စေကုန်၊ မြို့၌စည်လည်စေ၍မိုလ် ပါ ပေါင်းကိုစုဝေးကြကုန်၊ ကြာမြင့်ခြင်းကို မပြုမူ၍ သုံးပြည် ထောင်တို့ကိုယူကုန်အံ့ဟု ဆိုသည်ရှိသော်။ မြတ်သော မင်း ကြီးအသို့နည်း အရှင်မင်းကြီးသည် ထိုလုလင်အား ပူဇော် သက္ကာရကိုပြုတော်မူ၏လော။နေရာအရပ်ကိုလည်းမေးတော် မူ၏လောဟုလျှောက်လတ်သော်။ ပူဇော်သက္ကာရကိုလည်းငါ မပြုမိ။နေရာအရပ်ကိုလည်း ငါမမေးမိ။ သွားချေကုန်။ ထိုလု

လင်ကိုရုံစမ်းကြကုန်။ သုံးပြည်ထောင်တို့ကို ယူကုန်အံ့ဟုဆို၍စေခိုင်း၏။ ထိုအမတ်တို့သည်၊ မြတ်သော မင်းကြီးအလုံးစုံသော ဗာရာသီပြည်၌ ထိုလုလင်ကို မမြင်ပါကုန်ဟုတင်လျှောက်ကုန်၏။

ထိုစကားကိုကြားသဖြင့်၊ မင်းသည်နှလုံးမသာသည်ဖြစ်၍ သုံးပြည်ထောင်သောမင်းအဖြစ်၌များစွာသောစည်းစိမ်အခြံအရံမှယုတ်၏၊ ငါသည်ရိက္ခာစားနပ်ကိုမပေးမိ။ နေရာအရပ်ကိုလည်းမပေးမိ။ ထိုကြောင့်ငါ့အားအမျက်ထွက်၍မလာသည်ဖြစ်လတံ့ဟုထိုမင်းသည်အဘန်တလဲလဲကြံ၏။ ထိုအခါလောဘနှိုင်ငံ့သို့လိုက်သောထိုမင်း၏ကိုယ်၌ပူပန်ခြင်းသည်ဖြစ်၏။ ကိုယ်အလုံး ပူလောင်သည် မှိုသော်ရင်သည် ခြောက်တတ်၍ ဝမ်း သွေးကျသောအနာသည် ဖြစ်၏။ တလုပ်သော ထမင်းသည်ဝင်အံ့၊ ထိုထမင်းလုပ်သည်အန်၏။ ဆေးသမားတို့သည် ဆေးကုခြင်းငှါမတတ်နိုင်ကုန်။ မင်းသည်အလွန်ပင်ပန်း၏။ ထိုအခါမင်းကြီးနာသောအဖြစ်သည်။ တိုင်းပြည်အလုံး၌ထင်ရှား၏။

ထိုအခါဘုရားလောင်းသည် တက္ကသိုလ်ပြည်မှ အလုံးစုံသော အတတ်တို့ကိုသင်၍ဗာရာဏသီပြည် မိဘတို့၏ အထံသို့သာလတ်သည်ရှိသော် ထိုအကြောင်းကိုကြား၍။ ငါသည်ဆေးကုအံ့ဟုကြံပြီးလျှင်မင်းထံသို့သွား၍ တယောက်သောလုလင်သည်ရှင်မင်းကြီးတို့ကိုဆေးကုအံ့သောငှါလာ၏ဟုကြားစေ၏မင်းသည်အလွန်ကြီးကုန်သောဒိသာ ပါမောက္ခဖြစ်ကုန်သောဆေးသမားတို့သည်လည်း ငါ့ကိုကုစားခြင်းငှါမတတ်နိုင်ကုန်။ လုလင်ပျိုသည်အဘယ်သို့တတ်နိုင်အံ့နည်း၊ ထိုကြောင့်ထိုလုလင်ကိုရိက္ခာပေး၍သာလွှတ်လိုက်ကြကုန်လောဟုဆို၏။ ထိုစကားကိုကြား၍။ လုလင်သည်ငါ့ကားဆေးကုခြင်းဖြင့်ဆေးခကိုအလိုမရှိ။ ငါသည်ကုပါအံ့။ ထိုကြောင့် သက်သက်သောဆေးဘိုးမျှကိုပေးပါလောဟုဆို၏။ ထိုစကားကိုကြား၍မင်း

သည့်ခေါ်စေ၏၊ထိုလုလင်သည်မင်းကိုမြင်၍ မြတ်သော မင်းကြီး၊ကြောက်တော်မမူလင့်။ အကျွန်ုပ်သည် အရှင်မင်းကြီးအားကုပါအံ့။ စင်စစ်သော်ကား အကျွန်ုပ်အား အနာ ဖြစ်ကြောင်းကိုကြားတော်မူလော့ဟုဆို၏။ မင်းသည် ထိုလုလင်ကိုယုံမှားရှိသည်ဖြစ်၍ထိုအနာ ဖြစ်ကြောင်းဖြင့်အဘယ် အကျိုးရှိအံ့နည်း၊ဆေးကိုသာကုလော့ဟုဆို၏။

မြတ်သောမင်းကြီး၊ဆေးသမားတို့ မည်သည်ကား ဤအနာသည်ဤအကြောင်းကိုမှီ၍ဖြစ်၏ဟုသိ၍လျှင်၊ ထိုအနာအားလျော်သောဆေးကိုပြုရကုန်၏ဟုဆိုသည်ရှိသော် မင်း သည်အမောင်ကောင်းပြီဟုအနာဖြစ်ကြောင်းကိုပြောလိုရကား၊လုလင်တယောက်သည်လာလတ်၍ သုံးပြည်ထောင်တို့၌မင်းအဖြစ်ကိုယူ၍ပေးအံ့။ ဤသို့အစရှိသည်တို့ကိုဆို၍ အလုံးစုံ ကိုပြော၏၊ အမောင်၊ငါ့အား ဤတဏှာကိုမှီ၍ အနာဖြစ်၏။အကယ်၍ဆေးကုခြင်းငှါတတ်နိုင်အံ့၊ ကုလော့ဟုဆို၏။ မြတ်သောမင်းကြီး၊ အသို့နည်းဆိုးရိမ်သဖြင့်သုံးပြည်ထောင်တို့ကိုရခြင်းငှါတတ်နိုင်မည်လောဟုဆိုသည်ရှိသော်၊အမောင်၊ မတတ်နိုင်ဟုဆို၏။

ဤသို့ဖြစ်ချေက်အဘယ်ကြောင့်ဆိုးရိမ်သနည်း။ မြတ်သောမင်းကြီး၊ထိုစကားသည်မှန်၏။ အလုံးစုံ သာလျှင် ဖြစ်သောသက်ရှိသက်မဲ့ဝတ္ထုကို၊ မိမိ၏ပုဇော်သက္ကာရကိုအစပြု၍၊အဆွေခင်ပွန်းမည်သည်ကိုမှီ၍၊ လေးပြည်ထောင်တို့၌ မင်းအဖြစ်ကိုယူ၍ပေးသော်လည်း၊ရှင်မင်းကြီးသည်တပြိုင်နက် လျှင်ထမင်းလေးခွက်တို့ကိုစားတော်မူနိုင်မည်လော၊အိပ်ရာ လေးခုတို့၌ အိပ်နိုင်မည်လော။လေးစုံသော အဝတ်တန်ဆာတို့ကိုဆင်ဝတ်နိုင်မည်လော။လောဘနိုင်ငံသို့လိုက်ခြင်းမည်သည်မသင့်။ထိုစကားသည်မှန်၏။ဤတဏှာမည်သည်ကားပွါးသည်ရှိသော်အပါယ်လေးဘုံတို့မှလွတ်ခြင်းငှါအခွင့်မပေးဟု ဆို၍၊ထိုမင်းကို ဘုရားလောင်းသည်ဆုံးမ၍၊ ထို့နောင်မှမင်းအား

တရားဟောလိုရကား။ ။“ကာမံကာမယမနသော”၊ အစရှိသော်ရှစ်ဂါထာတို့ကိုဆို၏၊ထိုဂါထာတို့၏အဓိပ္ပါယ်ကား။

မြတ်သောမင်းကြီး၊ ဝတ္ထုကာမကို။ တောင့်တသော ပုဂ္ဂိုလ်အား။ ထိုဝတ္ထုကာမသည်။ အကယ်၍ပြည့်စုံအံ့။ ထိုသတ္တဝါသည်။အကြင်ဝတ္ထုကိုအလိုရှိအံ့၊ထိုဝတ္ထုကို။ ရသည့်ရှိသော်။စင်စစ်နှစ်လိုသောစိတ်ရှိ၏။ ။ဝတ္ထုကာမကိုတောင့်တသော။ပုဂ္ဂိုလ်အား။ ထိုဝတ္ထုကာမသည်။အကယ်၍။ပြည့်စုံအံ့။ ထိုအခါမှ။ နောက်၌။ နွေလအခါ၌။ရေမွတ်ခြင်းရှိသကဲ့သို့။ကာမတို့ကိုရင်း။တဏှာကိုရင်း။တောင့်တ၍နေရ၏။ ။နွားအပေါင်းတို့တွင်။ပွါးသော။ဦးချိုရှိသောနွား၏ ဦးချိုသည်။ပွါးသကဲ့သို့။ဤအတူ ပညာနုံ့သော။ မသိသော။ ရိုက်သော။ အသားသာများ၍ ဉာဏ်မပွါးသော ပုဂ္ဂိုလ်အား၊ လွန်စွာ။ တဏှာသည်ရင်း၊ ချင်ခြင်းသည်ရင်း။ပွါး၏။ ။မြေ၌ရှိသော သလေးခင်း မုယောခင်းကိုရင်း။ နွားမြင်းကိုရင်း။ ကျွန်အမှုလုပ်သော သူကိုရင်း။ ပေး၍လည်း။ ထိုတဏှာနိုင်ငံသို့လိုက်သောသူအား။အထိုမပြည့်နိုင်။ ဤသို့။သိတော်မူ၍တရားနှင့်အညီအမှု၊ကျင့်ရာ၏။ ။ရေမြေသဌ္ဌနင်းပြည့်ရှင်မင်းသည်။မြေကိုနှိပ်စက်၍။သမုဒ္ဒရာအဆုံးရှိသော၊ သမုဒ္ဒရာ၏။အတွင်းဖြစ်သော။မြေကို။ အောင်၍။နေရသော်သည်း။ မရောင့်ရဲသောသဘော ရှိသည်ဖြစ်၍ သမုဒ္ဒရာ၏။ ကမ်းတဘက်ကိုလည်း၊ တောင့်တရာ၏။ ။ဤသို့၊ ကာမဂုဏ်တို့ကို။ အဘန်ဘန်အောက်မေ့သော။အကြင်သူသည်။စိတ်ဖြင့်။ရောင့်ရဲခြင်းကို။မရနိုင်။ထိုကာမဂုဏ်မှ။ ဆုတ်နစ်၍ကိုယ်ဖြင့်ဘဲ၍ အပြစ်ကိုဉာဏ်ဖြင့်မြင်၏။အကြင်သူတို့သည်။ပညာဖြင့်၊ ပြည့်ကုန်၏။ထိုသူတို့သည်။ စင်စစ်ရောင့်ရဲသည်မည်ကုန်၏။ ။ပညာဖြင့်ပြည့်သော သူသည်မြတ်၏။ ထိုသူသည်ကာမဂုဏ်တို့ဖြင့်မပူပန်။ပညာဖြင့် ပြည့်သော၊ပုဂ္ဂိုလ်ကို၊ တဏှာသည်။ မိမိအလိုသို့။မလိုက်စေနိုင်။ ။ကာမဂုဏ်တို့ကို ဖျက်ဆီးရာသည်သာ.

တည်း။အလိုနည်းသည်ဖြစ်၍။ခလျှပ်ပေါ်သော၊ သရဒ္ဒရာနှင့်တူသော ပညာရှိသောထိုပုဂ္ဂိုလ်သည်။ ကာမဂုဏ်တို့ဖြင့်မပူပန်။ ။သားမယားသည်။ သားရေကို၊ ဘိနပ်ပြတ်အခါ၌၊ စွန့်သကဲ့သို့၊ ကာမဂုဏ်တို့၏။ အကြင်အကြင်အကြောင်းတို့ကို။စွန့်ရ၏။ ထိုထိုသောအကြောင်းဖြင့်။ ချမ်းသာခြင်းသည်။ပြည့်စုံ၏၊ အလုံးစုံသာလျှင်ဖြစ်သော။ ချမ်းသာကို အလိုရှိပြားအံ့။ အလုံးစုံကုန်သော ကာမဂုဏ်တို့ကိုစွန့်ရာ၏။ ဟူ၍ဟော၏။ ။

ဤဂါထာတို့ကိုဟောသော ဘုရားအလောင်းအား။မင်း၏ ထိုးဖြူကိုအာရုံပြု၍သြဒါတကသိုဏ်းလျှင်အာရုံရှိသော ဈာန်သည်ဖြစ်၏။ မင်းသည်လည်း အနာမရှိသည်ဖြစ်၏၊ ထိုမင်းသည်လည်းနှစ်သက်သည်ဖြစ်၍ နေရာမှထပြီးလျှင်ဤမျှလောက်ကုန်သောဆေးသမားကြီးတို့သည် ကုစားခြင်းငှါမတတ်နိုင်ကုန်။ပညာရှိသော လုလင်ငယ်သည်ကား ပညာများသောကြောင့်ကာမဂုဏ်တို့၏အထူးထူးသော အပြစ်ကိုပြပေ၏ဟုဆို၍ထိုလုလင်နှင့်စကားပြောလိုရာကား။ ။

ပုဏ္ဏားလုလင်မြတ်။သင်ပုဏ္ဏားမြတ်သည်၊ဟောအပ်ကုန်သော၊ အလုံးစုံကုန်သော။ ရှစ်ဂါထာတို့သည်။တထောင်စီထိုက်တန်ကုန်၏။ အသပြာရှစ်ထောင်တို့ကို။ ခံပါလော့။သင်ဆိုအပ်သော၊ ဤစကားသည် ကောင်းပေစွ။ ချီးမွမ်းတော်မူ၏။

ဘုရားလောင်းသည် ကိုးဂါထာကိုဟောလျက် ဤဂါထာ၌ရှစ်ဂါထာဟုဆိုသည်ကားဒုတိယဂါထာကစ၍ ကာမဂုဏ်အပြစ်နှင့်စပ်သောရှစ်ဂါထာကိုယူရမည်။

မင်းကြီးဆိုသော ထိုစကားကို ကြား၍ ဘုရားလောင်းသည်။ ။နမေအတ္ထောသဟဿေဟိ၊ သတေဟိနဟုတေဟိပိ။ပစ္ဆိမံဘာသတောဂါထံ၊ကာမေမေနိရတောမနော၊ ။ ဟူသောတဆဲ့တခုမြောက်သောဂါထာကိုဆို၏။

မဟာရာဇ၊မြတ်သောမင်းကြီး၊ မေ၊အကျွန်ုပ်သည်။ သဟဿဟိပိ၊တထောင်တို့ကိုဍင်း။ သတေဟိပိ၊တရာတို့ကိုဍင်း။နဟုတေဟိပိ၊တသောင်းတို့ကိုဍင်း။ နအဋ္ဌာ၊အထိုမရှိ။ ပစ္ဆိမံ၊နောက်ဆုံးဖြစ်သော။ဂါထံ၊ရထကာရောဝင်မွှသ၊အစရှိသောဂါထာကို။ ဘာသတော၊ဟောသော။ မေ၊ငါ၏။မနော၊ စိတ်သည်။ ကာမေ၊ ကာမဂုဏ်၌။ နိရတော၊မမွေ့မလျော်၊တော့ပါ။ ။

မင်းသည်လည်းအတိုင်းထက်အလွန် နှစ်သက်၍ ဘုရားလောင်းကို ချီးမွမ်းထိုရကား။ ။ဘဒြကောဝတံယံမာဏဝကော၊သဗ္ဗလောကဝိဒူမုနိ၊သောဉာမံတဏ္ဍာဒုက္ခဇနနံ၊ပရိဇာနာတိပဏ္ဍိတော။ ။ဟူသောအဆုံးဂါထာကိုဆို၏။

ပဏ္ဍိတော၊ ပညာရှိသော၊ မာဏဝကော၊ လုလင်ငယ်သည်။ဒုက္ခဇနနံ၊ အလုံးစုံသောဝဋ်ဆင်းရဲကို ဖြစ်စေတတ်သော။ဉာမံတဏှံ၊ ဤတဏှာကို။ပရိဇာနာတိ၊ပိုင်းခြား၍သိ၏။ သဗ္ဗလောကဝိဒူ၊အလုံးစုံကုန်သောလောကကိုသိသော။ မုနိ၊ အကျိုးအကြောင်းကိုသိသော၊ အယံမာဏဝကော၊ဤလုလင်သည်။ဘဒြကောဝတ၊ကောင်းပေစွတကား။

ဘုရားလောင်း သည်လည်း။ မြတ်သော မင်းကြီး၊ မမွေ့မလျော့တရားကို ကျင့်တော် မူလော့ဟု မင်းကို ဆုံးမပြီးလျှင် ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့သွား၍ ရသေ့ရဟန်းပြုသဖြင့်အသက်ထက်ဆုံးတည်၍ ဗြဟ္မဝိဟာရတရားလေးပါးတို့ကိုပွါးစေသဖြင့် မယုတ်သောဈာန်သည်ရှိသည်ဖြစ်၍ဗြဟ္မာ့ပြည်သို့သွား၏။

သဗ္ဗညု မြတ်စွာဘုရားသည်။ ဤဓမ္မဒေသနာကို ဆောင်တော်မူ၍။ ရဟန်းတို့၊ ဤသို့လျှင်ရှေး၌လည်း ရှင်တို့ဆရာ ငါဘုရားသည်ဤပုဏ္ဏားအား စိုးရိမ်ခြင်းမရှိသည်ကို ပြုတော်မူ

ဘူးပြီဟုမိန့်တော်မူ၍၊ ယခုအခါ ဤပုဏ္ဏားသည် ထိုအခါတက္ကသိုလ်ပြည်ပါမောက္ခဆရာ ပြည်ဖြစ်ဘူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင်ထိုအခါ ပညာရှိလုလင်ငယ်ဖြစ်ဘူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

ဒွါဒသနိပါတ်ကျမ်းမှ။သေးခုမြောက်သောကာမဇာတ်ကို ထုတ်နုတ်၍သုတ်သင်ပြခြင်းသည်ဤမျှသောသဒ္ဒါ၏အစဉ်၊အနက်၏အစဉ်အားဖြင့်အပြီးသို့ရောက်၏။

---

## ဇနသန္ဓဇာတ်။

နတ်နှင့်တကွသောလောကကို ဆုံးမတော်မူတတ်သောသဗ္ဗညုမြတ်စွာဘုရားသည်“ဒသခလု„၊အစရှိသော ဂါထာပုဒ်ဖြင့်တန်းဆာဆင်အပ်သော ဤဇနသန္ဓဇာတ်ကိုဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ ကောသလမင်းကြီးအားဆုံးမတော်မူခြင်းငှါဟောတော်မူ၏။ ထိုစကားကိုချဲ့ဦးအံ့၊ အခါတပါး၌ကောသလမင်းကြီးသည်အစိုးရခြင်းမာန်ယစ်သဖြင့်ကိလေသာမြူးထူး၏။ ချမ်းသာကိုမှီသည်ဖြစ်၍တရားဆုံးဖြတ်ခြင်းကိုလည်းမပြုစေ။ ဘုရားအား ခစားခြင်းကိုလည်းမေ့လျော့၏။ ထိုကောသလမင်းသည် တနေ့သ၌၊ မြတ်စွာဘုရားကိုအောက်မေ့၍မြတ်စွာဘုရားကိုရှိခိုးအံ့ဟု၊ နံနက်စာစားပြီးသော် မြတ်သောရထားကိုစီး၍ ကျောင်းတော်သို့သွားပြီးလျှင်၊ မြတ်စွာဘုရားကိုရှိခိုး၍နေ၏။ ထိုအခါကောသလမင်းကြီးကို မြတ်စွာဘုရားသည် မြတ်သောမင်းကြီး၊ အဘယ်ကြောင့်ကြာမြင့်စွာမမြင်သနည်းဟု မိန့်တော်မူသည်ရှိသော်၊အရှင်ဘုရား၊အကျွန်ုပ်တို့အားအမှုကိစ္စများသောကြောင့်အရှင်ဘုရားအား ခစားခြင်းအခွင့်သည် မဖြစ်နိုင်ပါဟု နားတော်သျှောက်သည်ရှိသော်၊ မြတ်သောမင်းကြီး၊မြတ်သော

အဆုံးအမကိုပေးတတ်သောသဗ္ဗညုငါသို့သောဘုရားသည် အဦးဖြစ်သောကျောင်း၌နေတော်မူလျက်သင်မင်းကြီးသည်။ မွေ့လျော်ခြင်း၌ မသင့်။ပြည်ထဲးအရှင် မင်းမည်သည်ကား ရာဇဓမ္မတရားဆယ်ပါးတို့၌မမွေ့မလျော်ကျင့်ရာ၏။ တိုင်းပြည် သူတို့၏မိဘနှင့်တူသဖြင့်အဂတိလေးပါးသို့လိုက်ခြင်းကိုပယ်၍မင်းကျင့်တရားဆယ်ပါးတို့၌တည်အပ်ကုန်၏။စင်စစ်သော်ကား ငါဘုရား ဆုံးမတော် မူအပ်သည်ဖြစ်၍ သင်မင်းကြီးသည်တရားနှင့်အညီမင်းပြု၏၊ ထိုတရားနှင့်အညီ မင်းပြုခြင်းသည်အံ့ဘွယ်မရှိသေး။ရှေးပညာရှိတို့သည်ဆုံးမတတ်သောဆရာမရှိသော်သည်း။ မိမိ၏ပကတိအားဖြင့် သုံးပါးအပြားရှိသောသုစရိုက်တရား၌တည်၍၊ လူများအပေါင်းအား တရားဟော၍နတ်ပြည်ခရီးကိုဖြည့်စေကုန်လျက် သွားသွားကုန်ပြီဟုမိန့်တော်မူ၏၊ ထိုကောသလမင်းသည် တောင်းပန်အပ်သည်ဖြစ်၍အတိတ်ကိုဆောင်တော်မူ၏။

မြတ်သောမင်းကြီး၊ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော်ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ မိဖုရားကြီးဝမ်း၌ဖြစ်၍ ဇနသန္ဓမင်းသားဟူသောအမည်ကိုမှည့်ကုန်၏၊ ထိုအခါ အရွယ်ရောက်လတ်သော်တက္ကသိုလ်ပြည်မှ အလုံးစုံသောအတတ်တို့ကို သင်၍လာသောအခါခမည်းတော်ဗြဟ္မဒတ်မင်းကြီးသည် အလုံးစုံသောနှောင်အိမ်တို့ကိုသုတ်သင်စေ၍ (၁)ဘုရားလောင်းအားအိမ်ရှေ့အရာနှင်းတော်မူ၏။ထိုဘုရားလောင်းဇနသန္ဓမင်းသားသည်။နောက်အခါ၌ခမည်းတော်ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံတော်မူသဖြင့် မင်းအဖြစ်၌ တည်သောအခါ။မြို့တံခါးလေးမျက်နှာတို့၌ရင်း၊ မြို့လယ်၌ရင်း။ နန်းတော်တံခါး၌ရင်း။ ဤသို့

---

(၁) နှောင်အိမ်တို့ကိုသုတ်သင်စေ၍ဟူရာ၌။ သားတော်ကိုအိမ်ရှေ့နှင်းသောအခါ-နှောင်အိမ်၌ရှိသောလူသူ ကျေးကျွန်တို့ကိုလွှတ်၍။ ထားရှိသောနှောင်အိမ်တို့မှဘေးမဲ့လွှတ်သည်ဟူလို။

ခြောက်ဆောင်သောအလှူတင်ကုပ်တို့ကို ဆောက်စေ၍နေ့တိုင်းနေ့တိုင်း ခြောက်သိန်းသောဥစ္စာတို့ကိုစွန့်သဖြင့် ဇမ္ဗူဒိပ်ကျွန်းအလုံးကို ကျော်ကြားစေ၍ အလှူကြီးကို လှူတော်မူလျက်။ နှောင်အိမ်တို့ကိုအမြဲဟောင်းလင်းဘွင့်သည်ကို ပြုစေပြီးလျှင် တရားဘဏ္ဍာတိုက်ကို သုတ်သင်စေ၍ သင်္ဂဟတရားလေးပါးတို့ဖြင့် လူအပေါင်းတို့ကို သင်္ဂြိုဟ်မစတော် မူပြီးမှ။ ငါးပါးသော သီလ၊ ရှစ်ပါးသော သီလကို စောင့်ရှောက်ဆောက်တည်လျက်တရားနှင့်အညီမင်းပြုတော်မူ၏။

အကြားအကြား၌လည်းတိုင်းပြည်သူဘို့ကို စည်းဝေးစေ၍အလှူပေးကြကုန်၊ သီလဆောက်တည်ကြကုန်။ ဘာဝနာကိုပွါးကြကုန်။ တရားအညီလုပ်ကိုင်မှုကိုရှင်း၊ ရောင်းဝယ်မှုကိုရှင်းသွယ်ကြကုန်။ ငယ်သောအခါကလျှင်အတတ်ပညာသင်ကြကုန်။ ဥစ္စာကိုဖြစ်စေကုန်။ စဉ်းလဲသော သက်သေအမှုကိုရှင်း။ ကုန်းတိုက်ကုန်းချောသောစကားဆိုခြင်းကိုရှင်းမပြုကြကုန်လင့်။ ကြမ်းထမ်း ကြမ်းကြုတ်သည် မဖြစ်ကြကုန်လင့်။ မိဘတို့အားရိုသေစွာလုပ်ကျွေးခြင်းဝတ်ကိုဖြည့်ကြကုန်။ အမျိုး၌ကြီးသောသူတို့အား အရိုအသေပြုကြကုန်ဟုတရားဟော၍ လူများအပေါင်းကိုသုစရိုက်တရား၌တည်စေတော်မူ၏။

ထိုဘုရားလောင်းသည် တနေ့သ၌ပန္နရသီဥပုသ်နေ့ အခါ ဥပုသ်ဆောက်တည်သည်ဖြစ်၍ လူများအား လွန်စွာ စီးပွါးချမ်းသာအကျိုးငှါတရားဟောအံ့ဟုကြံ၍မြို့၌စည်လည်စေပြီးလျှင်မိမိ၏ ကိုယ်လုပ်မောင်းမတို့ကို အစပြု၍ အလုံးစုံသောပြည်သူအပေါင်းတို့ကိုစည်းဝေးစေပြီးလျှင် မင်းရင်ပြင်တွင်။ တန်းဆာဆင်၍ တန်းဆာဆင် သော ရတနာမဏ္ဍပ် လယ်၌ကောင်းစွာခင်းအပ်သောရာဇပလ္လင်၌နေတော်မူ၍။ အိုပြည်သူအပေါင်းတို့၊ သင်တို့အားအလိုရှိအပ်သောတရားတို့ကိုဟောအံ့။ မမေ့မလျော့သဖြင့်ညွတ်သောနားရှိကုန်သည်ဖြစ်၍ ရိုသေစွာနာကြကုန်ဟုဆို၍တရားကိုဟောတော်မူ၏။

သဗ္ဗညုမြတ်စွာဘုရားသည် သစ္စာဖြင့်ထုံအပ်သော ရတနာခံတွင်းတော် ကိုဘွင့်လှစ်တော်မူ၍ ထိုတရားတော်ကိုသာယာစွာသောအသံတော်ဖြင့်ကောသလမင်းကြီးအား ထင်စွာပြတော်မူလိုသည်ဖြစ်၍၊

(၁)။ ဒသဗလုတ္တမာနိ ဉာဏာနိ၊ ယာနိပုဗ္ဗေ အကာရိတွာ။
သပစ္ဆာအနုတပ္ပတိ၊ ဘုဇ္ဇေဝဂါဟာဇနသန္တော။

(၂)။ အသဒ္ဓါဝိတ္တံတပ္ပတိ၊ နပုဗ္ဗေအာသမုဋ္ဌိတံ၊ လဒ္ဓံပုဗ္ဗေ
ဓနေသိသံ၊ ဉာတိပစ္ဆာနုတပ္ပတိ။

(၃)။ သကျူရုပံ ပုရေသန္တံ (၁) မယာ သိပ္ပံ နသိက္ခိတံ။
ကိစ္စာရက္ခံအသိပ္ပဿ၊ ဉာတိပစ္ဆာနုတပ္ပတိ။

(၄)။ ကူဋဝေဒီပုရေအာသိ၊ ပိသုဏော ပိဋ္ဌိမံသိကော။
စဏ္ဍောစဖရုသောစာပိ။ ဉာတိပစ္ဆာနုတပ္ပတိ။

(၅)။ ပါဏာတိ ပါတီ ပုရေ အာသိ၊ လုဒ္ဒေါ စာပိ အနရိ
ယော။ ဘူတာနံနာနုကမ္ပိယံ၊ ဉာတိပစ္ဆာနုတပ္ပတိ။

(၆)။ ဗဟူသုဝတသန္တီသု၊ အနာပါဒါသုဣတ္ထိသု၊ ပရဒါ
ရံအသေဝိသံ၊ ဉာတိပစ္ဆာနုတပ္ပတိ။

(၇)။ ဗဟုမ္ဟိ ဝတသန္တမှိ၊ အန္နပါနေဥပဋ္ဌိတေ။ နပုဗ္ဗေ
အဒဒံဒါနံ၊ ဉာတိပစ္ဆာနုတပ္ပတိ။

(၈)။ မာတရံပိတရဥ္စာပိ၊ ဇိဏ္ဏကံဂတယောဗ္ဗနံ။ ပဟု
သန္တောနပေါသိသံ။ ဉာတိပစ္ဆာနုတပ္ပတိ။

(၉)။ အာစရိယမနုသတ္ထာရံ၊ သဗ္ဗကာမရသာဟရံ။ ပိတ
ရံ့အတိမညိသံ၊ ဉာတိပစ္ဆာနုတပ္ပတိ။

(၁၀)။ သမဏေဗြာဟ္မဏေစာပိ၊ သီလဝန္တေဗဟုဿုတေ။
နပုဗ္ဗေပယိရုပါသိသံ။ ဉာတိပစ္ဆာနုတပ္ပတိ။

(၁၁)။ သာဓုဟောတိတပေါစိဏ္ဏော၊ သန္တော ပယိရုပါ

---

(၁) သကျူရုပံပုရေသန္တံ။ဟူရာ၌၊ ဤဇာတ်တော်သာ ဤပါဠိကိုထောက်၍—ထိုးခန်းချို့ဟတ္ထိပါလသန်း၌-''သကျူရုပံ၊ ကြိကြိသာ,,။ အစချီသော လင်္ကာတိုရှင်ရဋ္ဌသာရကျောင်းဝင်တော်မူ၏။

သိကော။ နပုဗ္ဗေဝတပေါ မိဗ္ဗောာ၊ ဇာတိပဿာနု တပ္ပတိ။

(၁၂)။ ယောစတော နိဗ္ဗာနာနိ။ ယောနိသော ပန္နိပဇ္ဇတိ။ ကရံ ဂုရိသကိစ္စာနိ၊ သပဿာ နာနုတပ္ပတိ။ ။ဟူသော ဂါထာတို့ကို ဟောတော်မူ၏၊ အနက်ကား၊

(၁) မဟာရာဇ၊ မြတ်သော ကောသလ မင်းကြီး။ ဒသ၊ ဆယ်ပါးကုန်သော၊ ယာနိဗ္ဗာမာနိဗ္ဗာနာနိ၊ အကြောင်း အကြောင်းတို့ကို၊ ပုဗ္ဗေ၊ ရှေး၌၊ အကရိတွာ၊ မပြုသည်ဖြစ်သော်၊ သော၊ ထိုသူသည်၊ ပဿာ၊ နောက်၌၊ အနုတပ္ပတိ၊ ပိုးမိုမ်ရတတ်၏။ ဇာတိဝေ ဝံ၊ ဤသို့၊ ဇနသန္ဓော၊ ဇနသန္ဓမင်းသည်၊ အာဟာခလု၊ ဟောသတတ်၊

(၂)။ သန္ဓိ၊ ရအပ်သော၊ ဝိတ္တံ၊ ဥစ္စာကို၊ အာလဥ္ဓါ၊ မရသည်ဖြစ်သော်၊ တပ္ပတိ၊ ပိုးရိမ်ရ၏။ ပုဗ္ဗေ၊ ရှေး၌၊ ဓနံ၊ ဥစ္စာကို၊ အသရန္တိတံ၊ မသည်းပူးမိသော၊ ပုဗ္ဗေ၊ ရှေးငယ်သောအခါ၌၊ ဓနံ၊ ဥစ္စာကို နဗေသိသံ၊ ငါမရှာမိသော၊ ဇာတိ၊ ဤသို့၊ ပဿာ၊ နောင်အိုသောအခါ၌၊ အနုတပ္ပတိ၊ ပိုးရိမ်ရတတ်၏။

(၃)။ ပုရေသတ္တံ၊ ရှေးငယ်သောအခါ၌၊ မယာ၊ ငါသည်။ သက္ကုဏံ၊ ခွမ်းနိုင်သောအရွယ်ရှိပါလျှက်။ သိပ္ပံ၊ အလုံးစုံသော ဆင်စီးမြင်းစီး အစရှိသော အတတ်ကို၊ နသိက္ခိတံ၊ မသင်မိ သော၊ အသိပ္ပသာ၊ အတတ်ပညာမရှိသောသူအား၊ ဝုတ္တိ၊ အသက်မွေးခြင်းသည်၊ ကိစ္ဆာ၊ ငြိုငြင်ဆင်းရဲ၏၊ ဇာတိ၊ ဤသို့။ ပဿာ၊ နောင်အိုသောအခါ၌၊ အနုတပ္ပတိ၊ ပိုးရိမ်ရတတ်၏။

(၄)။ ပုရေ၊ ရှေးငယ်သောအခါ၌၊ ကူဋဝေဒိ၊ စဥ်းလဲစဥ်းစားပြုမိသည် အာသိ ဖြစ်၏၊ ပိဋ္ဌိမံသိကော (၁) သူတပါးတို့၏ ကျောက်ကုန်းကို စားတတ်သော၊ ပိသုဏော၊ ချောပစ်သော

(၁) ပိဋ္ဌိမံသိကော။ ဟူရာ၌။ ကွယ်ရာ၌ကုန်းချောစကားကို ပြောဆိုတတ်သောသူဘည့်။ သူတပါး၏ကျောက်ကုန်းသားကိုစားဝါးသည်နှင့် တူသော ကြောင့်၊ ပါဠိဘာသာ၌–ပိဋ္ဌိမံသိကဟုဆိုသည်။

စကားကိုဆိုမိသည်။အာသိ၊ဖြစ်၏။ အဟံ၊ ငါသည်။ စင်္ကော စ၊ကိုယ်ကြွမ်းထမ်းသည့်ဝင်း။ဖရသောစာပါ၊နှုတ်ကြွမ်းကြွတ်သည့်ဝင်း။ အာသိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ပစ္ဆာ၊ သေရာညောင်စောင်း၌ဖျောင်းရသောနောက်ကာလ၌၊ အနုတပ္ပတိ၊ နောင်တရှိတတ်၏။

(၅)။ အဟံ၊ ငါသည်။ပုဗ္ဗေ၊ ရှေး၌။ပါဏာတိပါတီ၊ သူ့အသက်သတ်ခြင်းကိုပြုမိသည်။ အာသိ၊ဖြစ်၏။လုဒ္ဒေါစ။ ကြွမ်းကြွတ်သည့်သည်း။ အာသိ၊ ဖြစ်၏။ အနရိယော၊ သူတော်မဟုတ်သူယုတ်သည်။အာသိ၊ဖြစ်၏။ ဗဟုကာနံ၊ သတ္တပါဏ်တို့ကို။ နာနုကမ္ပိယံ၊ သနားခြင်းကိုမပြုမိ။ဣတိ၊ ဤသို့။ ပစ္ဆာ၊ နောက်ကာလ၌၊အနုတပ္ပတိ၊စိုးရိမ်နောင်တပူပန်ရတတ်၏။

(၆)။ အနာပါဒါသု၊သူတပါးတို့သည် မသိမ်းဆည်းအပ်ကုန်သော။ဗဟူသု၊များစွာကုန်သော။ဣတ္ထီသု၊ မိန်းမတို့သည်။ သန္တီသု၊ ရှိကုန်လျက်။ပရဒါရံ၊ သူ့မယားကိုသာလျှင်။ သေဝိဿံ ဝတ၊ မှီဝဲချေမိ၏တကား။ဣတိ၊ ဤသို့။ပစ္ဆာ။ နောက်ကာလ၌။အနုတပ္ပတိ၊စိုးရိမ်နောင်တပူပန်ရတတ်၏။

(၇)။ ဥပက္ခဋေ၊ မိမိ ရှေ့မှောက်ဝယ် တည်ရှိသော။ ဗဟုသ္မိံ၊များစွာသောအန္နပါနေ၊ထမင်းအဖျော်သည်။ သန္တေ၊ ရှိပါလျက်။ အဟံ၊ငါသည်။ပုဗ္ဗေ၊ရှေး၌။ဒါနံ၊အလှူကို။နာဒဒိံဝတ၊မလှူမိတကား။ဣတိ၊ ဤသို့။ ပစ္ဆာ၊ နောင်ရှိသောအခါ၌။ အနုတပ္ပတိ၊စိုးရိမ်နောင်တပူပန်တတ်၏။

(၈)။ ဇိဏ္ဏကာနံ၊ အိုမင်းသည်ဖြစ်၍။ဂတယောဗ္ဗနာနံ။ ကြီးသောအရွယ်သို့ ရောက်သော။ မာတရံပိ၊ အမိကိုဝင်း။ ပိတရံပိ၊ အဘကိုဝင်း။ ဗဟူဥစ္စာအားကိုယ်အားဖြင့်ရွမ်းနိုင်သည်။သန္တော၊ ဖြစ်ပါလျက်။ နပေါသိဿံ၊ ငါမမွေးကျွေးမိလေ။ဣတိ၊ဤသို့၊ ပစ္ဆာ၊နောက်ကာလ၌၊ အနုတပ္ပတိ၊ စိုးရိမ်နောင်တပူပန်ရတတ်၏။

(၉)။အာစရိယံ၊ လက်ဦးဆရာဖြစ်သော။အနုသတ္ထာရံ၊ အခ

ဘန်တလဲလဲဆုံးမတတ်သော။သဗ္ဗကာမရသာဟာရ၊ အလုံးစုံသောဝတ္ထုကာမ အရသာကိုဆောင်၍ မွေးကျွေးပေသော။ မိဘရဲ၊အဘကို။အကိမည်သည်၊မထေမဲ့မြင်ငါပြုမိ၏။ဇာတိ၊ဤသို့။ပစ္ဆာ၊နောက်ကာလ၌။ အနုတပ္ပတိ၊ စိုးရိမ်နောင်တပူပန်ရတတ်၏။

(၁၁)။ သီလဝန္တေ၊ သီလရှိကုန်သော။ ဗဟုဿုတေ၊ များသော အကြားအမြင်ရှိကုန်သော၊ သမဏေပိ၊ ရဟန်း တို့သို့ ၎င်း။ပြဟ္မဏေစာပိ၊ မကောင်းမှုကို အပပြုပြီးသောသူတို့သို့ ၎င်း။အတံငါသည်။ပုဗ္ဗေ၊ရှေး၌။ နပယိရုပါသိသံ၊ပစ္စည်းလှူလျက် သက်သက်ထံနီး မဆည်းကပ်မိ။ ဇာတိ၊ဤသို့။ ပစ္ဆာ၊ နောက်ကာလ၌၊အနုတပ္ပတိ၊စိုးရိမ်နောင်တပူပန်ရတတ်၏။

(၁၁)။ သန္တော၊ငြိမ်သက်သော။ ပယိရုပါသိကော၊ဆည်းကပ်အပ်သော။ တပေါ၊ချိုးခြံသော။ စိဏ္ဏော၊ အလေ့အကျင့်သည်။ သာဓု၊ကောင်းသည်။ဟောတိ၊ဖြစ်၏။ ပုဗ္ဗေပ၊ ရှေးဦးကလျှင်။မယာ၊ငါသည်။ တပေါ၊ချိုးခြံသောအကျင့်ကို။နအာစိဏ္ဏော၊မကျင့်မိ။ ဇာတိ၊ဤသို့။ ပစ္ဆာ၊ နောက်ကာလ၌။ အနုတပ္ပတိ၊စိုးရိမ်နောင်တပူပန်ရတတ်၏။

(၁၂)။ ယောစ။အကြင်သူသည်ကား။ ဧတာနိဌာနာနိ၊ ဤဆယ်ပါးသော အကြောင်းတို့ကို။ ယောနိသော၊ အသင့်အားဖြင့်။ပဋိပဇ္ဇတိ၊ ကျင့်၏။သော၊ထိုသူသည်။ပုရိသကိစ္စာနိ။ သူတော်တကာတို့၏ကိစ္စတို့ကို။ကရံကရန္တော၊ ပြုသည်ဖြစ်၍။ ပစ္ဆာ၊နောက်ကာလ၌။နာနုတပ္ပတိ၊စိုးရိမ်နောင်တမရှိရပြီ။

ဤသို့ဘုရားလောင်းဇနသန္ဓမင်းကြီးသည်လခွဲးတကြိမ်၌ နည်းဖြင့် လူများအား တရားဟောတော်မူ၏။ လူများသည်လည်းဘုရားလောင်းအဆုံးအမ၌တည်၍ထိုဆယ်ပါးသောအကြောင်းတို့ကိုဖြည့်၍သဖြင့်နတ်ပြည်သို့လားရ၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မ ဒေသနာကို ဆောင်တော်မူ၍။မြတ်သောမင်းကြီး၊ ဤသို့လျှင်ရှေးပညာရှိတို့သည်

ဖြစ်သော အဆုံးအမကိုပေးတတ်သော။ ဆရာမရှိကုန်သော်လည်း။ မိမိပညာဖြင့်သာလျှင်တရားဟော၍ လူများအပေါင်းတို့ကိုနတ်ပြည်၌တည်စေကုန်ပြီဟုမိန့်တော်မူ၍၊ ယခုအခါငါဘုရား၏ပရိတ်သတ်တို့သည် ထိုအခါဇနသန္ဓမင်းကြီးပရိတ်သတ်တို့ဖြင့်ဘူးကုန်ပြီ၊ ယခုအခါငါဘုရားသည်သာလျှင် ထိုအခါဇနသန္ဓမင်းကြီးဖြစ်ဘူးပြီဟုဇာတ်ကိုပေါင်းတော်မူ၏။

ဒွါဒသနိပါတ်ကျမ်း၄။ ငါးရာတို့၏ပြည့်ကြောင်းဖြစ်သောဇနသန္ဓဇာတ်ကို ထုတ်နုတ်သုဂ်သင်၍ပြခြင်းသည်။ ဤမျှသောသဒ္ဒါ၏အစဉ်အနက်၏အစဉ်အားဖြင့်အပြီးသို့ရောက်၏။

---

## ၅။ မဟာကဏှဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်။ ကဏှောကဏှော၊ အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာဆင်အပ်သော။ ဤမဟာကဏှဇာတ်ကိုဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ သတ္တလောက၏အကျိုးငှါ ကျင့်တော်မူခြင်းကို အကြောင်း ပြု၍ ဟောတော်မူ၏။ ထိုစကားကို ချဲဦးအံ့။ တနေ့၌ ရဟန်း တို့သည်တရားသဘင်၌ နေကုန်လျက်၊ ငါ့ရှင်တို့၊ သဗ္ဗညုမြတ်စွာဘုရားသည်။ များစွာသောသတ္တဝါတို့၏ အစီးအပွါးအလို့ငှါကျင့်တော်မူ၏။ ချမ်းသာစွာနေခြင်းကိုစွန့်တော်မူ၍ သတ္တလောက၏အကျိုးစီးပွါးကိုသာ ကျင့်တော်မူ၏။ အလွန်မြတ်သောသဗ္ဗညုတ ညာဏ်တော်သို့ ရောက်တော် မူပြီးသော် ကိုယ်တော်သည်သပိတ်သင်္ကန်းကိုယူတော်မူ၍။ တဆဲ့ရှစ်ယူဇနာရှိသောခရီးကိုကြွတော်မူပြီးလျှင်။ ပဉ္စဝဂ္ဂိမထေရ်တို့အား ဓမ္မစကြာတရားတော်ကို ဟောတော်မူ၍။ ပက္ခ၏ ငါးရက်မြောက်သောနေ့၌အနတ္တလက္ခဏာသုတ်ကိုဟောတော်မူ၍။ အလုံးစုံသောပဉ္စဝဂ္ဂိတို့အား။ အရဟတ္တဖိုလ်ကိုပေးတော်မူ၏။ ဥ

ရုဝေလသို့ကြွတော်မူ၍ ညီနောင်ဖြစ်ကုန်သောရသေ့တို့အား သုံးထောင် ငါးရာသော တန်းခိုးပြာဋိဟာတို့ကို ပြတော်မူ၍၊ ဂယာသိသန္တိအာဒိတ္တပရိယာယသုတ်ကိုဟောတော်မူ၍။ ထိုရသေ့တထောင်တို့အားအရဟတ္တဖိုလ်ကိုပေးတော်မူ၏။အရှင်မဟာကဿပအားသုံးဂါဝုတ်တိုင်အောင် ခရီးဦးကြို ခံခြင်းကိုပြုတော်မူ၍သုံးပါးကုန်သောဩဝါဒတို့ဖြင့်။ ပဗ္ဗဇ္ဇာအဖြစ်ကိုပေးတော်မူ၏။တညဉ့်တည်း၌လေးဆယ်ငါး ယူဇနာရှိသောခရီးကိုကြွတော်မူ၍။ပက္ကုသာတိအမျိုးသားကို အနာဂါမိဖိုလ်၌တည်စေတော်မူ၏။ မဟာကပ္ပိနမင်းအား ယူဇနာတရာနှစ်ဆယ်တိုင်အောင်ခရီးဦးကြိုဆိုခြင်းကိုပြုတော်မူ၍ အရဟတ္တဖိုလ်ကိုပေးတော်မူ၏၊တညဉ့်တည်း၌သုံးယူဇနာရှိသောခရီးကိုကြွတော်မူ၍၊ အလွန်ခက်ထန်ကြမ်းကြုတ်သောအင်္ဂုလိမာလကိုအရဟတ္တဖိုလ်၌တည်စေတော်မူ၏။ ယူဇနာသုံးဆယ်ရှိသောခရီးကိုကြွတော်မူ၍ အာဠဝကဘီလူးကိုသောတာပတ္တိဖိုလ်၌ တည်စေတော်မူ၏။ ဟတ္ထာဠဝက မင်းသားအား ချမ်းသာခြင်းကိုပြုတော်မူ၏။ တာဝတိံသာနတ်ပြည်၌။ ဝါတွင်းသုံးလပတ်လုံး နေတော်မူသောဘုရားသခင်သည်၊ ကုဋေရှစ်ဆယ်ကုန်သော နတ်ဗြဟ္မာတို့အား။ အကျွတ်တရားကိုရစေတော်မူ၏။ ဗြဟ္မာ့ပြည်သို့ကြွတော်မူ၍။ဗကဗြဟ္မာကိုမိစ္ဆာအယူမှ ဖျက်ဆီး တော်မူ၍ ဗြဟ္မာ တသောင်းတို့အား အရဟတ္တဖိုလ်ကိုပေးတော်မူ၏။နှစ်တိုင်းနှစ်တိုင်းဒေသန်သုံးပါးတို့၌(၁)ဒေသစာရီကြွတော်မူလျက် ဥပနိဿယနှင့် ပြည့်စုံကုန်သောလူတို့အားသရဏဂုံတို့ကိုရင်း။သီလတို့ကိုရင်း။ မဂ်ဖိုလ်အစရှိသည်တို့ကိုရင်း ပေးတော်မူ၏။ နဂါးဂဠုန်အစရှိသည်တို့၏ အထူးထူးသောအကျိုးကိုချွင့်တော်မူ၏။

---

(၁) ဒေသန်သုံးပါးတို့ ဟူသည်ကား။ ၁ အန္တမဏ္ဍလ,, ၂ မဇ္ဈိမမဏ္ဍလ,, ၃ မဟာမဏ္ဍလဟူ၍။ ရဟန်းရှင်ကိုကြွပြ-ဘုရားဝန်းသုံးပါးရှိ၏ ထိုတွင်-အခစည်အတိုင်း မှ လ-၆ လ-၉ လတိုင်ကြွအောင်-ကြွတော်မူမြဲတည်း။

ဤသို့သတ္တလောက၏အကျိုးငှါကျင့်တော်မူသောသဗ္ဗညုမြတ်စွာ ဘုရား၏ ဂုဏ်ကျေးဇူး တော်ကိုပြောဆို ကုန်၏။ သဗ္ဗညုမြတ်စွာဘုရား သည်လာတော်မူလတ်၍။ ရဟန်းတို့၊ ယခုအခါအဘယ်စကားဖြင့်စည်းဝေးကြကုန်သနည်းဟု မေးတော်မူ၍၊ဤမည်သောစကားဖြင့်စည်းဝေးပါကုန်၏ဟု နားတော်လျှောက်သည့်ရှိသော်။ရဟန်းတို့ငါဘုရားသည်ယခုအခါ၌မြတ်သောသဗ္ဗညုဘုရားအဖြစ်သို့ရောက်တော်မူ၍သတ္တဝါအပေါင်း၏အကျိုးစီးပွါးအလို့ငှါ၊ ထိုကျင့်ကို ကျင့်သော်မူသည်ကား အံ့ဘွယ် မရှိသေး၊ ရှေး၌လည်း ရာဂနှင့်မကင်းနေသေးစွာလျှင်သတ္တလောက၏အကျိုးစီးပွါးကိုကျင့်သည်သာတည်းဟုမိန့်တော်မူ၍အတိတ်ကိုဆောင်တော်မူ၏။

ရဟန်းတို့ လွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရားသက်သက်တော်၌ ဗာရာဏသီ ပြည်၌ဝယ် ဥသိဏာကမည်သောမင်းသည်မင်းပြု၏။ ကဿပမြတ်စွာဘုရားသခင်သည်သစ္စာလေးပါးတရားတော်ဖြင့် လူအပေါင်းကိုကယ်လေသော အခနှောင်အဖွဲ့ကိုဖြေတော်မူ၍၊နိဗ္ဗာန်ပြည်မြတ်ကိုပြည့်စေတော်မူပြီး၍ပရိနိဗ္ဗာန်ယူတော်မူသည်ရှိသော်၊ရှည်မြင့်စွာသောကာလလွန်သဖြင့် သာသနာတော်သည်ဆုတ်ယုတ်၏၊ ရဟန်းတို့သည်နှစ်ဆဲ့တပါးသောအနေသန(၁)တို့ဖြင့်အသက်မွေးကုန်၏။ရဟန်းတို့သည်လူတို့နှင့် ရောရှက်ခြင်းကိုပြုကုန်၏။ သားသမီးအစရှိသည်တို့ဖြင့်ပွါးကုန်၏။ရဟန်းမိန်းမတို့နှင့်ရောရှက်ခြင်းကိုပြုကုန်၏။ သားသမီးအစရှိသည်တို့ဖြင့်ပွါးကုန်၏။ ရဟန်းယောကျ်ားတို့သည်ရဟန်းယောကျ်ားတို့၏ကျင့်ဝတ်တရားကိုစွန့်ကုန်၏။ရဟန်းမိန်းမတို့သည်လည်းရဟန်းမိန်းမတို့၏ကျင့်ဝတ်တရားကိုစွန့်ကုန်၏။ဒါယကာယောကျ်ားတို့သည်

(၁) အနေသန။ဟူရာ၌-အန+ဧသန။ပုဒ်ခွဲ။အနကား၊ ပဋိသေဓအနက်။ ဧသနကားရှာမှီးခြင်းအနက်။ ပေါင်း၍လျှင်-မရှာမှီးအပ်သောနည်းဖြင့် ပစ္စည်းလေးပါးကိုရဟန်းတို့ရှာသူခြင်းဟူလို။

ဒါယကာယောကျ်ားတို့၏ ကျင့်ဝတ်တရားကိုစွန့်ကုန်၏။ ဒါယိကာမိန်းမတို့သည်လည်း ဒါယိကာမိန်းမတို့၏ ကျင့်ဝတ်တရားကိုစွန့်ကုန်၏။ ပုဏ္ဏားတို့သည်ပုဏ္ဏားတို့၏ ကျင့်ဝတ်တရားကိုစွန့်ကုန်၏။များသောအားဖြင့်လူတို့သည်အကုသိုလ်ကမ္မပထတရားဆယ်ပါး၌ ဆောက်တည်ကုန်၏။ သေတိုင်းသေတိုင်းကုန်သောလူတို့သည် အပါယ်ဘုံတို့၌ ပြည့်စေကုန်၏။နတ်ပြည်ခရီးသည်ဆိတ်ကုန်၏။

ထိုအခါသိကြားနတ်မင်းသည် အသစ်အသစ် ကုန်သောနတ်သားတို့ကိုမမြင်၍လူ့ပြည်ကိုကြည့်သော်။ လူတို့သည်အပါယ်ဘုံတို့၌ဖြစ်သောအဖြစ်ကိုသိ၍။ဘုရားသခင်၏သာသနာတော်ဆုတ်ယုတ်သည်ကိုမြင်သဖြင့်။ အသို့ပြုပါရအံ့နည်းဟုကြံသရော။ တခုသောအကြောင်းသည်ရှိ၏။ လူအများကိုချိမ်းချောက်၍ကြောက်သောအဖြစ်ကိုသိရလျှင်။ နောက်မှနှစ်သိမ့်စေ၍။ ဆုတ်ယုတ်သော သာသနာတော်ကို ချီးမြှောက်ရမူ။ အနှစ်တထောင်ပတ်လုံး တည်လတ္တံ့ထိုသို့သော အကြောင်းကိုမြင်၍။ စိတ်၌ ဆုံးဖြတ် ပြီးလျှင်။ မာတလိ နတ်သား ကိုငှက်ပျောဖူးပမာဏရှိသောလေးချောင်းသောအစွယ်တို့မှပြိုးပြိုးပြက်တောက်သောအရောင်ဖြင့် ကြောက်မက်ဘွယ်ကိုပြု၍။ ကိုယ်ဝန်ဆောင်မိန်းမတို့မြင်လျှင်ပင်ကိုယ်ဝန်ကျခြင်းငှါစွမ်းနိုင်သော။ ကြောက်မက်ဘွယ်သောအဆင်းရှိသော။ အာဇာနည်ဆင်ပမာဏရှိသောမည်းနက်သော၊အဆင်းရှိသောခွေးနက်ကြီးဖန်ဆင်းစေပြီးလျှင်၊ ဘွဲ့ခြင်းငါးပါးဖြင့်(၁)ဘွဲ့၍နီသောပန်းကိုလည်၌ဆင်သဖြင့်ကြိုးစွန်းကိုကိုင်၍မိမိလည်းဖန်ရည်စွန်းသော အဝတ်နှစ်ထည် တို့ကိုဝတ်ပြီးလျှင်ဆံကိုငါးထုံးထုံး၍နီသောပန်းကိုဆင်ယင်လျက်။သားမြီးအဆင်းနှင့်တူသောလေးညို့ရှိသော၊တင်အပ်ပြီးသောလေးကြီးကိုကိုင်၍။ဝ

---

(၁) ဘွဲ့ခြင်းငါးပါးဖြင့်ဟူရာ၌။ အခြေလေးသက်။ လည်ပင်းအားဖြင့် ငါးခုနှင့်ဘွဲ့ကြိုးသပေါင်းတည်းစု၍ကိုင်သည်ဟူလို။

ရဖိန်ကျောက်ကဲ့သို့အဖျားထက်သောမြားကိုလက်သည်းဖြင့် ဖြင်လျက်။ ရခိုင်း၏အသွင်ကိုယူ၍ မြို့မှတယုဇနာမျှသောအရပ်၌သက်၍။ ဤလောကသည်ပျက်လတံ့၊ ဤလောကသည် ပျက်လတံ့ဟု၊ သုံးကြိမ်အသံကို ကြားစေသဖြင့်လူတို့၏စိတ်ကိုထိတ်လန့်စေ၍မြို့၏ အနီးသို့ရောက်လျှင် တဖန်အသံကိုပြုပြန်၏။

လူတို့သည်ခွေးနက်ကြီးကိုမြင်လျှင်အလွန်ထိတ်လန့် ကြုန်သည်ဖြစ်၍မြို့တွင်းသို့ဝင်ပြီးလျှင်ထိုအကြောင်းကို မင်းအားကြားလျှောက်ကုန်၏။ မင်းသည်လျှင်မြန်စွာမြို့တံခါးကို ပိတ်ကြကုန်ဟုဆို၍ မြို့တံခါးတို့ကိုပိတ်စေ၏။ ထိုကြားမင်းသည် လည်းတဆဲ့ရှစ်တောင်ရှိသောမြို့တံခါးကို။ခုန်လွှား၍ခွေးနက် ကြီးနှင့်တကွမြို့တွင်းသို့ဝင်၏။ လူတို့သည်။ကြောက်လန့်ကုန် သဖြင့်ပြေးကြကုန်၍ အိမ်တွင်းသို့ဝင်၍ပုန်းကုန်၏။ ခွေးနက် ကြီးသည်လည်း။မြင်တိုင်းမြင်တိုင်းကုန်သော လူတို့ကိုလိုက်၍ ဖြင်းစွာထိတ်လန့်စေလျက် မင်းအိမ်သို့ရောက်လေ၏။ မင်းရင် ပြင်၌လူတို့သည်ကြောက်သဖြင့် ပြေးကုန်လျက်များစွာသော မြေအိမ်တို့သို့ မဝင်ကုန်မူ၍ မင်းအိမ်သို့ဝင်သဖြင့် တံခါးသို့ ရောက်လျှင်တံခါးကိုပိတ်ကုန်၏။ ဥသိဏာက မင်းသည်လည်း ကိုယ်လုပ်မောင်းမတို့ကိုယူ၍ပြာသာဒ်ထက်သို့တက်၏။

ခွေးနက်ကြီးသည် ရှေခြေနှစ်ဘက်တို့ကိုကြွ၍ လေသွန် တံခါး၌ထားပြီးလျှင်ပြင်းစွာသော ဟောင်ခြင်းကိုဟောင်၏။ ထိုခွေးနက်ကြီး၏အသံသည်အောက်၌အဝီစိ၊အထက်၌ဘဝဂ် တိုင်အောင်ရောက်၍အလုံးစုံသော စကြဝဠာတိုက်သည် တပြိုင်နက်ပဲ့တင်ထပ်၏။

ဝိဓူရဇာတ်၌ပုဏ္ဏကဘီလူးအသံ။ ကုသဇာတ်၌ကုသမင်း ကြီးအသံ။ဘူရိဒတ်ဇာတ်၌သုဒဿန နဂါးမင်းအသံ။ဤမဟာ ကဏှဇာတ်၌ခွေးနက်ကြီးအသံ။ ဤလေးပါးသော အသံတို့ သည်ဇမ္ဗူဒိပါကျွန်း၌အသံကြီးမည်ကုန်၏။

ပြည့်သူအပေါင်းတို့သည်အလွန်ကြောက်ကုန်သည်ဖြစ်၍ထ ယောက်သောသူသည် မှုလည်း သိကြားမင်းနှင့် စကားပြော ခြင်းငှါမဝံ့ကုန်။ မင်းသည်သတိကိုဖြစ်စေ၍လေသွန်တံခါးကို ဖွင့်လျက်သိကြားမင်းကိုခေါ်၍အိုမှဆိုး၊အဘယ့်ကြောင့်သင်၏ ခွေးနက်ကြီးသည်ဟောင်သနည်းဟုမေး၏။မြတ်သောမင်းကြီး၊ ဆာမွတ်သည်၏အဖြစ်ကြောင့်ဟောင်၏ဟုဆိုသည်ရှိသော်။ ထိုသို့တပြီးကားထမင်းကိုပေးပါဆဲ့ဟုအလုံးစုံသောစားတော် ထမင်းကိုပေးစေ၏။ အလုံးစုံသော ထမင်းကိုခွေးနက်ကြီး သည်တလုပ်တည်းကဲ့သို့ပြု၍။ တဖန်အသံကိုပြုပြန်၏။ မင်း သည်တဖန်မေးပြန်၍ယခုအခါငါ၏။ ခွေးနက်ကြီးသည်ဆာ မွတ်သည်သာသည်းဟုပြောလျှင်။ ဆင်ထိန်းမြင်းထိန်း အစရှိ သည်တို့၏အစာအလို့ငှါချက်အပ်သောအလုံးစုံသော။ ထမင်း ကိုဆောင်စေ၍ပေး၏။ ထိုဆင်ထိန်းမြင်းထိန်းအစရှိသည်တို့ ၏အစာဖြစ်သော ထမင်းကိုသည် တလုပ်တည်းကဲ့သို့ ပြီးစေ သည်ရှိသော်အလုံးစုံသောပြည်သူအပေါင်းတို့ ချက်သောထ မင်းကိုပေးစေပြန်၏။ထိုအလုံးစုံသော ပြည်သူပေါင်းတို့ချက် သော ထမင်းကိုလည်း။ ထိုခွေးနက်ကြီးသည် ထိုရှေး အတူ လျှင်စား၍ တဖန်အသံကိုပြုပြန်၏။ မင်းသည်ဤသူကား ခွေး စင်စစ်မဟုတ်။ ဤသူသည်မချွတ်လျှင် ဘီလူးဖြစ်သတတ်။ လာ သောအကြောင်းကို ငါမေးအံ့ဟု ကြောက်လန့်သကြားဖြစ်၍ မေးလိုရကား။ ။ကမျှောကမျှောစ စောသရောစ၊ သုကန္တဒါ မြွေပဟာသောဝါ။ ဗန္ဓာပဋ္ဌဟိရဇ္ဇူဟိ၊ ကိံ ရဝိသုနခေါတ ဝ။ ။ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။

ကမျှော၊အဆွေခွေးနက်ကြီးရှင်။ ကမျှောစ၊ မည်းနက် သောအဆင်းသည်းရှိထသော။စောသရောစ၊ကြောက်မက်ဘွယ် သောအဆင်းလည်းရှိထသော။ သုကန္တဒါမြွော၊ ဖြူစင်သောအ စွယ်လည်းရှိထသော။ ပဘာသဝေါ၊ အစွယ်မှထွက်သောအ ရောင်လည်းရှိထသော၊ သုနခေါ၊ခွေးကို၊ ပဋ္ဌဟိရဇ္ဇူဟိ၊ငါး

စင်းသောကြိုးတို့ဖြင့်။ ဗန္ဓော၊ ဖွဲ့အပ်၏။ တာဝ၊ သင်၏။ သုနခေါ၊ ခွေးသည်။ ကိံ၊ အဘယ်ကြောင့်။ ရဝိ၊ ဟောင်သနည်း။

ထိုစကားကိုကြား၍ သိကြားမင်းသည်။ ။နယိမိဂါနိ အဘ္ဘာယ၊ အစရှိသော နှစ်ရပ်မြောက်သော ဂါထာကိုဆို၏။ ထိုဂါထာ၏အဓိပ္ပါယ်ကား။

ဥသိကာကမင်း။ ဤခွေးသည်။ သားတို့၏။ အကျိုးငှါမဖြစ်။ အစကြင်အခါ၌။ လူတို့ပျက်စီးခြင်းဖြစ်၏။ ထိုအခါ၌။ ခွေးနက်ကြီးသည်။ ငါ့သက်မှလွတ်လတ္တံ့ဟုဆိုလေ၏။ ။

ထိုအခါမှုဆိုးကိုမင်းသည်။ အိုမှုဆိုး၊ သင့်ခွေးသည် အလုံးခံသောသူတို့၏အသားကိုပင်စားလတ္တံ့လော။ ထိုသို့ မဟုတ်မူကား၊ ရန်သူတို့၏အသားကိုသာလျှင်စားလတ္တံ့လောဟုမေး၍။ မင်းကြီး၊ ရန်သူတို့၏အသားကိုသာလျှင်စားလတ္တံ့ဟုဆိုလျှင်။ အိုမှုဆိုး၊ ဤအရပ်၌ အဘယ်သူတို့သည် ရန်သူ မည်ကုန်သနည်းဟုမေးသည်ရှိသော်။ မင်းကြီး၊ မတရားသောအမှု၊ မညီညွတ်သောအမှုကိုကျင့်သောသူတို့သည်ရန်သူမည်ကုန်၏ဟုဆိုလျှင်၊ ထိုရန်သူတို့ကိုငါတို့အား ဆိုဦးလောဟု ဆိုသည်ရှိသော်။ ထိုအခါမင်းအားဆိုလိုသည်ဖြစ်၍သိကြားမင်းသည်။

(၁)။ ပတ္တဟတ္ထာသမဏကာ၊ မုဏ္ဍာသင်္ဃာဋိပါရုတာ
နင်္ဂလေဟိကသိဿန္တိ၊ တဒါကဏှောပမောက္ခတိ။

(၂)။ တပဿိနိယော ပဗ္ဗဇိတာ၊ မုဏ္ဍာသင်္ဃာဋိပါရုတာ။
ယဒါလောကေဂမိဿန္တိ၊ တဒါကဏှောပမောက္ခတိ။

(၃)။ ဒီဃုတ္တရောဋ္ဌာဇဋိလာ။ ပင်္ကဒန္တာရဇဿိရာ။ ဣဏံ
စောဒါယဂစ္ဆန္တိ၊ တဒါကဏှောပမောက္ခတိ။

(၄)။ အဓိစ္စဝေဒေသာဝိတ္တိံ၊ ယညတန္တဉ္စ ဗြာဟ္မဏာ။
ဘတိကာယယဇိဿန္တိ၊ တဒါကဏှောပမောက္ခတိ။

(၅)။ မာတရံပိတရဉ္စာပိ၊ ဇိဏ္ဏကေဂတယောဗ္ဗနေ။ ပဟူ

သဒ္ဓေါနုဘာရန္တိ၊တဒါကဏှောပမောက္ခတိ။

(၆)။ မာတရံပိတရဉ္စာပိ၊ ဇိဏ္ဏကေဂတယောဗ္ဗနေ၊ န
ဗာလာတုမှေဒဒန္တိ၊တဒါကဏှောပမောက္ခတိ။

(၇)။ အာစရိယဘရိယံသခါ၊ မာတုလာ နိံဘရိယံမာ
တုစ္ဆာယံ။ ယဒါ လောကေဂမိဿန္တိ၊ တဒါက
ဏှောပမောက္ခတိ။

(၈)။ အသိစမ္မံ ဂဟေတွာန၊ ခဂ္ဂံပဂ္ဂယှဗြဟ္မဏာ။ ပန္ထ
ဃာတံကရိဿန္တိ၊တဒါကဏှောပမောက္ခတိ။

(၉)။ သုက္ကစ္ဆဝီဝေဝဏ္ဏာ၊ ထူလာဗာဟူ အပါတုဘာ၊
မိတ္တဘေဒံကရိဿန္တိ၊ တဒါကဏှောပမောက္ခတိ။

(၁၀)၊ မာယာဝိနော နေကတိကာ။ အသပ္ပုရိသစိန္တကာ။
ယဒါလောကေဂမိဿန္တိ၊တဒါကဏှောပမောက္ခ
တိ။ ။ဟူသောဆယ်ဂါထာတို့၏။

(၁)။ ဒေဝ၊ အရှင်မင်းကြီး။ ပဏ္ဍုဟာဏ္ဍုသပိတ်လက်စွဲ ကုန်သော။ မုဏ္ဍာ၊ ဦးပြည်းကုန်သော၊ သင်္ဃာဋိပါရုတာ။ ကိုယ်ဝတ်ဒုကုဋ်ကိုရုံကုန်သော၊ သမဏကာ၊ ရဟန်းယုတ်တို့သည်။ နင်္ဂလေဟိ၊ ထွန်တုံးဖြင့်၊ ကသိဿန္တိ၊ ထယ်ယာထွန်ကုန်လတ္တံ့၊ တဒါ၊ ထိုအခါ၌။ ကဏှော။ ခွေးနက်ကြီးသည်။ ပမောက္ခတိ။ ငါ့လက်မှလွတ်လတ္တံ့။

(၂)။ ကာပဏိယာ၊ ကိုယ်ထီးကျန်ကုန်သော။ မုဏ္ဍာ၊ ဦးပြည်းကုန်သော၊ သင်္ဃာဋိပါရုတာ၊ ကိုယ်ဝတ်ဒုကုဋ်ကိုရုံကုန်သော၊ ပဗ္ဗဇိတာ၊ သာသနာတော်၌ ရဟန်းဖြစ်သောသူတို့သည်။ ယဒါ၊ ၌။ လောကေ၊ ၌။ ဂမိဿန္တိ၊ တရားမဲ့သွားကုန်လတ္တံ့။ တဒါ၊ ထိုအခါ၌။ ကဏှော၊ ခွေးနက်ကြီးသည်။ ပမောက္ခတိ၊ ငါ့လက်မှလွတ်လတ္တံ့။

(၃)။ ဒီဃုတ္တရောဋ္ဌာ၊ ရှည်သော အရပ်၌ တည်ကုန်သော။ ပင်္ကဒန္တာ၊ သွားရှေးကပ်သောသွားရှိကုန်သော။ ရဇဿိရာ၊ မြူအလိမ်းအလိမ်းကပ်သောကိုယ်ကုန်ရှိသော။ စသော၊ ချော်

ပေါ်လော်လည်ကုန်သောရဟန်းတို့သည်။ ယဒါ၊ အကြင်အခါ၌။ဇူရာ၊ကြွေမြို့ကို။စေဒါယ၊ တောင်း၍။ဂစ္ဆန္တိ၊သွားကုန်လတ္တံ့။တဒါ၊ ထိုအခါ၌၊ကဗျော၊ခွေးနက်ကြီးသည်။ပမောက္ခတိ၊ လွှတ်လတ္တံ့။

(၄)။ ဗြာဟ္မဏာ၊ပုဏ္ဏားတို့သည်။ ဝေဒဥ္စ၊ဗေဒင်ကိုရင်း။ သဝိတ္တဥ္စ၊သာဝိတ္တိကျမ်းကိုရင်း။ ယညတတြဥ္စ၊ ယဇ်အပြားကိုရင်း။ အဓိစ္စ၊သင်၍။ ဘတိကာယ၊ အခစားသဖြင့်။ ယဇိဿန္တိ၊ပူဇော်ကုန်လတ္တံ့။တဒါ၊ထိုအခါ၌၊ကဗျော၊ ခွေးနက်ကြီးသည်။ပမောက္ခတိ၊ငါလက်မှလွှတ်လတ္တံ့။

(၅)။ ဇိဏ္ဏကံ၊ အိုးမင်းပြီးသော။ဂတယောဗ္ဗနံ၊ကြီးသောအရွယ်သို့ရောက်ပြီးသော။ မာတရဥ္စ၊ အမိကိုရင်း၊ ပိတရဥ္စပိ၊အဘကိုရင်း။ဗဟူ၊ဥစ္စာအား၊ ကိုယ်အားဖြင့်စွမ်းနိုင်သည်။ သန္တော၊ဖြစ်လျက်။နဘရန္တိ၊မမွေးကျွေးကုန်။ တဒါ၊ ထိုအခါ၌။ကဗျော၊ခွေးနက်ကြီးသည်။ပမောက္ခတိ၊ ငါ့လက်မှလွှတ်လတ္တံ့။

(၆)။ ဇိဏ္ဏကေ၊ အိုမင်းကုန်သော။ဂတယောဗ္ဗနေ၊ကြီးရင့်သောအရွယ်သို့ရောက်ကုန်ပြီးသော။ မာတရဥ္စ၊ အမိကိုရင်း၊ပိတရဥ္စ၊အဘကိုရင်း။ တုမှေ၊ သင်တို့သည်။ဗာလာ၊မိုက်ကုန်၏၊နော၊ ငါတို့အား။နဒဒန္တိ၊ဥစ္စာမပေးကုန်။ဇူတိ၊ဤသို့။ဝဒန္တိ၊ဆိုကုန်လတ္တံ့။ တဒါ၊ထိုအခါ၌။ ကဗျော၊ ခွေးနက်ကြီးသည်။ပမောက္ခတိ၊ငါ့လက်မှလွှတ်လတ္တံ့။

(၇)။ အာစရိယဘရိယံ၊ ဆရာမယားကိုရင်း။ သခါ၊အဆွေခင်ပွန်း၏မယားကိုရင်း။ မာတုလာနီဘရိယံ၊ ဦးရီး၏မယားကိုရင်း။မာတုစ္ဆဿ၊ ဘထွေးမယားကိုရင်း။ယဒါ၊ ၌။ လောဘကော၊ လူတို့။ဂမိဿန္တိ၊သွားလာကုန်လတ္တံ့။တဒါ၊ထိုအခါ၌။ကဗျော၊ ခွေးနက်ကြီးသည်။ပမောက္ခတိ၊ငါ့လက်မှလွှတ်လတ္တံ့။

(၈)။ ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ အသိစမ္မံ၊ သန်လျက်ထားကို ဂဟေတွာန၊ယူ၍။ ခဂ္ဂံ၊သံလျက်ကို။ ပဂ္ဂယှ၊ဖြောက်

၍၊ ပန္နစာဂုံ၊ ခရီးကိုဖြတ်၍ လုယက်ခြင်းကို၊ ကရိသာနိ၊ ပြုကုန်လေတုံ့၊ ထိုအခါ၌၊ ကဗျော ခွေးနက်ကြီးသည်၊ ပမေသွာတိ၊ ဝါ၊ သက်မှလွတ်လေတုံ့။

(၉)။ သုကတ္တကာရိ၊ ပြုစင်သောအရေရှိကုန်သော၊ ထူလဗာဟု၊ ကြီးသောကိုယ်လက်ရုံး ရှိကုန်သော။ အပါတုဘာ၊ မထင်ရှားကုန်သော။ ဝေဝေဝေရေ၊ မိန်းမကျူးကုန်သော သူတို့သည်၊ မိတ္တဘေဒံ၊ အချစ်ပျက်ခြင်းကို၊ ကရိသာနိ၊ ပြုကုန်လေတုံ့။ ထိုအခါ၌၊ ကဗျော၊ ခွေးနက်ကြီးသည်။ ပမေသွာတိ၊ ဝါ၊ သက်မှလွတ်လေတုံ့။

(၁၀)။ ဓာယသာဝိနော၊ မျက်မှောက် ထင်ထင် မှည့်ပတ်တတ်ကုန်သောနေကတိကာ၊ အတုပြု၍မှည့်ပတ်တတ်ကုန်သော။ အသပ္ပုရိသဗိန္ဒကာ၊ လူယုတ်မာတို့၏ အမှုကိုပြုတတ်ကုန်သောသူတို့သည်၊ ယဒါ၊ အကြင်အခါ၌၊ ဓသာ၊ ကော၊ လူ၌၊ ဝိဂိသာနိ၊ သွားလာပေါက်ပေါက်ကုန်လေတုံ့၊ ထိုအခါ၌၊ ကဗျော၊ ခွေးနက်ကြီးသည်။ ပမေသွာတိ၊ ဝါ၊ သက်မှလွတ်လေတုံ့။

ဤသို့စသော စကားကိုဆို၍။ ရှင်မင်းကြီး။ ဤဒုဿီလတို့သည် ငါ၏ရန်သူမည်ကုန်၏။ ဟုဆိုပြီးမှ။ ထိုထိုမတရားသောအမှုကိုပြုသောသူတို့ကိုလိုက်လျက်စားအံ့သကဲ့သို့ပြု၍ပြ၏။ ထိုသိကြားမင်းသည် လူများထိတ်လန့်သောအခါ ခွေးနက်ကြီးကိုကြိုး ဖြင့်ဝင်၍ တားသကဲ့သို့ပြုပြီးလျှင်၊ မုဆိုးအသွင်ကိုစွန့်ပြီးမှ။ မိမိအာနုဘော်ဖြင့်ကောင်းကင်၌ထွန်းပလျက်ရပ်၍။ ရှင်မင်းကြီး၊ ငါကားသိကြားနတ်မင်းတည်း။ ဤလူများအပေါင်းသည်ပျက်စီးကြ၏။ ထိုကြောင့်ငါသာ၏။ မေ့လျော့ကုန်သောသူတို့သည်။ မတရားသော အကျင့်ကိုကျင့်၍ သေတိုင်းသေတိုင်းသောလူတို့သည် အပါယ်လေးဘုံတို့၌ပြည့်လေကုန်၏။ ငါတို့နတ်ပြည်သည် အချည်းနှီးကဲ့သို့ဖြစ်၏၊ ဤနေ့မှစ၍ တရားမစောင့်သောလူတို့ကို၊ ငါသည် ဤခွေးနက်ကြီးအားစား

စေအံ့။ထို့ကြောင့်ရှင်မင်းကြီးသည်မမေ့မလျော့ဖြစ်လော့ဟု။ သတာရဟာလေးဂါထာတို့ဖြင့်တရားဟောပြီးလျှင်။လူတို့အား ဒါနသီလတို့၌တည်စေ၍ ဆုတ်ယုတ်ခြင်းလျော့သော သာသနာတော်ကို တပါးသော အနှစ်တထောင် ပတ်လုံးတည်စေခြင်းငှါစွမ်းနိုင်သည့်ကိုပြုပြီးလျှင်။ မာတလိနတ်သားကိုခေါ်၍ မိမိနေရာ တာဝတိံသာ နတ်ရွာသို့လျှင် သွားလေ၏။ လူအပေါင်းတို့သည်ဒါနသီလအစရှိသောကောင်းမှုတို့ကိုပြု၍နတ်ပြည်၌ဖြစ်ကုန်၏။

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍။ရဟန်းတို့၊ ဤသို့လျှင် သင်တို့ဆရာငါဘုရားသည် ရှေး၌လည်းသတ္တလောက၏ အစီးအပွါးကို ကျင့်တော်မူဘူး။ ပြီဟုမိန့်တော်မူ၍ ယခုအခါအာနန္ဒာသည် ထိုအခါမာတလိနတ်သားဖြစ်ဘူးပြီ။ယခုအခါငါဘုရားသည် ထိုအခါသိကြားမင်းဖြစ်ဘူးပြီဟုဇာတ်ကိုပေါင်းတော်မူ၏။

ဒွါဒသနိပါတ် ကျမ်းမှ။ ခြောက်ရ ခြောက်သော မဟာကဏှဇာတ်ကို ထုတ်နုတ်သုဓ်သင်၍ပြုခြင်းသည် ဤမျှသော သဒ္ဒါ၏အစဥ်အနက်၏အစဥ်အားဖြင့်အပြီးသို့ရောက်၏။ ။

## ၆။ ရုရုမိဟံသဇာတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည်၊ သုမုခါ အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော။ ဤရုရုမိဟံသ ဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ အရှင်အာနန္ဒာမထေရ်သည်။ မြတ်စွာဘုရား ကိုယ်တော်စားအသက်စွန့်၍ပြုခြင်းကို အကြောင်းပြု၍ ဟော တော်မူ၏။ ထိုစကားသည် မှန်၏။ ဒေဝဒတ်သည် ဘုရား သခင်ကို သတ်စိမ့် သော၄ါ အကြံ ကြံ၍ စေလွှတ် ကုန်သော၊ အလုံး စုံသော လေးသမားတို့တွင် ရှေးဦးစွာလွှတ်အပ်သော လေးသမားသည် လာလတ်၍၊ အရှင်ဒေဝဒတ် အကျွန်ုပ်သည် ဘုရားသခင်ကိုသတ်ခြင်းငှါမတတ်နိုင်ပါ။ထိုဘုရားသခင်သည် ကြီးသောတန်ခိုးရှိ၏။ ကြီးသော အာနုဘော်ရှိ၏ဟု ဆိုလတ်သော် ဒေဝဒတ်သည် ဤသို့ဆို၏၊ ဒါယကာ၊ မသင့်။ သင်သည် ရဟန်းဂေါတမကို မသတ်ဟင့်တော့။ ငါသည်ပင်လျှင် ရဟန်းဂေါတမကို သတ်အံ့ဟု ဆို၍၊ သဗ္ဗညု ဘုရား သခင်သည် ဂိဇ္ဈကုဋ်တောင်၏ အနောက် အရပ်၌ စင်္ကြံကြွတော်မူသည်ရှိသော်။ ဂိဇ္ဈကုဋ်တောင်သို့တက်သတ်၍။ ယန္တရားအဟုန်ဖြင့်ကြီးစွာသောကျောက်ကိုယူ၍၊ ဤကျောက်ဖြင့်ရဟန်းဂေါတမကိုငါသတ်အံ့ဟု ဘုရားစင်္ကြံကြွရာသို့ ရွယ်၍ လှိမ့်ချ၏။ ထိုအခါ တောင်ထွဋ်နှစ်ခုတို့သည် လာလတ်ကုန်၍ ထိုကျောက်ကိုခံလင့်ကုန်၏။ထိုကျောက်မှကျောက်ချပ်လွှာသည်ကွာ၍ဘုရားသခင့်ခြေမတော်ကိုခတ်မိ၍သွေးစိမ်းတည်လျက်။ အားကြီးစွာသော ဝေဒနာတို့သည်ဖြစ်ကုန်၏။ ဇီဝကသည် ဘုရားသခင့်ခြေတော်ကို ထားငယ်ဖြင့်ခွဲ၍ မကောင်းသော သွေးကိုထုတ်ပြီးလျှင် ပုပ်သောအသားတော်ကိုပယ်၍ဖန်ဆေးသဖြင့်ဆေးလိမ်းကျံ၍ အနာကိုကုမလေ၏။ ။

သဗ္ဗညုမြတ်စွာဘုရားသည် ရှေးနေ့ကဲ့သို့လျှင်။ ရဟန်းအပေါင်းခြံရံလျက်တင့်တယ် လှစွာသော ဘုရား၏ စံပယ်ခြင်းဖြင့် ကြွတော်မူ၏။ ထိုအခါဘုရားသခင်ကို မြင်၍ ဒေဝဒတ်သည်ကြံ၏၊ ရဟန်းဂေါတမ၏ အဆင်းတော်တင့်တယ်ခြင်း အရာသို့ရောက်သော ကိုယ်ကိုမြင်သည်ရှိသော်။ လူဖြစ်သော တပုံတယောက်ဖသောသူသည် ချဉ်းကပ်၍ဖြစ်မှားခြင်းငှါ မတတ်နိုင်။ အဇာတသတ်မင်းကြီး၏။ နာဠာဂိရိအမည်ရှိသော ဆင်တော်သည် အလွန်ကြမ်းကြုတ်၏၊ ခက်ထန်၏။ လူကိုသတ်တတ်၏။ ဘုရားဂုဏ်ကျေးဇူး၊ တရားဂုဏ်ကျေးဇူး၊ သံဃာ့ဂုဏ်ကျေးဇူးတို့ကိုမသိ။ ထိုနာဠာဂိရိ ဆင်တော်သည်။ ထိုဂေါတမကို အသက်ကုန်ခြင်းသို့ ရောက်စေလတံ့ဟု ကြံ၍၊ ထိုဒေဝဒတ်သည် အဇာတသတ် မင်းကြီးအား ထိုအကြောင်းကိုကြား၏။ အဇာတသတ်မင်းကြီးသည် ကောင်းပြီဟုဝန်ခံ၍ ဆင်ထိန်းကို ခေါ်စေပြီးလျှင်။ အချင်း ဆင်ထိန်း၊ နက်ဖြန် နာဠာဂိရိဆင်တော်ကို ယစ်အောင်ပြု၍ နံနက်စောစောကလျှင် ရှင်ဂေါတမနှင့် ခရီးရင်ဆိုင်လွှတ်လော့ဟုဆို၏။ ဒေဝဒတ်သည်လည်း ထိုဆင်ထိန်းကို။ ဒါယကာ၊ သင်သည် တပါးသောနေ့၌ထိုဆင်တော်ကို အဘယ်မျှလောက်သုရာကို တိုက်သနည်းဟု မေးသည်ရှိသော်။ အရှင်ဘုရား၊ ရှစ်ပေါင်းအိုး(၁)ကိုတိုက်ပါ၏ဟု ဆိုလတ်သော်။ ထိုသို့တပြီးကား၊ နက်ဖြန်သင်သည်။ ထိုနာဠာဂိရိဆင်တော်ကိုတဆဲ့ခြောက်ပေါင်းအိုးတိုက်၍ ရဟန်းဂေါတမ ဆွမ်းခံသွားသောခရီးသို့ ရှေးရှုလွှတ်လော့ဟုဆို၏။ ထိုဆင်ထိန်းလည်းကောင်းပြီဟုဝန်ခံ၏။ အဇာတသတ်မင်းကြီးသည် နက်ဖြန် နာဠာဂိရိ ဆင်တော်ကို

---

(၁) ပေါင်းအိုး ဟူသည်ကား ရေခံသောအိုးကြီးကို။ ပေါင်းဘန်ဟူ၍ ငင်းပေါင်းအိုးဟူ၍ငင်းခေါ်၏ အချို့မှ ချားခဲ့။ မေဒင်းဟူ၍မအဂ္ဂရောနှင့်ရှိ၏ ပေါင်းအိုး၊ ပေါင်းကန်မှာ-တလုံးလျှင်-ရေရွက်အိုး ၁၀ လုံးထက်မနည်း ဝင်သည်။ ကိုဆင်ခြင်အပ်၏။

သုရာယစ်အောင်ပြု၍မြို့လယ်၌ ထွက်လတံ့ မြို့သူ အပေါင်းတို့သည်နံနက်စောစောကလျှင်အလုံးစုံသောပြုဘွယ်ကိစ္စတို့ကိုပြုကုန်၍ခရီးလမ်းမသို့မသွားကြကုန်လင့်ဟုမြို့၌စည်လည်စေတော်မူ၏။

ဒေဝဒတ်သည်လည်းနန်းတော်မှဆင်းခဲ့၍ ဆင်တင်းကုပ်သို့သွားပြီးလျှင်ဆင်ထိန်းတို့ကိုခေါ်၍ အချင်းတို့။ငါတို့သည်မြင့်သော အရာရှိသောသူကိုနိမ့်သော အရာ၌ရင်း၊ နိမ့်သော အရာရှိသော သူကို မြင့်သော အရာ၌ရင်း၊ တည်စေခြင်းငှါ တတ်နိုင်ကုန်၏။ သင်တို့သည်စည်းစိမ်ချမ်းသာကိုအကယ်၍ အလိုရှိကုန်အံ့။နက်ဖြန်စောစောကလျှင်နာဠာဂိရိဆင်တော်ကို ထက်ဖွဲ့ခွာသောတဆဲ့ခြောက်လုံးသော အရက်တို့ကိုတိုက်၍။ ဂေါတမလာသော အခါလှံမချွန်းတောင်းတို့ဖြင့် ထိုးကုန်လျက်အမျက်ထွက်စေပြီးလျှင်ဆင်တင်းကုပ်ကိုချိုးဖျက်စေ၍ ရဟန်းဂေါတမ။သွားသော ခရီးသို့ရှေးရှုထွက်၍ဂေါတမကို အသက် ကုန်ခြင်းသို့ ရောက်စေကုန်လော့ဟု ဆို၏။ ထိုဆင်ထိန်းတို့သည်ကောင်းပြီဟုဝန်ခံကုန်၏။ ထိုအကြောင်းသည် အလုံးစုံသောရာဇဂြိုဟ်ပြည်၌ပျံ့နှံ့၏။

ဘုရားတရားသံဃာ၌မြတ်နိုးကုန်သော ဒါယကာတို့သည် ထိုစကားကို ကြားကုန်၍ ဘုရားသခင်ကို ကပ်ကုန်ပြီးလျှင်။ အရှင်ဘုရား။ဒေဝဒတ်သည် အဇာတသတ် မင်းကြီးနှင့် တပေါင်းတည်းဖြစ်၍။ နက်ဖြန်အရှင်ဘုရားတို့ ကြွတော်မူသော ခရီး၌။နာဠာဂိရိဆင်တော်ကိုလွှတ်ပါလတ္တံ့။နက်ဖြန်ဆွမ်းခံကြွတော်မမူပါသင့်။ ဤ၌ဝေဠုဝန် ကျောင်းတော်၌သာလျှင် နေတော်မူပါကုန်အကျွန်ုပ်တို့သည် ကျောင်းတော်၌သာလျှင်ဘုရားအမှူးရှိသောရဟန်းသံဃာအား ဆွမ်းလုပ်ကျွေးပါကုန်အံ့ဟုလျှောက်ကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည်လည်း နက်ဖြန်ဆွမ်းခံမသွားနေအံ့ဟုမိန့်တော်မမူ။ငါဘုရားသည်နက်ဖြန်နာဠာဂိရိဆင်ကြမ်းကို ဆုံးမတော်မူသဖြင့် တန်ခိုးပြာဋိ

ဟာ (၁) ကိုပြုတော်မူ၍၊ တိတ္ထိတို့ကိုနှိပ်နင်းလျက်၊ ရာဇဂြိုဟ်ပြည်၌ဆွမ်းအလို့ငှါကား။မသွားမူ၍ရဟန်းအပေါင်းခြံရံလျက်လျှင်။ ထိုရာဇဂြိုဟ်မြို့မှထွက်၍၊ ဝေဠုဝန် ကျောင်းတော်သို့ သာငါသာအံ့။ရာဇဂြိုဟ်ပြည်၌ နေကုန်သော သူအပေါင်းတို့သည်လည်းများစွာကုန်သောဆွမ်းခဲဘွယ်တို့ကို ယူခဲ့ကုန်၍ ဝေဠုဝန် ကျောင်းတော် သို့လျှင် လာကြကုန်လတ့ံ။ နက်ဖြန် ကျောင်းတော်၌သာ ဆွမ်းဘုန်း ပေးခြင်း ဖြစ်လတ့ံဟု ဤအကြောင်းများကို မြင်တော် မူသဖြင့် ထိုသူတို့အား သည်းခံတော်မူ၏။

ပြည်သူတို့သည် ဘုရားသခင် သည်းခံတော်မူခြင်းကိုသိကုန်လျှင် ဆွမ်းခဲဘွယ်တို့ကို ဆောင်ယူခဲ့ကုန်၍ ဝေဠုဝန် ကျောင်းတော်၌သာလျှင်အလှူပေးကြကုန်အံ့ဟု ပဲကြလေကုန်၏။သဗ္ဗညုဖြစ်စွာဘုရားသည်ပဌမယံ၌ တရားဟောတော်မူ၍၊ မဇ္ဈိမယံ၌ပြဿနာကိုဖြေတော်မူ၍၊ပစ္ဆိမယံ၏ပဌမအစု၌ ကောသရာဇာမြသေ့မင်းကဲ့သို့ ( ၂ ) ကျိန်းအိပ်တော်မူခြင်းကို ကျိန်းအိပ်တော်မူပြီးလျှင်။ ဒုတိယအစု၌ ဖလသမာပတ်ဖြင့်လွန်စေတော်မူ၍၊ တတိယ အစု၌ မဟာကရုဏာ သမာပတ်ကိုဝင်စားတော်မူ၍၊ ကျွတ်ထိုက်ကုန်သော သတ္တဝါတို့ကိုကြည့်တော်မူသည်ရှိသော် နာဠာဂိရိ ဆင်ကြမ်းကို ဆုံးမတော်မူသဖြင့်ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အကျွတ်တရား ရမည်ကို မြင်တော်မူ၍၊ ထိုညဥ့်သည်လင်းလတ်သော်။ပြုအပ်ပြီးသော ကိုယ်လက်သုတ်သင်ခြင်းကိစ္စရှိတော်မူသည်ဖြစ်၍။ အရှင်အာနန္ဒာမထေရ်ကို ခေါ်တော်မူ၍။ အာနန္ဒာ၊ ယနေ့ရာဇဂြိုဟ်ပြည်၏ထက်ဝန်းကျင်ဖြစ်ကုန်သော

---

(၁) ပြာဋိဟာ-ကား၊ပါဋိဟာရိယဟူ-သောပါဠိကို-သက္ကရေး-ပြာဋိဟာရေးသည်။တန်ခိုးတော်ပြုခြင်းဟူလို။

(၂) ခြသေ့မင်းကဲ့သို့ကား။ ထက်ျာနံတောင်-ဖြင့်စောင်း၍ကိုယ်အင်္ဂါကိုစောင့်ရှောက် အိပ်စက်ခြင်းတည်း ၎င်းသိုပါဠိဟာသာ၌။ သီဟသေယျခေါ်သည်။

တဆဲ့ရှစ်ရပ်ကုန်သော ကျောင်းတိုက်ကြီးတို့၌ အလုံးစုံကုန်သောရဟန်းတို့အားငါဘုရားနှင့်တကွ ရာဇဂြိုဟ်ပြည်သို့ဝင်စိမ့်သောငှါ ကြားချလေ့ဟုမိန့်တော်မူ၏။ အရှင်အာနန္ဒာမထေရ်သည် ဘုရားသခင် မိန့်တော်မူတိုင်းပြု၏။ အလုံးစုံကုန်သော ရဟန်းတို့သည်လည်းဝေဠုဝန်ကျောင်းတော်၌ စည်းဝေးကြကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်း သံဃာအပေါင်းခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ဝင်တော်မူ၏။ ဆင်ထိန်းတို့သည် ဒေဝဒတ်ပြောကြားတိုင်းကျင့်ကုန်၏။ များစွာသောအစည်းအဝေးသည်လည်းဖြစ်၏။

သဒ္ဓါတရားနှင့်ပြည့်စုံကုန်သော လူတို့သည် ယနေ့ဘုရားတည်းဟူသော အာဇာနေယျ ဆင်မြတ်သည်။ တိရစ္ဆာန်ဖြစ်သောနာဠာဂိရိဆင်နှင့်စစ်ထိုးခြင်းဖြစ်လတ့ံသတတ်။ နှိုင်းရှည့်စရာဥပမာမရှိသောဘုရား၏ တင့်တယ်စံပယ်ခြင်းဖြင့်နာဠာဂိရိဆင်ကြမ်းကိုဆုံးမတော်မူသည့် ကိုကြည့်ကုန်အံ့ဟုကြ၍၊ ပြာသာဒ်ရှည့်၊ ပြာသာဒ်ဦးပြည်း၊ အိမ်မိုး၊ အစရှိသည်တို့သို့တက်၍ကြည့်ကြကုန်၏။

မသဒ္ဓါမကြည်ညိုကုန်သော မိစ္ဆာအယူရှိကြကုန်သောသူတို့သည်ကား။ နာဠာဂိရိဆင်တော်သည် အလွန်ကြမ်းကြုတ်၏၊ ခက်ထန်၏။ လူကိုသတ်တတ်၏။ ဘုရား အစရှိသည်တို့၏ဂုဏ်ကျေးဇူးကိုမသိ။ ထိုနာဠာဂိရိဆင်တော်သည် ယနေ့ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ရဟန်းဂေါတမကိုဖျက်ဆီး၍အသက်ကုန်ခြင်းသို့ရောက်စေလတ့ံ။ ယနေ့ငါတို့ရန်သူ၏ ပျက်စီးခြင်းကို မြင်ရလတ့ံဟုကြ၍ ပြာသာဒ်ထက် အစရှိသည်တို့၌တည်နေကုန်၏။

နာဠာဂိရိဆင်သည်လည်း ဘုရားသခင်းကြွတော်မူလတ်သည်ကို မြင်လျှင်လူတို့ကိုခြိမ်းခြောက်လျက်၊ အိမ်တို့ကိုဖျက်ဆီး၍၊လှည်းတို့ကိုရန့်ရန့်ညက်ညက်ကြေစေလျက်၊ နှာမောင်းကိုမြှောက်၍၊ နားရွက်အမြီးကိုထောင်လျက်၊ တောင်ကြီးကဲ့

သို့သွမ်းမိုး၍၊ အကြွင်အရပ်၌ ဘုရားသခင်ရှိတော်မူ၏။ ထိုအရပ်သို့ရှေးရှုပြေးလာ၏၊ ထိုနာဌာဂိရိဆင်လာလတ်သည်ကိုမြင်၍ရဟန်းတို့သည်သဗ္ဗညုမြတ်စွာဘုရားကို ဤသို့သောစကားကိုနားတော် လျှောက်ကုန်၏၊ ဘုန်းတော်ကြီးသော အရှင်ဘုရား ဤနာဌာဂိရိဆင်သည်ကြမ်းထမ်း၏။ ခက်ထန်၏။ လူကိုသတ်တတ်၏။ ဤအရပ်ကိုကြွတော်မမူပါလင့်။ ဗင်စစ်သော်ကား ဤနာဌာဂိရိဆင်သည်ဘုရားအစရှိသည့်တို့၏ဂုဏ်ကျေးဇူးကိုမသိပါ၊ ဘုန်းတော်ကြီးသောအရှင်ဘုရား၊ အရှင်ဘုရားသည်နောက်သို့ဆုတ်တော်မူပါလော့၊ ကောင်းသောစကားကိုဆိုတော်မူတတ်သော အရှင်ဘုရားသည် နောက်သို့ ဆုတ်တော်မူပါလော့ဟုနားတော်လျှောက်ကြကုန်၏။

သဗ္ဗညုမြတ်စွာဘုရားသည်။ ရဟန်းတို့၊ သင်တို့သည်မကြောက်ကြကုန်လင့်၊ ငါဘုရားသည် နာဌာဂိရိ ဆင်ကြမ်းကိုဆုံးမခြင်းငှါ စွမ်းနိုင်တော်မူ၏ဟု မိန့်တော်မူ၏။ ထိုသို့ မိန့်တော်မူသောအခါအရှင်သာရိပုတြာမထေရ်သည် ဘုရားသခင်ကိုတောင်းပန်၏။ဘုန်းတော်ကြီးသော အရှင်ဘုရား၊အဘအား ဖြစ်သောကိစ္စမည်သည်ကား သားကြီး၏ဝန်တည်း အကျွန်ုပ်သည့်လျှင်။ ထိုနာဌာဂိရိ ဆင်ကြမ်းကို ဆုံးမပါအံ့ ဟုတောင်းပန်၏။ ထိုအခါအရှင်သာရိပုတြာကို သဗ္ဗညုမြတ်စွာဘုရားသခင်သည်။ သာရိပုတြာ၊ ငါဘုရား အားတော်မည်သည်ကား တပါးတည်း။ သာဝကတို့၏ အားလည်း တပါးတည်း။ သင်သည်ရပ်လေဟု တားမြစ်တော်မူ၏။အရှင် သာရိပုတြာမထေရ်ကဲ့သို့။များသော အားဖြင့်ရှစ်ကျိပ်ကုန်သော မဟာသာဝက တို့သည်လည်း တောင်းပန်ကြကုန်၏။သဗ္ဗညုမြတ်စွာဘုရားသည်အလုံးစုံသောသာဝကကိုမြစ်တော်မူ၏။

ထိုအခါအရှင်အာနန္ဒာမထေရ်သည်သဗ္ဗညုမြတ်စွာဘုရားသခင်၌အားကြီးစွာသောချစ်ခြင်းရှိသည်ဖြစ်၍၊ သည်းခံခြင်းငှါ မတတ်နိုင်သည်ဖြစ်ရကား။ ဆင်သည် ငါ့ကို ရှေးဦးစွာ

သတ်ပစေဟုဘုရားသခင့်အကျိုး၌ါ။ မိမိအသက်ကိုစွန့်သဖြင့် သွားၡ်ဘုရားသခင်ရှေ့တော်၌ရပ်၏။ ထိုအခါ အရှင်အာနန္ဒာကို ဘုရားသခင်သည်၊ အာနန္ဒာ ဖဲးလေလော့၊ ငါဘုရားရှေ့တော်၌သင်မရပ်လင့်ဟုမိန့်တော်မူ၏။ ထိုအခါအရှင်အာနန္ဒာ မထေရ်သည် ဘုရားသခင်ကိုဤသို့နားတော်လျှောက်ပြန်၏။ ဘုန်းတော်ကြီးသော အရှင်ဘုရား၊ ဤနာဠာဂိရိ ဆင်သည် ကြမ်းထမ်း၏။ ခက်ထန်၏။ လူကိုသတ်တတ်၏။ ကမ္ဘာလောင်သောမီးနှင့်တူ၏။ ( ၁ )ရှေးဦးစွာ အကျွန်ုပ်ကို သတ်စေ၍၊ နောက်မှအရှင်ဘုရားအထံတော်သို့ လာပါစေလော့ဟုအရှင်အာနန္ဒာသည်နားတော်လျှောက်၏၊ သုံးကြိမ်မြောက်အောင်မြစ်တော်မူသော်သည်းထိုရှေ့တော်၌သာလျှင်ရပ်၏၊ နောက်သို့မဆုတ်။ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာ မထေရ်ကို တန်ခိုး တော်၏ အစွမ်းဖြင့် နောက်သို့ ဆုတ်စေတော်မူ၍၊ ရဟန်းတို့၏အသယ်၌နေရာချထားတော်မူ၏။

ထိုခဏ၌မိန်းမတယောက်သည် နာဠာဂိရိဆင်ကိုမြင်လျှင် သေဘေးမှ ကြောက်သည်ဖြစ်၍ ခါးပိုက်ဖြင့်ချီခဲ့သော သားငယ်ကို၊ နာဠာဂိရိဆင်နှင့်၊ဘုရားသခင်၏အလယ်ကြား၌ စွန့်၍ပြေးလေ၏။ နာဠာဂိရိဆင်သည် ထိုမိန်းမကို လိုက်ပြီးလျှင် ပြန်လည်၍ သူငယ်အထံသို့သွား၏။ ထိုအခါ သူငယ်သည် သည်းစွာသောအသံဖြင့်ငိုမြည်တမ်း၏၊ သဗ္ဗညုမြတ်စွာဘုရားသခင်သည်နာဠာဂိရိဆင်ကို ရည်မှတ်တော်မူ၍ ထိုနာဠာဂိရိဆင်ကိုပင်လျှင် မေတ္တာဖြင့်နှံ့စေ၍။ သာယာစွာသောဗြဟ္မာမင်း၏အသံနှင့်တူသောအသံတော်ကိုမြွက်တော်မူ၍၊ ဒို့ နာဠာဂိရိဆင်၊ သင့်ကိုတဆဲ့ခြောက်လုံးသော သုရာအိုးကိုသောက်စေ၍ ယစ်အောင် ပြုကုန်သည်ရှိသော်။ တပါးသောသူကို ဤဆင်သည် ဘမ်းသတ် လတ္တံ့ဟု ကြံ၍မပြုကုန်။ စင်စစ် သော်

---

(၁) ကမ္ဘာလောင်သောမီးနှင့်တူ၏ကား။ မည်သည့်အရာဝတ္ထုကိုမျှမညှာလောင်သည်ကဲ့သို့ထိုးသတ်တတ်ပါ၏ဟုလို (သဒ္ဒါသပစာ—ပင်။)

ကား ငါဘုရားကို သတ်လတ့်ဟုကြံ၍ ပြုကုန်၏။ အကြောင်း မဟုတ်သည်၌ ဒူးဆစ်လက်ခြေ အစ ရှိသည်တို့ကို ပင်ပန်း စေလျက် သင်မသွားလင့်။ ဤငါဘုရား အထံသို့ လာလှည့်ဟု ခေါ်တော်မူ၏။

ထိုနာဠာဂိရိဆင်သည် ဘုရားသခင့်စကားတော်ကိုကြား လျှင်မျက်စိတို့ကိုဖွင့်၍ ဘုရားသခင် အဆင်းတော်၏ တင့် တယ်ခြင်း အသရေကိုကြည့်၍၊ ထိတ်လန့်ခြင်းသံဝေဂကိုရ သည်ဖြစ်ရကား။ဘုရားသခင်တန်းခိုးတော်ကြောင့်သုရာယာစ် ခြင်းပြေသည်ဖြစ်၍၊ နှာမောင်းကိုချသဖြင့်နားရွက် တို့ကိုတွဲ လျားချလျက်လာသတ်၍၊ ဘုရားသခင်ခြေတော်ရင်းတို့၌ဝပ် ၏။ထိုအခါနာဠာဂိရိဆင်ကိုဘုရားသခင်သည်၊နာဠာဂိရိ၊သင် သည်၊ တိရစ္ဆာန်ဖြစ်သော ဆင်တည်း၊ ငါကားဘုရားတည်း ဟူသော ဆင်အာဇာနည်တည်း။ ဤနေ့မှစ၍ မကြမ်း ထမ်း လင့်၊ မခက်ထန်လင့်၊ လူတို့ကိုမသတ်လင့်၊ ခပ်သိမ်း သော သတ္တဝါတို့၌ မေတ္တာစိတ်ကို အဘန်တလဲလဲ ပွါးစေသော့ဟု မိန့်တော်မူလျက် လက်ျာလက်ကိုဆန့်တော်မူ၍ ဦးကင်း၌သုံး သပ်တော်မူလျက်ဆုံးမတော်မူလိုရကား။

မာကုဉ္ဇရနာဂမာသဒေါ၊ဒုက္ခောဟိကုဉ္ဇရနာဂမာသဒေါ။ နဟိနာဂဟတဿကုဉ္ဇရ၊ သုဂတိံ ဟောတိ ဣတောပရာယ နေ့ာ။ ။မာစမဒေါမာစပမာဒေါ၊နဟိပမတ္တာသုဂတိံဝဇန္တိ။ တေနတွည္ဓေဝ တထာကရိဿသိ၊ ယေနတွံ သုဂတိံ ဂမိဿ သိ။ ။ဟူသောနှစ်ဂါထာတို့ကိုဟောတော်မူ၏။ ။

နာဂ၊ တောင်နှင့်တူသော။ကုဉ္ဇရ၊ဆင်မင်း။မာမာသဒေါ၊ သူတပါးကိုမညှဉ်းဆဲမနှိပ်စက်လင့်။ကုဉ္ဇရ၊နှာမောင်းရှိသော။ နာဂ၊ဆင်မင်း။ မာသဒေါ၊ သူတပါးကို နှိပ်စက်ညှဉ်းဆဲခြင်း သည်။ဒုက္ခောဟိ၊ ဆင်းရဲခြင်း၏ အကြောင်းသာလျှင်တည်း။ နာဂ၊ တောင်ကဲ့သို့ကြီးမြင့်သော။ ကုဉ္ဇရ၊ ဆင်မင်း၊ဟိ၊ထို စကားသည်မှန်၏။ ဟတဿ၊ သူတပါးကိုနှိပ်စက်ညှဉ်းဆဲ

သောသူအား၊ ဆုဇတော၊ ဤပဋ္ဌပြန်ဘာသာ။ ပရောယနေ့ား ဘာဝတ ပါးသို့ပြောင်းသွားသည့်ရှိသော်။ သုဂတိံ၊ သုဂတိဘဝသို့လား ရမည့်နှိပ်ဟောတိ၊ မဖြစ်၊ ။ နာဂ၊ နာဠာဂိရိဆင်မင်း တွံ၊ သင် သည်။ မာစဒေါ၊ မာန်သည်းမယားလင့်။ မာစပမာဒေါ၊ မေ့ လည်းမမေ့လျော့လင့်။ ဟိ၊ ထိုစကားသည်မှန်၏။ ပမတ္တာ၊ မေ့ လျော့ကုန်သောသူတို့သည်။ သုဂတိံ၊ နတ်ရွာသို့။ နုပဇ္ဇန္တိ၊ မ သွားရကုန်။ ယေန၊ အကြောင်းကောင်းမှုဖြင့်။ တွံ၊ သင်သည်။ သု ဂတိံ၊ နတ်ရွာသို့။ ဂမိဿသိ၊ သွားရသတ်။ တေန၊ ထိုကောင်း မှုကို၊ ကုရုသု၊ သင်သည်သာကျင်။ တထာ၊ ထိုအခြင်းဖြင့်၊ ကရိဿသိ၊ ပြုလော့။ ။

ဤသို့မိန့်တော်မူ၍ တရားဟောတော်မူလျှင်၊ ထိုနာဠာဂိရိ ဆင်၏ကိုယ်အလုံးသည် ပီတိဖြင့်မပြတ်နေလေ၏။ ထိုနာဠာဂိရိ ဆင်သည် အကယ်၍တိရစ္ဆာန်မဖြစ်အံ့။ သောတာပတ္တိဖိုလ် ကိုရလတ့်သတတ်။ လူတို့သည် ထိုတန်ခိုးပြာဋိဟာကိုမြင်ရ ကုန်၍ ပွဲထင်ထင်စေကုန်၏။ လက်ပမ်းခေါက်ခတ် ကုန်၏။ ကောင်းစွာ ဝမ်းမြောက်ခြင်း ရှိကုန်သည်ဖြစ်၍။ အလူးလူး သောတန်းဆာတို့ကိုပစ်ကြကုန်၏။ ထိုအခွင့်အခါ၌ရှိသောရတ နာတန်းဆာတို့သည်နာဠာဂိရိဆင်ကိုဖုံးအုပ်မိကုန်၏။ ထိုအခါ မှစ၍နာဠာဂိရိဆင်သည်။ "ဓနပါလ" ဆင်ဟူ၍တွင်၏။ ထို "ဓန ပါလ" ဆင်ကြမ်းကိုအုံးမတော်မူသောအစည်းအဝေး၌ကား ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် အမြိုက် နိဗ္ဗာန်တည်းဟူသော အဖျော်ကို သောက်ရကုန်၏။ သဗ္ဗညု ဘုရားသခင်သည် "ဓနပါလ" ဆင်ကိုငါးပါးသောသီလတို့၌ တည် စေတော်မူ၏။ ထို "ဓနပါလ" ဆင်သည် နှာမောင်းဖြင့် ဘုရားသခင် ခြေတော်၌ မြေမှုန့်တို့ကိုယူ၍ ဦးခေါင်းထက်၌ ကြဲ၍ မြှောက်သဖြင့်ရိုသေတုပ်ကွလျက်နောက်ဆုတ်သွားသဖြင့် မြင်ကောင်းသောအရပ်၌ တည့်လျက် သဗ္ဗညုမြတ်စွာဘုရား ကိုရှိခိုး "၍ပြန်လည်လျက်" ဆင်တင်းကုပ်သို့ဝင်၏။

ထိုအခါမှစ၍ယဉ်ကျေးသောဆင်တကာတို့ထက်အထူး သဖြင့် ယဉ်ကျေးသည်ဖြစ်၍ တစုံတယောက်သော သူကိုမ ညှဉ်းဆဲပြီ။ ဘုရားသခင်သည် နှလုံးတော် အလို ပြီးခြင်းသို့ ရောက်တော်မူသည်ဖြစ်၍၊ အကြင်သူတို့သည် အကြင်ဥစ္စာ ကိုပစ်ကြအံ့၏၊ ထိုဥစ္စာသည် ထိုသူတို့အားသာလျှင်ဖြစ်စေ သတည်းဟု မိန့်တော်မူ၍။ ယနေ့ ငါဘုရားသည် ကြီးစွာ သော တန်ခိုးပြာဋိဟာကိုပြုတော်မူအပ်ပြီ။ ဤရာဇဂြိုဟ်မြို့၌ ဆွမ်းအလို့ငှါ သွားခြင်းသည် မသင့်လျော်ပြီဟု နှလုံး သွင်း တော်မူ၍၊ တိတ္ထိတို့ကိုနှိပ်နင်းတော်မူသဖြင့် ရဟန်းအပေါင်း ခြံရံလျက်၊ ရန်ဟိုအောင်မြင်ခြင်းသို့ရောက်သော မင်းကဲ့သို့။ ရာဇဂြိုဟ်မြို့မှထွက်တော်မူခဲ့ပြီးလျှင်။ ဝေဠုဝန်ကျောင်းတော် သို့သာလျှင်ကြွတော်မူ၏၊ ရာဇဂြိုဟ်မြို့သူ အပေါင်းတို့သည် များစွာသော ဆွမ်းအဖျော်ခဲဘွယ်သောဇဉ် စားဘွယ်သော ဘွယ်တို့ကိုယူခဲ့၍ဝေဠုဝန်ကျောင်းတော်သို့ သွားကြကုန်၍။ ကြီးစွာသောအလှူကိုဖြစ်စေကုန်၏။

ထို"ဓနပါလ"ဆင်ကိုဆုံးမတော်မူသောနေ့၊ ညချမ်းအခါ၌ တရားသဘင်ကို ပြည့်စေ၍ နေကုန်သော ရဟန်းတို့သည် စကားကိုဖြစ်စေကုန်၏၊ အဘယ်သို့ ဖြစ်စေကုန်သနည်း ဟူ မူကား။ ငါ့ရှင်တို့၊ အရှင်အာနန္ဒာမထေရ်သည် သဗ္ဗညုဘုရား သခင်အကျိုးငှါ မိမိအသက်ကို စွန့်သဖြင့်ပြုနိုင်ခဲသော အမှု ကိုပြုပေ၏။ "နာဠာဂိရိ" ဆင်ကိုမြင်၍ ဘုရားသခင်သည်သုံး ကြိမ်မြစ်တော်မူသော်လည်း မဆုတ်နစ်။ ငါ့ရှင်တို့၊ အရှင်အာ နန္ဒာမထေရ်သည်အံ့ဘွယ်ရှိစွ၊ ပြုနိုင်ခဲသောအမှုကိုပြုပေ၏ဟု အရှင်အာနန္ဒာ မထေရ်အားချီးမွမ်း ပြောပခြင်းစကားကိုဖြစ် စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည်အာနန္ဒာ၏ ဂုဏ်ကျေး ဇူးစကားသည်ဖြစ်၏ဟုသိတော်မူလျှင်။ ထိုအရပ်သို့ငါဘုရား သည် သွားအံ့၏ဟုကြံတော်မူ၍။ ဂန္ဓကုဋီတော်မှထွက်ကြွ တော်မူခဲ့သဖြင့် ကြွလာတော်မူလတ်၍။ ရဟန်းတို့ ယခုအခါ

အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်းဟု မေးတော်မူလတ်၍၊ ဤမည်သော စကားဖြင့်စည်းဝေးပါကုန်၏ ဟုံနားတော်လျှောက်ကုန်လတ်သော်။ ရဟန်းတို့၊ ယခုအခါ၌သာလျှင် အာနန္ဒာသည်။ ငါဘုရား၏အကျိုး၌မိမိအသက်ကိုစွန့်သည်မဟုတ်သေး၊ ရှေး၌လည်း အာနန္ဒာသည်တိရစ္ဆာန်အမျိုး၌ ဖြစ်သော်သည်း။ ငါဘုရား၏အကျိုး၌မိမိအသက်ကိုစွန့်ဘူးပြီဟု မိန့်တော်မူ၍အတိတ်ကိုဆောင်တော်မူ၏။

ရဟန်းတို့၊ လွန်လေပြီးသောအခါမဟိံသကတိုင်း သာဂလမြို့၌သာဂလအမည်ရှိသောမင်းသည်တရားနှင့်အညီ မင်းပြု၏။ ထိုအခါ မြို့မှ မနီးမဝေးသော တခုသော မှဆိုးတို့ရွာ၌ တယောက်သော မှဆိုးသည် ကျော့ကွင်းတို့ဖြင့် ငှက်တို့ကို ထောင်ပြီးလျှင်။ မြို့၌ရောင်းချ၍ အသက်မွေး၏။ သာဂလမြို့မှလည်းမနီးမဝေးသောအရပ်၌အဝန်းတဆဲ့နှစ်ယူဇနာရှိသော။ ငါးပါးသောအဆင်းရှိသောပဒုမာကြာဖြင့်ဖုံးလွှမ်းအပ်သော။ မာနုသိယအမည်ရှိသော အိုင်သည်ရှိ၏။ ထိုမာနုသိယပဒုမာအိုင်၌အထူးထူးအပြားပြားရှိကုန်သောများစွာကုန်သော ငှက်အပေါင်းတို့သည်သက်ကုန်၏။ ထိုငှက်မှဆိုးသည် ထိုမာနုသိယပဒုမာကြာအိုင်၌။ အဘယ်ငှက်ဟူ၍မမှတ်ဘဲကျော့ကွင်းတို့ကိုထောင်၏။

ထိုအခါ၌ဓတရဋ္ဌဟင်္သာမင်းသည်။ ကိုးသောင်းခြောက်ထောင်ကုန်သောဟင်္သာအပေါင်းခြံရံလျက်။ စိတ္တကုဋ် တောင်ဝယ်ရွှေဂူ၌နေတော်မူ၏။ ထိုဟင်္သာမင်းအား သုမုခအမည်ရှိသော ဟင်္သာစစ်သူကြီးသည်ရှိ၏၊ ထိုအခါ တနေ့သ၌ ထိုဟင်္သာအပေါင်းမှနှစ်ရသုံးရကုန်သောရွှေဟင်္သာတို့သည်။ မာနုသိယအမည်ရှိသောပဒုမာအိုင်သို့သွားကုန်သော်။ များသောအစာရှိသော ထိုမာနုသိယပဒုမာအိုင်၌၊ အလိုရှိတိုင်း ကျက်စားကုန်၍ဝကုန်လတ်သော်။ စိတ္တကုဋ်တောင်သို့သွား၍။ ဓတရဋ္ဌဟင်္သာမင်းအား ကြားလျှောက်ကြကုန်၏။ မြတ်သော

မင်းကြီး၊ လှူပြည်ခရိုင်၌ မာနုသိယအမည်ရှိသော ပဒုမာအိုင်သည်၊ ပြည့်စုံသော ကျက်စားရာရှိ၏။ ထိုအိုင်၌ အစာကိုယူခြင်းငှါသွားကြကုန်အံ့ဟု ကြားလျှော်ကြကုန်၏။ ဘုရားလောင်းဓတရဋ္ဌဟာသ်မင်းသည် လှူပြည်မည်သည်ကား ဘေးဘျမ်းနှင့်တကွဖြစ်၏၊ ရွံ့ရှာဘွယ်ရှိ၏။ သင်တို့သည်မနှစ်သက်ကြကုန်လင့်ဟု ပယ်တော်မူသော်လည်း ထိုဟာသ်တို့သည် အဘန်တလဲလဲ လျှောက်ဆို အပ်သည့်ဖြစ်၍။ သင်တို့သည် အကယ်၍နှစ်သက်ခဲ့သော်။ သွားကြကုန်အံ့ဟု။ အခြံအရံနှင့်တကွထိုအိုင်သို့သွားတော်မူ၏။ ထိုဘုရားလောင်းဓတရဋ္ဌ ဟာသ်မင်းသည် ကောင်းကင်မှ သက်သည်ရှိသော်။ ခြေကိုကျော့ကွင်း၌ သွင်းလျက်သာလျှင်သက်မိ၏။ ထိုအခါဘုရားလောင်းဟာသ်မင်း၏ခြေကိုကျော့ကွင်းသည်သံပြားဖြင့်ငင်သကဲ့သို့ဘွဲ့၍ယူ၏။ ထိုအခါထိုကျော့ကွင်းကို ဖြတ်အံ့ဟုကြံ၍ငင်သော်ဘုရားလောင်း၏ရှေးဦးစွာသော အကြိမ်၌အရေပြတ်၏။ နှစ်ကြိမ်မြောက်ငင်ရာ၌အသားပြတ်၏။ သုံးကြိမ်မြောက်ငင်ရာ၌အကြောပြတ်၏၊ ကျော့ကွင်းလည်းအရိုးကိုထိ၍တည်၏။ သွေးသည်ယိုစီး၏။ သည်းစွာသောဝေဒနာတို့သည်ဖြစ်ကုန်၏။

ထိုဘုရားလောင်းဤသို့ကြံ၏။ ငါသည်ကျော့ကွင်းမိသောမြည်သံကိုအကယ်၍မြည်ငြားအံ့။ ငါ၏ဆွေမျိုးတို့သည်ထိတ်လန့်ကုန်သည်ဖြစ်၍အစာကိုမယူကုန်မူ၍ဆာမွတ်သောကိုယ်ရှိသည့်ဖြစ်၍ ပြေးသွားကုန်လတ်သော် အားနည်းသည်၏အဖြစ်ကြောင့်မဟာသမုဒ္ဒရာ၌ကျကုန်လတ္တံ့ဟုကြံတော်မူ၏။ ကြံပြီး၍ ဘုရားလောင်းသည် သည်းစွာသောဝေဒနာကိုသည်းခံတော်မူ၍။ ဆွေမျိုးဖြစ်ကုန်သော ဟာသ်တို့အလိုရှိတိုင်း စားပြီး၍ ပျော်ပါးကစားကြသောအခါ၌ သည်းစွာအသံပြုလျက်။ ကျော့ကွင်းမိသော အသံကို မြည်တော်မူ၏။ ထိုမြည်သံကိုကြားကြကုန်လျှင်ဟာသ်တို့သည်သေဘေးမှကြောက်ကုန်သဖြင့် အစုအစုဖြစ်၍ဟိမဝန္တာတောင်သို့မျှော်ရှု၍ ပျံသွားကြလေ

ကုန်၏။ ထိုဟင်္သာတို့ပျံသွားကုန်သည်ရှိသော် သုမုခအမည်ရှိသောဟင်္သာစစ်သူကြီးသည်အသို့နည်း၊ စင်စစ်ချင်ဤဘေးသည် ငါတို့သခင် အရှင်မင်းမြတ်အားဖြစ်လေသလော။ ထိုဘေးကိုသိအောင်ပြုအံ့ဟုကြံ၍။ လျင်မြန်စွာပျံသွားသဖြင့်။ ရှေ့ကသွားသောဟင်္သာအပေါင်း၌ ဘုရားလောင်းကို မမြင်လျှင် အလယ်ကသွားသောဟင်္သာအပေါင်း၌ရှာဖွေ၏။ ထိုအလယ် ဟင်္သာအပေါင်း၌လည်း ဘုရားလောင်းကို မမြင်၍။ နောက်ကသွားသော ဟင်္သာအပေါင်း၌ စုံစမ်းရှာဖွေပြန်၏။ ထိုဟင်္သာအပေါင်း၌လည်းမမြင်၍။ မချွတ်လျှင်ထိုဘေးသည် ငါတို့သခင်အရှင်မင်းမြတ်အားသာလျှင်ဖြစ်၏ဟု ပြန်လည်ခဲ့သဖြင့်လာလတ်သော်၊ ကျော့ကွင်း၌ မိသောသွေးအလိမ်းအလိမ်းကပ်လျက်ဆင်းရဲကျင်နာစွာညွှန်ပျောင်းအပြင်၌နေသောဘုရားလောင်းကိုမြင်၍။ အရှင်မင်းမြတ်။ ကြောက်တော်မမူသင့်။ အကျွန်ုပ်သည် အသက်ကိုစွန့်၍ အရှင် မင်းမြတ်အားကို ကျော့ကွင်းမှ လွတ်ပါစေအံ့ဟု ဆိုလျက်လျှင် ကောင်းကင်မှ သက်သတ်၍။ ဘုရားလောင်းကိုနှစ်သိမ့်စေလျက်ညွှန် ပျောင်းအပြင်၌နေ၏၊

ထိုသို့နေသောအခါဘုရားလောင်းသည်စစ်သူကြီးသုမုခကိုစုံစမ်းတော်မူလိုရကား။ ။သုမုခါနုပစိနန္တာ၊ အစရှိသော ရှေးဦးစွာသော ဤဂါထာကို ဆိုတော်မူ၏။ ။အဓိပ္ပါယ်ကား။ ။

အမောင်သုမုခ။ ချစ်ခင်သောသဘောဖြင့်မကြည့်ကုန်မူ၍။ ဆွေမျိုးဖြစ်ကုန်သော ကိုးသောင်း ခြောက်ထောင်ကုန်သောဟင်္သာတို့သည်။ စွန့်ခဲ့ကုန်၍ပျံသွားလေကုန်ပြီ။ ကျော့ကွင်းမိသောငါ၌။ အဆွေခင်ပွန်းဖြစ်သော အပေါင်းအဘော်သည်မရှိ။ သင်သည်လည်းငါ့ထံမှသွားလော့၊ ငါ့ထံ၌နေခြင်းကို အလိုမရှိလင့်ဟုဆို၏။ ။

ထိုစကားကိုကြား၍စစ်သူကြီးသုမုခသည် ဟသ်ာမင်းကို စွန့်၍ မိမိသွားသိုသောအကြောင်းကို ဟသ်ာမင်းအား ပြန် ကြားတင်လျှောက်လိုရကား။ ။ဂစ္ဆေပါဟံနဝါဂစ္ဆေ၊အစရှိ သောသုံးဂါထာတို့ကိုဆို၏။ ။အဓိပ္ပါယ်ကား။ ။ မြတ်သောမင်းကြီး။အကျွန်ုပ်သည်။အရှင်ထံမှသွားမူလည်း သွားပါအံ့။မသွားဘဲမူသည်းနေပါအံ့။ ထိုအရှင်မင်းကြီးကိုစွန့် ၍သွားသဖြင့်။မသေဘဲနေရသည်သည်း။မဖြစ်လတံ။ချမ်းသာ သော၊အရှင်မင်းကြီးကို။ ချမ်းသာစဉ်အခါကမှီဝဲဆည်းကပ် ပြီး၍။ဆင်းရဲသော။အရှင်မင်းကြီးကို။ယင်းသို့ဘေးရောက်သော အခါမှ။အဘယ့်ကြောင့်။စွန့်ရအံ့နည်း။ မြတ်သောမင်းကြီး။အ ရှင်မင်းကြီးနှင့် တကွ။ သေခြင်းသည်လည်း ရှိ၏။ အရှင်မင်း ကြီးနှင့် ကင်း၍။ အသက်ရှင်ခြင်းသည်လည်း။ ရှိ၏။ဤနှစ်ပါး တို့တွင်။အရှင်မင်းကြီးနှင့် တကွ၊ သေခြင်းသည်သျှင်၊ အထူး သဖြင့်မြတ်၏၊အရှင်မင်းကြီးနှင့်ကင်း၍။ အကြင်အသက်ရှည် ခြင်းသည်ရှိ၏၊ ထိုအရှင်မင်းကြီးနှင့်ကင်း၍အသက်ရှည်ခြင်း သည်၊မမြတ်ပါ။ ။မြတ်သောမင်းကြီး။ အကြင်ကြောင့်။ ဤ သို့ဆင်းရဲခြင်းသို့ရောက်သော။ ရှင်မင်းကြီးကိုစွန့်ပြားအံ့။ ဤ သို့ချမ်းသာသောအခါမှီဝဲ၍ ဆင်းရဲသောအခါစွန့်ခြင်းသည်။ သူတော်ကောင်းသဘောသျိုးမဟုတ်။ ဟသ်ာမင်း။ အရှင်မင်း ကြီး၏။ အကြင်ဖြစ်ခြင်း ပျက်ခြင်းသည်ရှိ၏။ အကျွန်ုပ်သည် ကားထိုအရှင်မင်းကြီး အတူဖြစ်ပျက်ရခြင်းကို။ နှစ်သက်ပါ ၏။ ။ဟုလျှော်၏။ ။

ထိုသို့သုမုခစစ်သူကြီး တင်လျှောက်သောစကားကိုကြား ၍ဓတရဋ္ဌဟသ်ာမင်းသည်၊အမောင်သုမုခ၊သင့်အသက်ကိုစွန့်၍ငါ၊ အသက်ရှင်ခြင်းသည် အကြောင်းမရှိ။ ကန်းလေပြီးသောသူ သည်လင်းစေလို၍ ဆီမီးတန်ဆောင်အထောင်မကထွန်းပြား သော်လည်းအလင်းမဖြစ်နိုင်သကဲ့သို့သင့်အသက်ကိုစွန့်ခြင်း ၏အကျိုးအထူးကိုငါ မမြင်ဟုမိန့်တော်မူ၍ ထိုအကြောင်းကို

သုမုခအားကြားတော်မူလိုရကား။ ။ကာနုပါသေန ဗန္ဓသော အစရှိသောသုံးဂါထာတို့ကိုဆို၏။ ။အဓိပ္ပါယ်ကား။ ။

အမောင်သုမုခ။ကျော့ကွင်းဖြင့်ဘွဲ့မိသောငါ့အား။စဖိုအိမ်မှတပါးသော။လားရာဂတိသည်။အတိမှာရှိချေတော့အံ့နည်း။ ကျော့ကွင်းမိသောငါ့ ကိုစေ့ဆော် အားထုတ်လျက်ရှိသော။ ကျော့ကွင်းမှ လွတ်သောသင်သည်။ အဘယ်ကြောင့်ထိုစဖိုအိမ်သို့သွားရအံ့သည်ကို သင်နှစ်သက်ဘိသနည်း။ ။အတောင်ရှိသော။ အမောင်သုမုခ၊ နှစ်ယောက်ကုန်သောငါတို့၏။အသက် ကုန်ခြင်း၌။ငါ၏ရင်း။သင်၏ရင်း။ ငါတို့မှကြွင်းကုန်သော။ဆွေမျိုးတို့၏ရင်း။အဘယ်အကျိုးကိုလျှင်။သင်မြင်ဘိသနည်း။ ။ရွှေအဆင်းနှင့်တူသော အတောင်နှစ်ဘက်ရှိသော၊ သုမုခ၊ထိုသို့သဘောရှိသောလုံ့လပြု၍ အကျိုးမရှိသောအရာ၌။မိမိအသက်ကို။ စွန့်သောသင်သည်။ အဘယ်အကျိုးကို။ပြနိုင်ပါအံ့နည်း။အကြွင်ကြောင့်။သူကန်းသည်။ အရိုက်တိုက်၌။ မိမိမျက်စိကိုမြင်စေခြင်းငှါ၊ ဆီမီးထွန်းသည်နှင့်တူ၏။ ။ဟုဆိုတော်မူ၏။ ။

ထိုနောက်မှသုမုခသည်မိမိအသက်ကိုစွန့်ရာ၌ အကျိုးကိုဘုရားလောင်းအား ပြလိုရကား။ ။ကထန္နုပတတံသေဌ၊ အစရှိသောနှစ်ဂါထာတို့ကိုဆို၏။ ။အဓိပ္ပါယ်ကား။ ။

ကောင်းကင်သို့ ပျံတတ်သောငှက် အပေါင်းတို့ထက်၊အထူးသဖြင့်မြတ်တော်မူသောဟာသံမင်း။အရှင်မင်းကြီးသည်၊ ကျင့်အပ်သောတရား၌။ အကျိုးကိုအဘယ့်ကြောင့်။ မသိသနည်း။ အကျွန်ုပ်သည်။ သူတော်ကောင်းတို့ကျင့်ဆောင်အပ်သောတရားကိုပူဇော်အပ်၏၊ ကျင့်အပ်သော ကုသိုလ်တရားသည်၊ သတ္တဝါတို့၏အစီးအပွါးကိုပြတတ်၏၊ မြတ်သောမင်းကြီး။ အကျွန်ုပ်သည်ကျင့်အပ်သော တရား ကိုရှုသည်ဖြစ်၍။ ကျင့်အပ်သောကုသိုလ် တရားကြောင့် ဖြစ်သော၊ အကျိုးစီး

ပွါးကိုရင်း။ အရှင်မင်းကြီး၌ချစ်ခြင်းကိုရင်း။ ရှုသည့်ဖြစ်၍။အကျွန်ုပ်၏။အသက်ရှည်ခြင်းကိုအလိုမရှိပါဟုဆို၏။ ။

ထိုစကားကိုကြား၍ဘုရားလောင်းရွှေဟင်္သာမင်းသည်သဘောအားဖြင့်ချီးမွမ်းတော်မူသဖြင့်သုမုခကိုမှာထား၍တပါးသောအရပ်သို့ သွားစေ လိုရကား။ ။အဒ္ဓါ ဧသော သတံ ဓမ္မော။ ။အစရှိသောသုံးဂါထာကိုဆို၏။ ။အဓိပ္ပါယ်ကား။

အမောင်သုမုခ။ အကြင်အဆွေခင်ပွန်းသည်။ အဆွေခင်ပွန်းကျင့်ဝတ်တရားကို။ အောက်မေ့သည်ဖြစ်၍။ အသက်၏အကြောင်းကြောင့်သော်လည်းဘေးရန်ရှိလတ်သော်။အဆွေခင်ပွန်းကိုမစွန့်။ထိုအဆွေခင်ပွန်းသည်ဤသို့ဘေးရန်ရှိသောအခါ အဆွေခင်ပွန်းကို မစွန့်ခြင်း သည်ကား။ စင်စစ် သူတော်ကောင်းတို့၏သဘောပေတည်း။ ။အမောင်သုမုခ၊သင်သည်။ ထိုအဆွေခင်ပွန်းကျင့်ဝတ်တရားကိုလျှင် ကျင့်လိုအံ့။ ငါ၌ချစ်ခြင်းလည်းရှိအံ့၊ငါ၏အလိုကိုလိုက်နာပါလော့၊ ငါသည်ခွင့်ပြုသည်သာလျှင်တည်း။သင်သည်ဘေးမရှိရာသို့။သွားသာသွားလေလော့၊ ။အမောင်သုမုခ။စင်စစ်သဖြင့်ကား။ ဤသို့သွားသည်ရှိသော်။ငါသေသောအခါ၌။ငါသည်၊ အဆွေအမျိုးတို့အား။အကြင်အစီအမံအပိုင်းအခြားကိုပြုအပ်ပြီ။ ထိုအစီအမံအပိုင်းအခြားကို။ သင်သည်ပင်ပညာနှင့် ပြည့်စုံသည်ဖြစ်၍။ လွန်စွာစောင့်ရှောက်နိုင်သောသူဖြစ်ရာ၏။ ။

ဤသို့ဘုရားလောင်းရွှေဟင်္သာမင်းနှင့်စစ်သူကြီး သုမုခတို့မှာထားပြောဆိုကြစဉ် ငှက်မုဆိုး ရောက်လာ၍။ မုဆိုးသည်မြင်လေ၏။ရွှေဟင်္သာမင်းတို့သည်လည်းရန်သူဖြစ်သောမုဆိုးကိုကြည့်ကုန်၍ ဆိတ်ဆိတ်နေသဖြင့်မတုန်မလှုပ်ကြကုန်။ငှက်မုဆိုးသည်ဖျင်မြန်စွာဟင်္သာမင်းတို့ အထံသို့လာလတ်သဖြင့်ချဉ်းကပ်၍ နှစ်ခုကိုပင်မိသလောဟုကြံစည်တွေး တောလျက်ရွှေဟင်္သာတို့ကိုမေးလေ၏။ ။

ဟင်္သာမင်းအကြင်ကြောင့် ကြီးစွာသောကျော့ကွင်းဖြင့်။

မိသော ဟင်္သာမင်းသည်ကား၊ အရပ်တပါးသို့။သွားခြင်းငှါ မတတ်နိုင်မှုကားသင့်တန်စေ။ထိုကျော့ကွင်းမမိသောဟင်္သာ မင်းသည်ကားအရပ်တပါးသို့။ သွားခြင်းငှါတတ်နိုင်သည်မ ဟုတ်လော။ထိုသို့ဖြစ်လျက်။အဘယ့်ကြောင့်။ ကျော့ကွင်းမမိ သောကြီးသောခွန်အားရှိသော သင်သည်။ မပျံမသွား နေဘိ သနည်း။ ဤရွှေဟင်္သာသည်။ သင်နှင့်အသို့တော်ကြသနည်း။ ကျော့ကွင်းမမိသောသင်သည်။ကျော့ကွင်းမိသောရွှေဟင်္သာ သို့ဆည်းကပ်၍၊ သင်မှတပါးသော ဟင်္သာတို့ကားစွန့်၍ ပျံ သွားကြကုန်၏။အဘယ်ကြောင့်။ သင်တယောက်တည်း။ကျန် ရစ်ဘိသနည်းဟုမေးလေ၏။ ။

ထိုသို့မေး သောအခါ သုမုခသည်ဘုရား လောင်းဟင်္သာ မင်းကိုစွန့်၍။မိမိမသွားသောအကြောင်းကိုမုဆိုးအားကြားလို ရကား။ ။ရာဇာမေသောဒိဇာမိတ္တာ။အစရှိသောဤဂါထာကို ဆို၏။ ။အဓိပ္ပါယ်ကား။ ။

အဆွေမုဆိုး။ ဤရွှေဟင်္သာသည်။ ငါ၏။အရှင်မင်းတည်း။ ငါ၏၊ အသက်နှင့်တူသော။ အဆွေခင်ပွန်းလည်းဟုတ်၏။ အ ကြင်မျှလောက်သော ကာလပတ်လုံး။ သေခြင်း၏ အလှည့် သည်ရှိ၏။ ထိုမျှလောက်သော ကာလပတ်လုံး။ ထိုရွှေဟင်္သာ မင်းကိုငါမစွန့်ဘဲနေအံ့ဟုဆို၏။ ။

ထိုစကားကိုကြား၍ မုဆိုးသည်ဌက်တို့၏ အရှင်ဟင်္သာ မင်းဖြစ်လျက်။ မိမိအလို့ငှါထောင်အပ်သောကျော့ကွင်းကိုအ ဘယ်ကြောင့်မသိသနည်းဟုဆိုလျက်။ထိုသုမုခအား။မေးလိုရ ကား။ ။ကထံပနာယံဝိဟင်္ဂေါ၊အစရှိသောဤဂါထာကိုဆို ၏။ ။အဓိပ္ပါယ်ကား။ ။

အဆွေဟင်္သာမင်း။ ဤဟင်္သာမင်းသည်။ အခြံအရံများ သောသူပညာကြီးသောသူတို့တွင်။တယောက်ဖြစ်ပါလျက်။ အဘယ်ကြောင့်လျှင်။ မိမိအထို့ငှါထောင်အပ်သော။ ကျော့ ကွင်းကို မမြင်လေသနည်း။ ထိုစကားမှန်၏ ဤဘေးရန်ကိုသိ

မြင်ခြင်းသည်။အမြဲအရုံဉာဏ်ပညာကြီးကုန်သောသူတို့၏အ
အကြောင်းပင်တည်း။သင်၏ အရှင်မင်းသည်။မိမိအားရောက်
လတ့ံသောဘေးရန်ကို။ သိခြင်းငှါသင့်လျော်ပါ၏တကားဟု
မေး၏။ ။

သုရခသည် ထိုမှူးဆိုးစကားကို ဖြေလိုရကား။ ။ယဒါပ
ရာဘဝေဟောတိ၊ ပေါသောဇီဝိတသံသယေ။ အထဇာလဿပါ
သဿ၊အာသန္နာပိနဗုဇ္ဈတိ။ ။ဟူသောဤဂါထာကိုဆို၏။ ။

သမ္ဗ၊အဆွေမှူးဆိုး။ယဒါ၊အကြင်အခါ၌။ ယောပေါသော၊
အကြင် သတ္တဝါသည်။ ဇီဝိတသံသယေ၊ အသက် ကုန်ခြင်း
ကြောင့်။ပရာဘဝေါ၊ပျက်စီးလိုသည်။ ဟောတိ၊ဖြစ်အံ့။အထ၊
ထိုသို့ ပျက်စီးလိုသောအခါ၌။ သောပေါသော၊ ထိုသတ္တဝါ
သည်။ဇာလဿ၊ ပိုက်ကွန်သို့ရင်း။ပါသဿ၊ ကျော့ကွင်းသို့ရင်း။
အာသန္နာပိ၊ရောက်၍လည်း။နဗုဇ္ဈတိ၊မသိပြီ။ ။ဟုဖြေ၏။ ။

မှူးဆိုးသည် ထိုသုရခ ဖြေဆိုသော စကားကို ဝန်ခံလိုရ
ကား။ ။အပိတွေ့ဝမဟာပညာ၊ပါသာဗဟုဝိဓာကတာဂုဠှမာ
သဇ္ဇဗဇ္ဈန္တိ၊အထေဝံဇီဝိတက္ခယေ။ ။ဟူသောဤဂါထာကို
ဆို၏။ ။

မဟာပညာ၊ ကြီးသောပညာရှိသောဟံသာမင်း။ အပိတွေ
ဝ၊စင်စစ်လျှင်။ဗဟုဝိဓာ၊များသောအပြားရှိကုန်သော။ပါသာ၊
ကျော့ကွင်းတို့ကို။ မယာ၊ငါသည်။ ကတာ၊ပြုအပ်ကုန်၏။အ
ထ၊ထိုသို့ငါထောင်သော ကျော့ကွင်း၌။ ဧဝံ၊ဤသို့။ဇီဝိတက္ခ
ယေ၊ အသက်သေလိုသည်ရှိသော်။ ဂုဠှံ၊လျှို့ဝှက် အပ်သော
ကျော့ကွင်းသို့။ အာသဇ္ဇ၊ရောက်လာကုန်၍။ ဗဇ္ဈန္တိ၊ ဘွဲ့မိကြ
လေကုန်၏။ ။

ဤသို့ထိုသုရခနှင့်။ စကားပြောဟောသဖြင့် မှူးဆိုးကို စိတ်
နူးညံ့အောင်ပြု၍ ဘုရားလောင်း၏။ အသက်ကိုတောင်းလိုရ
ကား။ ။အပိနာယံတယာသဒ္ဓိံ၊အစရှိသော ဤဂါထာကိုဆို
၏။ ။အဓိပ္ပါယ်ကား။ ။

အဆွေမှုဆိုး။ဤရွှေဟင်္သာမင်းသည်။ သင်နှင့်။ပေါင်းဘော် ရသော်။ ချမ်းသာသော အကျိုးသည် ဖြစ်ပါလတ့်။ငါတို့အား လွှတ်ခွင့်ပြုပါလော့။ ငါတို့၏ အသက်ကိုပေးပါလော့ဟု ဆို၏။ ။

မှုဆိုးသည် ထိုသုမုခ သာယာစွာသောတရားစကားဖြင့် ဆိုသည်ဖြစ်၍သုမုခကိုလွှတ်လိုရကား။ ။နုစေဝမေတ္တံဗန္ဓော သိ။အစရှိသောဤဂါထာကိုဆို၏။ ။အဓိပ္ပါယ်ကား။ ။

အဆွေဟင်္သာ။ သင်သည်။ငါ၏ ကျော့ကွင်းနှောင့်ဖွဲ့မိသည် မဟုတ်ပေ။သင့်အားသတ်ခြင်းကိုလည်းငါအလိုမရှိ။ဤအရပ် မှလျင်စွာ အလိုရှိရာသို့ ပျံသွား၍သင်သည် ဆင်းရဲမရှိသည် ဖြစ်၍။ မြင့်ရှည်စွာအသက်ရှည် လေ လော့ဟု ဆိုလျက် ခွင့် ပြု၏။ ။

ထိုနောင်မှသုမုခသည် မိမိအားလွှတ်သည်ကို အလိုမရှိ။ ဘုရားလောင်းကိုသာလျှင်လွှတ်စိမ့်သော၄ါ သာယာစွာသော စကားဖြင့်။ အကြောင်းနှင့် တကွ တောင်းပန် ပြောကြားပြန် လိုရကား။ ။နေဝါဟမေတံဇဟိဿာမိ၊ အစရှိသော လေးဂါ ထာတို့ကိုဆို၏။ ။အဓိပ္ပါယ်ကား။ ။

အဆွေမှုဆိုးငါသည်။ ထိုရွှေဟင်္သာမင်း၏။ အသက်ရှင် ခြင်းကိုထား၍။ ဤငါ၏အသက်ရှင်ခြင်းကို။အလိုမရှိသည်သာ တည်း။ အကယ်၍သင်သည်ဟင်္သာတချဖြင့်၊ရောင့်ရဲနိုင်သည် ဖြစ်ပါအံ့။ထိုရွှေဟင်္သာမင်းကို။လွှတ်တော်မူပါလော့။ငါ့ကိုသာ လျှင် စားတော်မူလော့။ ။ဘခင်မှုဆိုး။ လုံးရပ်သဏ္ဌာန်အား ဖြင့်၎င်း၊ အရွယ်အားဖြင့်၎င်း။ နှစ်ယောက်ကုန်သော ငါတို့ သည်။တူသည်ဖြစ်ကုန်၏။ သင်ဘခင်မှုဆိုးသည်။ဟင်္သာမင်း ၏။အသက်ကို။ပေးခြင်း၄ါအလိုမရှိပါအံ့။သင်သည်ထိုဟင်္သာ မင်းနှင့်။ငါ့ကိုဖလှယ်ပါလော့။ ။အဆွေမှုဆိုး။သင့်ကိုတိုက် တွန်းပါ၏။ အကျွန်ုပ်တို့ကို။ အမျှရှုပါလော့။ အကျွန်ုပ် တို့ကို။ သင်သည်။ ဘယ်မက်မောခြင်းရှိပါအံ့။ အကျွန်ုပ်ကိုရှေးဦးစွာ။

ကျော့ကွင်းဖြင့်ဘွဲ့ပါလော့။ ရွှေဟင်္သာမင်းကို။ နောက်မှလွှတ်တော်မူပါလော့။ ။အဆွေမှုဆိုး။ အကြင်ငါ၏ တောင်းပန်ခြင်းသည်လည်းရှိ၏။ ထိုသို့တောင်းပန်ခြင်းကို။ ခွင့်ပြုအပ်သည်ဖြစ်၏၊ ဓတရဋ္ဌ ရွှေဟင်္သာမင်းတို့နှင့်။ အဆွေ ခင်ပွန်းသည်လည်း။ ဖြစ်ရာ၏။ အကြင်မျှလောက်။ သင်သည်။ အသက်ရှည်ခြင်း၌။ ဖြစ်ရာ၏။ ထိုမျှလောက်။ သင်၏အသက်ကို။ ရပါစေလော့ ရှည်ပါစေလောဟုဆို၏။ ။

ဤသို့ဆိုလျှင်ထိုမုဆိုးသည်စစ်သူကြီးသုမုခတရားစကားဖြင့်ဆိဋ္ဌချအပ်သော ဝါဝွမ်းစိုင်ကဲ့သို့နူးညံ့သော စိတ်ရှိသည်ဖြစ်၍ ဘုရားလောင်း ရွှေဟင်္သာမင်းကို။ ထိုစစ်သူကြီးသုမုခအားမြတ်သော ပေးခြင်းကိုပြု၍ ပေးလိုရကား။ ။ပဿန္တု နောမဟာ သံဃာ၊ အစရှိသော သုံးဂါထာတို့ကိုဆို၏။ ။ အဓိပ္ပါယ်ကား။ ။

အဆွေဟင်္သာမင်း။ သင်သည် လွှတ်စေလိုသည်ဖြစ်၍ ငါ လွှတ်ပါ၏။ ဤလွှတ်လေသော ဟင်္သာမင်းကိုအဆွေခင်ပွန်းတို့သည်ငင်း။ အမတ်တို့သည်ငင်း။ ကျွန်တို့သည်ငင်း။ သားမယားတို့သည်ငင်း။ အဆွေခင်ပွန်းမည်ကာမျှဖြစ်သော သူတို့သည်ငင်း။ များစွာသော ဟင်္သာအပေါင်းတို့သည်။ ဖူးမြင် စေကုန်လော့။ ။အဆွေဟင်္သာမင်းသင်သည် ဓတရဋ္ဌရွှေဟင်္သာမင်း၏။ အသက်နှင့်ဆက်ဆံသော။ အဆွေခင်ပွန်း ဖြစ်သကဲ့သို့။ ထိုအတူ ဤလောကရှိ များစွာကုန်သော ထိုသူတို့၌။ သင်နှင့်တူသော၊ အဆွေပွန်းတို့သည်မရှိကုန်သလျှင်ကတည်း။ ။ ငါသည်သင်၏ အဆွေခင်ပွန်းဖြစ်သော ဟင်္သာမင်းကို လွှတ်အံ့။ ရွှေဟင်္သာမင်းသည်။ သင်၏ အလိုသို့လိုက်သည် ဖြစ်စေလော့။ ဤအရပ်မှအလိုရှိရာသို့လျှင်စွာသွား၍။ သင်ဟင်္သာမင်းနှစ်ပါးတို့သည်။ ဆွေမျိုးတို့၏အလယ်၌။ တင့်တယ်စွာနေကြလေကုန်လော့။ ။ဟုဆို၏။

ဤသို့သောစကားကိုဆို၍ မုဆိုးသားသည် မေတ္တာစိတ်ဖြင့် ဘုရားလောင်းသို့ကပ်ပြီးလျှင်ကျော့ကွင်းကိုဖြတ်၍ ပိုက်ဘက်သဖြင့်အိုင်မှထုတ်ဆောင်၍၊ အိုင်နား၌နုပျိုသော နေဇာမြက်အပြင်ဝယ်နေစေ၍၊ ဘုရားလောင်းခြေဝယ်မိသော ကျော့ကွင်းကိုနူးညံ့သောစိတ်ဖြင့်အသာအသာဖြေ၍၊ အဝေးသို့ပစ်လိုက်ပြီးလျှင်၊ ဘုရားလောင်း၌ အားကြီးစွာသောချစ်ခြင်းကိုဖြစ်စေ၍၊ မေတ္တာစိတ်ဖြင့် ရေကိုဆောင်ယူ၍ သွေးကိုဆေးသဖြင့်အဘန်တလဲလဲဆုပ်နယ်၏။ ထိုမုဆိုးသား၏ မေတ္တာစိတ်အာနုဘော်ဖြင့်ဘုရားလောင်းခြေ၌ အကြောသည်အကြောချင်း၊ အသားသည် အသားချင်း၊ အရေသည် အရေချင်းဆက်မိကြ၏။ ထိုခဏ၌လျှင် ဘုရားလောင်းခြေသည် အသားနုတက်သည်၊ ကောင်းသောအရေရှိသည်၊ ကောင်းစွာ ပေါက်ရောက်သော အမွေးရှိသည်ဖြစ်၏။ ကျော့ကွင်းမမိသော ခြေနှင့် အထူးမရှိသည့်သာလျှင်တည်း။ ဘုရားလောင်းသည်ချမ်းသာသည်ဖြစ်၍ပြကတေ့အားဖြင့်လျှင်နေတော်မူ၏။ ထိုသို့နေသောအခါစစ်သူကြီးသုမုခသည်မိမိကိုယ်ကိုမှီ၍ ဘုရားလောင်းရွှေဟံသာမင်းချမ်းသာသော အဖြစ်ကိုမြင်ရလျှင်။ ကောင်းစွာဖြစ်သော ဝမ်းမြောက်ခြင်းရှိရကား။ မုဆိုးအားချီးမွမ်းခြင်းကိုပြု၏။ ။

ဧဝံလုဒ္ဒကနန္ဒဿု၊ သဟာသဗ္ဗေဟိဉာတိဘိ။ ယထာဟမဇ္ဇ နန္ဒာမိ၊ မုတ္တံဒိသွာဒိဇာဓိပံ။ ။ဟူသောဂါထာကိုဆို၏။ ။
အနက်ကား။ ။

လုဒ္ဒက၊ အဆွေမုဆိုး။ အဇ္ဇ၊ ဤအခါ၌။ အဟံ၊ ငါသည်။ မုတ္တံ၊ ကျော့ကွင်းမှလွတ်သော။ ဒိဇာဓိပံ၊ ရွှေဟံသာမင်းကို။ ဒိသွာ၊ မြင်ရ၍။ နန္ဒာမိယထာ၊ နှစ်သက်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ တွံ၊ သင်အဆွေမုဆိုးသည်။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ ဆွေမျိုးတို့နှင့်။ သဟ၊ တကွ။ နန္ဒဿု၊ နှစ်သက်ပါစေသတည်း ဟူ၍ဆိုလေ၏။ ။

ဤသို့ချီးမွမ်းခြင်းကိုပြုပြီး၍ စစ်သူကြီးသုမုခသည် မိမိအရှင်ရွှေဟင်္သာမင်းအား ဤသို့ကြားလျှောက်၏။ မြတ်သောမင်းကြီး၊ဤမုဆိုးသည်အကျွန်ုပ်တို့အားကျေးဇူးပြုပေး၏။ထိုစကားသည်မှန်၏။ ဤမုဆိုးသည်အကျွန်ုပ်တို့စကားကိုမလိုက်နာမူ၍ဟင်္သာဖြစ်ကုန်သော။အကျွန်ုပ်တို့ကိုပင်ပန်းစေလျက်။သူ၏အရှင်မင်းတို့အားဆက်သည့်ရှိသော်။ များစွာသောဥစ္စာကိုရပေရာ၏။သတ်၍အသားကိုရောင်းသည့်ရှိသော်အတိုးကိုလည်းရပေရာ၏။စင်စစ်သဖြင့်ကားမိမိအသက်မွေးမှုကိုမကြည့်မူ၍အကျွန်ုပ်တို့ စကားကိုနာယူပေ၏။ ဤမုဆိုးကိုမင်း၏ အထံသို့ဆောင်ယူ၍ ချမ်းသာစွာအသက်မွေးရအောင်ပြုကြကုန်အံ့ဟုကြားလျှောက်၏။ ဘုရားလောင်းသည်ဝန်ခံတော်မူ၏။ သုမုခသည် မိမိတို့ ဘာသာဖြင့် ဘုရားလောင်းနှင့် တိုင်ပင် ပြောဆိုပြီး၍ တဖန်လူ့ဘာသာဖြင့်မုဆိုးကိုခေါ်၍။ အဆွေမုဆိုး၊သင်သည်အဘယ်အကျိုးငှါကျော့ကွင်းကိုထောင်သနည်းဟုမေး၍ ဥစ္စာအကျိုးငှါထောင်၏ ဟုပြောဆိုလတ်သော်။ ဤသို့ဥစ္စာအလို့ငှါထောင်သည် ရှိသော်ငါတို့ကိုဆောင်ယူ၍ မြို့သို့ဝင်ပြီးလျှင်မင်းအားပြလော့။သင့်အားများစွာသောဥစ္စာကိုပေးစေအံ့ဟုဆို၍ မုဆိုးအားထိုအကြောင်းကိုကြားလိုရကား။ ။
ဧဟိတံအနုသိက္ခာမိ၊ အစရှိသောလေးဂါထာတို့ကိုဆို၏။ ။
အဓိပ္ပါယ်ကား။

အဆွေမုဆိုးလာလှည့်။ အကြင်အခြင်းဖြင့် ငါဆုံးမသည့်ရှိသော်။ သင်သည်စင်စစ်လာဘ်ကို ရလတ့ံ။ ထိုအခြင်းဖြင့်။ သင့်ကိုငါဆုံးမအံ့။ ဤဓတရဋ္ဌရွှေဟင်္သာမင်းသည်၊သင့်အား။ အနည်းငယ်သော။ ယုတ်မာခြင်းကိုမပြုချေ။ ။အဆွေမုဆိုး လျင်စွာမင်း၏နန်းတော်သို့။သွား၍။မဘွဲ့မချည်အပ်ကုန်သော။ ပကတိဖြစ်၍ဖြစ်ကုန်သော။ထမ်းပိုး၍။ အစွန်းနှစ်ဘက်မှ တည်ကုန်သော။နှစ်ပါးကုန်သော။ငါတို့ကို။မင်းအား။ပြပါလော့။ ။
မြတ်သော မင်းကြီး၊ဤရွှေဟင်္သာတို့သည်။ဓတရဋ္ဌမျိုးဖြစ်ကုန်

သော။ဟသ်ာမင်းတို့တည်း။ ဤရွှေဟသ်ာသည် ဟသ်ာတို့၏။ မင်းတည်း။ ဤရွှေဟသ်ာမင်းမှတပါးအခေါ် ဖြစ်သော။ ဤရွှေဟသ်ာသည်။စစ်သူကြီးတည်း၊ဤသို့ဆို၍။ ပြလေလော့။ ။အခွေမှုဆိုး။ သင်းတို့အရှင်မင်းသည်။ ဤငါတို့အရှင်ရွှေဟသ်ာမင်းကိုမြင်ရသည့်ရှိသော်။ ယုံမှားမဲ့။နှစ်သက်သည်ဖြစ်၍။ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍။ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍။သင့်အား။များစွာသော။ဥစ္စာကိုပေးလတ့်ံဟုဆို၏။ ။

ငါတို့ကိုဆောင်ယူ၍ မင်းအားပြလော့ဟု သုမုခဆိုသည်ကား။ဘုရားလောင်းရွှေဟသ်ာမင်း၏ပညာအစွမ်းကိုပြခြင်းငှါ ၎င်း၊ မိမိအခွေခင်ပွန်းသဘောရင်းကိုထင်ရှားပြခြင်းငှါ၎င်း၊ မှုဆိုးအား ဥစ္စာရခြင်းငှါ၎င်း၊ သာဂလမင်းအား သီလတို့၌ တည်စိမ့်သောငှါ၎င်း ဤလေးပါးသောအကြောင်းတို့ကြောင့် သို့ဆို၏။ ။

ဤသို့စစ်သူကြီးသုမုခဆိုလတ်သော်မှုဆိုးသည်။ အရှင်တို့သည့်မင်းအားပြခြင်းကို နှစ်သက်တော်မမူကုန်လင့်။ မင်းတို့မည်သည်ကား တုန့်လှုပ်သော စိတ်ရှိကုန်၏။ အရှင်တို့ကို ပင်ပန်းစေသည် ကိုမူလည်းပြုကုန်ရာ၏။ သတ်မူလည်း သတ်ကုန်ရာ၏ဟု ဆိုလသော်။ အခွေမှုဆိုး၊ သင်မကြောက်လင့် ငါသည် သင်ကဲ့သို့ခက်ထန်ကြမ်းထမ်းသော၊ သတ္တဝါတို့၏ သွေးကိုသောက်တတ်သော မှုဆိုးကိုစင်လျက် တရားစကားဖြင့်နူးညံ့သည်ကိုပြု၍။ ငါ၏ခြေတို့၌ဝပ်စေနိုင်သေး၏။မင်းတို့မည်သည်ကားဘုန်းကံနှင့်ပြည့်စုံကုန်၏။ပညာလည်းကြီးကုန်၏။ကောင်းသောစကားမကောင်းသောစကားကိုသိတတ်ကုန်၏။လျင်စွာငါတို့ကိုမင်းအားပြလော့ဟုဆိုသည့်ရှိသော်။ထိုသို့တပြီးကားအကျွန်ုပ်အားအပျက်မထွက်ပါကုန်လင့်၊ အကျွန်ုပ်သည်မချုတ်လျှင်အရှင်တို့အလိုအားဖြင့် ဆောင်ယူပါအံ့ဟုဆို၍ ရွှေဟသ်ာနှစ်ခုတို့ကိုလည်း၊ ထမ်းပိုးသို့တင်၍ မင်းအိမ်သို့

သွား၍မင်းအားပြသဖြင့်မင်းသည်မေးအပ်သည့်ရှိသော်ဟုတ်မှန်တိုင်းတင်လျှောက်၏။ ။

အရှင်မင်းမြတ်။ဤရွှေဟင်္သာတို့သည်။ဓတရဋ္ဌမျိုးဖြစ်ကုန်သောဟင်္သာမင်းတို့တည်း။ ဤရွှေဟင်္သာသည် ဟင်္သာတို့၏မင်းတည်း။ ဟင်္သာမင်းမှ တပါးသော။ ဤရွှေဟင်္သာသည်ကား။ စစ်သူကြီးတည်း။ဟူ၍တင်လျှောက်၏။ ။သင်မုဆိုးအသို့မူ၍လျှင်။ဤရွှေဟင်္သာတို့သည်။ သင်၏။လက်သို့ရောက်ကုန်သနည်း၊ အသို့လျှင်။သင်မုဆိုးသည်။ များစွာကုန်သောဟင်္သာအပေါင်းတို့၏။ အရှင်ဖြစ်သောဟင်္သာမင်းတို့ကိုရပေသနည်း။ ။လူတို့ကိုအစိုးရတော်မူသော။အရှင်မင်းမြတ်။အကြင်ငှက်အပေါင်းတို့၏ ရပေးရာရေအိုင်သည်ရှိပါ၏။ငှက်တို့၏အသက်သေခြင်းကိုပြုတတ်သော ကျော့ကွင်းကို။ အကျွန်ုပ်ကြံမိ၏။ ထိုထိုသို့သောညွန့်ပျောင်းတို့၌။ အကျွန်ုပ်ထောင်အပ်ကုန်သောကျော့ကွင်းတို့သည်။ရှိကုန်၏။ ။ထိုသို့သော။ကျော့ကွင်းသို့ရောက်၍၊ ဤရွှေဟင်္သာမင်းကိုမိ၏။ ထိုကျော့ကွင်းမိသောရွှေဟင်္သာမင်းကို။ ကျော့ကွင်းမမိသော ဤစစ်သူကြီးသည်ကပ်လျက် နေ၍၊ ဤရွှေဟင်္သာ စစ်သူကြီးသည်။ အကျွန်ုပ်ကို။ တောင်းပန်စကားဆို၏။ ။အရှင်မင်းမြတ်အရှင့်အကျိုးတော်၌။လုံ့လပြုလျက်။ ကျင့်ဝတ်တရားနှင့်ယှဉ်သော။ဟင်္သာစစ်သူကြီးသည်ကား၊ သူယုတ်တို့သည်။အလွန်ပြုနိုင်ခဲသော။ မြတ်သောမိမိအလိုကို ပြပေတတ်၏။ ။မင်းမြတ်အသက်ရှင်ခြင်းငှါထိုက်သော။ဤရွှေဟင်္သာစစ်သူကြီးသည်။မိမိ၏အသက်ကိုစွန့်၍။ အရှင်ကျေးဇူးကိုချီးမွမ်းလျက်၊ မိမိအရှင်ဟင်္သာမင်းအထံ၌နေလာ၍၊ မိမိအရှင်၏။အသက်ကို။ တောင်းပန်၏။ ။အရှင်မင်းမြတ်။ ထိုရွှေဟင်္သာစစ်သူကြီး၏။ စကားကိုကြား၍။ အကျွန်ုပ်သည်နှစ်သက်ကြည်ညိုခြင်းကိုရ၏။ထိုသို့နှစ်သက်ကြည်ညိုသောကြောင့်။ထိုရွှေဟင်္သာမင်းကို။ကျော့

ကွင်းမှလွတ်၏။ချမ်းသာခြင်းကိုလည်း။အကျွန်ုပ်ခွင့်ပြုပါ၏။ ။အရှင်မင်းမြတ်။ ဓိဓိအရှင်ရွှေဟင်္သာမင်းသည်။ ကျော့ကွင်းမှလွတ်သည်ရှိသော်။ အရှင်းကိုရှိသေတတ်သော။ထိုရွှေဟင်္သာစစ်သူကြီးသည်။ နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍။ နားခြင်းချမ်းသာသောစကားကို။ပြောဟောလျက်။ဤသို့ဆို၏။ ။အဆွေမုဆိုး။ဤအခါ၌။ ငါသည်ကျော့ကွင်းမှလွတ်သော။ရွှေဟင်္သာမင်းကိုမြင်ရ၍။ နှစ်သက်သကဲ့သို့။ဤအတူသင်သည်။ အလုံးစုံကုန်သော ဆွေမျိုးတို့နှင့်။ တကွနှစ်သက်ပါလေလော့။ ။အဆွေမုဆိုးလာလှည့်။ သင့်ကိုငါဆုံးမအံ့။ အကြောင်းအခြင်းဖြင့်ဆုံးမသည်ရှိသော်။သင်သည်စင်စစ်လာဘ်ကို။ရလတ္တံ့။ထိုအခြင်းဖြင့် ငါဆုံးမအံ့၊ ဤဓတရဋ္ဌရွှေဟင်္သာမင်းသည်။ တစုံတခုသော။ သင်၏မကောင်းခြင်းကိုမရှုချေ။ ။အဆွေမုဆိုး။ လျင်စွာမင်း၏ နန်းတော်သို့သွား၍၊ မဘွဲ့မချည်အပ်ကုန်သော။ပကတိသဘော၌ဘည်သည်ဖြစ်၍ဖြစ်ကုန်သော။ ထမ်းပိုး၌ အစွန်းနှစ်ဘက်မှတည့်ကုန်သော၊ နှစ်ပါးကုန်သောငါတို့ကိုမင်းအားသင်ပြပါလေ့။ ။အရှင်မင်းမြတ်။ ဤရွှေဟင်္သာ တို့သည်။ဓတရဋ္ဌမျိုးဖြစ်ကုန်သော။ ဟင်္သာမင်းတို့တည်း။ ဤရွှေဟင်္သာသည်။ကုံးသောင်း ခြောက်ထောင်ကုန်သောဟင်္သာတို့၏ မင်းတည်း။ဟင်္သာမင်းမှတပါးသော၊ဤရွှေဟင်္သာသည်စစ်သူကြီးတည်း။ ဤသို့ဆို၍၊ မင်းအားသင်ပြလေသော့၊ ။လူတို့အရှင်ဖြစ်သော၊မင်းသည်၊ဤရွှေဟင်္သာမင်းကို။မြင်ရသည်ရှိသော်။ နှစ်သက်သည်ဖြစ်၍၊ ဝမ်းမြောက်သည်ဖြစ်၍။ ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍။ ယုံမှားမဲ့။သင့်အား။ များစွာသောဥစ္စာကိုပေးလတ္တံ့။ ။အရှင်မင်းမြတ်။ဤသို့ဆိုသော။ ထိုစစ်သူကြီးသုခ၏။စကားကြောင့်။အကျွန်ုပ်သည်။ ဤရွှေဟင်္သာနှစ်ခုတို့ကိုဆောင်အပ်၏။ဤမနုဿိယအိုင်၌ပင်လျှင်။အကျွန်ုပ်သည်အကယ်၍လျှင်။ ဤရွှေဟင်္သာနှစ်ခုတို့ကိုခွင့်ပြုအပ်ကုန်သည်ဖြစ်ကုန်၏။ အရှင်မင်းမြတ်။ဤသို့ရောက်လာသော။အတောင်ရှိသော။ထိုရွှေ

ဟာသ်ာစစ်သူကြီးသည်။ အလွန်မြတ်သော တရားကို စောင့်သည်မှန်၏။ ထိုဝေဿဟာသ်ာစစ်သူကြီးသည်။ အကျွန်ုပ်ကဲ့သို့သောမှုဆိုးအားနှုးညွှံသည်၏၊အဖြစ်ကို။ ဖြစ်စေနိုင်၏။ ။လူတို့အရှင် ဖြစ်တော်မူသော။ အရှင်မင်းမြတ်။ အရှင်မင်းမြတ်အား။ ဤဝေဿဟာသ်ာမင်းနှစ်ပါးနှင့်တူသော ဝေဿဟာသ်ာမင်းနှစ်ပါးမှတပါးသော။ပညာလက်ဆောင်ကိုလည်းမမြင်ဘူးပါ။အလုံးစုံးသော၄က်မှုဆိုးတို့ရှာ၍လည်း။ဝေဿဟာသ်ာမင်းနှစ်ပါးမှတပါးသော ပညာလက်ဆောင်ကိုအကျွန်ုပ်မမြင်ဘူးပါ။ အရှင်မင်းမြတ်သည်၊ရှုတော်မူပါလော့ဟုတင်လျှောက်၏။ ။

ဤသို့ထိုမှုဆိုးသည် ရပ်လျှက်သာလျှင်စစ်သူကြီးသုမခ၏ ဂုဏ်ကျေးဇူးကို မင်းအားတင်လျှောက်၏။ ထိုနောင်မှ မင်းသည်ဝေဿဟာသ်ာမင်းအားမြတ်သော သူတို့အားသာလျှင်ထိုက်သောနေရာကို။စစ်သူကြီးသုမခအားဝေဿအင်းပုဉ်ကိုပေးစေပြီးလျှင်၊ ထိုနေရာ၌နေကုန်သောဝေဿဟာသ်ာမင်းနှစ်ပါးတို့ကို ဝေဿခက်တို့ဖြင့်ပေါက်ပေါက်တင်လဲအစရှိသည်တို့ကိုတည်ကျွေး၏ စားသောက်ခြင်း ကိစ္စပြီးလတ်သော် လက်အုပ်ချီ၍ ဘုရားလောင်းဝေဿဟာသ်ာမင်းကိုတရားဟောစိမ့်သော၄ါ တောင်းပန်၍။ ဝေဿနေရာ၌နေတော်မူ၏။ ထိုမင်းတောင်းပန်အပ်သည်ဖြစ်၍ ဘုရားလောင်း ဝေဿဟာသ်ာ မင်းသည် ရှေးဦးစွာ အစေ့ အစပ်စကားပြောဟောခြင်းကိုပြုတော်မူ၏။ ။

လူတကာတို့ထက် မြတ်တော်မူသော။ ဝေဿနန်းရှင်။ အရှင်မင်းကြီးအား။အနာကင်းပါ၏လော။ အရှင်မင်းအား ဆင်းရဲကင်းပါ၏လော။ဤမဟိ`သကတိုင်းပြည် တော်သည်။ဝပြောသာယာပါ၏လော။အရှင်မင်းကြီးသည်။တရားနှင့်အညီ။ဆုံးမတော်မူပါ၏လောဟုမေး၏။ ။ဝေဿဟာသ်ာမင်းငါ့အား။အနာလည်းကင်းပေ၏။ဝေဿဟာသ်ာမင်း။ ဆင်းရဲလည်းကင်းပေ၏။ဤ

ငါတို့မဟိံသကတိုင်းသည်။ ဝပြောသာယာပေ၏။ ငါသည်။ တရားနှင့်အညီ။ဆုံးမပါ၏။ ။သတ္တဝါတို့၏ကိုးကွယ်ရာဖြစ်တော်မူသော။ ဧရမြေ့ရှင်။ အရှင်မင်းကြီးအား။ မှူးတော်မတ်တော်တို့၌။ တစုံတခုသော။အပြစ်သည်။ မရှိကောင်းပါ၏လော။ မှူးမတ်တို့သည်။အရှင်မင်းကြီး၏။အကျိုးစီးပွါးတော်တို့၌။အသက်ကို၊ မငဲ့ကွက် ရဲရွှမ်းကြပါကုန်၏လော။ ။(မှူးမတ်တို့သည် အသက်ကိုစွန့်၍ အရှင်မင်းကြီး အမှုတော်ကို ထမ်းပါကုန်၏လောဟုလိုသည်)။ ။ဗွေဟာသ်ာမင်း၊ ငါ့အား။မှူးတော်မတ်တော်တို့၌။ တစုံတခုသော။ အပြစ်သည်။မရှိပေ၊ ငါ၏။ မှူးမတ်တို့သည် ငါ၏အကျိုး စီးပွါးအမှုကိစ္စတို့၌။ မိမိတို့ အသက်ကို။မငဲ့ကွက်ကြပေကုန်။ ။(မိမိတို့အသက်ကိုစွန့်၍ငါ၏အမှုတော်ကိုထမ်းရွက်ကြပေ၏ဟုလိုသည်)။ ။ပြည်ကြီးဝန်ကိုရွက်ဆောင်တော်မူတတ်သော။ဧရမြေ့ရှင်။ရှင်မင်းကြီး၏။ဇာတ်အမျိုးအနွယ်တူကုန်သောမိဘုရားတို့သည်။ လင်ဖြစ်သော အရှင်မင်းကြီးစကားတော်ကို နားထောင်ပါ ကုန်၏လော။ချစ်ဘွယ်သောစကားကိုပြောဆိုပါကုန်၏လော။ သားသွီးအရောင်အဆင်းအခြံအရံနှင့်ပြည့်စုံကြပါကုန်၏လော။ အရှင်မင်းကြီး၏။ အလိုဆန္ဒသို့လိုက်ကြပါကုန်၏လောဟူ၍ မေး၏။ ။ဗွေသသ်ာမင်း ။ငါ၏။ ဇာတ်အမျိုးအနွယ် တူကုန်သော။ မိဘုရားတို့သည်၊ လင်ဖြစ်သော ငါ၏စကားကို နားထောင်ကြပေကုန်၏။ချစ်ဘွယ်သောစကားကိုလည်း ပြောဆိုကြပေကုန်၏။သားသွီးအရောင်အဆင်းအခြံအရံနှင့်လည်းပြည့်စုံကြပေကုန်၏၊ ငါ၏။ အလိုဆန္ဒသို့လည်း လိုက်ကြ ပေကုန်၏။ ။ဟုဆို၏။ ။

ဤသို့ဘုရားလောင်းဗွေဟာသ်ာမင်းသည်စကားပြောဟောခြင်းကို ပြုတော်မူသည်ရှိသော်။ တဘန် သာဂလ မင်းသည် ထိုဘုရားလောင်း ဗွေဟာသ်ာမင်းနှင့် စကားပြောဟောခြင်း

ကိုပြုလိုရကား။ ။ဘာဝနာ့ကစ္စိနှမဟာ၊အစရှိသောချနစ်ဂါထာတို့ကိုဆို၏။ ။အဓိပ္ပါယ်ကား။ ။

ငှက်တို့၏ အရှင် ဖြစ်သော။ ဧရှဟာသ်ာ မင်း။ အသို့ပါနည်း။ဧရှဟာသ်ာမင်းသည်။ ကြီးစွာသောရန်သူ၏ လက်သို့။ရောက်သည်မဟုတ်လော။ထိုဘေးရန်ကြောင့်။ရှေးဦးစွာ။ကြီးစွာသော၊ဆင်းရဲသို့ရောက်ရသည်မဟုတ်လော။ ။ဧရှဟာသ်ာမင်း။အသို့နည်း။ယနာ့ရေးထောင်တတ်သောမုဆိုးသည်။ပြေးလာတည့်၍။ ငှက်ခတ်တုတ်ကန်ဖြင့် ပုတ်ခတ်သလော။ထိုသို့မိသောခဏ၌လျှင်။ဤသို့ပုတ်ခတ်ခြင်းသည်။ယုတ်မာကုန်သောထိုငှက်ခတ်မုဆိုးတို့၏။ သဘောအလေ့ဖြစ်၏။ ။ရေမြေ့ရှင်ဖြစ်တော်မူသော။မင်းမျှားနတ်။ ဤသို့မိနှံတော်မူတိုင်း။ ဘေးရန်ရှိသေ်လည်း။ ပုတ်ခတ်ခြင်း ဘေးမရှိ။ ရန်သူ ဖြစ်သောမုဆိုးအလိုသို့ကား။ ရောက်ရ၏။ ဤသို့ရောက်ရသေ်လည်း။ဤမုဆိုးသည်။အကျွန်ုပ်တို့၌။ တစုံတခုသောဆင်းရဲကိုမျှ။မပြုပေသည်သာတည်း။ ။မင်းမြတ်။ မုဆိုးသည်။ စုံစမ်း၍ကပ်လာ၏။ရှေးဦးစွာကလျှင်။ နူးညံ့သောစကားကိုဆိုပေ၏။ ထိုသို့နူးညံ့သောစကားကိုဆိုသောအခါ၌ ပညာရှိသော။ ဤစစ်သူကြီးသုမုခသည်လျှင်။စကားတုံ့ပြောဆို၏။ ။မင်းမြတ်။ထိုအခါ၌။ထိုစစ်သူကြီးသုမုခ၏ စကားကိုကြား၍။ဤမုဆိုးသည်နှစ်သက်ကြည်ညိုခြင်းသို့ ရောက်ပေ၏။ ထိုသို့နှစ်သက်ကြည်ညိုခြင်းသို့ရောက်သောကြောင့်။ အကျွန်ုပ်ကို။ ကျော့ကွင်းမှလွှတ်ပေ၏။ချမ်းသာခွင့်ကိုလည်း။ပေးပေ၏။ ။မင်းမြတ် ဤမုဆိုးအား၊ ဥစ္စာကို ရစေခြင်းငှါ အလိုရှိသည်ဖြစ်၍။ သုမုခသည်ပင်လျှင်။ ဤအကြံကိုထိုမုဆိုးအားဥစ္စာအလို့ငှါ ကြံအပ်၏။ဤသို့ကြံ၍။အရှင်မင်ကြီး၏။အထံတော်သို့လာပါကုန်၏။ ။ဧရှဟာသ်ာမင်း။ သင်ဧရှဟာသ်ာမင်း၏ လာခြင်းသည်။ကောင်းသောလာခြင်းသည်လည်း ဖြစ်စေသတည်း။ ဧရှဟာသ်ာမင်အား။ ဖူးမြင်ရခြင်းကြောင့်။ ငါသည်။ဝမ်းမြောက်ပါ၏။ဤမု

ဆိုးသည့်လည်း။ အကြင်မျှလောက်သောဥစ္စာကို။ အလိုရှိ၏။ ထိုမျှလောက်။များသောဥစ္စာကို။ရပါစေအံ့။ဟုဆို၏။ ။

ဤသို့သောစကားကို ပြောဆိုပြီးသျှင်သာဂလမင်းသည်အမတ်တယောက်ကိုကြည့်လျှင်အရှင်မင်းမြတ်အဘယ်ကိုပြုရအံ့နည်းဟုတင်လျှောက်လတ်သော်။ ဤမုဆိုးကိုဆံမုတ်ဆိတ်တို့ကိုပြုပြင်ပြီးသျှင်ရေချိုး၍။နံ့သာလိမ်းကျံ၍။ခပ်သိမ်းသောတန်းဆာတို့ဖြင့်တန်ဆာဆင်၍ ဆောင်ယူခဲ့လေ့ဟု မိန့်တော်မူ၏။ ထိုအမတ်သည် သာဂလမင်းမိန့်ဆိုတော်မူတိုင်းပြု၍ ဆောင်ယူခဲ့သော်။ထိုဥက်မုဆိုးအားတနှစ်တနှစ်၌အခွန်တသိန်းထွက်သောရွာကိုရင်း။ မိန်းမ နှစ်ယောက်တို့ကိုရင်း။ ကြီးစွာသောအိမ်ကိုရင်း။မြတ်သောရထားကိုရင်း။တပါးသောများစွာသောရွှေငွေတို့ကိုရင်း။ပေးစေတော်မူ၏။ ။

ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်။ ။သန္တပ္ပယိတွာနေသာဒံ၊ ဘောဂေဟိမနုဇာဓိပေါ။ အဇ္ဈဘာသထဝဂ္ဂုဂေါ၊ ဝါစံကဏ္ဏသုခံဘဏံ၊ ။ ဟူသောဤဂါထာကိုဟောတော်မူ၏။ ။

ဘိက္ခဝေ၊ရဟန်းတို့။တဒါ၊ထိုအခါ၌။ မနုဇာဓိပေါ၊လူတို့အရှင်ဖြစ်သော။ ရာဇာ၊ သာဂလမင်းမြတ်သည်။ဘောဂေဟိ၊စည်းစိမ်ချမ်းသာတို့ဖြင့်။ နေသာဒံ၊မုဆိုးကို။ သန္တပ္ပယိတွာ၊ရောင့်ရဲစေပြီး၍။ဟံသရာဇာနံ၊ရွှေဟင်္သာမင်းကို။ အဇ္ဈဘာသထ၊ ဤသို့ဆိုလေ၏။ ဝဂ္ဂုဂေါ၊ ရွှေဟင်္သာမင်းသည်လည်း။ ကဏ္ဏသုခံ၊ နားချမ်းသာသော။ ဝါစံ၊ စကားကို။ ဘဏံဘဏန္တော၊ ပြောဟောလျှင်။အဇ္ဈဘာသထ၊ဤသို့ဆိုလေ၏။ ။

ထိုအခါဘုရားလောင်း ရွှေဟင်္သာမင်းသည် သာဂလမင်းအား တရားဟောတော်မူ၏။ ထိုသာဂလမင်းသည် ဘုရားလောင်း၏ တရားစကားကိုကြားရလျှင် အလွန်နှစ်သက်သောစိတ်ရှိသည်ဖြစ်၍၊ တရားဟောပေတတ်သော ထိုရွှေဟင်္သာမင်းအားပူဇော်သက္ကာရကိုငါပြုအံ့ဟုကြံ၍ထီးဖြူကိုပေးသဖြင့်

မင်းအဖြစ်ကိုဆောက်နှင်းလိုရကား။ ။ယံခလုဓမ္မမာဓီနံ၊ဝ
သောဝတ္တတိကိဉ္စနံ။ သဗ္ဗတ္ထိဿရိယံဘဝံ၊ တံပသာသယဒိစ္ဆ
ထ။ ။ဒါနတ္ထံဥပဘောဂတ္ထံဝါ၊ယံစညံဥပကပ္ပတိ။ဝေါတံဒဒါမိ
ဝေါဝိတ္တံ၊ ဣဿရိယံဝိဿဇ္ဇာမိဝေါ။ ။ဟူသောနှစ်ဂါထာ
တို့ကိုဆို၏။ ။

ဟံသရာဇ၊ ရွှေဟသ်ာမင်း။ ခလုစင်စစ်။ ယံယတ္ထ၊ အကြင်အ
ရပ်၌။ ဓမ္မံ၊ ရာဇဓမ္မဆယ်ပါးသည်။ အာဓီနံ၊ တည့်၏။ ယသ္မိံပဒေ
သေ၊ အကြင်အရပ်၌။ မမ၊ ငါ၏။ ဝသော၊ အာဏာသည်။
ဝတ္တတိ၊ တည့်၏။ ကိဉ္စနံ၊ အကြွင်းမဲ့။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအ
ရပ်၌။ ဣဿရိယံ၊ အစိုးရသည်။ ဘဝတံ၊ ဖြစ်ပါစေသတည်း။
ယံ၊ အကြင်အမှုကို။ ဣစ္ဆထ၊ အလိုရှိတော်မူကုန်၏။ တံ၊ ထိုအလို
တော်ကို။ ပသာသ၊ ဆုံးမတော်မူပါလော့။ ။ဟံသရာဇ၊
ဟသ်ာမင်း။ ဒါနတ္ထံဝါ၊ အလှူအလို့ငှါရင်း။ ဥပဘောဂတ္ထံဝါ၊ သုံး
ဆောင်ခြင်းငှါရင်း။ အညံ၊ တပါးသော။ ယံဝိတ္တံ၊ အကြင်ဥစ္စာ
ကိုလျှင်။ တုမှာကံ၊ ရွှေဟသ်ာမင်းတို့အား။ ဥပကပ္ပတိရုစ္စတိ၊
နှစ်သက်တော်မူ၏။ တံဝိတ္တံ၊ ထိုဥစ္စာကို။ ဝေါ၊ သင်ရွှေဟသ်ာ
မင်းတို့အား။ ဒဒါမိ၊ ပေးပါ၏။ အဟံ၊ ငါသည်။ ဝေါ၊ သင်ရွှေ
ဟသ်ာမင်းတို့အား။ ဣဿရိယံ၊ အလုံးစုံသော စည်းစိမ်ကို။
ဝိဿဇ္ဇာမိ၊ စွန့်လွှတ်ပါ၏။ ။

ထိုအခါဘုရားလောင်း ရွှေဟသ်ာမင်းသည်။ သာဂလမင်း
ပေးတော်မူအပ်သော ထီးဖြူကိုထိုသာဂလမင်းအားသာလျှင်
တဖန်ပေးတော်မူပြန်၏။ သာဂလမင်းသည်လည်းကြံ၏။ ရှေး
ဦးစွာရွှေဟသ်ာမင်းတရားစကားကိုငါသည်ကြားနာရပေပြီ။
မုဆိုးသည်ကားဤစစ်သူကြီး သုမုခသည် သာယာစွာသော
တရားစကားရှိ၏ဟု အလွန်လျှင်ချီး မွမ်းပြောပ၏။ ဤစစ်သူ
ကြီးသုမုခတရားစကားကိုလည်း ငါနာအံ့ဟု ကြံ၍။ သာဂလ
မင်းသည် ထိုစစ်သူကြီး သုမုခနှင့် စကား ပြောဟော လိုရ

ကား။ "ယထာဝစမျာယံသုမခေါ၊ အစရှိသော အခြားမရှိသော ဤဂါထာကိုဆို၏။ ။အဓိပ္ပါယ်ကား။ ။

အကယ်၍သည်း။မိမိအလိုအားဖြင့်။ ဉာဏ်ပညာနှင့်ပြည့်စုံသောပညာရှိသော။ ဤစစ်သူကြီးသုမခသည်။ငါ့အား။အကြောင်းစကားကို။ပြောဆိုရာ၏။ထိုပြောဆိုသော စကားကိုငါသည်။ အလွန်နှစ်သက်သည်၊ဖြစ်၏။ ။ဟုတောင်းပန်၏။ ။

ထိုနောင်မှစစ်သူကြီးသုမခသည်ထိုမင်းအားပြောဆိုလိုရကား။ ။အယံခလုမဟာရာဇ၊အစရှိသော သုံးဂါထာတို့ကိုဆို၏။ ။အဓိပ္ပါယ်ကား။ ။

မြတ်သောမင်းကြီး။ ဤဖွဲ့ဟာသာမင်းရှေ့၌။ စင်စစ်ပခြုပ်တွင်းသို့ဝင်သော နဂါးမင်းကဲ့သို့။ စကားတုံ့ပြန်၍ ဆိုခြင်းငှါ။ ငါသည်မဝံ့ပါ။ဤသို့စကာတုံ့ပြောချေသည် ရှိသော်၊ ထိုဖွဲ့ဟာသာမင်းသည်။ငါ့အားဆုံးမသည်။ မမည်ရာ။ ။ပြည့်ကြီးဝန်ကိုရွက်ဆောင်မှုတတ်သော။ရေမြေ့ရှင်။ထိုဖွဲ့ဟာသာမင်းသည်။အကျွန်ုပ်တို့ထက်လည်း။ မြတ်တော်မူပေ၏။ လူတို့ကိုအစိုးရတော်မူသော။မြေ့ရှင်ဖြစ်တော်မူသော။အရှင်မင်းကြီးသည်လည်း။ မြတ်သော ပုဂ္ဂိုလ် ပေတည်း။ များစွာသောအကြောင့်တို့ဖြင့်။ ပူဇော်ထိုက်ပေကုန်၏။ ။လူတို့အရှင်ဖြစ်တော်မူသော။မင်းများနတ်။ ပြောဆိုတော်မူကြကုန်သော။ထိုမင်းနှစ်ပါးတို့၏။အဆုံးအဖြတ်ဖြစ်သည်ရှိသော်။မင်းနှစ်ပါးတို့၏အကြား၌။ အမှုကြီးငယ်ကိုရွက်ဆောင်ရသော သူသည်။ စကားတုံ့မဆိုဝံ့ရာဟုဆို၏။ ။

သာဂလမင်းသည် ထိုစစ်သူကြီးသုမခစကားကို ကြားရလျှင်အလွန်နှစ်သက်တော်မူ၏။ မှုဆိုးကိုလည်းချီးမွမ်းတော်မူ၏။စစ်သူကြီးသုမခမှတပါးသောသင်ကဲ့သို့သောသာယာစွာသောတရားစကားကို ဟောတတ်သော ပုဂ္ဂိုလ် မည်သည်မဖြစ်ပေါ်ရာဟုဆို၍ထိုသုမခစစ်သူကြီးအားချီးမွမ်းလိုရကား။ ။

မမွေ့နှ ကိရ နေသာဒေါ။ အစရှိသော သုံးဂါထာတို့ကို ဆို၏။ ။အဓိပ္ပါယ်ကား။ ။

အဆွေဟာသ်ာမင်း။ ဤဖွဲ့ဟသ်ာသည်။ပညာရှိပေ၏။ဟုမှုဆိုးသည့် ဟုတ်မှန်သော အကြောင်းဖြင့် ဆိုသည် မှန်၏။သူ့ကျေးဇူးကို မသိသောသူတို့အား။ ဤသုရခစစ်သူကြီးနှင့်တူသော။ပညာသည်။ မရှိရာသလျှင်ကာတည်း။ ။ဤသို့သောသဘောကြောင့်။သုရခသည်။ မြတ်သောပုဂ္ဂိုလ်ဖြစ်၏။ ဤသို့သောအပြားအားဖြင့်။ပုဂ္ဂိုလ်မြတ်ပေတည်း၊ ငါမြင်ရဘူးကုန်သော။ အကြင်မျှလောက်ကုန်သော သတ္တဝါတို့သည်။ ရှိကုန်၏။ထိုမျှလောက်ကုန်သောသတ္တဝါတို့တွင်။ဤစစ်သူကြီး သုရခနှင့်တူသော၊ တပါးသောသူကို။ မမြင်စဘူးချေ။ ။အဆွေဟာသ်ာမင်း။ သင်တို့၏၊ ပြကတေ့သဘောကြောင့်ရင်း။ သာယာစွာသေားတရားစကားကြောင့်ရင်း။ ငါသည်နှစ်သက်၏။ မြင့်ရှည်စွာသော ကာလ ပတ်လုံး၊ နှစ်ခုကုန်သော၊ သင်ဖွဲ့ဟာသ်ာမင်းတို့ကို။ငါသည်မြင်ချင်ပါ၏။ဤသို့ရှည်မြင့်စွာသော ကာလပတ်သုံးမြင်လိုခြင်းသည်။ ငါ၏အလိုဆန္ဒရင်းပေတည်း။ ဟုဆို၏။ ။

ထို့နောင်မှ ဘုရားလောင်းသည် သာဂလမင်းကိုချီးမွမ်းတော်မူလိုရကား။ ။ယံကိဉ္စိပရ မေဓိဝေ၊ အစရှိသောလေးဂါထာတို့ကိုဆို၏။ ။အဓိပ္ပါယ်ကား။ ။

ရန်သူတို့ကိုဆုံးမတော်မူတတ်သော။မင်းမျှားနတ်။အကြင်အမှုကို။မြတ်သောအဆွေခင်ပွန်း၌။ ပြုအပ်၏။ထိုမြတ်သောအဆွေခင်ပွန်း၌ ပြုအပ်သောအမှုကို။ သင်သည် ငါတို့အားပြုပေ၏။သင်မင်းကြီး။ငါတို့၌။ အကြင်အဆွေခင်ပွန်း၏ အဖြစ်ရှိ၏၊ထိုသို့သောအဆွေခင်ပွန်းအဖြစ်သည်။ အရှင်မင်းကြီးသို့သာရောက်ပေကုန်၏။ ။ရန်သူတို့ကိုဆုံးမတော်မူတတ်သော ရေမြေ့ရှင်။ စင်စစ်သော်ကား။ အလွန်မျှားသော ဆွေမျိုးအပေါင်းတို့၌။ဤအမည်ရှိသော ပျက်စီးခြင်းသည်ရှိ၏။ ငါတို့ကို

မမြင်ရသောကြောင့်။ များစွာကုန်သော။ ဟင်္သာတို့၌ဆင်းရဲခြင်းသည်။ ဖြစ်လေရာ၏။ ။ရန်သူတို့ကိုဆုံးမတော်မူတတ်သောမင်းမြတ်။ ထိုဆွေမျိုးဖြစ်ကုန်သော ရွှေဟင်္သာတို့၏။ စိုးရိမ်ခြင်းကိုပျောက်အံ့သောငှါ။သင်မင်းကြီးသည်။ ခွင့်ပြုသည်ရှိသော် ငါတို့သည်။အရှင်မင်းကြီးကို။လက်ျာရစ်လည်သောအားဖြင့်အရိုအသေပြု၍။ ဆွေမျိုးအပေါင်းကို။ မြင်ချင်ပါကုန်၏။ ။ရထားစီးချင်းမင်းတကာတို့ထက်မြတ်သော။ လူများသော်၌နှင်းပြည့်ရှင်မင်း။ စင်စစ်လျှင် သင်မင်းမြတ်ကို။ မြင်ရခြင်းကြောင့်။ များစွာသောနှစ်သက်ခြင်းကို ငါတို့ရပေ၏။ အကြင်ဆွေမျိုးတို့ကို ဆုံးမရန်ကိစ္စသည်။ ရှိသည်ဖြစ်ရာ၏။ ဤဆွေမျိုးတို့ကိုဆုံးမခြင်းသည်လည်း။အကျိုးစီးပွါးများပါ၏။ ။

ဤသို့ချီးမွမ်းပြောဆိုသည်ရှိသော် သာဂလမင်းသည်ထိုရွှေဟင်္သာတို့သွားထိုခြင်းကို ခွင့်ပြုတော်မူ၏။ဘုရားလောင်းသည်လည်းသာဂလမင်းအား ငါးပါးအပြားရှိသော ဒုဿီလအမှုနှအပြစ်ကိုရင်း၊သီလ၏အကျိုးအာနိသင်ကိုရင်း၊ ဟောတော်မူ၍။ ဤသီလကိုစောင့်ရှောက်တော်မူ၍ တရားနှင့်အညီ မင်းပြုတော်မူလော့။ လေးပါးသောသင်္ဂဟဝတ္ထုတို့ဖြင့်လူအပေါင်းကိုသင်္ဂြိုဟ်တော်မူလော့ဟု ဆုံးမတော်မူခဲ့ပြီးလျှင်။စိတ္တကုန်တောင်သို့သာလျှင်ကြွတော်မူလေ၏။ ။

ထိုအကြောင်းကိုထင်ရှားပြတော်မူထိုသော သဗ္ဗညုမြတ်စွာဘုရားသခင်သည်။ ။ဣဒံဝတွာဓတရဋ္ဌော၊ ဟံသရာဇာနရာဓိပံ။ဥတ္တမံဇဝမန္ဝာယ၊ဉာတိသံဃုပါဂမုံ။ ။တေအရောဂေအနုပ္ပတ္တေ၊ ဒိသွာနပရမေဒိဇေ။ ကေကာတိမကရုံဟံသာ၊ပုထုသဒ္ဒေါအဇာယထ။ ။တေပတီတာပမုတ္တေန၊ဘတ္တုနာဘတ္တုဂါရဝါ။သမန္တာပရိကိရိံသု၊အဏ္ဍဇာလဒ္ဓပစ္စယာ။ ။ဟူသောသုံးဂါထာတို့ကိုဟောတော်မူ၏။ ။

ဘိက္ခဝေ၊ရဟန်းတို့။ ဓတရဋ္ဌော၊ ဓတရဋ္ဌမျိုးဖြစ်သော။ဟံသရာဇာ၊ရွှေဟင်္သာမင်းသည်။နရာဓိပံ၊ လူတို့သခင် ဖြစ်သော

ပြည့်ရှင်မင်းကို။ ဇူနံ၊ ဤစကားကို၊ ဝတွာ၊ ဆို၍။ ဥတ္တမံ၊ မြတ်သော၊ ဇဝံ၊ လျင်မြန်ခြင်းကို။ အဿာယ၊ စွဲ၍။ ဧွဟံသရာဇာနော၊ ရွှေဟသ်ာမင်းနှစ်ပါးတို့သည်။ ဉာတိသံဃံ၊ ဆွေမျိုးအပေါင်းသို့။ ဥပါဂမုံ၊ ကပ်လေကုန်၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ပရမေ၊ မြတ်သော။ အရောဂေ၊ အနာကင်းသည်ဖြစ်၍။ အနုပ္ပတ္တေ၊ စိတ္တကုန်းတောင်သို့ ရောက်တော်မူကုန်သော၊ တေဒိဇေ၊ ထိုရွှေဟသ်ာမင်းနှစ်ပါးတို့ကို။ ဒိသွာန၊ မြင်ကုန်သောကြောင့်။ ဟံသာ၊ ဆွေမျိုးဖြစ်သော ကိုးသောင်းခြောက်ထောင် ကုန်သောဟသ်ာတို့သည်။ကေကာတိ၊ ကေကာဟူသောအသံတို့ကို။အကရုံ၊ပြည့်ကြကုန်၏။ပုထုသဒ္ဒေါ၊ များစွာသောအသံသည်။အဇာယထ၊ ဖြစ်လေ၏။ ။ဘိက္ခဝေ၊ ရဟန်းတို့။ ဘတ္တုနော၊ အရှင်ဖြစ်သော ရွှေဟသ်ာမင်းသည်။ ပမုတ္တေန၊ ရန်သူ့လက်မှ လွတ်သည်ရှိသော်။ ပတိတာ၊ ဝမ်းမြောက်ကုန်သည် ဖြစ်၍၊ ဘတ္တုဂါရဝါ၊အရှင်ကိုရိုသေတတ်ကုန်သော။ တေအဏ္ဍဇာ၊ ထိုဆွေမျိုးဖြစ်ကုန်သောကိုးသောင်းခြောက်ထောင်ကုန်သောဟသ်ာတို့သည်။ လဒ္ဓပစ္စယာ၊ရအပ်သော ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍။သမန္တာ၊ ထက်ဝန်းကျင်မှ။ ပရိကိရိံ သု၊ခြံရံခစား လှာကုန်၏။ ။

ဤသို့ခြံရံကုန်ပြီး၍ကားထိုဟသ်ာတို့သည် အရှင်မင်းကြီး။ အဘယ်သို့သောအကြောင်း ဖြင့်လွတ်တော်မူ[illegible]နည်း ဟုမေးလျှောက်ကြကုန်၏၊ ဘုရားလောင်းသည်သုမုခစစ်သူကြီးကိုမှီ၍လွတ်သောအဖြစ်ကိုငင်း။ သာဂလမင်း၊ မုဆိုးတို့သည်ပြုအပ်သောအမှုကိုငင်းပြောဆိုတော်မူ၏။ ထိုသို့ဘုရားလောင်းရွှေဟသ်ာမင်းပြောဆိုသော စကားကိုကြားရလျှင်ဟသ်ာအပေါင်းသည် အလွန်နှစ်သက်သည်ဖြစ်၍။ သုမုခ စစ်သူကြီးသည်ငင်း၊ သာဂလမင်းသည်ငင်း၊ မုဆိုးသားသည်ငင်း၊ ချမ်းသာစွာဆင်းရဲကင်းကုန်သည်ဖြစ်၍ မြင့်ရှည်စွာ အသက်ရှည်ကြပါစေကုန်သတည်းဟုဆုတောင်းဆုယူပြုမူကြကုန်၏။ ။

ထိုအကြောင်းကို ထင်ရှား ပြတော် မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်။ ။ဧဝံမိတ္တဝတံအတ္ထာ၊သဗ္ဗေဟောန္တိ ပဒက္ခိဏာ။ဟံသာယထာဓတရဋ္ဌာ၊ဉာတိသံဃမုပါဂမုံ။ ။ ဟူသောဂါထာကိုဟောတော်မူ၏။ ။အနက်ကား။ ။

ဘိက္ခဝေ၊ရဟန်းတို့။ ဓတရဋ္ဌာ၊ ဓတရဋ္ဌ အမျိုးဖြစ်ကုန်သော။ဟံသာ၊ဟင်္သာမင်းနှစ်ပါးတို့သည်။ဉာတိသံဃံ၊ဆွေမျိုးအပေါင်းသို့။ဥပါဂမုံယထာ၊ချမ်းသာစွာကပ်ရကုန်သကဲ့သို့။ဧဝံတထာ၊ထို့အတူ။ မိတ္တဝတံ၊ အဆွေခင်ပွန်းကောင်းရှိသောသူအား။ပဒက္ခိဏာ၊ချမ်းသာကိုဖြစ်စေတတ်ကုန်သော။ဝါ၊ကြီးပွါးခြင်းနှင့်ယှဉ်ကုန်သော။ သဗ္ဗေ၊အလုံးစုံကုန်သော။အတ္ထာ၊အကျိုးစီးပွါးတို့သည်။ဟောန္တိ၊ဖြစ်၏။ ။

သဗ္ဗညုမြတ်စွာဘုရားသည် ဤစူဠဟံသဇာတ်ဓမ္မဒေသနာကိုဆောင်တော်မူ၍။ ရဟန်းတို့၊ယခုအခါ၌သာလျှင်။အာနန္ဒာသည်ငါဘုရားအကျိုးငှါမိမိအသက်ကိုစွန့်သည်မဟုတ်သေး။ ရှေး၌လည်းအာနန္ဒာသည် ငါဘုရားအကျိုးငှါ မိမိအသက်ကို စွန့်ဘူးပြီးဟုမိန့်တော်မူ၏။ ယခုအခါ ဆန္နမထေရ်သည် ထိုအခါမုဆိုးဖြစ်ဘူးပြီ။ ယခုအခါသာရိပုတြာသည်ထိုအခါသာဂလမင်းဖြစ်ဘူးပြီ။ယခုအခါအာနန္ဒာသည်ထိုအခါဟင်္သာစစ်သူကြီး သုမုခဖြစ်ဘူးပြီ။ ယခုအခါ ငါဘုရားပရိသတ်တို့သည်ထိုအခါကိုးသောင်းခြောက်ထောင်ကုန်သောဟင်္သာအပေါင်းတို့ဖြစ်ဘူးကုန်ပြီ။ယခုအခါငါဘုရားသည်သာလျှင်ထိုအခါကိုးသောင်းခြောက်ထောင်ကုန်သောဟင်္သာအပေါင်းတို့၏အရှင်ဓတရဋ္ဌ ဟင်္သာမင်းဖြစ်ဘူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။ ။

အသီတိနိပါတ်ကျမ်းမှ။ တချ၏ ပြည့်ကြောင်း ဖြစ်သော။ စူဠဟံသဇာတ်ကို။ ထုတ်နုတ် သုတ်သင်၍ပြခြင်းသည်။ ဤမျှ

သောသဒ္ဒါ၏အစဉ်၊အနက်၏အစဉ်အားဖြင့်အပြီးသို့ ရောက်၏။ ။

---

## ၇။ မာတုပေါသကဇာတ်။

နတ်လူတို့၏ဆရာဖြစ်တော်မူသော ဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်။"တဿနာဂဿပိပွဝါသေန၊" အစရှိသောဂါထာပုဒ်တို့ဖြင့်တန်းဆာဆင်အပ်သော ဤမာတုပေါသကဇာတ်ကို မိဘကိုလုပ်ကျွေးသောထေရ်ကိုအကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်ဝတ္ထုသည် သုဝဏ္ဏသာမဇာတ်၌ ပစ္စုပ္ပန်ဝတ္ထုနှင့်တူသည်သာတည်း။ အထူးကား၊ဘုရားသခင်သည်ရဟန်းတို့ကိုခေါ်တော်မူ၍ရဟန်းတို့။ ဤရဟန်းတို့ကို မကဲ့ရဲ့ကြကုန်လင့်။ ရှေးပညာရှိတို့သည်တိရစ္ဆာန်အမျိုး၌ဖြစ်ကုန်သော်လည်း အမိနှင့်ကင်းကုန်၍ ခုနစ်ရက်ပတ်လုံး အစာကင်းသည်၏ အဖြစ်ကြောင့်ရှုံ့နှံ့သော ကိုယ်ရှိသည်ဖြစ်၍၊ မင်းအားထိုက်သောအစာကိုရသော်လည်းအမိနှင့်ကင်း၍ မစားကုန်။အမိကိုမြင်ရမှသာလျှင်အစာကိုစားကုန်၏ဟုမိန့်တော်မူ၍လွန်လေပြီးသောအကြောင်းကိုဆောင်တော်မူ၏။ ။

ရဟန်းတို့။လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်းမင်းပြုသည်ရှိသော်။ သင်တို့ဆရာငါဘုရား၏အလောင်းတော်သည်ဟိမဝန္တာဝယ်ဆင်အမျိုး၌ဖြစ်၍ကိုယ်လုံးဖြူ၏။အလွန်အဆင်းလှ၏။ကြည့်ညိုဘွယ်ရှိ၏။ စိတ်နှလုံး၏ပွါးခြင်းကိုပြုတတ်၏။ ရှစ်သောင်းသောဆင်အခြံအရံရှိ၏။ဘုရားလောင်း၏။ မယ်တော်သည်ကား မျက်စိအလင်းကိုမရ။ ထိုဘုရားလောင်းသည် ချိုနှိုးရာရာကုန်သော သစ်သီးတို့ကိုဆင်တို့အားပေး၍ အမိအထံသို့ပို့စေ၏။ ဆင်တို့သည်ထိုဘုရား

လောင်းအမိကိုမပေးမူ၍မိမိတို့သာလျှင်စားကုန်၏။ ထိုဘုရားလောင်းသည်ရုံစမ်းသည်ရှိသော်ထိုအကြောင်းကိုသိ၍၊ ဆင်အပေါင်းကိုစွန့်၍ အမိကိုသာလျှင်ငါမွေးအံ့ဟုကြံ၍။ ညဉ့်အဘို့၌တပါးကုန်သော ဆင်တို့ မသိကုန်စဉ်။အမိကို ခေါ်ယူ၍ စဏ္ဍောရဏတောင်ခြေရင်းသို့သွား၍။ တခုသောပဒုမာကြာတောကိုမှီလျက် တည်သောတောင်ဂူ၌အမိကိုထား၍ လုပ်ကျွေးမွေးမြူ၏။ ။

ထိုအခါဗာရာဏသီပြည်၌နေသော မုဆိုးသည်ခရီးမှား၍ အရပ်မျက်နှာကိုမှတ်ခြင်းငှါမတတ်နိုင်သည်ဖြစ်၍။ သည်းစွာသောအသံဖြင့်ငိုကြွေး၏။ဘုရားလောင်းသည်ထိုမုဆိုးအ၏သံကိုကြား၍။ ဤလူကားကိုးကွယ်ရာမရှိ။ ငါသည်ထင်ရှားရှိစဉ်၌ဤသူသည် ဤအရပ်၌ အကျိုးမဲ့ပျက်စီးခြင်းသည် မလျောက်ပတ်ဟုအကြံတော်ရှိ၍။ထိုမုဆိုး၏အနီးသို့သွား၏၊ကြောက်သဖြင့်ပြေးသောထိုမုဆိုးကိုမြင်၍၊ အိုယောကျ်ား၊ငါ့ကိုမှီ၍ဘေးသည်သင့်အားမရှိ။သင်မပြေးလင့်။ အဘယ်ကြောင့်သင်သည်ငိုလျက်သွားသနည်းဟု မေးတော်မူ၏ ။သခင်၊အကျွန်ုပ်သည်ခရီးမှား၍။ အကျွန်ုပ်အားယနေ့ခုနစ်ရက်ရှိပြီဟု ဆိုပေသော်။ အိုယောကျ်ား၊ သင်မကြောက်လင့်။ ငါသည်သင့်ကိုယူ၍လူ့ပြည်ခရီး၌ ထားအံ့ဟုမိန့်တော်မူ၍ ထိုလူကိုဘုရားလောင်း၏ကျောက်ကုန်း၌နေစေ၍၊ တောမှထုတ်၍ပြန်ခဲ့၏။ ထိုလူယုတ်မာလည်း။ မြို့သို့ရောက်လျှင်မင်းအားကြားအံ့ဟုကြံ၍၊သစ်ပင်အမှတ်၊ တောင်အမှတ်ကိုပြုလျက်လျှင် တောမှထွက်၍ဗာရာဏသီပြည်သို့ရောက်၏။ ။

ထိုအခါ၌မင်း၏မင်္ဂလာဆင်တော်သေလေသော်၊ မင်းသည် အကယ်၍တစုံတယောက်သောသူသည်တစုံတခုသောအရပ်၌မင်္ဂလာဆင်တော်ပြုခြင်းငှါသင့်လျော်သော သဘောရှိသောဆင်ကိုမြင်သည်ဖြစ်အံ့။ ထိုသူသည်ကြားစေသတည်းဟုစည်လည်မောင်းခတ်စေ၏။ ထိုသူလည်းမင်းသို့ ချဉ်းကပ်၍အရှင်

မင်းကြီး၊ အကျွန်ုပ်သည် အရှင်မင်းကြီး၏ မင်္ဂလာဆင်တော်ဖြစ်ခြင်းငှါ လျှောက်ပတ်သော သဘောရှိသော ကိုယ်လုံးဖြူသောသီလရှိသောဆင်ကိုမြင်ပါ၏၊အကျွန်ုပ်သည်ခရီးကိုညွှန်ပါအံ့၊ အကျွန်ုပ်နှင့်အတူတကွဆင်ဆရာတို့ကိုစေ၍ ထိုဆင်ဖြူရတနာကိုယူတော်မူပါဟုတင်လျှောက်၏။ မင်းသည်ကောင်းပြီဟု၊ ဤသူကိုခရီးညွှန်ပြု၍၊ဤသူသည်ပြောဆိုအပ်သောဆင်ကိုဆောင်ခဲ့ဟုဆို၍၊ ထိုမုဆိုးနှင့်အတူ အကွများစွာသော အခြံအရံဖြင့်ဆင်ဆရာကိုစေ၏။ ။

ထိုဆရာသည်မုဆိုးနှင့် အတူသွား၍ ပဒုမာကြာတောသို့ဝင်၍။ အစာကိုယူသော ဘုရားလောင်း ဆင်မင်းကိုမြင်၏။ ဘုရားလောင်းသည်လည်း ဆင်ထိန်းကိုမြင်၍ ဤဘေးသည်တပါးသောသူမှမဖြစ်။ထိုယောကျ်ား၏အနီးမှဖြစ်လတံ့ဟုသိတော်မူ၏၊စင်စစ်သော်ကား။ငါသည်ကြီးသောအားရှိ၏။ဆင်တထောင်ကို ဖျက်ဆီးခြင်းငှါစွမ်းနိုင်၏။ အမျက်ထွက်သော်တိုင်းနိုင်ငံနှင့်တကွစစ်သည် ဗိုလ်ပါဆင်မြင်းကိုဖျက်ဆီးခြင်းငှါစွမ်းနိုင်၏။ထိုသို့စွမ်းနိုင်သော်လည်း။ အကယ်၍ငါအမျက်ထွက်ချေက။ ငါ၏သီလသည် ပျက်လတံ့။ ထိုကြောင့် ငါဦးခေါင်းကိုလှံမတို့ဖြင့် ထိုးသော်လည်းငါအမျက် မထွက်အံ့ဟုဓိဋ္ဌာန်တော်မူ၍ ဦးခေါင်းကို ညွတ်တော်မူ၍၊ မတုံမလှုပ် ရပ်တည်တော်မူ၏။ ။

ဆင်ဆရာသည် ပဒုမကြာအိုင်သို့ သက်ဆင်း၍ ထိုဘုရားလောင်း၏ကြွန်အင်လက္ခဏာနှင့် ပြည့်စုံခြင်းကိုမြင်၍။ချစ်သားလာလော့ဟု ငွေပန်းဆိုင်းနှင့် တူသောနှာမောင်းကို ကိုင်၍ယူဆောင်လေလျှင်။ခုနစ်ရက်မြောက်သောနေ့၌ဗာရာဏသီပြည်သို့ရောက်လေ၏။ဘုရားလောင်း၏မယ်တော်လည်း။သားမလာသည့်ရှိသော်။ငါ့သားကို မင်း၏ အမတ်ကြီးအစရှိသောသူတို့သည်ဆောင်ယူသည့် ဖြစ်လတံ့။ထိုကြောင့် ယခုအခါ၌ သားနှင့်ကွေကွင်းရသဖြင့် အစာကို မစားတော့ပြီ။ ဤတောအုပ်

သည့် ပွါးစေလတ့်ဟု ငိုကြွေးမြည်တမ်းလို၍။ ။တသာနာဂသာဝိပ္ပဝါသေန၊ဟူသောနှစ်ဂါထာတို့ကိုရွတ်၏။ အဓိပ္ပါယ်ကား။ ။

ထိုငါ့သားဆင်မင်းမှ။ကင်းသဖြင့်ပေါက်ရောက်ကုန်သောနှံ့ခဲပင်တို့သည်၎င်း။လက်ထုပ်ပင်တို့သည်၎င်း။ကုရုဝိန္ဒကရဝဈာမည်သောသစ်ပင်ကြီးတို့သည်၎င်း။ ကြာစွယ်ကြာ၎င်းသမန်းမြက်တို့သည်၎င်း။လေပြေခ်ချာ၍။ပွင့်ကုန်သော။မဟာလှေကားပန်းတို့သည်၎င်း။ပွါးများကုန်လတ့်။ ၊တစုံတခုသောအရပ်၌လျှင်။ရွှတန်းဆာဆင်ကုန်သောမင်း၏အမတ်ကြီးတို့သည်။ငါ့သားဆင်မင်းကို။ ထမင်းထုပ်ဖြင့်။ ကျွေးမွေးကုန်၏။အကြင်ငါ့သားဆင်မင်း၌။ မင်းသည်၎င်း။ မင်းသားသည်၎င်း နေ၍။ မကြောက်မရွံ့သည်ဖြစ်၍။ ရန်သူ၏ ချပ်ဝတ်တန်းဆာကို။ဖျက်လတ့်။ဟုမြည်တမ်း၏။

ဆင်ဆရာသည်လည်း ခရီးအကြား၌ဖြစ်၍လျှင် မင်းအားသတင်း စကားကိုစေ၏မင်းသည်မြို့ကိုတန်းဆာ ဆင်စေ၏။ ဆင်ဆရာသည် ဘုရားလောင်းကိုနံ့သာဖြင့်ထုံအပ်သောတန်းဆာဆင်ခြင်းနှင့်စပ်သော ဆင်တင်းကုပ်သို့ ဆောင်၍ ၊ဆန်းကြယ်သောတင်းထိမ်ဖြင့်ဝန်းရံစေ၍၊ မင်းအားကြားလျှောက်စေ၏။မင်းသည်အထူးထူးသော အရသာရှိသောဘောဇဉ်ကိုဆောင်ယူလျက်သွား၍ ဘုရားလောင်းအား အစာ ပေးစေ၏ဘုရားလောင်းသည် မယ်တော်နှင့်ကင်း၍ အစာကိုမစားအံ့ဟုကြံ၍ အစာကိုစာတော်မမူ။ ထိုအခါ၌ ဘုရားလောင်း ကိုတောင်းပန်လို၍ မင်းသည်။ ။ဂဏှာဟိနာဂကဗဠံ၊ဟူသောသုံးချမြောက်သောဂါထာကိုဆို၏။ အဓိပ္ပါယ်ကား။ ။

ဆင်မင်း။အစာကို။ ယူပါလော့။ စားပါလော။ ဆင်မင်းပိန်သည်ကြံ့သည်။ မဖြစ်စေလင့်။ မင်းမှုတို့သည် များစွာကုန်၏။ ဆင်မင်းထိုအမှုတို့ကို။ပြုရလတ့်။ ။ဟုဆို၏။ ။

ထိုစကားကိုကြား၍ ဘုရားလောင်းသည်။ ။သာနူနသာ

ကပဏိကာ၊အန္ဓာအပရိဏာယိကာ။ ခါဏုံပါဒေနဃဋ္ဋေတိ ဂိရိံစဏ္ဍောရဏ္ဏံပတိ။ ။ဟူသော လေးချမြောက်သောဂါထာကိုဆို၏။ ။အနက်ကား။ ။

မဟာရာဇ မြတ်သောမင်းကြီး။ ကပဏိကာ၊ အထီးကျန်သော။အန္ဓာ၊မျက်စိမမြင်သော။ အပရိဏာယိကာ၊ ဆောင်သူမရှိသော။သာ၊ထိုအမိဆင်မအိုသည်။စဏ္ဍောရဏ္ဏံ၊စဏ္ဍောရဏ္ဏအမည်ရှိသော။ဂိရိံ၊ တောင်သို့။ပတိ၊ ရှေးရှုသည်ဖြစ်၍။ခါဏုံ၊ သစ်ငုတ်ကို။ပါဒေန၊ ခြေဖြင့်။ဃဋ္ဋေတိနနု၊ခတ်မိလေအံ့သည်တကား။ ။ဟုပြန်ပြော၏။ ။

ထိုအခါ၌ မင်းသည် ဘုရားလောင်းကိုမေးလိုရကား။ ။ကာနုဟောသာမဟာနာဂ၊ ဟူသောငါးချမြောက်သောဂါထာကိုဆို၏။ ။အဓိပ္ပါယ်ကား။ ။

ဆင်မြတ်။မျက်စိမမြင်သော။ ဆောင်သူမရှိသော။ အကြွင်ဆင်မအိုသည်။စဏ္ဍောရဏ္ဏအမည်ရှိသော။ တောင်သို့ရှေးရှုသည်ဖြစ်၍။ သစ်ငုတ်ကို။ခြေဖြင့်။ ခတ်မိလေအံ့ဟုဆို၏။ ထိုဆင်မအိုသည်။သင်နှင့်အဘယ်သို့တော်သနည်း။ ။ဟုမေး၏။ ။

ဘုရားလောင်းသည်။ ။မာတာမေသာမဟာရာဇ၊ အန္ဓာအပရိဏာယိကာ။ ခါဏုံပါဒေနဃဋ္ဋေတိ၊ ဂိရိံစဏ္ဍောရဏ္ဏံပတိ။ ။ဟူသောခြောက်ချမြော်သောဂါထာကို ဆိုတော်မူ၏။ ။အနက်ကား။ ။မဟာရာဇ၊မြတ်သောမင်းကြီး။အန္ဓာ၊မျက်စိမမြင်သော။ အပရိဏာယိကာ၊ ဆောင်သူ မရှိ သော။ယာ၊အကြွင်အမိဆင်မအိုသည်။စဏ္ဍောရဏ္ဏံ၊ စဏ္ဍောရဏ္ဏအမည်ရှိသော။ဂိရိံတောင်သို့။ ပတိ၊ ရှေးရှုသည်ဖြစ်၍၊ ခါဏုံ၊သစ်ငုတ်ကို။ပါဒေန၊ခြေဖြင့်။ဃဋ္ဋေတိ၊ ခတ်မိ၏။သာ၊ထိုဆင်မအိုသည်။ မေ၊အကျွန်ုပ်၏။ မာတာ၊အမိတည်း။ ။ဟူ၍ပြန်ပြော၏။ ။

မင်းသည်ခြောက်ချမြောက်သောဂါထာဖြင့်ထိုအကြောင်းကိုကြားသိရ၍လွှတ်လိုရကား။ ။မုဉ္စထေတံမဟာနာဂံ၊ယော

ယံဘရတိမာတရံ။ သမေတုမာတရာနာဂေါ၊ သဟာသဗ္ဗေဟိ ဉာတိဘိ။ ။ဟူသောခုနစ်ချပြောက်သောဂါထာကိုဆို၏။ အနက်ကား။ ။

ဘောဓိသတ္တာ၊အိုအမတ်တို့။ယောအယံမဟာနာဂေါ၊အကြင်ဆင်မြတ်သည်။ မာတရံ။အမိကို။ ဘရတိ၊မွေးကျွေး၏။ ဧတံ မဟာနာဂံ၊ ထိုဆင်မြတ်ကို။ မုဥ္စထ၊လွှတ်ကြပါကုန်။ နာဂေါ၊ ဆင်မင်းသည်။ မာတရာ၊အမိနှင့်ငင်း၊ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်ငင်း။ သဟာ၊တကွ။သမေတု၊ညီညွတ်ခြင်းသို့ရောက်စေလော့။ဟုဆို၍လွှတ်တော်မူ၏။ ။

ထိုဆင်မင်းသည် အနှောင်အဖွဲ့မှလွတ်၍ အတန်ငယ်နားနေ၍။ မင်းအား ရာဇဝံဆယ်ပါးတရားစကားဖြင့် တရားဟောတော်မူ၍။ မင်းကြီး၊ မမေ့မလျော့ဖြစ်လော့ဟု အဆုံးအမကိုပေး၍ လူများသည်ပန်းနံ့သာစသည့် တို့ဖြင့်ပူဇော်လျက် မြို့မှထွက်၍ ထိုနေ့၌ပင်လျှင် ထိုပဒုမာကြာအိုင်သို့ရောက်၍။ ငါ၏မယ်တော်ကိုအစာအဟာရကိုစားစေပြီးမှလျှင်မိမိသည်စားအံ့ဟုကြံ၍။များစွာသောကြာစွယ်ကြာရင်းကိုယူ၍၊ နှာမောင်းဖြင့်ပြည့်သော ရေကိုယူ၍။ တောင်လိုဏ်ခေါင်းမှ ထွက်၍ လိုဏ်တံခါး၌ နေသော အမိ၏အထံသို့သွား၍ ခုနစ်ရက်ပတ်လုံးအစာကင်းသည်၏ အဖြစ်ကြောင့်။ မယ်တော်၏ ကိုယ်အတွေ့ကိုရစိမ့်သော ငှါအမိ၏ ဦးခေါင်းထက်၌ ရေကိုသွန်းလောင်း၏။ထိုအကြောင်းကိုထင်စွာပြတော်မူလိုသောဘုရားသခင်သည်နှစ်ခုသောဂါထာတို့ကိုဟောတော်မူ၏။ ။

ဘုရားလောင်း၏ မယ်တော်သည်လည်း မိုးသည်းရွာ၏ ဟူသောအမှတ်ဖြင့်ဆဲရေးဆိုရကား။ ။ကော ယံ အနရိယော ဒေဝေါ၊အကာလေနပဝဿတိ၊ဂတောမေအတြဇောပုတ္တော၊ ယောမယှံ ပရိစာရိကော။ ။ဟူသော ဆယ်ချပြောက်သော ဂါထာကိုဆို၏။ ။အနက်ကား။ ။

မေ၊ငါ၏။အတြဇော၊ ရင်မှဖြစ်သော။မယှံ၊ငါ့ကို။ပရိစာရိ

ကော၊ လုပ်ကျွေးသော။ ယောပုတ္တော၊ အကြင်သားကောင်း
သည်။ဂတော၊ အရပ်တပါးသွားခဲ့လေ၏။ အနုရိယော၊ယုတ်
မာသော။ ယောဒေဝေါ၊ အကြင်မိုးဃပ်းသည်။ အကာလေနပိ၊
အခါမဟုတ်သဖြင့်လည်း။ ပဝဿတိ၊ရွာ၏။ အယံဒေဝေါ၊ဤ
မိုးဃပ်းသည်။ကော၊အဘယ်မိုးဃပ်းနည်း။ဟုဆို၏။ ။

ထိုအခါ၌ အမိကို သက်သာရာ ရစေလို၍ ဘုရားလောင်း
သည်။ ။ဥဋ္ဌေဟိ အမ္မ ကိံ သေသိ၊အာဂတောတျာဟာမတြ
ဇော။မုတ္တောသ္မိ ကာသိရာဇေန၊ဝေဂေနစ ယသဿိနာ။ ။
ဟူသော တဆဲ့တခုမြောက်သော ဂါထာကိုဆိုတော်မူ၏။ အ
နက်ကား။ ။

အမ္မ၊အိုမိခင်။ဥဋ္ဌေဟိ၊ ထပါလော့။ ကိံ၊အဘယ့်ကြောင့်။
သေသိ၊ဤမျှလောက်ပင်အိပ်သနည်း။တေ၊သင်မိခင်၏။အတြ
ဇော၊သားဖြစ်သော။ အဟံ၊အကျွန်ုပ်သည်။အာဂတော၊လာခဲ့
ပြီ။ဝေဂေန၊ လျင်မြန်သောဉာဏ်ပညာရှိသော။ ယသဿိနာ၊
များသော အခြံအရံရှိသော။ ကာသိရာဇေန၊ ကာသိရာဇ်မင်း
သည်။ရတ္တော၊ လွှတ်လိုက်ပေသည်။ အသ္မိ၊ဖြစ်၏။ ။ဟုပြော
လေ၏။ ။

ထိုအမိသည် မင်းအားအနုမောဒနာပြုလိုရကား။ ။စိရံ
ဇီဝတုသောရာဇာ။ ကာသိနံရဋ္ဌဝဍ္ဎနော။ ယောမေ ပုတ္တံအာ
မောစေသိ၊သဒါဝုဍ္ဎာပစာယိကံ။ ။ဟူသောဂါထာကိုဆို၏။
အနက်ကား။ ။

ကာသိနံ၊ ကာသိကတိုင်းသူတို့၏။ရဋ္ဌဝဍ္ဎနော၊ ပြည်တိုင်း
သား၏အကျိုးစီးပွါးကိုဆောင်တော်မူတတ်သော၊ ယောရာ
ဇာ၊အကြင်မင်းသည်၊ သဒါ၊အခါခပ်သိမ်း။ ဝုဍ္ဎာပစာယိကံ၊
အမိကိုအရိုအသေပြုသော။မေ၊ငါ၏။ ပုတ္တံ၊သားကို။ အာမော
စေသိ၊လွှတ်လိုက်ပေ၏။ သောရာဇာ၊ ထိုမင်းသည်။ စိရံ၊မြင့်
ရှည်စွာ။ ဇီဝတု၊ သက်တော် ရှည်ပါ စေသတည်း။ ဟု ဆု
တောင်း၏။ ။

ထိုမှနောက်၌မင်းသည် ဘုရားလောင်း၏ဂုဏ်ကျေးဇူး၌ ကြည်ညိုလျှက်၊ ပဒုမာတော၏မနီးမဝေး၌ရွာတည်၍ဘုရားလောင်းအားရင်၊ ဘုရားလောင်းမယ်တော်အားရင်း။ နိဗ္ဗဗန်ဝတ်ကိုဖြစ်စေ၏။ အခါတပါး၌ဘုရားလောင်းသည် မယ်တော်သေလေသော်မယ်တော်၏အလောင်းကိုသင်္ဂြိုဟ်တော်ပြီး၍။ ကာရဉ္ဇကအမည်ရှိသောအသဿစနပုဒ်သို့သွားလေ၏။ ထိုအရပ်၌ဟိမဝန္တာမှသက်၍ငါးရာသောရသေ့တို့သည်နေကုန်၏။ ထိုဘုရားလောင်း၌ မင်းကြီးပြုသော ဝတ်ကို ထိုရသေ့ ငါးရာတို့အားပေးလှူလေ၏၊ မင်းသည်ဘုရားလောင်းနှင့်တူမျှသော သဏ္ဍာန်ရှိသော ကျောက်ဆင်းတုကို ပြုလုပ်၍ ကြီးစွာသော ပူဇော်သက္ကာရကိုဖြစ်စေ၏။ ဇမ္ဗူဒိပ်ကျွန်း၌နေကုန်သောသူတို့သည် နှစ်တိုင်းနှစ်တိုင်းစုဝေး၍ ထိုဆင်းတု အားပူဇော်ခြင်းကိုပြုကြကုန်၏။ ။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင် တော် မူလျက်။ သစ္စာတို့ကိုပြတော်မူ၍ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာကိုပြီးသောအဆုံး၌ အမိကိုလုပ်ကျွေးသော ရဟန်းသည်သောတာပတ္တိဖိုလ်၌တည်၏။

ထိုအခါ၌ မင်းသည် အာနန္ဒာ ဖြစ်လာ၏။ ယုတ်မာသောယောကျ်ားသည်ဒေဝဒတ်ဖြစ်လာ၏။ ဆင်ဆရာသည် သာရိပုတြာဖြစ်လာ၏၊ မယ်တော်ဆင်မသည်မယ်တော်မာယာဖြစ်လာ၏။ အမိကိုလုပ်ကျွေးသောဆင်မင်းသည်ကား သင်တို့ဆရာငါဘုရားဖြစ်လာ၏ဤသို့ဇာတ်ကိုပေါင်းတော်မူ၏။

**ကောဒသနိပါတ်ကျမ်းမှ**။ ထုတ်နုတ် သုတ်သင်၍ ပြုအပ်သော။ ရှေးဦးစွာသော မာတုပေါသကဇာတ်သည်ဤမျှသော သဒ္ဒါအစဉ်အနက်အစဉ်ဖြင့်အပြီးသို့ရောက်၏။ ။

## ၈။ စာဠုပဏ္ဍိတဇာတ်။

နတ်နှင့်ထကွသော လောကကို ဆုံးမတော် မူတတ်သော
သဗ္ဗညုမြတ်စွာဘုရားသည်။ "ဥဒ္ဒေဟိကဏ္ဍ" အစရှိသောဂါ
ထာပုဒ်ဖြင့် ဘန်းဆာဆင်အပ်သော ဤစာဠုပဏ္ဍိတဇာတ်ကို
ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ်၊ သားသေ
သောသူတွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။ ပစ္စုပ္ပန်
ဝတ္ထုသည် မဋ္ဌကုဏ္ဍလိဝတ္ထုနှင့် တူသည့်သာလျှင်တည်း။ ဤ
စာဠုပဏ္ဍိတဇာတ်၌ကား။ သဗ္ဗညု မြတ်စွာဘုရားသည်ထိုသူ
တွယ်ကို။ ဒါယကာ၊ စိုးရိမ်သလောဟု မေးတော်မူ၍။ အရှင်
ဘုရား၊ စိုးရိမ်ပါ၏ဟု နားတော်လျှောက်သည့်ရှိသော်။ ဒါယ
ကာ၊ ရှေးပညာရှိ တို့သည်။ ပညာရှိတို့၏ စကားကို နာ၍။
သေသောသားကို မတောင့်တကုန်ဟု မိန့်တော်မူ၍။ ထိုဒါယ
ကာသည် တောင်းပန် အပ်သည်ဖြစ်၍။ အတိတ်ကို ဆောင်
တော်မူ၏။

ဒါယကာ၊ လွန်လေပြီးသောအခါ။ဥတ္တရာပထတိုင်းဝယ်။
ကံသမင်းတို့၏ သုံးဆောင်ရာနေရာဖြစ်သော အသိတဉ္ဇနမြို့၌။
မဟာကံသမည်သောမင်းသည် မင်းပြု၏။ ထိုမဟာကံသမင်း
အား။ ကံသ၊ ဥပကံသဟူသောသားနှစ်ယောက်တို့သည်ရှိကုန်
၏။ ဒေဝဂဗ္ဘာမည်သောသမီးတော်တယောက်သည်ရှိ၏။ ထိုဒေ
ဝဂဗ္ဘာမင်းသမီးကိုဖွားသောနေ့၌။ နိမိတ်ဘတ်တတ်ကုန်သော
ပုဏ္ဏားတို့ကိုမေး၏။ နိမိတ် ဘတ်တတ်ကုန်သော ပုဏ္ဏားတို့
သည်ထိုမင်းသမီးဝမ်း၌ဖြစ်သောသားတို့သည်။ကံသမင်း၏ အ
နွယ်အဆက်ကို ဖျက်ဆီး ကုန်လတံ့ဟု ကြားလျှောက်ကုန်၏။
မဟာကံသမင်းကြီးသည်ပြင်းပြစွာသောချစ်ခြင်းကြောင့်။သမီး
တော်ကိုဖျက်ဆီးခြင်းငှါမတတ်နိုင်။ မောင်တော်တို့သည့်မသိ
ကုန်လတံ့ဟု၊ အသက်ထက်ဆုံးတည်၍။ မဟာကံသ မင်းကြီး
သည် နတ်ရွာလား၏။ ထိုမဟာကံသမင်းကြီး နတ်ရွာလား

သည့်ရှိသော်။ သားတော်ကြီး ကံသမင်းသားသည်မင်းပြု၏။ ညီတော် ဥပကံသ မင်းသားသည် အိမ်ရှေ့မင်းဖြစ်၏။ ထိုညီတော်နောင်တော်တို့သည် ကြံကြကုန်၏။ ငါတို့သည်နှမတော် ဒေဝဂဗ္ဘာမင်းသမီးကို။ အကယ်၍ ဖျက်ဆီးကုန်အံ့၊ ငါတို့အား ကဲ့ရဲ့ခံရကုန်လတ့ံ။ ထို့ကြောင့် နှမတော်ကို တစုံတယောက်သောမင်းအားမပေးမူ၍၊ လင်မရှိသည်ကိုပြု၍။ စောင့်ရှောက်ကုန်အံ့ဟု ကြံကြကုန်၏။ ကြံပြီး၍။ ထိုမောင်တော်မင်းတို့သည် တချသောတပင်တိုင်နန်းပြာသာဒ်ကိုဆောက်စေ၍။ ထိုတပင်တိုင်နန်းပြာသာဒ်၌နေစေကုန်၏။

ထိုမင်းသမီး၏ အလုပ်အကျွေး အစောင့် အရှောက် သည်။ နန္ဒိဂေါပါလာအမည်ရှိ၏။ ထိုနန္ဒိဂေါပါလာ၏ လင်ဖြစ်သော အဏ္ဍကဝေဏ္ဍုမည်သောကျွန်သည်လည်း စောင့်ရှောက်ခြင်းကိုပြု၏။

ထိုအခါ၊ ဥတ္တရမဓုရမည်သောပြည်၌ မဟာသာဂရမည်သောမင်းသည်မင်းပြု၏။ ထိုမဟာသာဂရမင်းအား။ သာဂရ၊ ဥပသာဂရဟူသော သားတော်နှစ်ယောက်တို့သည်ရှိကုန်၏။ ထိုသားတော် နှစ်ယောက်တို့တွင်လည်း။ သားတော်ကြီးသာဂရမင်းသားသည်။ ခမည်းတော် မဟာသာဂရမင်းကြီး နတ်ရွာစံသောအခါမင်းဖြစ်၏။ ညီတော်ဥပသာဂရမင်းသားသည် အိမ်ရှေ့မင်းဖြစ်၏။ ထိုဥပသာဂရမင်းသားသည်။ ကံသမင်း၏ အဆွေခင်ပွန်းဖြစ်၍။ တဦးသောဆရာထံ၌ အတူတကွအတတ်သင်ဘက်တည်း။ ထိုအိမ်ရှေ့မင်း၊ ဥပသာဂရသည်နောင်တော် သာဂရ မင်း၏ နန်းတွင်းသူနှင့် ပြစ်မှားမိ၍၊ နောင်တော် ကိုကြောက်သဖြင့်။ ထွက်ပြေးပြီးလျှင်။ ကံသမင်းတို့၏စံတော်မူရာ နေရာဖြစ်သောအသိတဉ္ဇနမြို့၌။ အိမ်ရှေ့မင်း ဥပကံသအထံသို့ သွားလေ၏။ ထိုအိမ်ရှေ့မင်းဥပကံသသည်။ ထိုဥပသာဂရအိမ်ရှေ့မင်းကိုနောင်တော်ကံသမင်းကြီးအားပြ၏။ ကံသမင်းကြီးသည်။ ထိုဥပသာဂရအားကြီးစွာသောစည်းစိမ်ကိုပေး၏။

ထိုဥပသာဂရသည် ကံသမင်းကြီးအား၊ ခစားအံ့သောငှါ သွားသည်ရှိသော်။ နှမတော်ဒေဝဂဗ္ဘာမင်း၏ စံရာတပင်တိုင် နန်းပြာသာဒ်ကို မြင်၍။ ဤပြာသာဒ်သည် အဘယ်သူ၏ နေရာ ပြာသာဒ်နည်းဟုမေး၍။ ထိုအကြောင်းကိုကြားသိရလျှင်။ ဒေဝဂဗ္ဘာ မင်းသ္မီး၌။ တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍၊ ဒေဝဂဗ္ဘာ မင်းသ္မီးသည်လည်း။ တနေ့သ၌၊ ဥပသာဂရ မင်းသားသည်။ မောင်တော် ဥပကံသအိမ်ရှေ့မင်းနှင့်အတူမင်းအားခစားခြင်းငှါ လာလတ်သည်ကို မြင်၍၊ ဤမင်းသားသည် အဘယ်မင်းသားနည်းဟုမေး၍၊ မဟာသာဂရမင်းကြီး၏ သားတော်ဖြစ်သော ဥပသာဂရမင်းသားတည်းဟု နန္ဒိဂေါပါလာ အမည်ရှိသော အလုပ်အကျွေးအထံမှကြားသိရလျှင်။ ထိုဥပသာဂရမင်းသား၌ တပ်စွန်းသောစိတ်ရှိသည်ဖြစ်၏။ ဥပသာဂရမင်းသားသည် နန္ဒိဂေါပါလာမည်သော အထိန်းတော်အားတံစိုးပေး၍။ နှမ၊ ငါ့အားဒေဝဂဗ္ဘာမင်းသ္မီးကိုပြခြင်းငှါ တတ်နိုင်အံ့လောဟုဆို၏။ ထိုနန္ဒိဂေါပါလာ မည်သော အထိန်းတော်သည်။ အရှင်မင်းသား။ ထိုဒေဝဂဗ္ဘာမင်းသ္မီးကို ပြခြင်းသည် ဝန်မလေးဟုဆို၍။ ထိုအကြောင်းကို ဒေဝဂဗ္ဘာ မင်းသ္မီးအား တင်လျှောက်၏။

ထိုဒေဝဂဗ္ဘာမင်းသ္မီးသည် ပကတိအားဖြင့်လည်း ထိုဥပသာဂရမင်းသား၌၊ တပ်စွန်းသောစိတ် ရှိပြီဖြစ်ရကား။ ထိုစကားကို ကြားရလျှင် ကောင်းပြီဟု ဝန်ခံ၍။ နန္ဒိ ဂေါပါလာ မည်သော အထိန်းတော်သည်။ ဥပသာဂရမင်းသားအားအမှတ်ကိုပေး၍။ ညဉ့်အဘို့၌၊ ထိုဥပသာဂရမင်းသားကိုပြာသာဒ်သို့တင်၏။ ဥပသာဂရမင်းသားသည် ဒေဝဂဗ္ဘာမင်းသ္မီးနှင့်တကွမွေ့လျော်ပျော်ပါးခြင်းကိုပြု၏။ ထိုအခါ၊ ထိုနှစ်ယောက်ကုန်သောမင်းသားမင်းသ္မီးတို့၏ အဘန်တလဲလဲမွေ့လျော်ပျော်ပါးခြင်းကြောင့်။ ဒေဝဂဗ္ဘာမင်းသ္မီးသည်ကိုယ်ဝန်ကိုရ၏။ နောက်အဘို့၌၊ ထိုဒေဝဂဗ္ဘာမင်းသ္မီးအားကိုယ်ဝန်တည်ခြင်းသည်ထင်

ရှားသည့်ဖြစ်၍။ မောင်တော်မင်းနှစ်ပါးတို့သည်နန္ဒိဂေါပါလာကိုမေးကုန်၏။ ထိုနန္ဒိဂေါပါလသည် ဘေးမဲ့ကိုတောင်း၍။ ထိုအကြောင်းကိုကြားလျှောက်၏။ ထိုမောင်တော်မင်း နှစ်ပါးတို့သည် ကြားသိရလျှင် နှမတော်ကိုဖျက်ဆီးခြင်း၌ မတတ်နိုင်ကုန်။ သို့းကိုတည်းအကယ်၍ဘွားအံ့၊ မဖျက်ဆီးကုန်အံ့။ သားယောကျ်ားကိုတည်းအကယ်၍ဘွားအံ့၊ ဖျက်ဆီးကုန်အံ့ ဟုကြံ၍။ ဒေဝဂဗ္ဘာမင်းသို့းကိုဥပသာဂရမင်းသားအားသာလျှင် ပေးလေကုန်၏။ ။

ထိုဒေဝဂဗ္ဘာမင်းသို့းသည် ရင့်သော ကိုယ်ဝန် ရှိသည် ဖြစ်၍။ သို့းကိုဘွား၏၊ မောင်တော်မင်းနှစ်ပါးတို့သည်ကြားရလျှင်။ အလွန်နှစ်သက် ကုန်သည်ဖြစ်၍။ ထိုတူမတော်မင်းသို့းအား အဉ္ဇနဒေဝီဟူသောအမည်ကိုမှည့်ကုန်၏။ ထိုနှမတော်ယောက်ဖတော်တို့အား၊ ဝဍ္ဎမာနမည်သော ရွာကိုကံကြေးခံပေးကုန်၏။ ဥပသာဂရမင်းသားသည်မြောက်သားတော်ဒေဝဂဗ္ဘာမင်းသို့းကိုယူ၍။ ဝဍ္ဎမာနမည်သောစားကျေးရွာ၌နေ၏။ ဒေဝဂဗ္ဘာမင်းသို့း၌တဘန်ကိုယ်ဝန်တည်ပြန်၏။ အထိန်းတော်နန္ဒိဂေါပါလာ၌လည်းထိုနေ့၌ ပင်လျှင်ကိုယ်ဝန်ရ၏။ ထိုနှစ်ယောက်ကုန်သောမင်းသို့းဒေဝဂဗ္ဘာ၊အထိန်းတော်နန္ဒိဂေါပါလာတို့သည်။ ကိုယ်ဝန်ရင့်ကုန်သည့်ရှိသော်။ တနေ့ခြင်းသာလျှင်။ဒေဝဂဗ္ဘာမင်းသို့းသည် သားယောကျ်ားကိုဘွား၏။ အထိန်းတော်နန္ဒိဂေါပါလာသည်သားမိန်းမကိုဘွား၏။ ။

ဒေဝဂဗ္ဘာမင်းသို့းသည် သားကိုမောင်တော်တို့ဖျက်ဆီးအံ့သည်မှ ကြောက်သောကြောင့်။ သားတော်ကိုနန္ဒိဂေါပါလာအားလျို့ဝှက်သော အားဖြင့်ပေးလိုက်၍။ ထိုနန္ဒိဂေါပါလာ၏သို့းကို ဆောင်ယူခဲ့စေ၏။ ထိုဒေဝဂဗ္ဘာမင်းသို့းဘွားမြင်သောအဖြစ်ကိုမောင်တော်တို့အားကြားလျှောက်ကုန်၏။ ထိုမောင်တော်တို့သည်သားယောကျ်ားကိုဘွားသလော။သားမိန်းမကိုဘွားသလောဟုမေး၍။သားမိန်းမကိုဘွား၏ဟူ၍တင်လျှောက်

သည့်ရှိသော်။ ထိုသို့သားမိန်းမတွားတပြီးကား။ မွေးလေကုန်ဟုဆိုကုန်၏။ ဤသို့သောနည်းအားဖြင့်ဒေဝဂဗ္ဘာမင်းသွီးသည်တကျိပ်သောသားတို့ကိုဘွား၏။ နန္ဒိဂေါပါလာသည်လည်း။ တကျိပ်သောသွီးတို့ကိုဘွား၏။ တကျိပ်သောသားတို့သည်အထိန်းတော်နန္ဒိဂေါပါလာ၏၊ အထံ၌ကြီးရကုန်၏။ တကျိပ်သောသွီးတို့သည်လည်းဒေဝဂဗ္ဘာမင်းသွီး၏အထံ၌ကြီးရကုန်၏။ ။

ထိုအကြောင်းကိုတစုံတယောက်သောသူသည်မသိ။ဒေဝဂဗ္ဘာမင်းသွီး၏ သားတော်အကြီးသည် ဝါသုဒေဝမည့်၏။နှစ်ယောက်မြောက်သောသားသည်ဗလဒေဝမည့်၏။သုံးယောက်မြောက်သောသားသည် စန္ဒဒေဝ မည့်၏။ လေးယောက်မြောက်သောသားသည် သူရိယဒေဝ မည့်၏၊ ငါးယောက်မြောက်သောသားသည် အဂ္ဂိဒေဝမည့်၏။ ခြောက်ယောက်မြောက်သောသားသည် ဂရုဏဒေဝ မည့်၏။ ခုနစ်ယောက်မြောက်သောသားသည် အဇ္ဇုနမည့်၏။ ရှစ်ယောက် မြောက်သောသားသည်သဇ္ဇုနမည့်၏။ကိုးယောက်မြောက်သောသားသည်ဃဋပဏ္ဍိတမည့်၏။ ဆယ်ယောက်မြောက်သော သားသည်အင်္ကုရမည့်၏။ထိုတကျိပ်သော ညီနောင်တို့သည်အန္ဓကဝေဏ္ဍုကျွန်၏ သားညီနောင် တကျိပ်ဟူ၍။ အလွန်ထင်ရှားသည်ဖြစ်ကုန်၏။

ထိုတကျိပ်သောညီနောင်တို့သည်နောက်အဘို့၌ ကြီးခြင်းသို့ရောက်ကုန်၍။ အားအစွမ်းနှင့်ပြည့်စုံကုန်သည်။ ခက်ထန်ကြမ်းတမ်းကုန်သည်ဖြစ်၍၊ လုယက်ဖျက်ဆီးခြင်းကို ပြုကုန်လျက်။ မှည့်ပတ်သွားလာကုန်၏၊ မင်းအားဆက်ရောက်သောလက်ဆောင်ပဏ္ဏာကိုလည်း လုယက်ဖျက်ဆီးကုန်သည် သာလျှင်တည်း။ လူတို့သည်စည်းဝေးကုန်၍။အန္ဓကဝေဏ္ဍုကျွန်၏သားဖြစ်ကုန်သောညီနောင်တကျိပ်တို့သည်။ တိုင်းနိုင်ငံကိုလုယက်ဖျက်ဆီးကုန်၏ဟုမင်းရင်ပြင်၌ကြွေးကြော်ကုန်၏၊ ကံ

သမင်းကြီးသည်အဏ္ဏကဝေဏ္ဏမည်သော ကျွန်ကိုခေါ်စေ၍၊ အဘယ့်ကြောင့်သားတို့ကို လုယက်ဖျက်ဆီးခြင်းကို ပြုစေသနည်းဟု မြိမ်းခြောက်၍။ ဤသို့သျှင်နှစ်ကြိမ်မြောက်ငင်း၊ သုံးကြိမ်မြောက်ငင်း၊လူတို့သည် ကြွေးကြော်ကုန်သည် ရှိသော်။ ကံသမင်းကြီးသည် ထိုအဏ္ဏကဝေဏ္ဏကျွန်ကို မြိမ်းခြောက်သည်သာလျှင်တည်း၊

ထိုအဏ္ဏကဝေဏ္ဏသည် သေဘေးမှ ကြောက်သည်ဖြစ်ရကား၊ လှိုက်ကွေးမြွခဲ့သောအလုံးစုံသော အကြောင်းကိုပြောကြား၍။မင်းကြီးသည် အလွန်ကြောက်သည်ဖြစ်၍၊ အဘယ်သို့သောအကြောင်းဖြင့်ထိုမင်းသားတို့ကိုဘမ်းရကုန်အံ့နည်းဟု အမတ်တို့ကိုမေး၍။ အရှင်မင်းကြီး၊ ထိုတကျိပ်သော ညီနောင်တို့သည် လက်ဝှေ့သတ်ခြင်း လက်ပမ်းလုံးခြင်းနှဲ့ ကြူး၍။ မြို့တော်၌ လက်ဝှေ့ပွဲးသဘင်ကို ပြုစေ၍။ ထိုအခါ၊ တကျိပ်သောညီနောင်တို့လာသျှင်။ ငင်းညီနောင်တို့ကိုလက်ဝှေ့သတ်ရာပွဲးသဘင်သို့လာကြသောသူတို့ကိုဘမ်းစေ၍။ဆောင်ကုန်အံ့ဟု လျှောက်ကုန်သည်ရှိသော်။ စာရုရမည်သောသက်ပမ်းသည်၊ မုဋ္ဌိကမည်သောလက်ပမ်းသည်၊ ဤနှစ်ယောက်ကုန်သောလက်ပမ်းသည်တို့ကိုစေလွှတ်၍၊ ဤနေ့မှခုနစ်ရက်မြောက်သောနေ့၌ လက်ဝှေ့သတ်ခြင်း၊လက်ပမ်းလုံးခြင်းပွဲသဘင်သည်ဖြစ်လတံ့ဟုမြို့၌ စည်လည်စေ၍။ မင်းရင်ပြင်၌လက်ဝှေ့ပွဲသဘင်မဏ္ဍပ်ကို စီရင်ပြီးသျှင်။ သူကောင်ချရာတွင်းကိုတူးစေ၍။ လက်ဝှေ့ပွဲသဘင် မဏ္ဍပ်ကိုတန်းဆာဆင်၍၊ တန်းခွန်အုပ်ဓားကိုဖိုက်စေကုန်၏၊ မြို့အလုံးသည်အုတ်အုတ်ကျက်ကျက်ရှိသည်ဖြစ်၏၊ လည်အဆင့်ဆင့်၊ ညောင်စောင်းအဆင့်ဆင့်ဘွဲ့၍၊ စာရုရလက်ပမ်းသည်၊ ရုဋ္ဌိကလက်ပမ်းသည် တို့သည်။လက်ဝှေ့ပွဲသဘင်မဏ္ဍပ်သို့လာကုန်၍။ကြွေးကြော်ကုန်လျှက်။ ကြုံးဝါးကုန်လျှက်၊ လက်ပမ်းဘောက် ခတ်ကုန်လျှက်သွားကုန်၏။

ညီနောင်တကျိပ်တို့သည်လည်း လာလတ်ကုန်၍။ ထမင်းရောင်းသောခရီး၊နံ့သာရောင်းသောခရီး၊ကဝါသည်ခရီး၌လုယက်ဖျက်ဆီး၍။နီသော အဆင်းရှိသောပုဆိုးတို့ကိုဝတ်၍။နံ့သာရောင်းသောဈေးတို့၌နံ့သာကို၊ ပန်းရောင်းသောဈေးတို့၌ပန်းကိုလုယက်၍ နံ့သာကိုလိမ်းပြီးသောကိုယ်ရှိကုန်သည်ဖြစ်၍၊ပန်းကိုပန်ကုန်လျက်၊ရွှေနားဒောင်းဝတ်လျက်၊ ကြွေးကြော်ပြီးသော်။ လက်ပမ်းဘောက် ခတ်ကုန်လျက်၊ လက်ဖွေ့ပွဲသဘင်သို့ဝင်လာကုန်၏။ ထိုခဏ၌၊ စာရုရမည်သော လက်ပမ်းသည်သည်။ လက်ပမ်းဘောက်ခတ်လျက်။ ပွဲအလယ်၌လှည့်ပတ်၏။ ဗလဒေဝမင်းသားသည်။ ထိုစာနူရမည်သော လက်ပမ်းသည်ကိုမြင်၍။ ထိုလက်ပမ်းသည် ကိုလက်ဖြင့်မထိစေအံ့ဟုဆင်တင်းကုပ်မှကြိုးစွာသော ဆင်ချည်ကြိုးကိုယူ၍။ကြွေးကြော်ကြုံးဝါးလျက်၊ ဆင်ချည်ကြိုးနှင့် ပစ်လျှင်။ စာရုရလက်ပမ်းသည်ကို ဝမ်း၌ရစ်၍။ လွန်စ နှစ်ဘက် တို့ကို တပေါင်းတည်းပြု၍။ ကျစ်ပြီးလျှင်မြှောက်၏။ ဦးခေါင်းထက်၌ ချာချာလှည့်၍။မြေ၌ရိုက်ခတ်သတ်ပြီးလျှင်။ပွဲပြင်၌သူကောင်ချရန်တူးထားသော တွင်းသို့ပစ်လိုက်၏။

စာရုရလက်ပမ်းသည် သေသည်ရှိသော်။ ကံသမင်းကြီးသည် မုဋ္ဌိကမည်သော လက်ပမ်းသည်ကိုစေ၏၊ ထိုမုဋ္ဌိက လက်ပမ်းသည်သည်ထ၍ ကြွေးကြော် ကြုံးဝါး၍။ လက်ပမ်းဘောက်ခတ်၏။ ဗလဒေဝ မင်းသားသည်။ ထိုမုဋ္ဌိက မည်သောလက်ပမ်းသည်ကို ပုတ်ခတ်၍၊ အရိုးတို့ကိုရန့်မုန့်ညက်ညက်ကြေစေအံ့ဟု။လက်ပမ်းသည်ဟူသည်အမောင်လောဟုမေး၍။ငါလက်ပမ်းသည်တကားဟူ၍ဆို၏။ဆိုစဉ်ပင်လျှင်၊ငါသည်နင်လက်ပမ်းသည်ဟုတ်သည်၏အဖြစ်ကိုရင်း။လက်ပမ်းသည်မဟုတ်သည်၏အဖြစ်ကိုရင်း။မသိဟုလက်ကိုကိုင်၍။မြေ၌ရိုက်ခတ်၍။အသက်ကုန်ခြင်းသို့ရောက်စေပြီးလျှင်။ပွဲပြင်၌သူကောင်ချရာတူးထားသောတွင်းသို့ပစ်ချလိုက်၏။

မုဋ္ဌိကလက်ပမ်းသည်သေပါးနိုးကာလ၌။ ငါသေလွန်လျှင် ဘီလူးကြီးဖြစ်၍။ ထိုမင်းသားကိုစားရလို၏ဟု ဆုတောင်း၏။ ထိုမုဋ္ဌိကလက်ပမ်းသည်သည်ဆုယူသည့်အတိုင်းတာသမတ္တိကမည်သောတောအုပ်၌ဘီလူးကြီးဖြစ်၏။

ဦးရိုးတော်ကံသမင်းကြီးသည်ကျွန်သားညီနောင်တကျိပ်တို့ကို ဘမ်းကြကုန်ဟုထ၏။ ထိုသို့ဆိုသောခဏ၌၊ ဝါသုဒေဝမင်းသားသည်စက်လက်နက်ဖြင့်ပစ်၏။ ထိုစက်လက်နက်သည် ဦးရိုးတော် ညီနောင်မင်းနှစ်ပါးတို့၏ ဦးခေါင်းကိုကျစေ၏။ လူများအပေါင်းသည်ကြောက်ထိတ်လန့်သည်ဖြစ်၍။အကျွန်ုပ်တို့၏ကိုးကွယ်ရာ ဖြစ်ပါကုန်လောဟုဆို၍။ ထိုညီနောင်တကျိပ်တို့၏ခြေတို့၌ဝပ်၍လျှောက်ကြသော်၏။ ထိုညီနောင်တကျိပ်တို့သည်ဦးရိုးတော်မင်းနှစ်ပါးတို့ကိုသတ်၍။ အသိတဉ္ဇနမြို့၌မင်းစည်းစိမ်ကိုယူ၍။ မယ်တော်ခမည်းတော်တို့ကိုအသိတဉ္ဇနမြို့သို့ပင့်ခေါ်၍နေကုန်၏။

ထိုတကျိပ်သောမင်းညီနောင်တို့သည်ဇမ္ဗူဒိပ်ကျွန်းအလုံး၌ရှိသော မင်းတို့ကို ယူကုန်အံ့ဟု မြို့မှထွက်၍။ အစဉ်သဖြင့်ကာဠယောနကမည်သောမင်း၏ နေရာဖြစ်သောအယုဇ္ဈမြို့သို့ရောက်လျှင်။မြို့ကိုခြံရံ၍၊တည်သောကျုံးသစ်ပင်ချုံပိတ်ပေါင်းတို့ကိုထွင်ပြီးလျှင်၊ မြို့တံတိုင်းကိုဖျက်ဆီး၍၊ ယောနကမင်းကိုဘမ်းယူပြီးလျှင်။ ထိုအယုဇ္ဈပြည်ကိုမိမိတို့သိမ်းယူ၍။ ဒွါရာဝတီပြည်သို့ရောက်လေကုန်၏။ (၁) ထိုဒွါရာ ဝတီမြို့၏တဘက်မျက်နှာမှကားသမုဒ္ဒရာတဘက်မျက်နှာမှကာတောင်းရှိ၏။ထိုဒွါရာဝတီမြို့ကိုဘီလူးတို့သိမ်းဆည်းသည် ဖြစ်သတတ်၊ ထိုမြို့ကိုစောင့်ရှောက်သောဘီလူးသည်ရန်သူတို့ကိုမြင်၍။ မြည်း၏

---

(၁) ဒွါရာဝတီပြည်ဟူရာ၌။ ရေခိုင်ရာဇဝင်သမိုင်းများအလို၊ ထိုညီနောင်တကျိပ်တို့တိုက်သော မြို့ကားရခိုင်ပြည်အဝင်အပါယခု သံတွဲဟုခေါ်သောမြို့ဖြစ်သည်ဟု-ဆို၏။ထို့ကြောင့် (ဒွါရပူရုံ။မိုးသွံ့ပျံသံနှင့်ချိပ်ကာတွဲ)ဟု ကာဗျသတ္တဏာ၌စပ်၏။

အသွင်ဖြင့် မြည်းသံကိုမြည်၏။ ထိုသို့မြည်သောခဏ၌၊ ဘီလူးတို့၏အာနုဘော်ဖြင့် မြို့အလုံးသည်ကောင်းကင်သို့ပျံတက်၍။ မဟာသရဒ္ဒရာဝယ်။ ကျွန်းငယ်တခု၌တည်၏။ ရန်သူတို့သွားသည့်ရှိသော်တဘန်ပြန်လတ်၍။ မိမိနေရာ၌သာလျှင်တည်၏။

ထိုမင်းညီနောင်တကျိပ်တို့ ရောက်လာသောအခါ၌လည်း မြည်းယောင် ဆောင်သော သောဘီလူးသည် ထိုမင်းညီနောင်တကျိပ်တို့၏လာခြင်းကိုသိ၍။ မြည်း၏မြည်ခြင်းကိုမြည်၏။ ထိုမြို့သည့်ကောင်းကင်းသို့ပျံတက်၍။ သရဒ္ဒရာအသယ်ကျွန်းငယ်၌တည်၏။ ထိုမင်းညီနောင်တို့သည်မြို့ကိုမမြင်ကုန်၍။ ပြန်ကြသည့်ရှိသော်။ တဘန်လာပြန်၍။ မိမိနေရာအရပ်၌တည်ပြန်၏။ ထိုမင်းညီနောင်တို့သည်။ ဒွါရာဝတီမြို့သို့တဘန်ပြန်လာကုန်၏။ တဘန်လည်းမြည်းသည့်ထိုရှေးအတူသာလျှင်ပြု၏။ ထိုမင်းညီနောင်တကျိပ်တို့သည်ဒွါရာဝတီပြည်၌၊ မင်းအဖြစ်ကိုယူခြင်းငှါမတတ်နိုင်သည်ဖြစ်၍။ ကဏှဒီပါယနအမည်ရှိသောရသေ့အထံသို့သွားပြီးလျှင် ရှိခိုးကုန်၍။ အရှင်ဘုရား၊ အကျွန်ုပ်တို့သည်ဒွါရာဝတီမြို့၌၊ မင်းအဖြစ်ကိုယူခြင်းငှါမတတ်နိုင်ပါကုန်။ အကျွန်ုပ်တို့အား။ တခုသော အကြောင်းကို ပြုတော် မူပါကုန်လောဟုမေးလျှင်၊ သင်းမင်းသားတို့၊ ဤမြို့၏။ ကျုံးအပြင်အရပ်၌တခုသောမြည်းသည်ရှိ၏၊ ထိုမြည်းသည်လျှင်၊ ရန်သူတို့ကိုမြင်၍မြည်၏။ ထိုမြည်သောခဏ၌၊ မြို့သည်ကောင်းကင်သို့ပျံ၍သွား၏။ သင်တို့သည့်ထိုမြည်း၏ခြေတို့ကိုကိုင်၍ တောင်းပန်ကြလေကုန်။ ဤသည်လျှင်သင်တို့အထိုပြီးခြင်း၏အကြောင်းတည်းဟု ဆိုလတ်သော်။ ထိုမင်းညီနောင် တကျိပ်တို့သည် ရှင်ရသေ့ကို ရှိခိုးပြီးလျှင်သွားလေ၍။ ထိုတကျိပ်သောမင်းညီနောင်တို့သည်ပင်လျှင် မြည်း၏ခြေ၌ကိုင်ပြီးလျှင်ဝပ်၍။ အရှင့်ကိုထား၍။ အရှင်မှတပါးသောသူသည့်ကိုးကွယ်ရာမရှိပါ။ ငါတို့မြို့ကိုသိမ်းယူသောအခါ၌မမြည်ပါလင့်ဟု တောင်းပန်ကုန်၏။ မြည်းသည်ငါသည် မမြည်ဘဲနေခြင်းငှါ မတတ်ကောင်း။

သင်မင်းသားတို့သည်ကား ရှေးဦးစွာလာလေဘိကုန်၍။ လေးယောက်ကုန်သော သူတို့သည်ကြီးစွာသော သံချောင်းတို့ကိုယူ၍၊ မြို့တခါးလေးမျက်နှာတို့၌၊ ကြီးစွာသောသံတံသင်းတို့ကိုမြေ၌စိုက်၍ မြို့၏ပျံအံ့သောကာလ၌သံချောင်းတို့ကိုကိုင်၍။ သံချောင်း၌ဘွဲ့အပ်သောသံကွင်းကို သံတံသင်း၌စွပ်လေကုန်။ မြို့သည်ကောင်းကင်သို့ပျံခြင်းငှါမတတ်နိုင်လတ့်ဟုဆို၏။

ထိုမင်းညီနောင်တို့သည်ကောင်းပြီဟုဆို၍၊ထိုနေ့ညဥ့်သန်းခေါင်ယံ၌ပင်လျှင်။သံချောင်းတို့ကိုယူ၍။မြို့တံခါးလေးမျက်နှာတို့၌။သံတံသင်းတို့ကိုမြေ၌စိုက်၍သံကွင်းဖြင့်ချိတ်၍ထားကုန်၏။ထိုခဏ၌၊မြည်းသည်မြည်၏။မြို့သည်ပျံခြင်းငှါအားထုတ်ပါသော်လည်း။တံခါးလေးမျက်နှာတို့၌တည်ကုန်သောမင်းသားတို့သည်လေးခုသောသံချောင်းတို့ဖြင့်ကိုင်ကုန်၍၊ သံချောင်း၌ဘွဲ့အပ်သောသံကွင်းတို့ကို သံတံသင်းတို့၌ ဘွဲ့လျက်ရှိသောကြောင့်၊ မြို့သည်ပျံခြင်းငှါမတတ်နိုင်၊ မင်းညီနောင်တကျိပ်တို့သည်ယင်းသို့ကိုမှု မြို့သို့ဝင်ပြီးလျှင်။ မင်းကိုသတ်၍။ ဒွါရာဝတီပြည်ကိုယူကုန်၏။ ဤသို့လျှင်ထိုမင်းညီနောင်တကျိပ်တို့သည်ဇမ္ဗူဒိပ်ကျွန်းအလုံးငယ်။ ခြောက်သောင်း သုံးထောင်သောမြို့တို့၌။ ခြောက်သောင်း သုံးထောင်သော မင်းတို့ကိုစက်လက်နက်ဖြင့်အသက်ကုန်ခြင်းသို့ရောက်စေ၍ ဒွါရာဝတီပြည်ကြီး၌နေကုန်လျက်။ပြည်ထောင်အပေါင်းတို့ကိုဆယ်စုစု၍ခွဲဝေကုန်၏၊နှမတော်အဉ္ဇနဒေဝီကိုကား မအောက်မေ့မိကုန်။ ညီနောင်တဘန်တဆဲ့တစုစု၍။ ဝေအံ့ဟုဆိုသည်ရှိသော်၊ အင်္ကုရမင်းသားသည်အကျွန်ုပ်၏အစုတစုကို။ နှမတော်အဉ္ဇနဒေဝီအား။ ပေးတော်မူကုန်လော။ အကျွန်ုပ်သည်ကုန်သွားခြင်းကိုပြု၍။အသက်မွေးပါအံ့။စင်စစ်သော်ကား။ နောင်တော်တို့သည့်မိမိတို့၏ဇနပုဒ်၌ အကျွန်ုပ်အား။ ကင်းခွန်ကိုသာလွှတ်တော် မူကုန်လောဟုဆို၏။

ထိုနောင်တော်မင်းတို့သည် ကောင်းပြီဟုဝန်ခံကုန်၍။ ထို

အကိုရမင်းသား၏ အစကို၊ နှမတော်အဉ္ဇနဒေဝီအားပေး၍။ ထိုနှမတော်အနဉ္ဇဒေဝီနှင့်တကွ၊ ကိုးယောက်ကုန်သော မင်းတို့သည်ဒွါရဝတီပြည်ကြီး၌ နေကုန်၏။ ညီတော်အင်္ကုရမင်းသားသည်ကားကုန်သွယ်ခြင်းကိုပြု၏။ ဤသို့လျှင်ထိုညီနောင်တို့သည်နောက်အဘို့၌၊ သားသမီးတို့ဖြင့် ပွါးကုန်သည် ဖြစ်၍။ ရှည်မြင့်စွာသော ကာလလွန်လတ်သော်။ မယ်တော်ခမည်းတော်တို့သည် သေကုန်၏၊ ထိုအခါ၌၊ လူတို့၏အသက်နှစ်သောင်းရှည်သောကာလ၌ဖြစ်သတတ်။

ထိုအခါ၊ ဝါသုဒေဝမင်းကြီး၏ သားတော် တယောက်သည်သေ၏။ ဝါသုဒေဝမင်းကြီးသည်စိုးရိမ်သောကနှိပ်စက်သည်ဖြစ်၍။အလုံးစုံသောအမှုကိစ္စတို့ကိုပယ်၍ညောင်စောင်းပေါင်၌ဘက်၍ မြည်တမ်းလျက်ငိုကြွေး၏။ ထိုအခါ၊ညီတော်ဃဋပဏ္ဍိတ မင်းသားသည်ကြံ၏၊ ငါ့ကိုထား၍၊ ငါးမှတပါးသောတစုံတယောက်သော သူသည်နောင်တော် မင်းကြီး၏စိုးရိမ်ခြင်းကို ပျောက်ခြင်းငှါစွမ်းနိုင်သော သူမည်သည်မရှိ။ သင့်လျော်ရာအကြောင်းဖြင့်။ထိုနောင်တော်မင်းကြီး၏ စိုးရိမ်ခြင်းကိုပျောက်အံ့ဟုကြံ၏။ကြံပြီး၍၊ ထိုဃဋပဏ္ဍိတမင်းသားသည် သူရူးအသွင်ကိုယူ၍ ငါ့အားယုန်ကိုပေးကုန်လော၊ ငါ့အားယုန်ကိုပေးကုန်လောဟုဆို၍။ကောင်းကင်သို့ကြည့်လျက်။ မြို့အလုံးကိုလှည့်လည်၏။ ဃဋပဏ္ဍိတမင်းသားသည်ရူးသည်ဟုမြို့အလုံးသည်ချောက်ချား၏။ ထိုခဏ၌၊ ရောဟိဏေယျအမည်ရှိသောအမတ်သည်ဝါသုဒေဝမင်းကြီး၏အထံသို့သွား၍။ ထိုဝါသုဒေဝမင်းကြီးနှင့် စကားပြောလိုသည်ဖြစ်၍။ ။ဥဋ္ဌေဟိကဏှ ကိံ သေသိ၊ဟူသောရှေးဦးစွာသောဂါထာကိုဆို၏။ အဓိပ္ပါယ်ကား။ ။

တင့်တယ်သောဆံရှိသော။ ကဏှာယနဖြစ်တော်မူသော အရှင်မင်းကြီး။ထတော်မူဦးလော့အဘယ်ကြောင့်။ အိပ်တော်မူဘိသနည်းအရှင်မင်းကြီးအား။အိပ်ခြင်းဖြင့်။ အဘယ်အကျိုး

ရှိအံ့နည်း။အရှင်မင်းကြီး၏ညီတော်ရင်းဖြစ်သော။ အကြင်စာဝုပဏ္ဍိတမင်းသားသည်လည်း။အရှင်မင်းကြီး၏။ နှလုံးသည်းပွတ်နှင့်လည်းတူ၏။လက်ျာမျက်စိတော်နှင့်လည်းတူ၏။ထိုညီတော် စာဝုပဏ္ဍိတ မင်းသား၏။ နှလုံးကိုလေတိုးသည်ထိပါးသောကြောင့်ပျံ့လွင့်ကုန်၏၊ ထိုကြောင့်။ ညီတော်စာဝုပဏ္ဍိတမင်းသားသည်။ ငါ့အားယုန်ကို ပေးလော၊ ငါ့အားယုန်ကိုပေးလောဟုမြည်တမ်းလျက်ရှိပါသည်ဟုလျှောက်၏၊

ဤသို့ ရောဟိဏေယျမည်သော အမတ်လျှောက်သည့်ရှိသော်။ ညီတော်စာဝုပဏ္ဍိတ မင်းသား ရူးသောအဖြစ်ကို သိ၍။ ။ဝါသုဒေဝမင်းကြီးသည် ထပြီးလျှင်။ မြန်စွာပြာသာဒ်ထက်မှဆင်းသက်၍။ညီတော်စာဝုပဏ္ဍိတမင်းသားထံသို့သွား၍။လက်နှစ်ဘက်ကိုကိုင်ပြီးလျှင် စာဝုပဏ္ဍိတနှင့် စကားပြောဟောလိုရကား။ ။ကိံ နု ဥမ္မတ္တရူပေါသိ၊ ဟူသော သုံးချပြောက်သောဂါထာကိုဆို၏။အဓိပ္ပါယ်ကား။ ။

ညီတွေးစာဝုပဏ္ဍိတ အဘယ့်ကြောင့်လျှင်။ရူးသောသူကဲ့သို့ဖြစ်သနည်း။အဘယ့်ကြောင့်။အလုံးစုံသော။ဤဒွါရာဝတီမြို့ကိုဖွည့်ပတ်လျက်။ယုန်ပေးပါ၊ ယုန်ပေးပါဟူ၍မြည်တမ်းဘိသနည်း။အဘယ်သူသည်လျှင်။ သင်ညီချစ်၏ယုန်ကို။ခိုးယူလေသနည်း။ဟုမေး၏။ ။

ထိုစာဝုပဏ္ဍိတမင်းသားသည်။ နောင်တော်ဝါသုဒေဝမင်းကြီးမေးဆိုသော်လည်း။ အဘန်တလဲလဲယုန်ပေးပါ၊ ယုန်ပေးပါဟူသော စကားကိုသာလျှင်ဆို၏။ နောင်တော် ဝါသုဒေဝမင်းကြီးသည်။ ။သောဝဏ္ဏမယံမဏိမယံ၊ ဟူသောနှစ်ဂါထာကိုဆို၏။အဓိပ္ပါယ်ကား။ ။

ညီတွေးစာဝုပဏ္ဍိတ၊ သင်ညီချစ်အား။ ရွှေဖြင့်ပြီးသော။ယုန်ကိုရင်း။ ပတ္တမြားဖြင့်ပြီးသော။ယုန်ကိုရင်း။ ကြေးနီဖြင့်ပြီးသော ယုန်ကိုရင်း၊ ထိုမှတပါး ငွေဖြင့်ပြီးသော ယုန်ကိုရင်း။ ခရုသင်း၊ ကျောက်သလင်း၊ သန္တာဖြင့်ပြီးသော ယုန်ကိုရင်း။

ပြုလုပ်စေအံ့။ ။တပါးသည်းဖြစ်ကုန်သော၊ တော၌သာလျှင် ကျက် စားရာရှိကုန်သော ယုန်ငယ်တို့သည်လည်း ရှိကုန်၏။ ထိုတော၌နေသောယုန်တို့ကိုလည်း။ သင်ညီချစ်အား။ ဆောင် ၍ပေးပါအံ့။ အဘယ်သို့သဘောရှိသော။ ယုန်ကို။ သင်ညီချစ် အလိုရှိသနည်းဟုမေး၏။ ။

နောင်တော် ဝါသုဒေဝ မင်းကြီး၏ စကားကိုကြား၍။ ညီ တော်ဃဋပဏ္ဍိတမင်းသားသည်။ ။နာဟမေတေဣစ္ဆာမိ၊ ယေသသာ ပထဝိဿိတာ။ စန္ဒတောသသမိစ္ဆာမိ၊ တံမေဩ ဟရကေသဝ။ ။ဟူသော ခြောက်ချခြောက်သောဂါထာကို ဆို၏။အနက်ကား။ ။

ကေသဝ၊ ကေသဝအမည်ရှိသော၊ အဂ္ဂဇနှ၊ နောင်တော် မင်းမြတ်။ ပထဝိဿိတာ၊ မြေကိုမှီ၍နေကုန်သော။ ယေသသာ၊ အကြင်ယုန်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတေ၊ ထိုမြေကိုမှီ၍နေ ကုန်သောယုန်တို့ကို။ အဟံ၊ ငါသည်။ နဣစ္ဆာမိ၊ အလိုမရှိ။ စန္ဒ တော၊ လမှ။ ယံသသံ၊ အကြင်ယုန်ကို၊ ဣစ္ဆာမိ၊ အလိုရှိ၏။ တံသ သံ၊ ထိုလကိုမှီသောယုန်ကို။ မေ၊ ငါ့အား။ ဩဟရ၊ ချဆောင်၍ ပေးတော်မူလောဟုတောင်းလေ၏။ ။

နောင်တော် ဝါသုဒေဝမင်းကြီးသည်။ ညီတော်ဃဋပဏ္ဍိ တစကားကိုကြား၍။ မချွတ်လျှင် ညီတော်သည်ရူးသည်သာ လျှင်ဖြစ်ချေပြီဟု။ နှလုံးမသာခြင်းသို့ ရောက်သည့်ဖြစ်၍။ ။ သောနူနမဓုရံဉာတိ၊ ဇီဝိတံဝိဇဟိဿသိ၊ အပတ္ထိယံသောပတ္ထ ယသိ၊ စန္ဒတော သသမိစ္ဆသိ။ ။ဟူသော ခုနစ်ချခြောက် သောဂါထာကိုဆို၏။အနက်ကား။ ။

ဉာတိ၊ညီထွေးဃဋပဏ္ဍိတ။ သောတွံ၊ ထိုညီချစ်သည်။ စန္ဒ တော။လမှ။ယံသသံ၊အကြင်ယုန်ကို။ ဣစ္ဆသိ၊တောင့်တ၏။အ ပတ္ထိယံ၊မတောင့်တအပ်သော။ တံသသံ၊ထိုယုန်ကို။ ပတ္ထယ သိ၊တောင့်တဘိ၏။ သောတွံ၊ထိုညီချစ်သည်။ မဓုရံ၊ကောင်း မြတ်ဖွယ်စွာသော။ဇီဝိတံ၊အသက်ကိုသော်လည်း။ ဝိဇဟိဿသိ

နှုန်၊ဗွန့်ရအံ့သည့်ဘကား။ သသံ၊ လဋ္ဌထင်သောယုန်ကို။ နလ ဘိသတိ၊မရနိုင်လတံ့။ဟူ၍ဆို၏။ ။

ဃဋ္ဋပဏ္ဍိတ မင်းသားသည်။ နောင်တော်ဝါသုဒေဝမင်း ကြီး၏စကားကိုကြားလျှင်။မတုန်မလှုပ်ရပ်၍။နောင်တော်မင်း မြတ်၊ သင်နောင်တော်မင်းမြတ်သည်။ လ၌ယုန်ကိုတောင့်တ သောအကျွန်ုပ်အား။ ထိုယုန်ကိုမရနိုင်၍သာလျှင်။အသက်ကုန် အံ့သော အဖြစ်ကိုကားသိ၏။ ယင်းသို့ သိပါလျက်။ အဘယ့် ကြောင့်သေသေပြီးသောသားတော်ကို စိုးရိမ်းဘိသနည်းဟု ဆိုသို၍။ ။ဝေဋ္ဌကဗျာဇာနာသိ၊ ဟူသောရှစ်ချမြောက်သော ဂါထာကိုဆို၏။အဓိပ္ပါယ်ကား။ ။

ကဗျာအနှုသ်ဖြစ်တော်မူသော၊ နောင်တော်မင်းမြတ်။ ဤ သို့အကယ်၍သိအံ့။သိသည်ဖြစ်၍။တပါးသောသူကို။ အကယ် ၍ဆုံးမသည်ဖြစ်အံ့။ ထိုသို့သိပါလျက်၊ ဆုံးမနိုင်ပါလျက်၊ ရှေး သေးလအထက်၌။သေလေပြီးသော၊ သားတော်ကို။ အဘယ့် ကြောင့်။ ယခုထက်တိုင်အောင်လည်း။ စိုးရိမ်ဘိသနည်း ဟု မေး၏။

ဤသို့လျှင်ဃဋ္ဋပဏ္ဍိတမင်းသားသည်ခရီးမ၌ရပ်လျက်သာ လျှင်။ နောင်တော်မင်းမြတ်၊ အကျွန်ုပ်သည် ထိုမျှလောက်ထင် သောယုန်ကိုတောင့်တ၏။ နောင်တော်မင်းမြတ်သည်မူကား။ မထင်သောသားတော်၏ အကျိုး၌ စိုးရိမ်ဘိ၏ဟုဆို၍၊ နောင် တော်ဝါသုဒေဝမင်းအားတရားဟောလိုရကား ။ယံနလဗ္ဘာ မနုဿေန၊အမနုဿေနဝါပုန။ဇာတောမေမာမရိပုတ္တော၊ ကုတော လဗ္ဘာအလဗ္ဘိယံ၊ ။နမန္တာမူလဘေသဇ္ဇာ၊ ဩသဓေ ဟိဓနေနဝါ။ သက္ကာအာနယိတုံကဗျာ၊ ယံပေတ မနုသောစ သိ။ ။ဟူသောနှစ်ဂါထာကိုဆို၏။ အနက်ကား။ ။

ဘာတိက၊ နောင်တော်မင်းမြတ်။ဇာတော၊ ဖြစ်ပြီးသော။ မေပုတ္တော၊ ငါ၏သားသည်။ ပုန၊တဘန်။ မမာရိ၊မသေပါစေ လင့်။ဣတိ၊ဤသို့၊ယံသဘာဝံ၊ အကြင်သေအံ့သောသဘောကို။

မနုဿသေနဂါ၊ လူသည်၎င်း၊ အမနုဿသေနဂါ။ နတ်ပြဟ္မာသည် ၎င်း၊ ယသ္မာ၊ အကြင်ကြောင့်။ နလဗ္ဘာ၊ မရအပ်ကုန်။ တသ္မာ၊ ထိုကြောင့်။အလဗ္ဘိယံ၊တောင့်တ၍မရအပ်သောသဘောကို။ ကုတောလဗ္ဘာ၊အဘယ်မှာရတော့အံ့နည်း။ ။ကဏှ၊ ကဏှ အနွယ်ဖြစ်တော်မူသော။ဘာတိက၊နောင်တော်မင်းမြတ်။ တွံ၊ သင်နောင်တော်မြတ်သည်။ယံပေတံ၊ အကြင်တမလွန်ဘဝသို့ သွားလေပြီးသောသူကို။အနုသောစသိ၊အဘယ်ကြောင့်စိုးရိမ် ဘိသနည်း။မန္တာ၊မန္တရားဗေဒင်ဖြင့်၎င်း။ မူလဘေသဇ္ဇာ၊ မြစ် ပေါင်းဆေးဖြင့်၎င်း။ဩသဓေဟိ၊အထူးထူးသောဆေးတို့ဖြင့် ၎င်း။ဓနေန၀ါ၊ ဥစ္စာပေးသဖြင့်၎င်း။အာနယိတုံ၊တဘန်ဆောင် ခြင်းငှါ။နသက္ကာ၊မတတ်ကောင်းချေဟူ၍ဆို၏၊ ။

နောင်တော် ဝါသုဒေဝမင်းကြီးသည်။ ညီတော် ဃဋပဏ္ဍိ တမင်းသား၏စကားကိုကြား၍။ ညီချစ်ဃဋပဏ္ဍိတ၊အမောင့် စကားသင့်လှပေပြီ။ငါသည်သတိရပြီ။ ငါ့အားစိုးရိမ်သောက ဗျာပါဒကို ပျောက်ခြင်းငှါ သင်ညီချစ်သည်၊ ဤသို့သောအမှု အရာကိုပြုပေ၏ဟု။ ညီတော်ဃဋပဏ္ဍိတမင်းသားကို ချီးမွမ်း လိုရကား။ ။ယဿေတာဒိသာအဿု။ ။ဟူသောလေးဂါ ထာကိုဆို၏။ အဓိပ္ပါယ်ကား။ ။

ဒို အမတ် အပေါင်းတို့၊ အကြင် သို့သော ဥပမာ ဖြင့်။ ယောကျ်ားမြတ်ဖြစ်သော။ ဃဋပဏ္ဍိတသည်။ စိုးရိမ်ခြင်းနှိပ် စက်သော ငါ့ကို။ စိုးရိမ်ခြင်းမှ ကင်းစေ၏၊ ထိုသို့သောအ ကြောင်းဖြင့်၊ အကြင်မင်းအား။ ထိုသို့သဘောရှိကုန်သော။ အ မတ်ပညာရှိ ယောကျ်ားတို့သည်၊ ရှိသည်ဖြစ်ကုန်ငြားအံ့။ ထို အမတ်ပညာရှိယောကျ်ားနှင့် ပြည့်စုံသောမင်းအား။ အဘယ် မှာစိုးရိမ်သောကရှိရအံ့နည်း။ ။ထောပတ်နှင့်သွန်းအပ်သော မီးသည်။ ငြိမ်းသကဲ့သို့။ သောကမီးလောင်သော ငါ့ကို ငြိမ်း စေ၏တကား။ရေဖြင့်သွန်း လောင်းဘိသကဲ့သို့။အလုံးစုံကိုယ် ၏ပူပန်ခြင်း၊ စိတ်၏ပူပန်ခြင်းကိုငြိမ်းစေ၏။ အကြင်ငါ့ညီ

ဃဋပဏ္ဍိတသည်။ စိုးရိမ်ခြင်းနှိပ်စက်သော။ သား၌ဖြစ်သော စိုးရိမ်ခြင်းကို။ပယ်ဖျောက်၍၊ နှလုံးကိုမှီသော။ အကြင်စိုးရိမ်ခြင်းတည်းဟူသော ငြောင့်သည်ဖြစ်၍၊ ငါ၏ ထိုစိုးရိမ်ခြင်းတည်းဟူသော ငြောင့်ကို။ ထိုငါ့ညီဃဋပဏ္ဍိတသည်။ နှုတ်ယူအပ်စွတကား။ ။ညီတော်ဃဋပဏ္ဍိတ။သင်ညီချစ်၏။တရားစကားကို နာရ၍။ ငါသည်၊ နှုတ်အပ်ပြီးသော စိုးရိမ်ခြင်းတည်းဟူသောငြောင့်ရှိပြီ။ စိုးရိမ်ခြင်း ကင်းသည်။ မနောက်ကျသည့်ဖြစ်ပြီ။မစိုးရိမ်။မငိုတမ်းတော့ပြီဟုဆို၏။ ။

ဤသို့လျှင်ညီတော်ဃဋပဏ္ဍိတမင်းသားသည် အကြောင်းကိုဥပမာဆောင်၍ပြုအပ်သော။စိုးရိမ်ခြင်းရှိသောနောင်တော်ဝါသုဒေဝမင်းကြီးသည်။ ပြည်သူ အပေါင်းကို ဆုံးမလျက်။ ရှည်မြင့်စွာသော ကာလကိုလွန်သဖြင့်။ ညီနောင်မင်းတကျိပ်တို့၏သားတော်ဖြစ်ကုန်သောမင်းသားတို့သည်ကြံကြကုန်၏။

အရှင်ကဏှဒီပါယနရသေ့ကို ဒိဗ္ဗစက္ခုအဘိညာဉ်ရှိ၏ဟု၍ဆိုကုန်၏။ စုံစမ်းကုန်အံ့ဟုထိုမင်းသားတို့သည် တယောက်သောမင်းသားငယ်ကို တန်းဆာဆင်၍။ ကိုယ်ဝန်ရှိသော အခြင်းအရာဖြင့်။ ဝမ်း၌သားရေကို ဖွဲ့၍။ ထိုရှင်ရသေ့၏အထံသို့ဆောင်ပြီးလျှင်။အရှင်ဘုရား၊ဤသူငယ်မသည် အဘယ်ကိုဘွားလတ်အံ့နည်းဟု မေးကုန်၏၊ ကဏှဒီပါယန ရှင်ရသေ့သည်။ဒိဗ္ဗစက္ခုဖြင့်ကြည့်သည်ရှိသော်၊ ညီနောင်တကျိပ်မင်းတို့၏ပျက်စီးအံ့သောအခါရောက်ပြီ။ငါ၏အာယုသင်္ခါရသည်ကားအဘယ်သို့ သဘောရှိသနည်းဟု ကြည့်လတ်သော်။ယနေ့ပင်လျှင်၊ ငါ့အားသေခြင်းသည်ဖြစ်လတ္တံ့ဟုသိ၍။ မင်းသားတို့၊ ဤသားဘွားအံ့သော အကြောင်းဖြင့်။ သင်မင်းသားတို့အား။အဘယ်အကျိုးရှိအံ့နည်းဟုဆို၏။အရှင်ဘုရား၊ ဆိုတော်မူကုန်လောဟုဆိုသည်ရှိသော်။ဤသူငယ်မသည် ဤနေ့မှခုနစ်ရက်မြောက်သောနေ့၌၊ ရှားတုံးကိုဘွားလတ္တံ့။ ထိုရှားတုံးဖြင့် ဝါသုဒေဝမင်းမျိုးသည် ပျက်စီးလတ္တံ့၊ စင်စစ်သော်ကား။ အ

ရှင်မင်းသားတို့သည်။ဘွားလတ်ံသောရှားကျုံးကိုယူ၍။မီးဖုတ်ပြီးလျှင်။ပြာကိုမြစ်ပြင်၌ချလေကုန်လောဟုဆို၏။

ထိုသို့ဆိုသောအခါ၌၊ထိုကဏှဒီပါယနရသေ့ကိုမင်းသားတို့သည်။ ဟယ်စဉ်းလဲသောရသေ့၊ ယောကျ်ားသည် သားဘွားသောမည်သည်မရှိ တကားဟုဆို၍၊ ယက်ကန်းကြီးဖြင့်ထန်းဖူးစည်းစည်း၏။ညှင်းဆဲခြင်းအမျိုးမျိုးကိုပြုကုန်၏၊ထိုအရပ်၌ပင်လျှင်။ ရသေ့အသက် ကုန်ခြင်းသို့ ရောက်စေ ကုန်၏။ မင်းကြီး တို့သည် မင်းသားငယ်တို့ကို ခေါ်စေ၍။ အဘယ်ကြောင့်ရှင်ရသေ့ကိုသတ်ကုန်သနည်းဟုမေး၍။အလုံးစုံသောစကားကို ကြားရလျှင်၊ ကြောက်ကုန်သည်ဖြစ်၍။ ထိုသူငယ်အားအစောင့် အရှောက်ကို ပေးပြီးလျှင်၊ ခုနစ်ရက် မြောက်သောနေ့၌၊ထိုသူငယ်၏ဝမ်းမှဘွားသောရှားတုံးကို မီးဖုတ်၍၊ပြာကိုမြစ်၌ပစ်ချကုန်၏။

ထိုပြာသည်မြစ်၌မျောသည်ရှိသော်၊ မြစ်ဝနံပါးတဘက်၌တင်လေ၏၊ထိုနေရာမှ ပြိန်းမြက်သည်ဖြစ်၏၊ ထိုအခါ၊ တနေ့သ၌မင်းတို့သည် သမုဒ္ဒရာ၌ကစားခြင်းကို ကစားကုန်အံ့ဟုမြစ်မသို့သွားကုန်၍။ ကြီးစွာသော မဏ္ဍပ်ကို ဆောက်စေ ပြီးလျှင်။ တန်းဆာဆင်သော မဏ္ဍပ်၌ စားသောက် ပျော်ပါးကစားကုန်သည် ရှိသော်၊ လက်ခြေ ထိပါးကြကုန်သည် ဖြစ်၍။ နှစ်ကွဲးကွဲးကြကုန်၍။ ကြီးစွာသောခိုက်ရန်ကိုပြုကုန်၏။ ထိုသို့ခိုက်ရန်ဖြစ်ကြကုန်လတ်သော်။ တယောက်သောသူသည် တပါးသောဆောက်ပုတ်ကို မရသည်ဖြစ်၍။ ပြိန်းမြက်တောမှ၊ ပြိန်းရွက်ကိုကိုင်၏။ ထိုပြိန်းရွက်သည် ကိုင်မိကာမျှဖြင့်လျှင်။ ရှားကျည်ပွေ့ဖြစ်၏။ထိုယောကျ်ားသည်ထိုရှားကျည်ပွေ့ဖြင့်။ လူအပေါင်းကိုရိုက်ပုတ်၏။ ထိုနောက်၌ တပါးသော အလုံးစုံသောပြိန်းမြက်ပင် အပေါင်းတို့သည်လည်း။ ကိုင်တိုင်း ကိုင်တိုင်း ရှားကျည်ပွေ့တို့သည်သာလျှင် ဖြစ်ကုန်၏။ ထိုအခါလူ

များအပေါင်းတို့သည်အချင်းချင်းရိုက်ပုတ်ကြကုန်၍၊ ကြီးစွာသောပျက်စီးခြင်းသို့ရောက်ကုန်၏။

ထိုလူများအပေါင်းတို့သည်ကြီးစွာသော ပျက်စီးခြင်းဖြင့် ပျက်စီးကုန်သည်ရှိသော်၊ ဝါသုဒေဝမင်းကြီးရင်း၊ ဗလဒေဝမင်းကြီးရင်း၊ နှမတော်အဉ္ဇနဒေဝီရင်း၊ ပုရောဟိတ်ပုဏ္ဏားရင်း၊ ဤလေးယောက်ကုန်သောသူတို့သည် ရထားစီး၍ပြေးကြကုန်၏၊ ကြွင်းကုန်သောအလုံးစုံသော လူအပေါင်းတို့သည် ပျက်စီးကုန်၏၊ လေးယောက်ကုန်သောသူတို့သည်သည်း ရထားစီး၍ပြေးကုန်သည် ရှိသော်။ တာလမဋ္ဋိကာမည်သော တောအုပ်သို့ရောက်ကုန်၏။ ရဗ္ဗိကမည်သော လက်ပမ်းသည်သည် ဘီလူးဖြစ်၍။ စားရလိုသောဟုဆုတောင်းခြင်းကိုပြု၍။ ထိုတောအုပ်၌ဘီလူးကြီးဖြစ်၏။ ဗလဒေဝမင်းသားသည်ကိုသိလျှင်။ ထိုတောအုပ်၌ရှုဘနံဆင်း၍။ လက်ပမ်းသည်၏ အသွင်ကိုယူပြီးလျှင်။ အဘယ်သူသည် လက်ဖြေ့သတ်လိုသနည်း။ လက်ပမ်းလုံးလိုသနည်းဟုကြွေးကြော်ကြုံးဝါးလျက်။ လက်ပမ်းဘောက်ခတ်လျက် မှည့်လည့်၏။ ဗလဒေဝမင်းသားသည်၊ ထိုလက်ပမ်းသည်အယောင်ဆောင်သောဘီလူးကိုမြင်၍။ နောင်တော်ဝါသုဒေဝမင်းကြီးကိုဆို၏၊ ဤလက်ပမ်းသည်နှင့် လုံးထွေးအံ့ဟုဆို၍၊ ဝါသုဒေဝမင်းကြီးသည် တားမြစ်စဉ် ပင်လျှင်။ ရထားမှဆင်းသက်ပြီးမှ။ ထိုဘီလူးအထံသို့သွား၍။ ဟစ်အော်ကြုံးဝါးလျက်၊ လက်ပမ်းဘောက်ခတ်၏၊ ထိုအခါ၊ ဗလဒေဝမင်းသားကို ထိုဘီလူးသည် ဆန့်သောသက်ဦ သာလျှင် ကိုင်၍ ကြာစွယ်ကြာရင်းကိုစားသကဲ့သို့စား၏။

ဝါသုဒေဝမင်းကြီးသည်။ ညီတော်ဗလဒေဝမင်းသားသေသောအဖြစ်ကိုသိ၍။ နှမတော်အဉ္ဇနဒေဝီကိုရင်း၊ ပုရောဟိတ်ပုဏ္ဏားကိုရင်းယူ၍၊ ညဉ့်သုံးယာမ် ပတ်လုံးသွား၍။ နေထွက်သောအခါ၌။ တရသော ရွာစွန်းအရပ်သို့ရောက်လျှင်ထမင်းကိုချက်၍။ ဆောင်ခဲ့ကုန်လောဟု နှမတော်ကိုရင်း၊ ပုရောဟိတ်

ကိုငင်းရွာသို့စေလိုက်၍။မိမိသည်တခုသောချုံထဲ၌အိပ်၏။ထို
အခါ၊ဝါသုဒေဝမင်းကြီးကို။ဇရာမည်သောတယောက်သော
မုဆိုးသည်ချုံလှုပ်သည်ကိုမြင်လျှင်။ ဤချုံ၌ဝက်ရှိသည်ဖြစ်လ
တံ့ဟူသော အမှတ်ဖြင့်။ လှံကိုလွှတ်လိုက်၍၊ ခြေကိုထိုး၏။ အ
ဘယ်သူသည် ငါ့ကိုထိုးသနည်းဟု ဆိုလတ်သော်။ လူကိုထိုး
မိသော အဖြစ်ကိုသိလျှင်။ ကြောက်သည်ဖြစ်၍၊ ပြေးခြင်းငှါ
အားထုတ်၏။

ဝါသုဒေဝမင်းကြီးသည်သတိကို ဆောက်တည်၍၊ ထပြီး
လျှင်။ဦးရီးမကြောက်လင့်၊လာလှည့်ဟုခေါ်၍၊ လာလတ်သော်၊
မုဆိုးကိုသင်သည်အဘယ်အမည်ရှိသနည်းဟုမေး၍။ အရှင်၊
အကျွန်ုပ်သည်ဇရာအမည်ရှိသတတ်ဟုဆိုသည်ရှိသော်။ ဇရာ
မည်သောသူသည်ထိုး၍သေလတံ့ဟု ငါ့ကိုပညာရှိတို့သည်
ဟောဘူးကုန်သတတ်၊မချွတ်လျှင်ယနေ့ငါသည်သေရအံ့၊ထို့
ကြောင့်၊ဦးရီးသည်မကြောက်လင့်။ လာလှည့် ငါ့ခြေကို ကျပ်
စည်းပါလောဟုထိုဇရာမည်သောမုဆိုးကို။ လှံရှူးရာအရပ်၌
ကျပ်စည်းစေပြီးလျှင်။ထိုမုဆိုးကိုလွှတ်လိုက်၏။

ဝါသုဒေဝမင်းကြီးသည်၊ပြင်းစွာသော ဝေဒနာတို့ဖြစ်လာ
ကုန်သည်ရှိသော်။ ထိုနှမတော်၊ ပုရောဟိတ်တို့သည် ဆောင်
ယူခဲ့သောအစာတို့ကို စားခြင်းငှါ မတတ်နိုင်။ ထိုအခါ၊ထိုနှစ်
ယောက်သောသူတို့ကိုခေါ်၍။ ယနေ့ငါသည် သေရလတံ့ဟု
ဆို၍ သင်တို့သည်ကား၊နူးညံ့သောကိုယ်ရှိကုန်၏။တပါးသော
အမှုကိုပြု၍။ အသက်မွေးခြင်းငှါ မတတ်နိုင်ကုန်လတံ့။ ဤအ
တတ်မန္တန်ကိုသင်ကြားကုန်သောဟုတခုသော မန္တန်ကိုသင်
စေပြီးလျှင် လွှတ်လိုက်၍၊ထိုချုံ၌ပင်လျှင်။ အသက်ကုန်ခြင်းသို့
ရောက်လေ၏။

ဤသို့လျှင်နှမတော် အဥ္ဇနဒေဝီကို ထား၍၊ အလုံးစုံသော
မင်းညီနောင်တကျိပ်တို့၏ သားတော်၊ မြေးတော် အစရှိကုန်
သော။ဒွါရာဝတီပြည်ကြီးသူအပေါင်းတို့သည်ပျက်စီးခြင်းသို့

ရောက်လေကုန်ပြီ၊ ခပ်သိမ်းကုန်သော တေဘူမက သင်္ခါရတရားတို့သည်အမြဲမရှိကုန်။ ဆင်းရဲခြင်း၏ အကြောင်းသောလျှင်ဖြစ်ကုန်၏၊

သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍။ဒါယကာ၊ ဤသို့ရှေးပညာရှိတို့သည်ပညာရှိတို့၏ စကားကိုနာရ၍၊ မိမိ၏သားငယ်၌ဖြစ်သောစိုးရိမ်ခြင်းကို ပယ်ဖျောက်ကုန်၏။သင်ဒါယကာသည်မစိုးရိမ်လင့်ဟု မိန့်တော်မူပြီးလျှင်။ သစ္စာတို့ကိုပြတော်မူ၍။ ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာကိုပြတော်မူသည့်၏အဆုံး၌။ သားသေသော သူကြွယ်သည်သောတာပတ္တိဖိုလ်၌တည်၏။

ဇာတ်ကိုအဘယ်သို့ပေါင်းတော်မူသနည်းဟူမူကား၊ ယခုအခါ၊အာနန္ဒာသည်၊ထိုအခါ၊ရောဟိဏေယျအမတ်ဖြစ်ဘူးပြီ။ ယခုအခါ၊သာရိပုတ္တရာသည်။ ထိုအခါ၊ ဝါသုဒေဝမင်းကြီးဖြစ်ဘူးပြီ။ ယခုအခါ ငါဘုရားပရိသာတ်တို့သည်။ထိုအခါ၊ကြွင်းကုန်သောညီနောင်စသောပရိသတ်တို့သည်ဖြစ်ဘူးကုန်ပြီ၊ ယခုအခါ၊ ငါဘုရားသည့်လျှင်။ ထိုအခါ၊ ဃဋပဏ္ဍိတမင်းသားဖြစ်ဘူးပြီ။ဤသို့ဇာတ်ကိုပေါင်းတော်မူ၏။

ဒသနိပါတ်ကျမ်းမှ။ ၆-ခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ ဃဋပဏ္ဍိတဇာတ်ကို။ ထုတ်နုတ်သုဓ်သင်၍ ပြခြင်းသည်၊ ဤမျှသော သဒ္ဒါ၏ အစဉ်၊ အနက်၏ အစဉ် အားဖြင့် အပြီးသို့ရောက်၏။ ။

---

## ၉။ ပဒကုသလမာဏဝဇတ်။

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဗဟုဿုတံ"အစရှိသော ဂါထာပုဒ်ဖြင့် တန်းဆာ ဆင်အပ်သော ဤပဒကုသလမာဏဝဇာတ်ကိုဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော် မူစဉ်တ

ယောက်သော သူကြွယ်ကိုအကြောင်းပြု၍ ဟောတော်မူ၏။ သာဝတ္ထိပြည်၌သူကြွယ်သားဖြစ်သောသူသည်။ ခုနစ်အရွယ်၌လျှင်ခြေရာ၌လိမ္မာသည့်ဖြစ်သတတ်။

ထိုအခါ၊ ထိုသူငယ်၏အဘသည် ဤသူငယ်ကိုစုံစမ်းအံ့ဟု ထိုသူငယ် မသိစဉ်အခါ၌လျှင် အဆွေခင်ပွန်းအိမ် သို့သွား၏။ သူငယ်သည် အဘသွားရာအရပ်ကိုမမေးမူ၍လျှင် ထိုအဘ၏ ခြေရာကိုအစဉ်မှီးသွား၍အဘထံသို့ရောက်၏။ ထိုအခါထိုသူငယ်ကိုအဘသည် တနေ့သ၌အမောင်၊ *ငါသည့်သင့်ကိုမသိစေမူ၍သွားလျက်လည်းငါ၏နေရာအရပ်ကိုသင်သိ၏အဘယ်ကြောင့်သိသနည်းဟုမေးရာ၊ ကျွန်ုပ်သည်အဘ၏ခြေရာကိုသိနိုင်၏ခြေရာ၌လိမ္မာ၏ဟုသူငယ်ဆို၏။

ထိုအခါသူငယ်အားအဘသည် စုံစမ်းအံ့သောငှါနံနက်စာစားပြီးသော်အိမ်မှထွက်၍အခြားမဲ့ဖြစ်သောအိမ်နီးချင်းအိမ်သို့သွား၍ ထိုအိမ်မှသုံးခုမြောက်ဖြစ်သော အိမ်သို့ဝင်၍။ သုံးခုမြောက်ဖြစ်သော အိမ်မှထွက်၍ တဘန်မိမိအိမ်သို့လာ၍ မိမိအိမ်မှမြောက်တံခါးသို့ထွက်၍ ဇေတဝန်ကျောင်းသို့ သွားပြီးလျှင်။ဘုရားကိုရှိခိုး၍တရားတော်ကိုနာလျက်နေ၏။

သူငယ်သည် ငါ့အဘဘယ်အရပ်သို့သွားသနည်းဟု မေး၏။ ငါတို့မသိကုန်ဟု ဆိုလတ်သော်။အဘ၏ ခြေရာကိုအစဉ်လျှောက်သဖြင့်အိမ်နီးချင်း၏အိမ်ကိုအစပြု၍ အဘသွားသောခရီးဖြင့်လျှင်ဇေတဝန်ကျောင်းတော်သို့သွား၍ဘုရားကိုရှိခိုး၍ အဘအထံ၌နေ၏။ အဘသည်အမောင်၊ ငါဤသို့လာသောအဖြစ်ကိုသင်အဘယ်သို့ သိသနည်းဟုမေးသည့်ရှိသော်။ ကျွန်ုပ်သည်အဘ၏ခြေရာကိုသိ၍ ခြေရာကိုလျှောက်သဖြင့် လာ၏ဟုဆို၏။

သဗ္ဗညုမြတ်စွာဘုရားသည်။သိတင်းသည့်၊သင်အဘယ်သို့ဆိုသနည်းဟုမေးတော်မူ၍၊ဘုန်းတော်ကြီးသောအရှင်ဘုရား ဤသူငယ်သည်ခြေရာ၌လိမ္မာ၏။ အကျွန်ုပ်သည်ဤသူငယ်ကို

ဗုံစမ်းထို၍ဤမည်သောအကြောင်းဖြင့်လာ၏။ ဤသူငယ်သည်လည်းအကျွန်ုပ်၏ ခြေရာကိုလျှောက်သဖြင့်လာနိုင်၏။ ဟု၊နားတော်လျှောက်သည်ရှိသော်။ သိတင်းသည်၊ မြေ၌ထင်သောခြေရာကိုသိခြင်းသည်အံ့ဘွယ်မရှိသေး။ ရှေးပညာရှိတို့သည်ကောင်းကင်၌ထင်သော ခြေရာကိုသိဘူးကုန်၏ဟု မိန့်တော်မူ၍၊ထိုသိတင်းသည်သည်တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကိုဆောင်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းမင်းပြုသည်ရှိသော် ဗြဟ္မဒတ်မင်း၏မိဘုရားသည် လွန်ကျူးသောအကျင့်ကိုကျင့်၍မင်းသည် မေးအပ်သည်ရှိသော်၊မြတ်သောမင်းကြီး၊အကျွန်ုပ်သည်အကယ်၍ အရှင်မင်းကြီးတို့ကိုလွန်ကျူး၍ကျင့်အံ့။ အဿမုခီဘီလူးမဖြစ်စေသတည်းဟုကျိန်၍၊ထိုကိုယ်၏အဖြစ်မှစုတေသောလွန်၍ တခုသောတောင်ခြေရင်း၌ အဿမုခီဘီလူးမဖြစ်၍ တခုသောထိုဏ်၌ နေလျက်တောအုပ်ကြီး၌ အရှေ့အစွန်းမှသည် အနောက်သို့ သွားကုန်သောလူတို့ကိုဘမ်းစားကုန်၏၊ ထိုအဿမုခီဘီလူးမသည် သုံးနှစ်ပတ်လုံးဝေဿဝဏ် နတ်မင်းကိုခစား၍၊ အလျားအားဖြင့်ယူဇနာ (၃၀) အနံအားဖြင့်ငါးယူဇနာရှိသောအရပ်၌ရောက်လာသောသူတို့ကိုစားခြင်းငှါအခွင့်ရသတတ်။

ထိုအခါ၊တနေ့သ၌ကြွယ်ဝသော များသောဥစ္စာစည်းစိမ်ရှိသောအဆင်းလှသော ပုဏ္ဏား တယောက်သည် များစွာသောလူတို့ဖြင့် ခြံရံလျက်ထိုခရီးသို့ ထွက်သွား၏။ အဿမုခီဘီလူးမသည်ထိုပုဏ္ဏားကိုမြင်လျှင်နှစ်သက်၍ ပြေးလာ၏။ထိုအဿမုခီဘီလူးမကိုမြင်၍ ပုဏ္ဏား၏ အခြံအရံဖြစ်သောလူတို့သည်ပြေးကုန်၏။ အဿမုခီဘီလူးမသည် လေကဲ့သို့လျှင်မြန်သောအဟုန်ဖြင့် လာလတ်၍ပုဏ္ဏားကိုဘမ်းယူ၍ ကျော၌တင်ယူ၍ ထိုဏ်သို့သွားလတ်သော်။ ယောကျ်ား၏ အတွေ့ကိုရ၍ကိလေသာ၏ အစွမ်းအားဖြင့် ထိုပုဏ္ဏားအား ချစ်ခြင်းကိုဖြစ်

စေ၍။ထိုပုဏ္ဏားကိုမစားဘဲးမိမိလင်ပြု၏။ထိုနှစ်ယောက်သော သူတို့သည်သည်းညီညွတ်သင့်တင့်စွာ နေခြင်းဖြင့်နေကုန်၏။ ထိုအခါမှစ၍ ဘီလူးမသည်လူတို့ကို ဘမ်းယူလတ်သော်။ အဝတ်၊ဆန်၊ဆီ အစရှိသည့်တို့ကိုယူ၍ ပုဏ္ဏားအား အထူးထူးသော မြတ်သောအရသာရှိသော ဘောဇဉ်တို့ကိုပေး၍။ မိမိမှာကား လူသားကိုစား၏။ တပါးသို့သွားသော ကာလပုဏ္ဏားပြေးအံ့သည့် မှစိုးရိမ်သောကြောင့်ကြီးစွာသောကျောက်ဖြင့် ထိုဂူတံခါးကိုပိတ်၍သွား၏။

ထိုနှစ်ယောက်သောသူတို့သည် ဝမ်းမြောက်ဝမ်းသာနေကုန်လတ်သော်။ ဘုရားလောင်းသည်။ဖြစ်ရာအရပ်မှစုတေ၍ ပုဏ္ဏားကိုစွဲ၍။အသဿရခိဘီလူးမဝမ်း၌ပဋိသန္ဓေနေ၏။ အသဿရခိဘီလူးမသည်ဆယ်လလွန်သဖြင့်သားကိုဘွား၍သား၌ရင်း၊ ပုဏ္ဏား၌ရင်းကြီးစွာသော ချစ်ခြင်းရှိသည်ဖြစ်၍။ နှစ်ယောက်သောသာအဘထိုကိုမွေးမြူ၏။အသဿရခိဘီလူးမသည်နောက်အဘို၌ သားကြီးခြင်းသို့ ရောက်လတ်သော် အဘနှင့်တကွ ထိုဂူတွင်းသို့သွင်း၍တံခါးကိုပိတ်ထား၏။

ထိုအခါတနေ့သ၌ ဘုရားလောင်းသည် ဘီလူးမ၏ သွားသောကာလကိုသိ၍။ ကျောက်ဖျာကိုပယ်၍ အဘကိုထိုဂူအပ၌ထား၏။ထိုဘီလူးမသည် လာသတ်၍ အဘယ်သူသည် ထိုကျောက်ဖျာကိုပယ်သနည်းဟုဆိုလျှင်။ ။မိခင်၊ကျွန်ုပ်သည် မိုက်မှောင်၌ နေခြင်းငှါမတတ်နိုင်ဟုသားကဆိုသည် ရှိသော် သား၌ချစ်ခြင်းဖြင့်တစုံတခုသောစကားကိုမဆို။ထိုအခါတနေ့သ၌ဘုရားလောင်းသည်အဘအား၊ဘခင်အဘယ်အကြောင်းကြောင့်ကျွန်ုပ်အမိ၏မျက်နှာသည်တခြားတပါး၊ သင်ဘခင်၏မျက်နှာသည် တခြားတပါး ဖြစ်သနည်းဟုမေး၏။ အမောင်။ သင့်အမိသည် လူသား စားသော ဘီလူးမတည်း။ ငါတို့နှစ်ယောက်ကား လူတည်းဟုအဘကပြောဆိုလေ၏။ဘခင်၊ အဘယ်ကြောင့်ဤအရပ်၌နေကုန်အံ့နည်း။လာလော့၊လူ့ပြည်သို့

သွားကြကုန်အံ့ဟု သားကဆို၏။ အမောင်၊ ငါတို့သည် အကယ်၍ပြေးကုန်အံ့။နှစ်ယောက်ကုန်သော ငါတို့ကိုလည်း သင်၏ အမိသည် စားလတ္တံ့ဟု အဘကဆိုလျှင်။ ဘုရား လောင်းသည်။ ဘခင်၊မကြောက်လင့်။ လူ့ပြည်သို့ ဆောင်ခြင်းသည် အကျွန်ုပ်ဝန်ဘည်းဟုအဘကိုနှစ်သိမ့်စေ၍။ နက်ဖြန်အမိသွားလတ်သော်အဘကိုယူ၍ပြေး၏။ ။

ဘီလူးမသည်လာလတ်၍ ထိုသားအဘတို့ကို မမြင်၍လေကဲ့သို့သောလျင်မြန်ခြင်းအဟုန်ဖြင့် ပြေးလာ၏။ ထိုသားအဘတို့ကိုဘမ်း၍။ပုဏ္ဏား၊အဘယ်ကြောင့်ပြေးသနည်း။ဤရပ်၌အဘယ်ဝတ္ထုသည် မရှိသနည်းဟုဆို၏။ ရှင်မ၊ ကျွန်ုပ်ကိုမမေးလင့်။သင့်သားသည်ကျွန်ုပ်ကိုယူ၍ပြေး၏ဟု ဆိုသည်ရှိသော်သား၌ ချစ်ခြင်းဖြင့်တစုံတခုသော စကားကိုမဆိုမူ၍ထိုသားအဘတို့ကိုနှစ်သိမ့်စေ၍ မိမိနေရာသို့လျှင်သွား၏။ ထိုအတူတဘန်လည်း နှစ်ရက်သုံးရက်ရောက်လတ်သော် ပြေးကုန်သောသားအဘတို့ကိုဆောင်ယူပြန်၏။

ဘုရားလောင်းသည်ငါ့အမိပိုင်အရပ်သည် အပိုင်းအခြားရှိသည်ဖြစ်ရာ၏။ ငါသည်အမိ၏အာဏာဖြစ်ရာအရပ်ကိုအမိကိုမေး၍၊ထိုနောင်မှထိုအာဏာဖြစ်ရာအရပ်ကိုလွန်၍ပြေးရမူကားကောင်း၏ဟု ကြံ၏ ကြံပြီး၍ ထိုဘုရားလောင်းသည် တနေ့သ၌ အမိကို ခေါ်၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေလတ်သော်။မိခင်၊ အမိ၏ဥစ္စာမည်သည်ကားသားတို့အားသာလျှင်ရောက်၏။ မိမိဥစ္စာဖြစ်သောမြေ၏ အပိုင်းအခြားကိုကျွန်ုပ်အားကြားလော့ဟုဆို၏။ ဘီလူးမသည် ခပ်သိမ်းသောအရပ်မျက်နှာတို့၌ တောင်အပိုင်းအခြားအမှတ်အသားအစရှိသည်တို့ကိုဆို၍။အလျားအားဖြင့်ယူဇနားသုံးဆယ်။အနံအားဖြင့်ငါးယူဇနာရှိသော အရပ်ကိုသားအားပြောဆို၍။ချစ်သား၊ဤအရပ်ကိုအမောင်မှတ်လော့ဟုဆို၏။ဘုရားလောင်းသည်နှစ်ရက်သုံးရက်တို့ကို လွန်စေ၍။ အမိသည် တောအုပ်သို့ သွား

သောကာလ၌အဘကို ပခုံး၌တင်၍ အမိသည့်ပေးအပ်သော အမှတ်အသားအတိုင်း။ လေကဲ့သို့သောလျင် မြန်ခြင်း အဟုန်ဖြင့်ပြေးလျက်အပိုင်းအခြားဖြစ်သော မြစ်ကမ်းနားသို့ရောက်လေ၏။ ။

အဿမုခီဘီလူးမ ပြန်လည်လာလတ်၍။ ထိုသားအဘတို့ကိုမမြင်လတ်သော်ထိုက်လာ၏။ ဘုရားလောင်းသည်အဘကိုယူ၍ မြစ်လယ်သို့ရောက်နှင့်၏။ အဿမုခီဘီလူးမသည် လာလတ်၍မြစ်ကမ်းနား၌ရပ်လျက်။ မိမိပိုင်အပိုင်းအခြားကို လွန်သည့်အဖြစ်ကိုသိ၍။ထိုမြစ်ကမ်းနား၌လျှင်ရပ်၍။ အမောင်အဘကိုယူ၍လာပါလော့။ငါ့အားအဘယ့်အဖြစ်ရှိသနည်း။ငါ့ကိုမှီ၍အဘယ်အလိုသည့် မပြည့်စုံသနည်း။ အရှင်တို့သည်ပြန်ခဲ့ကြကုန်လော့ဟု သားကိုရင်း၊ လင်ကိုရင်းတောင်းပန်၏။ ထိုအခါ ပုဏ္ဏားသည်မြစ်ကိုကူး၏ အဿမုခီဘီလူးမသည်သားကိုသာလျှင် တောင်းပန်လျက်။ အမောင်၊ ဤသို့မပြုလင့်ပြန်ခဲ့လော့ဟုဆို၏။ မိခင်၊ကျွန်ုပ်တို့သည်လူဖြစ်ကုန်၏။ မိခင်သည်ကားဘီလူးမဖြစ်၏။ အခါခပ်သိမ်းသင်၏ အထံ၌ နေခြင်းငှါမတတ်ကောင်းဟုသားသည်ဆိုလေ၏။

အမောင်၊ သင်သည်မပြန်ပြီလောဟု ဘီလူးမသည်မေး၏။ မိခင်၊ ကျွန်ုပ်မပြန်ပြီဟု ဘုရားလောင်းသည်ဆို၏။ အမောင်အကယ်၍မပြန်ငြားအံ့။လူ့ပြည်၌အသက်မွေးခြင်းမည်သည်ကားဆင်ရဲငြိုငြင်၏။ အတတ်ကိုမတတ် ကုန်သော သူတို့သည်အသက်မွေးခြင်းငှါ မတတ်နိုင်ကုန်။ ငါသည် စိန္တာမဏိ မည်သောမန္တရားကိုတတ်၏။ ထိုမန္တရား၏ အာနုဘော်ဖြင့်တဆဲ့နှစ်နှစ်အထက်၌ခိုးဆောင်သော ဥစ္စာကိုရင်း။ ခြေရာအစဉ်ကိုရင်း သိခြင်းငှါ တတ်ကောင်း၏၊ ဤစိန္တာမဏိ မန္တရားသည်သင့်အားအသက်မွေးဘို့ဖြစ်လတ့ံ။အမောင်၊သင်သည်အနဃဖြစ်သောမန္တရားကိုသင်လော့ဟုဆို၍။ လင်နှင့်ရင်း။ သားနှင့်ရင်း။ကွဲရအံ့သောဆင်းရဲသည် နှိပ်စက်ငြားသော်လည်းသား၌

ချစ်ခြင်းဖြင့် မန္တရားကိုပေးလေ၏။ ဘုရားလောင်းသည်မြစ်၌ ရပ်လျက်လျှင်အမိကိုရှိခိုးလျက်၊ လက်ကိုလက်ကတည်းကြား၌ထား၍၊ မန္တရားကိုသင်၍တတ်လေလျှင်အမိကိုရှိခိုး၍။ မိခင်၊ သင်သွားလေလော့ဟုဆို၏။ အမောင်၊ သင်တို့သည်မပြန်ကုန်သည်ရှိသော်ငါ့အားအသက်မရှိပြီဟုဆိုလို၍။

ပေဟိပုတ္တနိဝတ္တဿု၊ ဟူသော ဂါထာကိုဆို၏။ အပြါယ်ကား။ ။

ချစ်သား၊ သင်သည်လာသော့။ ပြန်ခဲ့ပါလောငါ့အား။ ကိုးကွယ်ရာမရှိသည်ကို။မပြုလင့်။ ငါသည်ယနေ့သားကိုမမြင်ရသည်ရှိသော်။သေခြင်းသို့ရောက်ရတော့အံ့၊ဟုဆိုငိုမြည်တမ်း၏။ ။

ဘီလူးမလည်း ရင်ကိုခတ်၍ ထိုခဏလျှင် သား၌စိုးရိမ်သဖြင့် နှလုံးကွဲလျက်သေ၍ ထိုအရပ်၌လျှင် လည်း၏။ ဘုရားလောင်းသည်ဘီလူးမသေသောအဖြစ်ကိုသိ၍။ အဘကိုခေါ်၍ အမိ၏အထံသို့သွားပြီးလျှင်။ ထင်းပုံ၌တင်၍ အထူးထူးသော ဆင်းအရှိကုန်သော ပန်းတို့ဖြင့် ပူဇော်သဂြိုဟ်၏။ ပြီးလျှင်အဘကိုယူ၍ဗာရာဏသီပြည်သို့သွား၏။ ။

ရောက်လျှင်မင်းအိမ်တံခါး၌ရပ်၍ခြေရာ၌ ထိမ္မာသော လုလင်သည်တံခါး၌ရပ်၏ဟုမင်းအားလျှောက်စေ၍။ထိုသို့တပြီးကား လာစေသတည်းဟုဆိုသည်ရှိသော်။ လုလင်သည်ဝင်၍ မင်းကိုရှိခိုးနေသော်။အမောင်၊ သင်သည့်အတတ်တတ်သလောဟုမေးသည်ရှိသော်။ မြတ်သောမင်းကြီး၊အကျွန်ုပ်သည်တဆဲ့နှစ်နှစ်အထက်၌ခိုးယူအပ်သော ဥစ္စာခြေရာ အစဉ်ကိုသိ၏ဟု ဆို၏။ ထိုသို့တပြီးကား၊ ငါ့ကိုလုပ်ကျွေးလော့ဟု မင်းကြီးဆိုသည်ရှိသော်။ မြတ်သောမင်းကြီး၊ နေ့တိုင်းနေ့တိုင်းတထောင်သောဥစ္စာကို ရသည့်ရှိသော် လုပ်ကျွေးအံ့ဟု ဘုရားလောင်းသည်ဆို၏။ အမောင်၊ ကောင်းပြီလုပ်ကျွေးလော့ဟုဆို၏၊မင်းသည်နေ့တိုင်းနေ့တိုင်းတထောင်သောဥစ္စာကိုပေး၏။

ထိုအခါတနေ့သ၌ပုရောဟိတ်သည် မင်းကိုမြတ်သောမင်းကြီး၊အကျွန်ုပ်တို့သည်ထိုလုလင်၏ အတတ်အာနုဘော် အားဖြင့်တစုံတခုသော အမှုကိုမပြုရသေးသည့်၏ အဖြစ်ကြောင့် ထိုအတတ်ရှိသည်ကိုဎင်း၊မရှိသည်ကိုဎင်းမသိကုန်။ ထိုလုလင်ကိုစုံစမ်းကြကုန်အံ့ဟုဆို၏။မင်းသည်ကောင်းပြီဟုဝန်ခံ၍မင်းနှင့်ပုရောဟိတ် နှစ်ယောက်တို့သည်လည်း ရတနာကို စောင့်ကုန်သော သူတို့အားအမှတ်သညာပေး၍၊ ရတနာဥစ္စာနှစ်ကိုယူ၍ပြာသာဒ်မှဆင်းသက်၍ မင်းအိမ်တံခါး၌သုံး ကြိမ်လှည့်၍ လှေကားထောင်၍ တံတိုင်းအထက်ဖြင့် အပသို့ဆင်းသက်၍ တရားစီရင်ရာတင်းကုပ်သို့ဝင်၍ ထိုတင်းကုပ်၌နေ၍။လှေကားထောင်၍ တံတိုင်းအထက်ဖြင့် အတွင်းသို့ဆင်းသက်၍ နန်းတွင်းရေကန်နားသို့ သွား၍ ရေကန်ကို သုံးကြိမ်လကျာရစ်လည့်၍ရေတွင်ဆင်းသက်၍ ရေကန်တွင်း၌ဥစ္စာထုပ်ကိုထား၍ (၁)ပြာသာဒ်သို့တက်ကုန်၏။ ။

နက်ဖြန်နေ့၌မင်းအိမ်မှရတနာကို ခိုးကုန်၏ဟု တပြိုင်နက်အုတ်အုတ်ကျက်ကျက်သည့်ဖြစ်၏။ မင်းသည်မသိသကဲ့သို့ပြု၍။ဘုရားလောင်းကိုခေါ်စေ၍အမောင်၊မင်းအိမ်မှများစွာသောရတနာဥစ္စာကိုခိုးယူလေ၏။ယခုထိုဥစ္စာကို ရှာခြင်းငှာသင့်၏ဟုဆိုလျှင်မြတ်သောမင်းကြီး၊တဆဲ့နှစ်နှစ်အထက်၌ခိုးယူအပ်သောဥစ္စာကိုခြေရာအစဉ်သို့လိုက်၍ဆောင်ယူခြင်းငှါစွမ်းနိုင်သောအကျွန်ုပ်အားယနေ့ခိုးယူသောဥစ္စာကို ဆောင်ခြင်းဖြင့်ခဲယဉ်းဘွယ်မရှိ။ အကျွန်ုပ် တတ်နိုင်လတ့်၊ အရှင်မင်းကြီးတို့သည်ဝိုးရိမ်တော်မမူလင့်ဟုဘုရားလောင်းသည်ဆို၏။ ထိုသို့တပြီးကားဆောင်ယူလော့ဟုမင်းသည်ဆို၏။

ဘုရားလောင်းသည်မြတ်သောမင်းကြီး၊ ကောင်းပြီဟုဆို၍

---

(၁) ဎင်း၀ါကျအတွင်း။ ၍ ့–ဟူသောစကားအများပါရှိခြင်းကား။အကျယ်စကားကိုအကျဉ်းချုံး၍ရေးခြင်းတည်း။ ထိုသို့သုံးရာ၌။ ၍ ့ သည်။ကိရိယာဝိသေသန။ သို့မဟုတ်အပ္ပဌာနကိရိယာခေါ်သဒ္ဒါနည်းမျိုးဖြစ်သည်။

အမိကိုရှိခိုး၍မန္တရားကိုမန်း၍ပြာသာဒ်အပြင်၌ ရပ်လျက်လျှင်။ မြတ်သောမင်းကြီး။နှစ်ယောက်သော ခိုးသူတို့၏ခြေရာသည် ထင်၏ဟုဆို၍။မင်းနှင့်ပုရောဟိတ်တို့၏ ခြေရာကိုအစဉ်လျှော်သဖြင့်အသရေရှိသောတိုက်ခန်းသို့ဝင်၍။ထိုတိုက်ခန်းမှထွက်၍ပြာသာဒ်မှသက်၍ မင်းအိမ်တံခါး၌ သုံးကြိမ်လှည့်လည်၍။ ခြေရာသို့အစဉ်လျှောက်သဖြင့်လျှင်တံတိုင်းအနီးသို့သွား၍တံတိုင်း၌ရပ်၍မြတ်သောမင်းကြီး၊ ဤအရပ်၌တံတိုင်းမှလွတ်၍ ကောင်းကင်း၌ ခြေရာသည်ထင်၏။ စောင်းတန်းလှေကားကို ပေးကုန်လော့ဟုဆို၍။ လှေကားကို ထောင်စေ၍ တံတိုင်းအထက်ဖြင့် ဆင်းသက်၍ခြေရာကိုလျှောက်သဖြင့် လျှင်တရားစီရင်ရာတင်းကုပ်သို့သွား၍ တဘန်မင်းအိမ်သို့လာ၍ လှေကားကိုဆောင်စေ၍၊ တံတိုင်းအထက်ဖြင့်ဆင်းသက်၍ရေကန်သို့သွား၍သုံးကြိမ်လကျ်ာရစ်လှည့်၍။ မြတ်သောမင်းကြီး၊ ခိုးသူတို့သည်ဤရေကန်သို့ဆင်းသက်ကုန်၏ဟုဆို၍ မိမိသည်ထားသိသကဲ့သို့ ဥစ္စာထုပ်ကိုယူ၍ မင်းအားပေး၍။ မြတ်သောမင်းကြီး၊ဤခိုးသူနှစ်ယောက်တို့သည်ထင်ရှားကုန်သော ခိုးသူကြီးတို့တည်း။ ဤခိုးသူကြီးတို့သည် ဤခရီးဖြင့် မင်းအိမ်သို့တက်ကုန်၏ဟုဆို၏။

လူများတို့သည်အလွန်နှစ်သက်ကုန်၍ လက်ချောင်းတို့ကိုခါကုန်၏။ ပုဆိုးဦးရစ်ပစ်ခြင်းတို့ကိုဖြစ်စေကုန်၏။ မင်းသည် ဤလုလင်ကား ခြေရာသို့ လျှောက်သဖြင့်သွား၍ ခိုးသူတို့သည် ထားအပ်သော ဥစ္စာရှိရာအရပ်ကိုလျှင်သိ၏။ ခိုးသူတို့ကိုကား ဘမ်းခြင်းငှါမတတ်နိုင်ဟုကြံ၏၊ကြံပြီးသောအခါထိုလုလင်ကို အမောင်၊သင်သည်ခိုးသူတို့ခိုးယူအပ်သောဥစ္စာကိုငါတို့အား ဆောင်ယူ၍အပ်ပေးပြီ။ ခိုးသူတို့ကိုကား မပေးအပ်သေးဟူ၍ ဆို၏။မြတ်သောမင်းကြီး၊ ခိုးသူကိုပေးအပ်သဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ခိုးသူတို့သည်ဤအရပ်၌ပင်ရှိကုန်၏။ အဝေး၌မရှိကုန်ဟုဆို၏။

အမောင်၊ အဘယ်သူသည် ရင်းဥစ္စာကိုခိုးသော သူတို့တည်းဟုညွှန်လော့ဟုမင်းသည်ဆို၏။ မြတ်သောမင်းကြီး၊ အကြင်သူသည်အလိုရှိ၏။ ထိုသူသည်လျှင်ခိုးသူဖြစ်၏။ ရှင်မင်းကြီးတို့အားဥစ္စာကိုရသောကာလမှစ၍ ခိုးသူကို ဘမ်းယူသဖြင့်အဘယ်အကျိုးရှိအံ့နည်း။ ရှင်မင်းကြီးတို့မမေးကုန်လင့်ဟုဘုရားလောင်းသည်ဆို၏။ အမောင်၊ ငါသည်သင့်အား နေ့တိုင်းနေ့တိုင်းတထောင်သောဥစ္စာကိုပေး၏။ ခိုးသူကိုဘမ်း၍ ငါ့အားပေးလော့ဟုမင်းသည်ဆို၏။ မြတ်သောမင်းကြီး၊ ဥစ္စာကိုရပြီးသော်ခိုးသူတို့ဖြင့်အဘယ်ပြုအံ့နည်းဟုဘုရားလောင်းကဆို၏၊ အမောင်၊ ဥစ္စာထက်လည်းခိုးသူတို့ကို ရခြင်းငှါသင့်၏ဟုမင်းသည်ဆို၏။ မြတ်သောမင်းကြီး၊ ထိုသို့တပြီးကား၍ သူတို့တည်းဟုရှင်မင်းကြီးတို့အား ကျွန်ုပ်သည် တိုက်ရိုက်မဆိုဦးဘဲ။ လွန်လေပြီးသောအခါ၌ဖြစ်သောစကားဥဒါဟရဏ်ကိုကားရှင်မင်းကြီးအားအကျွန်ုပ်ဆောင်ပါအံ့။ ရှင်မင်းကြီးတို့သည်အကယ်ပညာရှိကုန်အံ့။ ထိုအကြောင်းကိုသိကုန်လော့ဟုဆို၍ဘုရားလောင်းသည်အတိတ်ဥဒါဟရဏ်ကိုဆောင်၏။

လွန်လေပြီးသောအခါဗာရာဏသီပြည်မှ။ မနီးမဝေးသော မြစ်နား၌ပါဋလိမည်သောသဘင်သည်သည်နေ၏။ ထိုသဘင်သည်သည်ပွဲသဘင်ခံသောနေ့၌မယားကိုခေါ်၍ဗာရာဏသီသို့ဝင်ပြီးလျှင်က၍ စောင်းတီး၍ သီ၍ ဥစ္စာကိုရလျှင်ပွဲသဘင်ပြီးလတ်သော်များစွာသော သုရာထမင်းကိုယူ၍ မိမိရွာသို့ သွားလတ်သော်မြစ်ကမ်းနားသို့ရောက်၍ မြစ်၌ရေအသစ်တိုးပွါး၍လာသည်ကိုမြင်လျှင်ထမင်းစားလျက်သေကိုသောက်၍ ယစ်လတ်သော်မိမိအစွမ်းကိုမသိရကား၊ စောင်းကြိုးကိုလည်၌ဖွဲ့လျက်။ မြစ်သို့ဆင်းသက်၍ သွားအံ့ဟုမယားကိုခေါ်၍ မြစ်သို့သက်၏။ စောင်းပေါက်တို့က ရေသည်ဝင်၏။ ထိုအခါ ထိုစောင်းသည်ထိုသဘင်သည်ကိုရေနစ်စေ၏။ သဘင်သည်၏မယားသည်လင်ရေ၌နစ်သည်၏ အဖြစ်ကိုသိလေသော်။ လင်

ကိုလွှန်၍ မြစ်မှ တက်ပြီးလျှင် ။ကမ်းနား၌ရပ်၍။ သဘင်သည်
ပါဋလိသည်တကြိမ်ပေါ်၍တကြိမ်နစ်၍။ရေသည်ဝင်၍ဖူးဖူး
ယောင်သော ဝမ်းသည်ရှိ၍။ ထိုအခါသဘင်သည်၏။ မယား
သည် ငါ၏လင်ကား ယခုသေလတံ့၊ တခုသော သီချင်းကို
တောင်း၍ ပရိသတ်အလယ်၌ ထိုသီချင်းကို သီလျက် အသက်
မွေးခြင်းကိုငါပြုအံ့ဟုကြံ၍။ကြံပြီး၍။ အရှင်သင်သည်ရေ၌နစ်
မွန်း၏။ငါ့အားတခုသောသီချင်းနှင့် အသက်မွေးခြင်းကိုပြုအံ့၊
သီချင်းကိုပေးလော့ဟုဆိုလို၍။ ။ဗဟုဿုတံပိကိတ္တိတံ၊ဂင်္ဂါ
ဝဟတိ ပါဋလိံ။ဝုယှ မာနကံ ဘဒ္ဒန္တေ၊ ဧကံမေဒေဟိ ဂါတ
ကံ။ ။ဟူသောဂါထာကိုဆို၏။

ဝုယှမာနကံ၊ ငါ့ကိုဆောင်ယူလျက်နစ်သော။ ဗဟုဿုတ်၊
များသောအကြားအမြင်ရှိသော။ပိကိတ္တိတံ၊ကျော်စောသော။
ပါဋလိံ၊ပါဋလိကို။ဂင်္ဂါ၊ဂင်္ဂါသည်။ဝဟတိ၊မျှော၏။ပါဋလိ၊
ပါဋလိ။တေ၊သင့်အား။ဘဒ္ဒံ၊ကောင်းခြင်းသည်။ဟောတု၊ဖြစ်
စေသတည်း။ မေ၊ငါ့အား။ ဧကံ၊တခုသော။ ဂါတကံ၊သီချင်း
ကို။တွံ၊သင်သည်။ဒေဟိ၊ပေးလော့။ ။ဟုတောင်းလေ၏။

ထိုအခါထိုမယားကိုပါဋလိမည်သော သဘင်သည်သည်။
ရှင်မ။ငါသည်သင့်အားအဘယ်သို့သီချင်းပေးရအံ့နည်း။ ယခု
ငါ့ကိုလူများ၏ကိုးကွယ်ရာဖြစ်သောရေသည်သတ်၏ဟုဆိုလို
၍။ ။ယေနသိဉ္စန္တိဒုက္ခိတံ၊ယေနသိဉ္စန္တိအာတုရံ။တဿမဇ္ဈေ
မရိဿာမိ၊ဇာတံသရဏတောဘယံ။ (၁)။ ဟူသောဂါထာ
ကိုဆို၏။

ဘဒ္ဒေ၊ရှင်မ။ဒုက္ခိတံ၊ဆင်းရဲသောသူကို။ယေန၊အကြင်ရေ
ဖြင့်။သိဉ္စန္တိ၊သွန်းလောင်းကုန်၏။အာတုရံ၊ကျင်နာသောသူကို။

---

(၁) ဤဂါထာနှင့်ရှေ့၌လာလတ့်သောဂါထာတို့ကား၊ ဝက်ဝုတ္တိအတ္တာ
လင်္ကာရနည်း ၃၅ ပါးတို့တွင်၊ မိမိဆိုလိုသောအနက်ကို။ အနက်တပါးဖြင့်ပြ
သော၊အတ္ထန္တရန္ယာသနည်းဟူ၍ရင်း။ ပရိယာယ်ဖြင့်ပြဆိုသောကြောင့်။ ပရိ
ယာယဝုတ္တိအလင်္ကာဟူ၍ရင်းဆိုအပ်၏။ ။

ယေန၊အကြွင်ရေဖြင့်။ သိဋ္ဌန္တိ၊သွန်းလောင်းကုန်၏။ အဟံ၊ငါ
သည်။တသ၊ထိုရေ၏။ မဇ္ဈေ၊အလယ်၌။ မရိသာမိ၊သေအံ့၊
မေ၊ငါ့အား။သရဏံတော၊ကိုးကွယ်ရာဖြစ်သောရေမှ။ ဘယံ၊
ဘေးသည်။ဇာတံ၊ဖြစ်၏။

ဘုရားလောင်းသည် ဤဂါထာကို ရွတ်၍ မြတ်သော မင်း
ကြီး။ ရေသည်လူများ၏ ကိုးကွယ်ရာဖြစ်သကဲ့သို့၊ ထိုအတူ
မင်းတို့သည်။ လူများ၏ကိုးကွယ်ရာဖြစ်ကုန်၏။ ကိုးကွယ်ရာ
ဖြစ်သောသူတို့၏အထံမှ ဘေးသည်ဖြစ်လတ်သော် ထိုဘေး
ကိုအဘယ်သူသည် ကွယ်ကာနိုင်လတံ့ နည်းဟုဆို၍။ မြတ်
သောမင်းကြီး၊ ဖုံးလွှမ်းသော အကြောင်းကို အကျွန်ုပ်သည်
ပညာရှိတို့သိအပ်သည်ကိုပြု၍ဆိုအပ်ပြီ။ မြတ်သောမင်းကြီး
သင်မင်းကြီးသည်သိတော်မူလော့ဟုဆို၏။

အမောင်၊ငါသည် ဤသို့သဘောရှိသော ဖုံးလွှမ်းသော စ
ကားကိုမသိ။ငါ့အားခိုးသူတို့ကိုဘမ်း၍ပေးလော့ဟုမင်းသည်
ဆို၏။ ထိုအခါမင်းအား ဘုရားလောင်းသည်။ မြတ်သောမင်း
ကြီး၊ ထိုသို့တပြီးကား ဤအကြောင်းကို သိတော်မူလော့ဟုဆို
၍တပါးသောအကြောင်းကိုဆောင်ပြန်၏။

မြတ်သောမင်းကြီး၊ လွန်လေပြီးသော အခါ ဗာရာဏသီ
ပြည်တံခါးရွာ၌တယောက်သောအိုးထိန်းသည်သည်အိုးလုပ်
အံ့သော၌ မြေကိုယူသည်ရှိသော် တခုသောအရပ်၌သာလျှင်
မပြတ်ယူ၍ အတွင်း၌လိုဏ်ခေါင်းရှိသော ကြီးစွာသောတွင်း
ကိုတူး၏။ ထိုအခါတနေ့သ၌ထိုအိုးထိန်းသည် မြေကိုတူးစဉ်
အခါမှဲ့မိုးစဲသည်ကြည်လတ်၍။ မိုးကြီးသည်းစွာရွာလျှင်၊ လွှမ်း
မိုး၍လာသောရေသည်ထိုတွင်းကိုပြိုစေ၏။အိုးထိန်း၏ထိပ်ကို
မြေသည်ပိဘိ၏။အိုးထိန်းသည်သည်ငိုကြွေးလျက်။ ။ဗီဇာနိ
ယဿ ရူဟန္တိ၊သတ္တာယဿ ပတိဋ္ဌိတာ။ သာမေသီသံ နိပီဠေသိ။
ဇာတံသရဏတောဘယံ။ ။ဟူသောဂါထာကိုဆို၏။

ယဿ၊အကြင်မြေကြီး၌။ ဗီဇာနိ၊ မျိုးစေ့တို့သည်။ ရူဟန္တိ။

ရောက်ကုန်၏။ ယတ္ထ၊ အကြင်မြေကြီး၌ သတ္တာ၊ သတ္တဝါတို့သည်။ ပတိဋ္ဌိတာ၊ တည်ကုန်၏။ သာ၊ ထိုမြေကြီးသည်။ မေဒေါ၏။ သီသံ၊ ဦးခေါင်းကို။ နိဗ္ဘိဇ္ဇိ၊ ဘောက်ကွဲ၍ပြိ၏။ မေဒေါအား၊ သရဏတော၊ ကိုးကွယ်ရာဖြစ်သောမြေကြီးမှ။ ဘယံ၊ ဘေးသည်။ ဇာတံ၊ ဖြစ်၏။

ဘုရားလောင်းသည်ဤဂါထာကိုဆို၍။ မြတ်သောမင်းကြီး၊ လူများ၏ ကိုးကွယ်ရာဖြစ်သော မြေကြီးသည် ဒိုးထိန်းသည်၏ ဦးခေါင်းကို ဘောက်၍ ပိသကဲ့သို့။ ထိုအတူမြေးကြီးသဘွယ်ဖြစ်သောခပ်သိမ်းသောလူအပေါင်း၏ ကိုးကွယ်ရာဖြစ်သောသူတို့သည် ထ၍ ခိုးမှုကို ပြုသည့်ရှိသော် အဘယ်သူသည် တားမြစ်နိုင်လတ့်နည်းဟုဆို၍။ မြတ်သောမင်းကြီး၊ ဤသို့ဖုံးလွှမ်း၍ဆိုအပ်သောခိုးသူကိုသင်မင်းကြီးသည်သိခြင်းငှါစွမ်းနိုင်လတ့်ဟုဆို၏။

မင်းသည်အမောင်၊ ငါ့အားခိုးသူကို ပေးလော့ဟု ဆို၏။ ဘုရားလောင်းသည်မင်းကို စောင့်ရှောက်လိုရကား၊ သင်မင်းကြီးသည်ခိုးသူတည်းဟုမဆိုမူ၍ တပါးသော ဥဒါဟရဏ်ကို လည်းဆောင်ပြန်၏၊

မြတ်သောမင်းကြီး၊ ဤဗာရာဏသီပြည်၌လျှင် တယောက်သောယောကျ်ား၏ အိမ်ကိုမီးလောင်၏။ ထိုယောကျ်ားသည် အိမ်တွင်းသို့ဝင်၍ဥစ္စာကိုထုတ်လော့ဟု တပါးသောသူကိုစေ၏။ ထိုယောကျ်ားသည် ဝင်၍ ဥစ္စာကိုထုတ်ယူသည် ရှိသော် အိမ်တံခါးသည်ပိတ်၏။ ထိုယောကျ်ားသည်မီးခိုးမွန်၍ထွက်ရာလမ်းကိုမရလေရကားကြီးစွာသောဆင်းရဲဖြစ်၍အိမ်တွင်း၌ရပ်လျက်ငိုကြွေး၏။ ။ယေနဘတ္တာနိပစ္စန္တိ၊ သီတံယေနဝိဟညတိ။ သောမံဍယှတိဂတ္တာနိ၊ ဇာတံသရဏတောဘယံ။ ။ ဟူသောဂါထာကိုဆို၏။

ဘတ္တာနိ၊ ထမင်းတို့ကို။ ယေန၊ အကြင်မီးဖြင့်။ ပစ္စန္တိ၊ ချက်ကုန်၏။ သီတံ၊ အချမ်းကို။ ယေန၊ အကြင်မီးဖြင့်၊ ဝိဟညတိ၊

ဖျောက်၏။ သော၊ထိုမီးသည်။ မံဂတ္တာနိ၊ငါ၏ကိုတို့ကို။ ဍယှတိ၊လောင်၏။မေ၊ငါ့အား။ သရဏာတော၊ကိုးကွယ်ရာမီး၌။ဘယံ၊ဘေးသည်။ဇာတံ၊ဖြစ်၏။

ဘုရားလောင်းသည်ဤဂါထာကိုဆို၍။မြတ်သောမင်းကြီး၊ မီးကဲ့သို့လူအများ၏ ကိုးကွယ်ရာဖြစ်သော နှစ်ယောက်သော သူသည်ရတနာထုပ်ကိုခိုး၏။ အကျွန်ုပ်ကား သင်မင်းကြီးကို။ ခိုးသူကို မမေးလင့်ဟုဆို၏။ မင်းသည် အမောင်၊ငါ့အားခိုးသူ ကိုပေးလော့ဟုဆိုပြန်ရကား။ ။ဘုရား လောင်းသည်မင်းကို သင်မင်းကြီးပင် ခိုးသူတည်းဟုမဆိုမူ၍။ တပါးသောဥဒါဟရဏ်ကိုဆောင်ပြန်၏။

မြတ်သော မင်းကြီး၊ လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌လျှင် တယောက်သောယောကျ်ားသည် အလွန်များစွာ စား၍ အစာကြေစိမ့်သောငှါ မတတ်နိုင် ရကား ဝေဒနာသို့ ရောက်၍ ငိုကြွေးလျက်။ ။ယေနဘတ္တေန ယာပေန္တိ၊ ပုထူ ဗြာဟ္မဏခတ္တိယာ။သောမံဘုတ္တော ဗျာပါဒေသိ၊ဇာတံသရဏာ တောဘယံ။ ။ဟူသောဂါထာကိုဆို၏။

ပုထူ၊များစွာကုန်သော။ ဗြာဟ္မဏခတ္တိယာ၊ ပုဏ္ဏားမင်းတို့ သည်။ယေနဘတ္တေန၊အကြင်ထမင်းဖြင့်။ယာပေန္တိ၊ မျှကုန်၏။ ဘုတ္တော၊စားအပ်သော။ သော၊ထိုထမင်းသည်။မံ၊ငါ့ကို။ ဗျာပါဒေသိ၊သတ်၏။မေ၊ငါ့အား။ သရဏာတော၊ ကိုးကွယ်ရာထမင်း၌။ဘယံ၊ဘေးသည်။ဇာတံ၊ဖြစ်၏။

ဘုရားလောင်းသည်ဤဂါထာကိုဆို၍။မြတ်သောမင်းကြီး ထမင်းကဲ့သို့လူများ၏ကိုးကွယ်ရာဖြစ်သောနှစ်ယောက်သော သူသည်ဥစ္စာကိုခိုး၏၊သင်မင်းကြီးသည်ထိုဥစ္စာကိုရပြီးသော်၊ ထိုခိုးသူကိုအဘယ့်ကြောင့်တောင်းသနည်းဟုဆို၏။

မင်းသည်။အမောင်၊သင်သည်စွမ်းနိုင်သော် ငါ့အားခိုးသူ ကိုပေးလော့ဟုဆို၏။ဘုရားလောင်းသည်တပါးသော ဥဒါဟရဏ်ကိုလည်းဆောင်ပြန်၏။

မြတ်သောမင်းကြီး၊ လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်၌ လျှင်တယောက်သော သူ၏ ကိုယ်ကိုလေရောဂါထ၍ ဖျက်ဆီး၏။ ထိုသူသည်ငိုကြွေးလျက်။ ။ဂိမှာနံပစ္ဆိမေမာသေ၊ ဝါတမိဿ နဿပဏ္ဍိတာ။ သောမံဘဒ္ဒတိဂတ္တာနိ၊ ဇာတံသရဏ တောဘယံ။ ။ဟူသောဂါထာကိုဆို၏။ ။

ပဏ္ဍိတာ၊ပညာရှိတို့သည်။ ဂိမှာနံ၊နွေဥတုတို့၏။ ပစ္ဆိမေ၊ နောက်ဖြစ်သော။ မာသေ၊လ၌။ဝါတံ၊ လေကို။ဇာဿ နဿ၊ အလိုရှိ ကုန်၏။သော၊ထိုလေသည်။ မံဂတ္တာနိ၊ငါ၏ကိုယ်တို့ကို။ ဘဒ္ဒ တိ၊ဖျက်ဆီး၏။မေ၊ငါအား။သရဏတော၊ကိုးကွယ်ရာလေမှ။ ဘယံ၊ဘေးသည်။ဇာတံ၊ဖြစ်၏။

ဘုရားလောင်းသည်ဤဂါထာကိုဆို၍။မြတ်သောမင်းကြီး၊ ကိုးကွယ်ရာမှဘေးသည်ဖြစ်၏ဟု အကြောင်းကို သိတော်မူ လော့ဟုဆို၏။

မင်းသည်။ အမောင်၊ ငါ့အားခိုးသူကို ပေးလော့ဟုဆို၏။ ဘုရားလောင်းသည် မင်းအားသိစိမ့်သောငှါ တပါးသောဥဒါ ဟရဏ်ကိုလည်းဆောင်ပြန်၏။

မြတ်သောမင်းကြီး၊ လွန်လေပြီးသော အခါ ဟိမဝန္တာအ ရပ်၌အခက်အခွနှင့်ပြည့်စုံသော သစ်ပင်ကြီးသည်ဖြစ်၏။ ထို သစ်ပင်ကြီးသည်အပွင့်အသီးနှင့်ပြည့်စုံ၏။ ငှက်တို့နေရာဖြစ် ၏။ ထိုသစ်ပင်ကြီး၏ နှစ်ခုသောအခက်တို့သည် အချင်းချင်း ကြိတ်ကုန်၏။ ထိုသစ်ခက်တို့မှမီးခိုးသည်ထွက်၏။ မီးရန့်တို့ သည်ကျကုန်၏။ထိုမီးကိုမြင်၍ငှက်မင်းသည်။ ။ယံနိဿိတာ ဇဂတိရုဟံ၊သွာယံအဂ္ဂိံပမုဉ္စတိ။ဒိသာဘဇထဝက္ကင်္ဂါ၊ ဇာတံ သရဏတောဘယံ။ ။ဟူသောဂါထာကိုဆို၏။

ယံဇဂတိရုဟံ၊ အကြင် သစ်ပင်ကို။ နိဿိတာ၊ ငှက်တို့ သည်မှီကုန်၏။သွာယံ၊ထိုသစ်ပင်သည်။ အဂ္ဂိံ၊မီးကို။ပမုဉ္စတိ၊ လွှတ်၏။ ဝက္ကင်္ဂါ၊ ငှက်အပေါင်းတို့။ တုမှေ၊ သင်တို့သည်။ ဒိ သာ၊ အရပ်မျက်နှာတို့သို့။ ဘဇထ၊ပဲ့ကြကုန်လော့။ နော၊ငါ

တို့အား။ သရဏာတော၊ကိုးကွယ်ရာမှ။ ဘယံ၊ဘေးသည်။ဇာတံ၊ဖြစ်၏။

ဘုရားလောင်းသည်ဤဂါထာကိုဆို၍ မြတ်သောမင်းကြီး၊ သစ်ပင်သည် ငှက်တို့၏ ကိုးကွယ်ရာဖြစ်သကဲ့သို့၊ ထိုအတူ မင်းသည် လူများ၏ ကိုးကွယ်ရာဖြစ်၏။ ထိုသူသည်ခိုးမှုကိုပြုသည်ရှိသော် အဘယ်သူသည် တားမြစ်နိုင်လတ့်နည်း။ မြတ်သောမင်းကြီး၊မှတ်တော်မူလော့ဟုဆို၏။

မင်းသည် အမောင်၊ငါအားခိုးသူကိုသာပေလော့ဟုဆို၏။ ထိုအခါ၊ ဘုရားလောင်းသည်။ ထိုမင်းအားတပါးသော ဥဒါဟရဏ်ကိုဆောင်ပြန်၏။

မြတ်သောမင်းကြီး၊ တရသောကာသိကရွာ၌ တဦးသော သူ၏အိမ်မှအနောက်မြစ်တချ၌ ကြမ်းကြုတ်သော မိကျောင်းသည်ရှိ၏။ ထိုအမျိုးအားတယောက်တည်း သောသားသည်ရှိ၏။ထိုသား၏အဘသည် သေလွန်လတ်သော် ထိုသားသည် အမိကို လုပ်ကျွေး၏။ ထိုသား၏ အမိသည် သားအလိုမရှိဘဲ လျက်လျှင် တယောက်သောအမျိုးသ္မီးကို သားဘို့ဆောင်ယူ၏။ထိုချွေးမသည်ရှေးအဘို့၌ယောက္ခမကိုချစ်၍ နောက်အဘို့၌သားသို့ တို့ဖြင့်ပွါးများလတ်သည်ရှိသော်။ ထိုယောက္ခမကို နှင်ထုတ်လို၏။ ထိုချွေးမ၏ အမိသည်လည်းထိုအိမ်၌လျှင် နေ၏။ထိုချွေးမသည်လင်၏အထံ၌ယောက္ခမ၏ အထူးထူးအပြားပြားသောအပြစ်ကိုဆို၍ဖျက်ဆီး၏။ငါသည် သင့်အမိကိုမွေးအံ့သောငှါမတတ်နိုင်။ သင့်အမိကိုသတ်လော့ဟုဆိုလျှင်။ ရှင်မ၊လူကိုသတ်ခြင်းမည်သည်ကားဝန်လေးလှ၏။အဘယ်သို့ငါသတ်ရအံ့နည်းဟုဆိုသည်ရှိသော်။ အိပ်ပျော်ခြင်းသို့ ရောက်သောကာလ၌။ သင့်အမိကိုညောင်စောင်းငယ်ဖြင့်လျှင် ယူ၍ မိကျောင်းရှိသောမြစ်၌ ပစ်ချကုန်အံ့။ ထိုအခါသင့်အမိကို မိကျောင်းတို့သည်ခဲကုန်လတ့်ဟုဆို၏။

လင်သည်သင့်အမိကားအဘယ်မှာနည်းဟုမေး၏။မယားသည်သင့်အမိ၏အထံ၌လျှင် ငါ့အမိသည်အိပ်၏ဟုဆို၏၊ ထိုသို့တပြီးကားသင်သွားချေ။ အမိ၏အိပ်ရာညောင်စောင်း၌ကြိုးဘွဲ့အမှတ်သညာကိုးပြုချေလော့ဟုဆို၏။ ထိုမိန်းမသည် လင်ဆိုတိုင်းပြု၍၊ ငါသည်အမှတ်ကိုပြုအပ်ပြီဟုဆို၏။ လင်သည်အတန်ငယ်နေဦးလော့၊ လူတို့သည်အိပ်စေကုန်ဦးလော့ဟုဆို၍။ အိပ်ပျော်သကဲ့သို့လျောင်း၍ ထသွားပြီးလျှင်၊ထိုကြိုးကို မယား၏အမိအိပ်ရာညောင်စောင်း၌ဘွဲ့ပြီးမှ။ မယားကိုနှိုး၍လင်မယားနှစ်ယောက် အတူယူသွားလျက်။ထိုမယား၏ အမိကိုညောင်စောင်းနှင့်တကွလျှင်ချီ၍မြစ်နား၌ပစ်ချကုန်၏။ ထိုမြစ်၌ပစ်ချအပ်သောမယား၏အမိကိုမိကျောင်းတို့သည် စားကုန်၏။ ထိုမယားသည်နက်ဖြန်မိမိ၏အမိကိုသတ်အပ်သည်၏ အဖြစ်ကိုသိ၍။အရှင်ငါ့အမိကိုသတ်ပြီး၍၊ ယခုသင့်အမိကိုသတ်ဦးလော့ဟုဆိုရာတွင်ထိုလင်သည်ကောင်းပြီဟုဆိုလတ်သော်။ သုသာန်၌ထင်းပုံပြီးလျှင်မီးတိုက်၍သတ်ကြကုန်အံ့ဟုဆို၏။

ထိုအခါထိုလင်၏ အမိကိုလင်မယားနှစ်ယောက်တို့သည် လည်းသုသာန်သို့ဆောင်၍ သွားကုန်၏။ သုသာန်သို့ရောက်လျှင်။ မယားကိုရှင်မ၊သင်သည်မီးကိုဆောင်ခဲ့၏လောဟုမေး၏။အရှင်၊ ငါသည်မေ့၏ဟုမယားသည်ဆို၏။ ထိုသို့တပြီးကားသွား၍ဆောင်ချေလော့ဟု လင်ကဆို၏။ အရှင်၊ ငါသည် သွားအံ့သော ငှါလည်းမတတ်နိုင်၊ သင်သွားသည်ရှိသော် နေရစ်အံ့သောငှါလည်းမတတ်နိုင်။ နှစ်ယောက်ကုန်သော ငါတို့သည် သွားကြကုန်အံ့ဟုမယားသည်ဆို၏။ထိုလင်မယားနှစ်ယောက်တို့သည်မီးယူအံ့သောငှါသွားကုန်သည်ရှိသော်။ အမိအိုသည်လည်းချမ်းသောလေသည့်ခတ်၍ နိုးလေသော် သုသာန်၏အဖြစ်ကိုသိ၍။ ဤသူတို့သည်ငါ့ကိုသတ်လိုကုန်၍ မီးယူအံ့သောငှါသွားကုန်၏ဟုဆင်ခြင်၍ဤသူတို့သည်ငါ့အစွမ်းကိုမသိကုန်ဟုတခုသော ထင်းတုံးကိုယူ၍အပေါ်၌ပုဆိုးနှမ်းဖြင့်ဖုံးလွှမ်းခဲ့

ပြီးလျှင်ပြေးသွား၍ထိုသုသာန်၌ပင်။ တခုသောလိုဏ်သို့ဝင်၍နေ၏။

လင်မယားတို့သည်လည်းမီးကိုဆောင်ခဲ့၍ သက်ကြီးမဒိုတည်းဟူသော အမှတ်ဖြင့်ထင်းတုံးကိုမီးတိုက်၍ ပြန်ကုန်၏။ တယောက်သောခိုးသူသည်ထိုလိုဏ်၌ ဥစ္စာထုပ်ကိုထား၍ထိုခိုးသူသည် ထိုဥစ္စာထုပ်ကိုယူအံ့ဟုလာရာ။ သက်ကြီးမဒိုကိုမြင်၍ တယောက်သောဘီလူးတည်းဖြစ်လတံ့။ ငါ၏ဥစ္စာထုပ်ကိုဘီလူးမသည်သိမ်းဆည်း၏ဟု၊ တယောက်သောဆေးသမားကိုခေါ်၏ဆေးသမားသည်မန္တရားမန်းလျက်လိုဏ်သို့ဝင်၏။ ထိုအခါ ထိုဆေးသမားကို ထိုသက်ကြီးမဒိုသည် ငါဘီလူးမမဟုတ်။ သင်လာလော့။ နှစ်ယောက်ကုန်သောငါတို့သည်လည်း ဤဥစ္စာထုပ်ကိုအတူပိုင်ဆိုင်ကုန်အံ့ဟု ဆို၏။ ဆေးသမားသည် အဘယ်သို့လျှင် သင့်စကားကိုယုံကြည်ရအံ့နည်းဟု ဆိုလတ်သော်။ သင်၏လျှာကို ငါ့လျှာပေါ်၌ တင်ထားလော့ဟု သက်ကြီးမဒိုသည်ဆို၏။ ဆေးသမားသည် ဆိုတိုင်းပြု၏။ ထိုအခါ သက်ကြီးမဒိုသည်ဆေးသမား၏လျှာကို ကိုက်၍လည်းစေ၏။ ဆေးသသမားသည် စင်စစ်လျှင် ဤမိန်းမကား ဘီလူးမတည်းဟု သွေးပိုစီးသောလျှာဖြင့်ဟစ်ကြွေး၍ပြေး၏။

သက်ကြီးမဒိုသည်လည်း မိုးသောက်လတ်သော်သိမ်မွေ့ပြေပြစ်သောအဝတ်ကိုဝတ်၍အထူးထူးသော ရတနာကိုထုပ်ယူ၍။ဤအိမ်သို့လျှင်သွား၏။ ချွေးမသည်ထိုယောက္ခမကိုမြင်၍ မိခင်၊သင်သည်အဘယ်သို့ပြုသဖြင့် ဥစ္စာကိုရအပ်သနည်းဟု မေးရာ။ရှင်မ။ထိုသုသာန်ဝယ်ထင်းပုံ၌ မီးတိုက်သဖြင့်ဤသို့သဘောရှိသောဥစ္စာကို ရ၏ဟု ယောက္ခမသည် ဆို၏။ မိခင်။ ကျွန်ုပ်သည်လည်း ရခြင်းငှါ တတ်ကောင်း၏လောဟုမေး၏။ ရှင်မ၊ ငါကဲ့သို့ဖြစ်သော်ရလတံ့ဟု ယောက္ခမဆို၏ ထိုချွေးမသည်ဥစ္စာရခြင်း၌ တပ်သော လောဘဖြင့် လင်အားပြော၍ သုသာန်၌ မိမိကိုယ်ကိုမီးတိုက်စေ၏။ ထိုအခါ၊ ထိုမိန်းမကို

နက်ဖြန်နေ့၌သင်သည်မမြင်လတ်သော်။မိခင်၊ ဤအခါ၌လည်း သင့်ချွေးမသည် မလာဟုဆို၏။ အမိသည် ဟယ်ငရိုက်သား ယုတ်သောမိန်းမ မည်သည်ကား အဘယ်ကြောင့် လာလတ္တံ့ နည်းဟုမြိမ်းခြောက်၍။ ။ယမာနယိသောမနသာ၊ မာလိနိံ စန္ဒနုသဿ္ဒံ။သာမံဃရာနိဿြာတိ၊ဇာတံသရဏာတောဘယံ။ ။ ဟူသောဂါထာကိုဆို၏။ ။အနက်ကား။ ။

ယံ၊ အကြင်မိန်းမကို။ သောမနဿ၊ ဝမ်းမြောက်ခြင်းကို။ ဥပ္ပါဒေတွာ၊ဖြစ်စေ၍။ မာလိနိံ။ပန်းပန်၍။ စန္ဒနုသဿဒံ၊ စန္ဒကူး လိမ်းကျံ၍။အာနယိ၊ဆောင်ယူခဲ့၏။သာ၊ထိုမိန်းမသည်။မံ၊ ငါ့ ကို။ ဃရာ၊အိမ်မှ။နိဿြာတိ၊နှင်ထုတ်၏။မေ၊ငါ့အား။ သရဏာ တော၊ ကိုးကွယ်ရာမှ။ဘယံ၊ ဘေးသည်။ဇာတံ၊ဖြစ်၏၊

သုရားလောင်းသည် ဤဂါထာကိုဆို၍၊ မြတ်သော မင်း ကြီး။ ချွေးမသည်ယောက္ခမ၏ ကိုးကွယ်ရာဖြစ်သကဲ့သို့။ ထို အတူမင်းသည်လူများ၏ ကိုးကွယ်ရာဖြစ်၏။ ထိုသူမှ ဘေးဖြစ် သည်ရှိသော်မြစ်အံ့သောဌါအဘယ်သူတတ်နိုင်အံ့နည်း။ ဤသို့ မှတ်တော်မူလော့ဟုဆို၏၊

မင်းသည်အမောင်။ ငါသည်သင်ဆောင်၍ ပြအပ်သောအ ကြောင်းတို့ကိုမသိ ငါ့အားခိုးသူကိုပေးလော့ဟုဆို၏။ သုရား လောင်းသည်မင်းကိုစောင့်ရှောက်အံ့ဟု။ တပါးသောဥဒါဟ ရုဏ်ကိုလည်းဆောင်လေ၏။

မြတ်သောမင်းကြီး။ လွန်လေပြီးသော အခါ ဗာရာဏသီ ပြည့်၌လျှင်တယောက်သောယောကျ်ားသည်ဆုတောင်းခြင်း ကိုပြု၍သားကိုရ၏။ ထိုယောကျ်ားသည်သားဘွားသောကာ လ၌ငါသည် သားကိုရပြီဟုဝမ်းမြောက် ဝမ်းသာ ဖြစ်၍ထို ယောကျ်ားသည်ထိုသားကိုမွေး၍ အရွယ်ရောက်လတ်သော ကာလ၌မယားနှင့် ယှဉ်စေ၏ နောက်အဘို့၌ အဘအိုခြင်းသို့ ရောက်၍ အလုပ်လုပ်အံ့သောငှါမတတ်နိုင်၊ ထိုအခါအဘကို သားသည်။ အဘ သင့်ကားအလုပ်လုပ်အံ့သောငှါမတတ်နိုင်။

ဤအိမ်မှ ထွက်သော့ဟု အိမ်မှနှင်ထုပ်၏၊ ထိုအဘသည် သင်း ရဲ၍ပြင်သဖြင့် အသက်မွေးရလေရကား။ ဝိုကြွေးလျှက်။ ။ ယေနဇာတေနန္ဒိယံ။ ယသဿဘာဝမိတ္တိသိ။ သောမံ စာရော နိစ္စပြာတိ။ ဇာတံသရဏာတောဘယံ။ ။ဟူသောဂါထာကို ဆို၏။ ။အနက်ကား။ ။

ဇာတေန၊ဘွားသော၊ ယေန၊အကြင်သားနှင့်။ နန္ဒိယံ၊နှစ် သက်ခြင်းကို။လဘာမိ၊ရ၏။ ယဿစ၊အကြင်သား၏လည်း။ ဘဝံ၊ဖြစ်ခြင်းကို၊ဣစ္ဆိသိ၊အလိုရှိ၏။ သော၊ထိုသားသည်။မံ၊ ငါ့ကို။စာရော၊ အိမ်မှ။ နိစ္စပြာတိ၊နှင်ထုတ်၏။မေ၊ငါ့အား။ သ ရဏာတော၊ကိုးကွယ်ရာမှ။ဘယံ၊ဘေးသည်။ဇာတံ၊ဖြစ်၏။

ဘုရားလောင်းသည်ဤဂါထာကိုဆို၍။မြတ်သောမင်းကြီး၊ အဘအိုကို။စွမ်းနိုင်သောသားသည် စောင့်ရှော့ အပ်သကဲ့သို့၊ ထိုအတူခပ်သိမ်းသောဇနပုဒ်သားတို့ကိုမင်းသည်ဇင်း၊ ပုရော ဟိတ်သည်ဇင်း။ စောင့် ရှောက် အပ်ကုန်၏။ ဤဘေး သည် သတ္တဝါတို့ကို စောင့်ရှောက်သောမင်း၏ အထံမှဖြစ်၏၊ဤအ ကြောင်းဖြင့် ဤအမည်ရှိသောသူသည် ခိုးသူတည်းဟုရှင်မင်း ကြီးသည်သိတော်မူလော့ဟုဆို၏။

အမောင်။ ငါသည် အကြောင်းကိုမသိ။ ခိုးသူကိုလျှင်ငါ့ အားပေးလော့ဟုဆို၍။ မင်းသည် အဘန်တလဲလဲ လုလင်ကို တိုက်တွန်း၏။ ထိုအခါ၊ ထိုမင်းကို ဘုရားလောင်းသည် မြတ် သောမင်းကြီး။အကြင်သူသည် စင်စစ်သဖြင့်ခိုးသူကိုဘမ်းယူ လို၏။ ထိုသူသည် ငါ့အားခိုးသူကို ပေးလော့ဆိုရာ၏ဟုဆို၏ အမောင်ဆိုတိုင်းဟုတ်မှန်၏ဟုမင်းသည်ဆို၏ မြတ်သောမင်း ကြီး။ ထိုသို့တပြီးကား။ ဤမည်သောသူသည် ခိုးသူတည်းဟု ပရိသတ်အလယ်၌ပြီပါအံ့ဟုဆို၏။ အမောင်။ ဤသို့ပြလောဟု မင်းသည်ဆို၏။

ဘုရားလောင်းသည်မင်း၏စကားကိုကြား၍၊ ဤမင်းသည် မိမိကိုယ်ကိုစောင့်ရှောက်စိမ့်သော၌ါမပေး။ခိုးသူကိုငါဘမ်း

အံ့ဟုစည်းဝေးကုန်သောဓနပုဒ်သားတို့ကိုဘိုင်ကြားလို၍။

သုဏာန္တု မေဓနပဒါ၊ နေဂမာစသမာဂတာ၊ ယတောဒကံ တဒါဒိတ္တံ၊ ယတောခေမံတ တောဘယံ။ ။ရာဇာဝိလုပ္ပတေ ရဋ္ဌံ၊ ဗြာဟ္မဏောစပုရောဟိတော။အတ္တဂုတ္တာဝိဟာရထ။ဇာတံ သရဏတောဘယံ။ ။ဟူသော နှစ်ဂါထာကိုဆို၏။ ။အ နက်ကား။ ။

သမာဂတာ၊ စည်းဝေးကုန်သော။ ဓနပဒါစ၊ ဓနပုဒ်သူတို့ သည်၎င်း။ နေဂမာစ။ နိဂုံးသူတို့သည်၎င်း။ မေ၊ ငါ၏။ဝစနံ၊စ ကားကို။သုဏာန္တု၊နာထောင်ကုန်လော့။ ယတောဒကံ၊အကြင် ရေသည်။အတ္တိ၊ရှိ၏။တံ၊ထိုရေသည်။ အာဒိတ္တံ၊မီးတောက်၏။ ယတော၊အကြင်မင်းမှ။ခေမံ၊ဘေးမရှိ။ တတော၊ထိုမင်းမှ။ ဘ ယံ၊ဘေးဖြစ်၏။ ။ရာဇာစ၊ မင်းသည်၎င်း။ ပုရောဟိတော၊ပု ရောဟိတ်ဖြစ်သော။ ဗြာဟ္မဏောစ၊ ပုဏ္ဏားသည်၎င်း။ ရဋ္ဌံ၊ တိုင်းကို။ ဝိလုပ္ပတေ၊ လုယက်၏။ တုမှေ၊ သင်တို့သည်။အတ္တ ဂုတ္တာ၊ကိုယ်ကိုစောင့်ကုန်၍။ ဝိဟာရထ၊နေကြကုန်လော့။သရ ဏတော၊ကိုးကွယ်ရာမှ။ဘယံ၊ဘေးသည်။ဇာတံ၊ဖြစ်၏။

မင်းသည်ကား လူများ၏ကိုးကွယ်ရာဖြစ်၏။ ထိုမင်းမှသင် တို့အားဘေးသည်ဖြစ်၏။မင်းသည်၎င်း၊ပုရောဟိတ်သည်၎င်း ခိုးယူသူဖြစ်၏။ သင်တို့သည် ခိုးသူတို့ကို ဘမ်းလိုကုန်အံ့၊ ဤ မင်းပုဏ္ဏားနှစ်ပါးတို့ကိုဘမ်း၍ ပြုအပ်သောအမှုကို ပြုကြကုန် လော့ဟုဘုရားလောင်းသည်ဆို၏။

စည်းဝေးကုန်သောသူတို့သည်ဘုရားလောင်း၏စကားကို ကြား၍ မင်းသည်စောင့်ရှောက်အပ်သူ ဖြစ်လျက်လည်း၊ ယခု သူတပါး၏ အပေါ်၌အပြစ်ကိုတင်၍မိမိဥစ္စာတို့ကို မိမိသည် လျှင်ရေကန်၌ထား၍ခိုးသူကိုရှာစေ၏။ ယခုအခါမှစ၍တဘန် ခိုးမှုကိုမပြုစိမ့်သောငှါ ဤမင်းယုတ်ကို သတ်ကြကုန်အံ့ဟု ကြံ ကုန်၍စည်းဝေးသောသူတို့သည်။တောင်းဝှေး၊ ဆောက်ပုတ် အစရှိသည်တို့ကိုကိုင်လျက်ထကုန်၍။မင်းကို၎င်း။ပုရောဟိတ်

ကိုရင်းဘမ်း၍အသက်ကုန်ခြင်းသို့ရောက်စေပြီးလျှင်။ဘုရားအလောင်းကို အဘိသိက်သွန်းကုန်၍။ မင်းအဖြစ်၌တည်စေကုန်၏။

သဗ္ဗညု ဖြစ်စွာ ဘုရားသည် ဤဓမ္မဒေ သနာကို ဆောင်တော်မူ၍။ သိတင်းသည်မြွေ၌ခြေရာကို သိခြင်းသည် အံ့ဘွယ်မရှိသေး။ ရှေးပညာရှိတို့သည် ကောင်းကင်း၌ ခြေရာ ကိုသိဘူးကုန်၏ ဟုမိန့်တော်မူပြီးလျှင်သစ္စာတို့ကိုပြတော်မူ၍ဇာတ်ကိုပေါင်းတော်မူ၏။ သစ္စာတို့ကိုပြတော်မူသည်၏အဆုံး၌သိတင်းသည်သည့်ရင်း သိဘင်းသည့်၏ သားသည့်ရင်း သောတာပတ္တိဖိုလ်၌တည်းကုန်၏။

အဘယ်သို့ဇာတ်ကိုပေါင်းတော်မူသနည်းဟူမူကား၊ ယခုအခါ၊ ကဿပသည်။ ထိုအခါ၊ ပဒကုသလလုလင်၏အဘဖြစ်ဘူးပြီ။ ယခုအခါ၊ ငါဘုရားသည်လျှင်။ ထိုအခါ၊ ပဒကုသလလုလင်ဖြစ်ဘူးပြီ။ ဤသို့ဇာတ်ကိုပေါင်းတော်မူ၏။

နဝနိပါတ် ကျမ်း၌။ ခြောံချတို့၏ ပြည့်ကြောင်းဖြစ်သော။ ပဒကုသလဇာတ်ကို ထုတ်နှုတ် သုတ်သင်၍ ပြုခြင်းသည်။ ဤမှသော သဒ္ဒါအစဉ် အနက်၏အစဉ်အားဖြင့် အပြီးသို့ရောက်၏။

۷۴۹.۳۹